# သုတေသန နည်းလမ်းများ

## လူမှုသုတေသီများအတွက် သုတေသနကျွမ်းကျင်မှုများ မိတ်ဆက်

**Morgan Macdonald | Aung Zaw Myo**

ကျောင်းသားလက်စွဲ

**ပုံနှိပ်တိုက်အမည်**

အေးလင်းရောင်ပုံနှိပ်တိုက် (မြဲ – ၀၁၅၂၁)
အမှတ် (၁၁/ဒီ)၊ ၅၅ လမ်း၊ အလယ်ဘလောက်၊
(၂) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။

**ထုတ်ဝေသူ**

ဦးအောင်မြတ်စိုး

**စာပေတိုက်အမည်**

မုခ်ဦးစာပေ

အမှတ် (105-A)၊ ရတနာမြိုင်လမ်း၊ ရတနာမြိုင်အိမ်ရာ၊
အမှတ် (၁) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း – ၀၉ ၇၈၀ ၃၀၃ ၈၂၃၊ ၀၉ ၂၆၂ ၆၅၆ ၉၄၉

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်အမှတ် – ၀၁၉၄၇

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ အုပ်ရေ ၁၀၀၀
နိုဝင်ဘာလ၊ ၂၀၂၀ ခုနှစ်

၁၃၁.၃

မော်ဂန် မက်ခ်ဒေါနယ်၊ အောင်ဇော်မျိုး

သုတေသန နည်းလမ်းများ – လူမှုသုတေသီများအတွက် သုတေသနကျွမ်းကျင်မှုများ မိတ်ဆက်၊ ကျောင်းသားလက်စွဲ။
မော်ဂန် မက်ခ်ဒေါနယ်၊ အောင်ဇော်မျိုး။
ရန်ကုန်၊ မုခ်ဦးစာအုပ်တိုက်၊ ၂၀၂၀။
၁၅၄ စာ၊ ၃၀ စင်တီမီတာ။
မူရင်းအမည် – သုတေသန နည်းလမ်းများ – လူမှုသုတေသီများအတွက် သုတေသနကျွမ်းကျင်မှုများ မိတ်ဆက်၊ ကျောင်းသားလက်စွဲ။
(၁) မော်ဂန် မက်ခ်ဒေါနယ်၊ အောင်ဇော်မျိုး
(၂) သုတေသန နည်းလမ်းများ – လူမှုသုတေသီများအတွက် သုတေသနကျွမ်းကျင်မှုများ မိတ်ဆက်၊ ကျောင်းသားလက်စွဲ။

This work is licensed under the Creative Commons Attribution-ShareAlike 4.0 International License. To view a copy of this license, visit: http://creativecommons.org/licenses/by-sa/4.0/deed.en_US.

Notes about usage: Organisations wishing to use the body text of this work to create a derivative work are requested to include a Mote Oo Education logo on the back cover of the derivative work if it is a printed work, on the home page of a web site if it is reproduced online, or on screen if it is in an app or software.

For license types of individual pictures used in this work, please refer to Picture Acknowledgments at the back of the book.

# မာတိကာ


အကြိုမိတ်ဆက် – သုတေသန နည်းလမ်းများစာအုပ် အသုံးပြုနည်း ........ ၂

၁ – သုတေသန မိတ်ဆက် ........ ၅

၂ – သုတေသန နည်းလမ်းများ ........ ၂၉

၃ – သုတေသန ကျင့်ဝတ်များ ........ ၄၅

၄ – စစ်တမ်းမေးခွန်းလွှာများ ........ ၅၅

၅ – လူတွေ့မေးမြန်းခြင်းများ ........ ၇၇

၆ – ဦးတည်အုပ်စုများ ........ ၈၉

၇ – စောင့်ကြည့်လေ့လာခြင်း ........ ၉၉

၈ – အရေအတွက်စံပြု ဒေတာများကို ခွဲခြမ်းစိတ်ဖြာခြင်း ........ ၁၀၇

၉ – အရည်အသွေးစံပြု ဒေတာများကို ခွဲခြမ်းစိတ်ဖြာခြင်း ........ ၁၂၅

၁၀ – သုတေသန တွေ့ရှိချက်များကို ဆက်သွယ်မျှဝေခြင်း ........ ၁၃၉

နောက်ဆုံးသုတေသန စီမံကိန်း ........ ၁၅၀

အပိုဆောင်း လုပ်ငန်းစဉ် ........ ၁၅၂

ကိုးကားချက် ........ ၁၅၃

ရုပ်ပုံများအတွက် အသိအမှတ်ပြုခြင်း ........ ၁၅၄

# သုတေသန နည်းလမ်းများ


ဤစာအုပ်ကို မစတင်မီ ဤစာမျက်နှာများတွင်ရှိသော အချက်အလက်များကို ဖတ်ရှုပါ။ ဤသို့ဖတ်ရှုခြင်းဖြင့် စာအုပ်၏ သဘောတရားကို အလွယ်တကူ နားလည်နိုင်ပြီး အသုံးပြုရန်နှင့် နားလည်ရန်အတွက် အထောက်အကူပြုပေးပါလိမ့်မည်။

ဤစာအုပ်၏ ရည်ရွယ်ချက်မှာ လူမှုသုတေသန ပြုစုရာတွင် လိုအပ်သော အသိအမြင်နှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်အောင် ကူညီပေးရန် ဖြစ်သည်။ ၎င်းတို့တွင် အရေအတွက်စံပြုနှင့် အရည်အသွေးစံပြု သုတေသနဒီဇိုင်းနှင့် ခွဲခြမ်းစိတ်ဖြာမှုများ၊ စစ်တမ်းများ၊ လူတွေ့မေးမြန်းခြင်းများ၊ ဦးတည်အုပ်စုများနှင့် စောင့်ကြည့်လေ့လာခြင်းတို့ကို ဖန်တီးရေးသားခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ခြင်း၊ သုတေသနကျင့်ဝတ်များနှင့် သင်တို့၏ သုတေသနကို ရေးသားခြင်းနှင့် တင်ဆက်ပြသခြင်းတို့ ပါဝင်သည်။

ဤစာအုပ်သည် လူမှုအဖွဲ့အစည်းအခြေပြု အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများ (သို့) ဆက်လက်ပညာသင်ယူရာတွင် ထိရောက်မှုရှိသော လူမှုသုတေသီတစ်ဦး ဖြစ်လာရန် လိုအပ်သော ကျွမ်းကျင်မှုများကို ပစ်မှတ်ထားသည့် လေ့ကျင့်ခန်းနှင့် လုပ်ငန်းများမှတစ်ဆင့် သုတေသနလုပ်ငန်းစဉ်၏ အဆင့် ၄ ဆင့်ကို ဆောင်ရွက်ခြင်းဖြင့် သင်ကြားပေးသွားပါမည်။

အခန်းတစ်ခုစီတိုင်းတွင် သုတေသန ကျွမ်းကျင်မှု၏ အဓိကအချက်တစ်ချက်ကို ဦးစားပေးဖော်ပြထားပြီး သင်ယူသွားရမည့် ကျွမ်းကျင်မှုများကို လက်တွေ့လေ့ကျင့်ရန် အသုံးဝင်သော အချက်အလက်များ၊ မေးခွန်းများနှင့် အခွင့်အလမ်းများပါဝင်သည်။ လက်ရှိအခြေအနေတွင် သုတေသနလုပ်ငန်းစဉ်၏ မည်သည့်အဆင့်ကို ဦးစားပေးသင်ယူနေသည်ကို ထိန်းကြောင်းပေးရန်နှင့် ပြန်လည်သတိပေးရာတွင် လွယ်ကူစေရန် အခန်းနှင့် အရောင်များကို ခွဲခြားသတ်မှတ်ထားပါသည်။

၁။ **အကြိုလေ့လာချက်** – သည် အခန်းတစ်ခန်းစီနှင့် ကဏ္ဍတစ်ခုစီတိုင်းတွင် ရေးသားဖော်ပြထားသော သုတေသန ကျွမ်းကျင်မှုများကို မိတ်ဆက်ပေးပါသည်။ ၎င်းတို့က သင်တို့ စတင်မလေ့လာမီ ကျွမ်းကျင်မှုအသစ်များအကြောင်း စတင်စဉ်းစားရာတွင် အကူအညီဖြစ်စေရန် မေးခွန်းများ မေးမြန်းထားပါသည်။



သုတေသန နည်းလမ်းများ | ကျောင်းသားလက်စွဲ

### ၆.၁ - ဦးတည်အုပ်စုများကို အဘယ်ကြောင့် အသုံးပြုရသနည်း

**အကြိုလေ့လာချက်**

၁။ နှစ်ယောက်တစ်တွဲစီဖြင့် 'အသက် ၁၈ နှစ်အောက် လူငယ်များကို မဲထည့်ခွင့်ပြုခြင်း၏ သက်ရောက်မှုများမှာ အဘယ်နည်း' ဆိုသည့် မေးခွန်းကို ဆွေးနွေးပါ။
၂။ အခြားအတွဲတစ်တွဲဖြင့် ပေါင်းစည်း၍ အဖွဲ့ငယ်များအဖြစ် ဆွေးနွေးပါ။
၃။ တစ်တန်းလုံးအနေဖြင့် ဆွေးနွေးပါ။
၄။ အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။
(က) အကြောင်းအရာတစ်ခုကို အခြားတစ်ဦးနှင့်အတူ ဆွေးနွေးခြင်းနှင့် အဖွဲ့ငယ်တစ်စုအနေဖြင့် ဆွေးနွေးခြင်းတို့အကြား အချို့သော ကွဲပြားခြားနားချက်များမှာ အဘယ်နည်း။
(ခ) အဖွဲ့ငယ်အဖြစ် ဆွေးနွေးရာတွင် လူတိုင်းက ပါဝင်ဆွေးနွေးခဲ့ပါသလား သို့မဟုတ် အချို့လူများက အခြားအဖွဲ့ဝင်များထက် ပိုမိုပြောဆိုဆွေးနွေးခဲ့ပါသလား။ မည်သည့်အတွက်ကြောင့် ထိုသို့ဖြစ်ရသည်ဟု ထင်ပါသနည်း။
(ဂ) အဖွဲ့တစ်ဖွဲ့အနေဖြင့် ဆွေးနွေးရာတွင် ပါဝင်ဆွေးနွေးသူဦးရေ မည်မျှပါဝင်လျှင် အကောင်းဆုံးဖြစ်မည်ဟု ထင်ပါသနည်း။ အဘယ်ကြောင့်နည်း။

**ဦးတည်အုပ်စုများ**

လူတွေ့မေးမြန်းခြင်းများသည် တစ်ဦးချင်းစီထံမှ ဖြေကြားချက်များကို အဓိထား ကောက်ယူခြင်း ဖြစ်သည်။ ဦးတည်အုပ်စုတစ်စု ဆိုသည်မှာ သုတေသီက ၄–၁၀ ဦးခန့် ပါဝင်သော အဖွဲ့တစ်ဖွဲ့အား မေးခွန်းများ မေးမြန်းခြင်းဖြစ်သည်။ ဦးတည်အုပ်စုများသည် အချင်းချင်း ဆွေးနွေးမှုမှတစ်ဆင့် သုတေသီအတွက် သတင်းအချက်အလက်များ ပံ့ပိုးပေးပါသည်။ သုတေသီသည် ၎င်း၏ သုတေသန မေးခွန်းတစ်ခုအတွက် မတူကွဲပြားသော တစ်သီးပုဂ္ဂလ အဖြေများ ရရှိရန်အတွက် ဦးတည်အုပ်စုများကို အသုံးပြုသော်လည်း ခေါင်းစဉ်တစ်ခုအကြောင်း လူများအပြန်အလှန် ဆွေးနွေးသည့် ပုံစံတွင်လည်း စိတ်ဝင်စားကြပါသည်။

ဦးတည်အုပ်စုများသည် အဖွဲ့အတွင်းရှိ မတူကွဲပြားသော ရှုထောင့်အမြင်များနှင့် အဖွဲ့ဝင်များအကြား အပြန်အလှန် ဆက်ဆံမှုပုံစံများနှင့် ပတ်သက်သည့် အချက်အလက်များ ရရှိစေပါသည်။ ဤနည်းအားဖြင့် ပါဝင်ဖြေကြားသူများနှင့် ဆက်စပ်သည့် လူမှုအဖွဲ့အစည်းအကြောင်းကို သုတေသီမှ ပိုမိုနားလည်လာစေရန် အကူအညီဖြစ်စေပါသည်။

**လေ့ကျင့်ခန်း** – အောက်ပါအချက်များကို မှန်/မှား ဖြေဆိုပါ။ (မှားပါက အဘယ်ကြောင့်နည်း)

၁။ ဦးတည်အုပ်စုတစ်စုသည် ပိုပြီး ပုံစံတကျရှိသည့်အတွက် လူတွေ့မေးမြန်းမှုနှင့် မတူညီသော ဒေတာများကို ရရှိစေနိုင်ပါသည်။
၂။ ဦးတည်အုပ်စုတွင် ပါဝင်ဖြေကြားသူများသည် တစ်ဦးနှင့်တစ်ဦး ပြောဆိုဆွေးနွေးကြရပါသည်။
၃။ ဦးတည်အုပ်စုတစ်စုနှင့် လူတွေ့မေးမြန်းမှုနည်းလမ်း နှစ်ရပ်စလုံးတွင် သုတေသန ဖြေကြားသူတစ်ဦးစီ ပါဝင်ကြသည်။
၄။ ဦးတည်အုပ်စုတစ်စုသည် ပါဝင်ဖြေကြားသူများ၏ လူမှုအဖွဲ့အစည်းအပေါ် ထင်ဟပ်မှုရှိသည့် အချက်အလက်များကို ထွက်ပေါ်လာစေနိုင်ပါသည်။

- ၉၀ -

# မိတ်ဆက်

စာမျက်နှာ တစ်မျက်နှာစီတွင် အခန်းတစ်ခန်းစီရှိ အဓိကအချက်များကို ရှင်းလင်းဖော်ပြထားသည့် စာပိုဒ်များကို တွေ့ရှိရပါလိမ့်မည်။ ထို့အတူ စာအုပ်အစမှ အဆုံးထိ ထပ်ဖန်တလဲလဲ ဖော်ပြထားသည့် လုပ်ငန်းဆောင်တာများလည်း ရှိပါသည်။



အခန်း ၆ - ဦးတည်အုပ်စုများ | သုတေသန လုပ်ငန်းစဉ်မှ အဆင့် - ၂

**လုပ်ငန်းစဉ် – အားသာချက် သို့မဟုတ် အားနည်းချက်များ ဖြစ်ကြပါသလား**

အောက်ပါရုပ်ပုံများသည် ဦးတည်အုပ်စုများ၏ အားသာချက်များနှင့် အားနည်းချက်များအကြောင်း ပြောဆိုနေကြပါသည်။

၁။ ရုပ်ပုံတစ်ပုံစီတိုင်းသည် အားသာချက်၊ အားနည်းချက် (သို့) နှစ်မျိုးစလုံးအကြောင်းကို ပြောဆိုနေပါသလား။

၂။ အချို့သော အားသာချက်နှင့် အားနည်းချက်များကို ထပ်မံစာရင်းပြုစုပါ။



**ဆွေးနွေးချက်**

၁။ ဦးတည်အုပ်စုဆွေးနွေးဝိုင်းတစ်ခု ကျင်းပရန်အတွက် လူအရေအတွက် မည်မျှလိုအပ်မည်ဟု ထင်ပါသနည်း။

၂။ ဦးတည်အုပ်စုတစ်ခု ကျင်းပသည့် လူများ၏ မတူကွဲပြားသော အခန်းကဏ္ဍများမှာ အဘယ်နည်း။

- ၉၁ -

၂။ **လေ့ကျင့်ခန်းများ**သည် သင်ဖတ်ရှုပြီးသည့်အခါတွင် သင်၏နားလည်မှုကို စစ်ဆေးရန် သင်နှင့် သင်၏ဆရာအတွက် အထောက်အကူဖြစ်စေပါသည်။

၃။ **လုပ်ငန်းများ**သည် စာအုပ်ထဲရှိ သုတေသနကျွမ်းကျင်မှုများကို လက်တွေ့လေ့ကျင့်ခွင့်ပေးပါသည်။ လုပ်ငန်းအများစုသည် သင်လေ့လာသင်ယူခဲ့သော ကျွမ်းကျင်မှုများအပေါ် တည်ဆောက်ထားခြင်းဖြစ်ပြီး အခြားလူများနှင့်အတူ လက်တွဲလုပ်ဆောင်ခြင်းများ ပါဝင်သည်။

၄။ **ဆွေးနွေးချက်များ**သည် သင်ယူလေ့လာခဲ့သော ကျွမ်းကျင်မှုအသစ်များအကြောင်း ပြောဆိုရန်နှင့် ထင်ဟပ်မိစေရန် တိုက်တွန်းပေးသည့် မေးခွန်းများကို မေးမြန်းထားပါသည်။

ထို့အပြင် မြန်မာနိုင်ငံရှိ သုတေသနလုပ်ငန်းများကို လေ့လာသည့် **ဖြစ်ရပ်လေ့လာချက်များ**နှင့် သင်လုပ်ဆောင်နေသော သို့မဟုတ် လုပ်ဆောင်လိုသော လက်တွေ့ သို့မဟုတ် စိတ်ကူးမိသော သုတေသန စီမံကိန်းတစ်ခုအပေါ် အာရုံစိုက်ရန် တိုက်တွန်းပေးသည့် **သင်တို့၏ သုတေသန စီမံကိန်း**ကဏ္ဍလည်း ပါဝင်ပါသည်။

နောက်ဆုံးအနေဖြင့် စာအုပ်၏အဆုံးတွင် **နောက်ဆုံး သုတေသန စီမံကိန်း**တစ်ခုပါရှိသည်။ ၎င်းစီမံကိန်းတွင် ခေါင်းစဉ်တစ်ခု ဆုံးဖြတ်ခြင်းမှစ၍ နောက်ဆုံးအစီရင်ခံစာ သို့မဟုတ် တင်ဆက်ပြသခြင်းအထိ စာအုပ်ထဲမှ သင်ယူခဲ့သည့် နည်းလမ်းများနှင့် ကျွမ်းကျင်မှုများကို သုတေသန လုပ်ငန်းစဉ်တစ်ခုတွင် ပြည့်ဝစွာ အသုံးချခြင်းပါဝင်သည်။ ၎င်းစီမံကိန်းသည် သင်တို့၏ သုတေသနစီမံကိန်း (၁၆) ခုနှင့် တူညီနိုင်ပါသည် သို့မဟုတ် မတူခြားနားသည့် သုတေသနစီမံကိန်းအသစ်တစ်ခုလည်း ဖြစ်နိုင်ပါသည်။

# အခန်း ၁ -

# သုတေသန မိတ်ဆက်




## သင်ယူလေ့လာရေး ရည်မှန်းချက်များ

### ဗဟုသုတ

ဤအခန်းတွင် အောက်ပါအချက်များနှင့် ပတ်သက်သော သင်တို့၏ ဗဟုသုတများ တိုးပွားလာပါလိမ့်မည်။

- သုတေသနဖြစ်စဉ်။
- သုတေသန မေးခွန်းများ။
- သုတေသန ခေါင်းစဉ်များ။
- သုတေသန၏ လက္ခဏာရပ်များ၊ အကျိုးကျေးဇူးများနှင့် စိန်ခေါ်မှုများ။

### ကျွမ်းကျင်မှုများ

ဤအခန်းတွင် အောက်ပါအချက်များနှင့် ပတ်သက်သော သင်တို့၏ စွမ်းရည်များကို လေ့ကျင့်သွားရပါလိမ့်မည်။

- သုတေသနအား အဓိပ္ပာယ်ဖွင့်ဆိုရန်။
- သုတေသနဖြစ်စဉ်၏ အဆင့် ၄ ဆင့်ကို ရှင်းပြရန်။
- သုတေသန၏ အချို့သော အကျိုးကျေးဇူးများနှင့် စိန်ခေါ်မှုများ အပေါ် ပြန်လည်သုံးသပ်ရန်။
- သုတေသီများ၏ အတ္ထုပ္ပတ္တိများနှင့် လက္ခဏာရပ်များကို ခွဲခြမ်းစိတ်ဖြာရန်။
- ထိရောက်မှုရှိသော သုတေသန မေးခွန်းများ ရေးသားရန်။

# ၁.၁ - သုတေသနဆိုသည်မှာ အဘယ်နည်း

## အကြိုလေ့လာချက်

၁။ လူများက သုတေသနကို အဘယ်ကြောင့် လုပ်ဆောင်ကြသနည်း။

၂။ သုတေသနနှင့် ပတ်သက်ပြီး မည်သည့်အရာများကို သိရှိထားသနည်း။

## လုပ်ငန်းစဉ် – သတင်းအချက်အလက်များရယူခြင်း

သင်၏ ရပ်ရွာရှိ ကလေးများအတွက် ရုံးပိတ်ရက် အင်္ဂလိပ်စာသင်တန်းတစ်ခု စတင်ချင်သည်ဟု စိတ်ကူးကြည့်ပါ။ မည်သည့်အရာများကို သိရှိရန် လိုအပ်ပါသနည်း။ မည်သူနှင့် ပြောဆိုဆွေးနွေးရန် လိုအပ်သနည်း။ အင်္ဂလိပ်စာသင်တန်းမဖွင့်မီ မည်သည့် မေးခွန်းများကို ဖြေဆိုရန် လိုအပ်ပါလိမ့်မည်နည်း။

၁။ အောက်ပါမေးခွန်းများကို မှန်ကန်သော စာရင်းထဲတွင် ရေးချပါ။

(က) ~~ရပ်ရွာအဖွဲ့အစည်းထဲတွင် မူလတန်းကျောင်း အရေအတွက် မည်မျှရှိသနည်း။~~

(ခ) ကျောင်းသားများသည် အင်္ဂလိပ်စာ၏ မည်သည့်ကဏ္ဍများတွင် အကူအညီအများဆုံးလိုအပ်မှု ရှိပါသနည်း။

(ဂ) ဆရာများအတွက် လစာမည်မျှပေးသင့်ပါသနည်း။

(ဃ) ဤမြို့နယ်အတွင်းရှိ အခြားကျောင်းများသည် မည်သည့်ဖတ်စာအုပ်များကို အသုံးပြုကြသနည်း။

၂။ အောက်ပါဇယားထဲရှိ စာရင်းများတွင် အခြားသော မေးခွန်းများကို ထပ်မံစဉ်းစားဖြည့်စွက်ပါ။

| (i) အခြားကျောင်းများနှင့် ပတ်သက်သည့် မေးခွန်းများ | (ii) ကျောင်းသားများနှင့် ပတ်သက်သည့် မေးခွန်းများ | (iii) အခြားသော မေးခွန်းအမျိုးအစားများ |
|---|---|---|
| *(က) ရပ်ရွာအဖွဲ့အစည်းထဲတွင် မူလတန်းကျောင်း အရေအတွက် မည်မျှရှိသနည်း။* | | |

## လူမှုသုတေသန ဆိုသည်မှာ အဘယ်နည်း

သုတေသနတွင် ရှိပြီးသားဗဟုသုတ သို့မဟုတ် ဗဟုသုတအသစ်များ ထွက်ပေါ်လာစေရန်အတွက် သတင်းအချက်အလက်များကို စနစ်တကျစုဆောင်းခြင်း၊ သုံးသပ်အကဲဖြတ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် **သင့်တော်အောင် ပြန်ဆိုခြင်း**တို့ ပါဝင်သည်။ နောက်ဆုံးတွင် သုတေသနသည် ကျွန်ုပ်တို့ဝန်းကျင်ကမ္ဘာကြီးအကြောင်း သင်ယူရန်နှင့် ပြဿနာများဖြေရှင်းရန် အထောက်အကူပေးပါသည်။ သုတေသီများက တိရစ္ဆာန်များမှစ၍ ဆေးဝါးများနှင့် သမိုင်းအဖြစ်အပျက်များအထိ အကြောင်းအရာအားလုံးကို လေ့လာဖော်ထုတ်ကြပါသည်။

ဤစာအုပ်တွင် လူများ၊ အဖွဲ့အစည်းများနှင့် လူ့အသိုက်အဝန်းပေါ် အဓိကထားသည့် လူမှုသုတေသနပြုစုခြင်းကိုသာ အဓိကထား လေ့လာဖော်ပြထားပါသည်။ လူမှုသုတေသီများက သတင်းအချက်အလက်များ စုဆောင်းရန်နှင့် ၎င်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာပြီး နိဂုံးချုပ်ကောက်ချက်ဆွဲနိုင်ရန်အတွက် **စစ်တမ်းမေးခွန်းလွှာများ**၊ လူတွေ့မေးမြန်းခြင်းများ၊ **ပစ်မှတ်အုပ်စု** ဆွေးနွေးစကားဝိုင်းများနှင့် **စောင့်ကြည့်လေ့လာခြင်း** အပါအဝင် နည်းစနစ်များစွာကို အသုံးပြုကြပါသည်။

"ယနေ့ နေ့လယ်စာအတွက် ကျွန်ုပ်ဘာစားရင်ကောင်းမည်နည်း" အစရှိသည့် မေးခွန်းများကို ကျွန်ုပ်တို့ နေ့စဉ်နေ့တိုင်း ဖြေဆိုကြရပါသည်။ ၎င်းမေးခွန်းများသည် ဖြေဆိုရန် လွယ်ကူနိုင်သော်လည်း အခြားမေးခွန်းများသည် ပိုမိုခက်ခဲနိုင်ပါသည်။ ဥပမာ – မိတ်ဆွေ အပေါင်းအသင်းများကို မေးမြန်းပြောဆိုရန် လိုအပ်သည့် "ကျွန်ုပ်၏သူငယ်ချင်းများ ယနေ့ည မည်သည့်အရာများကို လုပ်ဆောင်နေကြသနည်း" စသည့် မေးခွန်းပုံစံ။

အစားအစာနှင့် ဖျော်ဖြေရေးကဲ့သို့သော ခေါင်းစဉ်တစ်ခုခုနှင့် ပတ်သက်ပြီး သုတေသီများမေးမြန်းသည့် အချို့သော မေးခွန်းများကို ဖြေဆိုနိုင်ရန်အတွက် အလုပ်ပိုများနိုင်ပါသည်။ ဥပမာ – "စားသောက်ဆိုင်တွင် တစ်နေ့လျှင် လူမည်မျှ လာရောက်စားသုံးပါသနည်း" ဆိုသည့် မေးခွန်းသည် ဖြေဆိုရန်ခက်ခဲပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သင့်အနေဖြင့် လူအုပ်စုကြီးထဲမှနေ၍ အရေအတွက်အတိအကျ ကောက်ယူရန် လိုအပ်သောကြောင့်ဖြစ်သည်။

အောက်ပါဥပမာတွင် "ဝင်ငွေပိုမိုရရှိခြင်းသည် အပန်းဖြေချိန် ပိုမိုရရှိစေသည်ဟု ဆိုလိုပါသလား။" မေးခွန်းအတွက် သင့်အနေဖြင့် (ဝင်ငွေနှင့် အပန်းဖြေချိန်ပမာဏ) အကြောင်းအရာနှစ်ခုအကြားရှိ ချိတ်ဆက်မှုတစ်ခုကို စူးစမ်းလေ့လာရန် လိုအပ်ပါလိမ့်မည်။ ထိုသို့လုပ်ဆောင်ရာတွင် အဆိုပါ အကြောင်းအရာနှစ်ခုနှင့် ပတ်သက်ပြီး သတင်းအချက်အလက်များကို အချိန်ကာလတစ်ခုအထိ စုဆောင်းကောက်ယူခြင်းပါဝင်သည်။ သုတေသန ရည်ရွယ်ချက်အတွက် စုဆောင်းကောက်ယူပြီး ခွဲခြမ်းစိစစ်ထားသည့် သတင်းအချက်အလက်များကို **ဒေတာ** (အချက်အလက်) ဟု ခေါ်ပါသည်။

### လေ့ကျင့်ခန်း – မှန် သို့မဟုတ် မှားဟု ဖြေကြားပါ။ (မှားပါက မည်သည့်အတွက်ကြောင့် မှားကြောင်းဖော်ပြပါ)

၁။ ဗဟုသုတများ ထပ်ပွားစေခြင်းသည် သုတေသန၏ ပင်မသွေးကြော ရည်မှန်းချက်တစ်ရပ်ဖြစ်သည်။

၂။ လူမှုသုတေသနသည် တိရစ္ဆာန်များနှင့် ဆေးဝါးများပေါ်တွင် အဓိကထားလေ့လာပါသည်။

၃။ သုတေသီများက နိဂုံးချုပ်ကောက်ချက်ဆွဲပြီး ၎င်းကောက်ချက်များကို ပံ့ပိုးရန်အတွက် သတင်းအချက်အလက်များကို စုဆောင်းကောက်ယူသည်။

၄။ သုတေသနတွင် သတင်းအချက်အလက်များကို အချိန်ကာလတစ်ခုပေါ်တွင် ကောက်ယူစုဆောင်းခြင်း ပါဝင်နိုင်သည်။

### လုပ်ငန်းစဉ် – အသုံးဝင်သော အဖြေများ

အောက်ပါမေးခွန်းများအတွက် အဖြေများတွင် မည်သူများက စိတ်ဝင်စားမှုရှိနိုင်ပါသနည်း။ တစ်ခုချင်းစီအတွက် စာရင်းပြုစုပါ။

၁။ လူများသည် ကားများကို အဘယ်ကြောင့် ဝယ်ယူကြသနည်း။ **ဥပမာ –** *ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးဝါဒီသမားများ*

၂။ ရန်ကုန်မြို့၏ လေထုညစ်ညမ်းမှုကို မည်သို့ လျှော့ချနိုင်ပါသနည်း။

၃။ ကျောင်းစာကြည့်တိုက်အသစ်သည် ကျောင်းသားများအကြား စာဖတ်နှုန်းကို မြင့်တက်လာစေပါသလား။

### လုပ်ငန်းစဉ် – ခေါင်းစဉ်များနှင့် မေးခွန်းများ

အောက်တွင်ပေးထားသော ဇယားထဲရှိ ခေါင်းစဉ်သုံးမျိုးကိုကြည့်ပါ။

၁။ ၎င်းခေါင်းစဉ်များနှင့် ပတ်သက်ပြီး မည်သည့်အရာများကို သိရှိထားပါသနည်း။ (ဥပမာ – အထောက်အထားများ၊ ဒေတာများ၊ ကိန်းဂဏန်းများ၊ အစီရင်ခံစာများ သို့မဟုတ် အခြားဆက်နွယ်မှုရှိသော သတင်းအချက်အလက်များ။)

၂။ ဤခေါင်းစဉ်များနှင့် ပတ်သက်ပြီး မည်သည့်မေးခွန်းများသည် သုတေသီများအတွက် အသုံးဝင်နိုင်ပါသနည်း။

| (က) ယာဉ်မတော်တဆမှုများ | (ခ) လေထုညစ်ညမ်းမှု | (ဂ) ကျောင်းပြင်ပ ကလေးငယ်များ |
|---|---|---|
| *၁။ လူများစွာသည် ယာဉ်မတော်တဆမှုကြောင့် နှစ်စဉ်နှစ်တိုင်း သေဆုံးနေကြသည်။*<br>*၂။ ယာဉ်မတော်တဆမှုများ ဖြစ်ပွားရသည့် အကြောင်းရင်းများမှာ အဘယ်နည်း။* | | |

# ၁.၂ - သုတေသန လုပ်ငန်းစဉ်

## အကြိုလေ့လာချက်

သုတေသန စတင်လုပ်ဆောင်ရန်အတွက် မည်သည့်အရာများကို လိုအပ်ပါသနည်း။

သုတေသန လုပ်ငန်းစဉ်ဆိုသည်မှာ သုတေသနပြုစုရန်အတွက် လမ်းပြပေးသည့် လုပ်ဆောင်နည်းအဆင့် စီးရီးတစ်ခု ဖြစ်ပါသည်။ မတူခြားနားသည့် အဖွဲ့အစည်းများနှင့် လေ့လာမှု**နယ်ပယ်**များက အနည်းငယ်မှုကွဲသည့် လုပ်ငန်းစဉ်များကို အသုံးပြုနိုင်ပါသည်။ သို့သော် သုတေသနအများစုမှာ ပုံစံဆင်တူကြပါသည်။ အောက်တွင်ပေးထားသော ပုံစံကားချပ်တွင် ဤစာအုပ်၏ နောက်ပိုင်း၌ ဖော်ပြသွားမည့် လုပ်ငန်းစဉ်ကို ဖော်ပြထားပါသည်။


- **အဆင့် ၁** – သုတေသန မေးခွန်းများ စဉ်းစားဖန်တီးပါ။
- **အဆင့် ၂** – တိကျသော သတင်းအချက်အလက်များ ရှာဖွေပါ။
- **အဆင့် ၃** – သတင်း အချက်အလက်များကို ခွဲခြမ်းစိတ်စစ်ပြီး နိဂုံးချုပ် ကောက်ချက်ချပါ။
- **အဆင့် ၄** – ရှာဖွေ တွေ့ရှိချက်များကို ဖလှယ်မျှဝေပါ။

## လုပ်ငန်းစဉ် – သုတေသနအဆင့်နှင့် ဓာတ်ပုံကို တွဲပေးပါ

၁။ ဓာတ်ပုံ (က–ဃ) များကို အထက်တွင် ဖော်ပြထားသော သုတေသနလုပ်ငန်းစဉ် အဆင့် ၁–၄ တို့ဖြင့် တွဲစပ်ပါ။ အချို့ ဓာတ်ပုံများသည် တစ်ခုထက်ပိုသော အဆင့်များဖြင့် တွဲစပ်နိုင်ပါသည်။

၂။ နှစ်ယောက်တစ်တွဲစီဖြင့် အဖြေများကို ရှင်းပြပါ။


(က)


(ခ)


(ဂ)


(ဃ)

## ဖြစ်ရပ်လေ့လာချက် – ဖြစ်ရပ်လေ့လာချက်အား ခွဲခြမ်းစိတ်ဖြာပါ

ဖြစ်ရပ်လေ့လာချက်အား ဖတ်ရှုပါ။

၁။ ဖြစ်ရပ်လေ့လာချက်ထဲတွင် ဖော်ပြထားသော သုတေသန လုပ်ငန်းစဉ်များထဲမှ အဆင့်များကို ခွဲခြားဖော်ထုတ်ပါ။

၂။ အောက်ပါ မေးခွန်းများကို ဆွေးနွေးပါ။

(က) ဤသုတေသနလုပ်ငန်း၏ ရလဒ်များကို မည်သို့အသုံးချသွားမည်နည်း။

(ခ) ဤသုတေသနလုပ်ငန်း၏ ရလဒ်များသည် သင့်ရပ်ရွာလူထုနှင့် ဆက်နွယ်မှုရှိပါသလား။

https://www.mmtimes.com/news/myanmar–consumers–shift–habits–study.html

# မြန်မာ့ဝယ်ယူသုံးစွဲသူများ၏ အလေ့အထ အပြောင်းအလဲ

STAFF | 12 MAR 2018

အစီရင်ခံစာတစ်စောင်ကို မကြာသေးမီက ထုတ်ပြန်ခဲ့သည်။ ၎င်းအစီရင်ခံစာတွင် 'မြန်မာနိုင်ငံသားများသည် မရှိမဖြစ်လိုအပ်သော ကုန်ပစ္စည်းများကို ဝယ်ယူရုံတင်မဟုတ်ဘဲ ပုဂ္ဂိုလ်ရေးဆိုင်ရာ နေထိုင်မှုပုံစံအတွက် ကုန်ပစ္စည်းများကို ပိုမိုဝယ်ယူနေကြသည်' ဟု ရေးသားဖော်ပြထားသည်။ Envirosell Thailand သည် သုတေသန အဖွဲ့အစည်းတစ်ဖွဲ့ဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် မြန်မာ့ဝယ်ယူသုံးစွဲသူများ၏ ငွေကြေးသုံးစွဲမှု အလေ့အထကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်စသည့် မြို့ကြီးသုံးမြို့တွင် စစ်တမ်းကောက်ယူခဲ့သည်။ Envirosell အဖွဲ့သည် ပြည်သူလူထုမှ ဝယ်ယူသည့် ကုန်ပစ္စည်း အမျိုးအစားများနှင့် ၎င်းကုန်ပစ္စည်းများကို ဝယ်ယူရသည့် အကြောင်းရင်း (လူနေမှုဘဝပုံစံ သို့မဟုတ် နေ့စဉ်အသုံးပြုရန် လိုအပ်ချက်အတွက်) ကို သိရှိချင်ခဲ့သည်။



Envirosell အဖွဲ့သည် လူများက ဝယ်ယူသည့် ကုန်ပစ္စည်းအမျိုးအစားများနှင့် ၎င်းကုန်ပစ္စည်းများကို ဝယ်ယူရသည့် အကြောင်းရင်းများကို ခွဲခြားဖော်ထုတ်ရန်အတွက် စစ်တမ်းရလဒ်များကို စစ်ဆေးခဲ့သည်။ လေ့လာမှုတွင် မရှိမဖြစ်လိုအပ်သည့်အရာများ မဟုတ်သော အဝတ်အထည် ပျော့ပြောင်းဆေးရည်၊ ဆံပင်ပျော့ပြောင်းဆေးနှင့် ရေချိုးဆပ်ပြာဆီစသည့် ကုန်ပစ္စည်းများကို ပိုမိုဝယ်ယူသုံးစွဲကြကြောင်း တွေ့ရှိခဲ့သည်။ ထို့အပြင် သက်သာလွယ်ကူစေသည့် အသုံးအဆောင်များအတွက် အဝတ်လျှော်စက်နှင့် ရေခဲသေတ္တာကဲ့သို့သော လျှပ်စစ်ကုန်ပစ္စည်းများ ဝယ်ယူမှုနှုန်းထားလည်း မြင့်တက်လာသည်။ Envirosell Thailand အဖွဲ့မှ ထိုသို့ မြင့်တက်လာရသည့် အကြောင်းရင်းမှာ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း အလုပ်သမားများ၏ ဝင်ငွေမြင့်တက်လာခြင်းနှင့် စီးပွားရေး တိုးတက်လာခြင်းကြောင့်ဖြစ်သည်ဟု အကြံပြုထားပါသည်။

Adapted from: https://www.mmtimes.com/news/myanmar–consumers–shift–habits–study.html

## သုတေသန လုပ်ငန်းစဉ်၏ အဆင့်များ

သုတေသနပြုစုခြင်း အဆင့်များသည် ပုံမှန်အားဖြင့် ဆင်တူကြသော်လည်း ၎င်းတို့ကို မတူခြားနားသည့် နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ပါသည်။

**အဆင့် ၁**

**သုတေသန မေးခွန်းများ ပြုစုရေးသားပါ။**

- နောက်ခံ အကြောင်းအရာများကို သုတေသန ပြုစုခြင်း။
- စဉ်းစားဆွေးနွေးခြင်း။ (Brainstorming)
- ခေါင်းစဉ်များ ရွေးချယ်ပါ။
- သုတေသန မေးခွန်း(များ) ရေးချပါ။

**အဆင့် ၂**

**တိကျသော သတင်းအချက်အလက်များကို ရှာဖွေပါ။**

- အစီအစဉ်ရေးဆွဲခြင်း။
- အချက်အလက် စုဆောင်းရန် နည်းလမ်းများ ပြုစုဖန်တီးပါ။
- စမ်းသပ်စစ်ဆေးခြင်း။
- ဒေတာများ ကောက်ယူပါ။
- ဒေတာများ သိမ်းဆည်းပါ။
- ပဏာမ ခွဲခြမ်းစိတ်ဖြာခြင်း။

**အဆင့် ၃**

**သတင်းအချက်အလက်များကို ခွဲခြမ်းစိစစ်ပြီး နိဂုံးချုပ်ပါ။**

- ဒေတာများကို ဖတ်ရှုပါ။
- ဒေတာများကို ပြန်လည် ဖတ်ရှုပါ။
- ဒေတာများကို ခွဲခြမ်းစိစစ်ပါ။
- အကြောင်းအရာအလိုက် ခေါင်းစီးများ ခွဲခြား ဖော်ထုတ်ပါ။
- နိဂုံးချုပ် ကောက်ချက်များ ရေးချပါ။

**အဆင့် ၄**

**ရှာဖွေတွေ့ရှိချက်များကို ဖလှယ်မျှဝေပါ။**

- သုတေသနစာတမ်းအား ဖတ်ရှုမည့် ပရိသတ်များ အကြောင်း စဉ်းစားပါ။
- သုတေသန အစီရင်ခံစာတမ်းတစ်စောင် ရေးသားပါ။
- သုတေသန ရှာဖွေတွေ့ရှိချက်များကို တင်ပြပါ။

### အဆင့် ၁ - သုတေသန မေးခွန်းများ ပြုစုရေးသားပါ

သုတေသန လုပ်ငန်းစဉ်၏ ပထမအဆင့်မှာ သုတေသနအတွက် သင့်လျော်သော ခေါင်းစဉ်အချို့ကို ဆုံးဖြတ်ရွေးချယ်ရန် ဖြစ်သည်။ ရွေးချယ်ချက်အပေါ်တွင် သင်၏ ပညာရေးဆိုင်ရာ အတွေ့ပြုလေ့လာမှု၊ အလုပ်အကိုင် သို့မဟုတ် စိတ်ဝင်စားမှုများက လွှမ်းမိုးမှုရှိနိုင်ပါသည်။

ဖြစ်နိုင်ခြေရှိသော ခေါင်းစဉ်များကို စဉ်းစားပြီး ၎င်းတို့နှင့် ပတ်သက်သည့် နောက်ခံအကြောင်းအရာများကို သုတေသန ပြုလုပ်၍ အဆိုပါ ခေါင်းစဉ်များသည် သုတေသနပြုစုရန် သင့်လျော်မှုရှိ/မရှိ ဆုံးဖြတ်ပါ။ သုတေသနပြုလုပ်မည့် ခေါင်းစဉ်သည် ရှင်းလင်းစွာ အဓိပ္ပာယ်ဖော်ပြထားသည့် ခေါင်းစဉ်တစ်ခုတည်းဖြစ်သည်အထိ ချုံ့ယူရမည်ဖြစ်ပြီး ထိုအခါမှသာလျှင် အဆိုပါ ခေါင်းစဉ်နှင့် ပတ်သက်သည့် သုတေသန မေးခွန်းများကို ရေးချရမည်။ သုတေသန မေးခွန်းသည် တစ်ခုတည်းဖြစ်နိုင်သကဲ့သို့ မေးခွန်းအနည်းငယ်လည်း ဖြစ်နိုင်ပါသည်။ ပြုလုပ်မည့် သုတေသနသည် အဆိုပါ မေးခွန်း (သို့မဟုတ် မေးခွန်းများ) အတွက် အဖြေဖော်ထုတ်ပေးပါလိမ့်မည်။




၁ ချင်းပြည်နယ် ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကွန်ရက် (CHEN) သည် ချင်းပြည်နယ်အတွင်းရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို သုတေသနပြုလုပ်ရန် အတွက် ရန်ပုံငွေလျှောက်ထားပါသည်။

စဉ်းစားဆွေးနွေးခြင်းနှင့် နောက်ခံအကြောင်းအရာ သုတေသန ပြုလုပ်ပြီးသည့်အခါတွင်၊ စိုက်ပျိုးရေးသုံး ဓာတုပစ္စည်းများ၏ သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုသည် အရေးကြီးသော ခေါင်းစဉ်တစ်ခုဖြစ်သည်ဟု ၎င်းတို့မှ ဆုံးဖြတ်ခဲ့သည်။ ထို့အတူ သုတေသန မေးခွန်းတစ်ခုကိုလည်း စဉ်းစားဆုံးဖြတ်ခဲ့သည်။ ၎င်းမှာ 'ချင်းပြည်နယ်မှ လယ်သမားများသည် စိုက်ပျိုးရေးအတွက် ၎င်းတို့ အသုံးပြုသော ဓာတုပစ္စည်းများ၏ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုနှင့် ပတ်သက်ပြီး မည်သည့်အရာများကို သိရှိထားသနည်း' ဟူ၍ဖြစ်သည်။

*CHEN သည် အပြင်တွင်ရှိသော အဖွဲ့အစည်းတစ်ဖွဲ့ မဟုတ်ပေ။ ဤဖြစ်ရပ်လေ့လာချက် ဥပမာကို များစွာသော CSOs နှင့် NGOs တို့၏ လုပ်ငန်းများစွာပေါ်တွင် အခြေခံထားပါသည်။

## အဆင့် ၂ - တိကျသော သတင်းအချက်အလက်များကို ရှာဖွေပါ

ဤအဆင့်တွင် ဒေတာကောက်ယူစုဆောင်းခြင်းပါဝင်သည်။ ဒေတာဆိုသည်မှာ သုတေသန လုပ်ငန်းစဉ်အတွင်း ကောက်ယူရရှိသည့် သတင်းအချက်အလက်များ ဖြစ်ပါသည်။ ဒေတာများမှာ စကားလုံးများ၊ ကိန်းဂဏန်းများ၊ ဓာတ်ပုံများ၊ ဗွီဒီယို သို့မဟုတ် **အသံဖိုင်များ** စသည်တို့ ဖြစ်နိုင်ပါသည်။ တိကျသော သတင်းအချက်အလက်များကို ရှာဖွေရန်အတွက် အသုံးပြုသွားမည့် နည်းလမ်းများ (စစ်တမ်းကောက်ယူခြင်း၊ လူတွေ့မေးမြန်းခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် ဦးတည်အုပ်စုဆွေးနွေးပွဲများ၊ အစရှိသဖြင့်) နှင့် ဒေတာကောက်ယူသွားမည့် လူများနှင့် ပတ်သက်ပြီး စဉ်းစားရပါလိမ့်မည်။ သုတေသနလူဦးရေဆိုသည်မှာ သုတေသန၏ ဦးတည်အဖွဲ့များဖြစ်ပြီး သင်၏သုတေသန မေးခွန်းအား ဖြေဆိုရန်အတွက် လိုအပ်သော ဒေတာများကို ကောက်ယူသွားရမည့် လူတစ်စု သို့မဟုတ် အဖွဲ့အစည်းများ ဖြစ်ပါသည်။

၂ CHEN သုတေသီများက စစ်တမ်းကောက်ယူခြင်းနှင့် လူတွေ့မေးမြန်းခြင်းမှတစ်ဆင့် ဒေတာများကို ကောက်ယူစုဆောင်းကြသည်။ ၎င်းတို့မှ ချင်းပြည်နယ်ရှိ မြို့နယ် ၅ မြို့နယ်မှ လယ်သမား ၅၀၀ အား စစ်တမ်းကောက်ယူပြီး နိုင်ငံရေးသမားများနှင့် ရပ်ရွာအကြီးအကဲ ၁၀ ဦးခန့်အား လူတွေ့မေးမြန်းကြသည်။

သုတေသီ ၄ ဦးဖြင့် ဒေတာအချက်အလက်များ ကောက်ယူစုဆောင်းရန်အတွက် ရက်သတ္တပတ် ၁၀ ပတ်ခန့် ကြာမြင့်မည်ဟု ၎င်းတို့မှ ခန့်မှန်းသတ်မှတ်ထားကြသည်။

## အဆင့် ၃ - သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာပြီး နိဂုံးချုပ် ကောက်ချက်ရေးသားပါ။

ဤအဆင့်တွင် ဒေတာများကို ခွဲခြမ်းစိတ်ဖြာခြင်းနှင့် နိဂုံးချုပ်ကောက်ချက်ဆွဲခြင်းတို့ပါဝင်သည်။ ဤအဆင့်၏ နောက်ဆုံးတွင် သုတေသနပြုစုခြင်းမှ အဓိက**ရှာဖွေတွေ့ရှိချက်များ**ကို အနှစ်ချုပ်ရေးသားရမည်။ ဒေတာအချက်အလက်များနှင့် ခွဲခြမ်းစိတ်ဖြာခြင်းမှတစ်ဆင့် နိဂုံးချုပ်ကောက်ချက်ချရန်နှင့် သင်၏ ရှာဖွေတွေ့ရှိချက်များကို ပံ့ပိုးရန်အတွက် **အထောက်အထားများ**ရှိပြီဖြစ်သည်။

၃ CHEN သုတေသီများက ဒေတာကောက်ယူစုဆောင်းခြင်း လုပ်ဆောင်ပြီးသည့်အခါတွင် ခွဲခြမ်းစိတ်ဖြာခြင်းကို စတင်လုပ်ဆောင်ပါသည်။ ပထမဆုံးအနေဖြင့် စစ်တမ်းကောက်ယူခြင်းနှင့် လူတွေ့မေးမြန်းမှုများမှ ဒေတာများကို ဖတ်ရှုကြသည်။ စစ်တမ်း မေးခွန်းလွှာများအတွက် ကွန်ပျူတာ ဆော့ဖ်ဝဲလ်များ အသုံးပြု၍ ကိန်းဂဏန်းအချက်အလက်များကို တွက်ချက်ပြီး မြို့နယ်များအကြား နှိုင်းယှဉ်ကြသည်။

လူတွေ့မေးမြန်းမှုများကို အသံသွင်းထားသည့်အတွက် သုတေသီများမှ အသံဖိုင်အားလုံးကို နားထောင်ပြီး ဖြေကြားသူများမှ မကြာခဏ



တင်ပြသည့် အကြောင်းအရာများကို ခွဲခြားဖော်ထုတ်ရသည်။ ထို့နောက်တွင် ၎င်းတို့၏ ခွဲခြားစိတ်ဖြာမှုရလဒ်များပေါ် အခြေခံပြီး နိဂုံးချုပ်စာရင်းများ ရေးချရသည်။ ထိုအခါတွင် လယ်သမားအများစုသည် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကို သိရှိနားလည်ထားကြသည်ဟု နိဂုံးချုပ်**ကောက်ချက်ချ**ပါသည်။ သို့သော် လယ်သမားများက ၎င်းတို့သည် ဓာတုပစ္စည်းများ အသုံးပြုခြင်းကို ရပ်တန့်မည်ဆိုလျှင် ဝင်ငွေမရရှိတော့မည်ကို စိုးရိမ်စိတ်ဖြစ်ကြသည်။ ၎င်းတို့အနေဖြင့် သီးနှံများ အထွက်မကောင်းမည်ကို စိုးရိမ်ကြသည် သို့မဟုတ် သီးနှံပင်များ သေဆုံးသွားမည်ကို စိုးရိမ်ကြသည်။

## အဆင့် ၄ - ရှာဖွေတွေ့ရှိချက်များကို ဖလှယ်မျှဝေပါ။

ဤအဆင့်တွင် သုတေသန၏ရလဒ်များကို သက်ဆိုင်ရာလူပုဂ္ဂိုလ်များနှင့် ဖလှယ်မျှဝေခြင်းပါဝင်သည်။ ဤအဆင့် လုပ်ဆောင်စဉ်ကာလအတွင်း၊ သုတေသန အစီရင်ခံစာတစ်စောင် ရေးသားရမည်။ သုတေသန၏ရလဒ်များကို ဖလှယ်မျှဝေရန်အတွက် ရပ်ရွာလူထုကို တင်ဆက်ပြသရမည် သို့မဟုတ် ရပ်ရွာလူထုနှင့် တွေ့ဆုံအသိပေးရမည်။ သုတေသီများက အများအားဖြင့် ၎င်းတို့၏ နိဂုံးချုပ်တွေ့ရှိချက်များနှင့်အတူ အကြံပြုထောက်ခံများကိုပါ တင်ပြကြသည်။ လူများ၊ အဖွဲ့အစည်းများ သို့မဟုတ် အစိုးရအပေါ် လွှမ်းမိုးမှုရှိနိုင်ရန် ရည်ရွယ်ထားလျှင် ဤသို့ လုပ်ဆောင်ခြင်းသည် အထူးအရေးကြီးပါသည်။



၄ CHEN သုတေသီများက အစီရင်ခံစာတစ်စောင် ရေးသားပြီး ၎င်းတို့၏ အလှူရှင်များ၊ အစိုးရ၊ တောင်သူလယ်သမား အဖွဲ့အစည်းများနှင့် အခြားသော အရပ်ဖက်အဖွဲ့အစည်းများထံသို့ ပေးပို့မျှဝေကြသည်။

ထို့အတူ ၎င်းတို့၏ ရှာဖွေတွေ့ရှိချက်များနှင့် အကြံပြုထောက်ခံချက်များကိုလည်း ဟားခါးမြို့တွင် ကျင်းပသော ဆွေးနွေးပွဲတွင်လည်း ရပ်ရွာခေါင်းဆောင်များ၊ လယ်သမားများနှင့် ကျောင်းသားများထံသို့ တင်ပြကြပါသည်။

ဤစာအုပ်ထဲတွင်၊ သုတေသန လုပ်ငန်းစဉ်အဆင့်များကို အောက်ပါအတိုင်း အခန်းလိုက် အသေးစိတ် လေ့လာသွားပါမည်။

- အဆင့် ၁ – အခန်း ၁–၂ တွင် လေ့လာပါမည်။
- အဆင့် ၂ – အခန်း ၃–၇ တွင် လေ့လာပါမည်။
- အဆင့် ၃ – အခန်း ၈–၉ တွင် လေ့လာပါမည်။
- အဆင့် ၄ – အခန်း ၁၀ တွင် လေ့လာပါမည်။

## လေ့ကျင့်ခန်း – လုပ်ငန်းများနှင့် သုတေသနအဆင့်များကို တွဲစပ်ပါ

'မြန်မာနိုင်ငံရှိ လူမှုစီးပွားရေးလုပ်ငန်းမြင်ကွင်း' ဆိုသည်မှာ ဗြိတိသျှကောင်စီမှ ၂၀၁၃ ခုနှစ်တွင် လုပ်ဆောင်ခဲ့သော သုတေသန စီမံကိန်းတစ်ခုဖြစ်သည်။'

လုပ်ငန်းများ (က–ဃ) ကို ရှေ့စာမျက်နှာရှိ သုတေသနလုပ်ငန်းစဉ်၏ အဆင့်များနှင့် တွဲစပ်ပါ။

(က) ______ ဗြိတိသျှကောင်စီမှ သုတေသန အစီရင်ခံစာတစ်စောင် ရေးသားခဲ့ပြီး ၎င်းတို့၏ အင်တာနက်ဝက်ဘ်ဆိုဒ်စာမျက်နှာပေါ်တွင် ရေးသားဖြန့်ဝေခဲ့သည်။ ထို့အတူ ၎င်းတို့၏ ရှာဖွေတွေ့ရှိချက်များကို ဖလှယ်မျှဝေရန်အတွက် ပြည်တွင်း ပြည်ပ ပညာရှင်များနှင့်လည်း အစည်းအဝေးတစ်ခု ကျင်းပခဲ့သည်။

(ခ) ______ သုတေသီများက ၎င်းတို့ ရွေးချယ်ထားသော လူမှုစီးပွားရေးလုပ်ငန်းများနှင့် ပညာရှင်များထံသို့ မသွားရောက်ခင် အချိန်တွင် ဖုန်းဖြင့်မေးမြန်းမှုများကို ၃၁ ကြိမ် ပြုလုပ်ခဲ့သည်။


(ဂ) ______ ဗြိတိသျှကောင်စီက မြန်မာနိုင်ငံရှိ လူမှုစီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး ပိုမိုသိရှိနားလည်ချင်စိတ်ရှိခဲ့သည်။ အဆိုပါစီးပွားရေး လုပ်ငန်းများ၏ အောင်မြင်ရသည့် အကြောင်းရင်းခံများနှင့် ရင်ဆိုင်ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို သိရှိနားလည်ချင်ခဲ့သည်။ ၎င်းတို့က သုတေသနမေးခွန်း ၃ ခုကို ရွေးချယ်ခဲ့သည်။

i လက်ရှိအချိန်တွင် မည်သူများက အပြုသဘောဆောင်သော လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကို ရရှိနေကြသနည်း။

ii မည်သည့်အရာများက အဖွဲ့အစည်းများ၏ ရေရှည်ခိုင်မာတည်မြဲမှုကို အဟန့်အတား ဖြစ်စေပါသနည်း။

iii အဖွဲ့အစည်းကြီးထွားလာမှုကို မည်သည့်အရာများက ရပ်တန့်စေပါသနည်း။

(ဃ) ______ လူတွေ့မေးမြန်းမှုများမှတစ်ဆင့်၊ လူမှုစီးပွားရေးလုပ်ငန်းများထံမှ ဖြေကြားချက်များတွင် ဘုံတူညီနေသည့် အချက် ၃ ချက်ကို သုတေသီများက တွေ့ရှိခဲ့သည်။ ၎င်းတို့မှာ 'ဥပဒေများ'၊ 'ရင်းနှီးမြှုပ်နှံသူများ၏ စိတ်နေသဘောထားများ' နှင့် 'သဘာဝပတ်ဝန်းကျင်' တို့ပဲဖြစ်ပါသည်။




http://www.britishcouncil.org.mm/programmes/society/social-entreprise

## လုပ်ငန်းစဉ် – သုတေသန လုပ်ငန်းစဉ်အား လိုက်နာဆောင်ရွက်ခြင်း

ပေးထားသော အကြောင်းအရာများကို ဖတ်ရှုပါ။ ၎င်းတို့မှ မည်သည့်အကြောင်းအရာသည် သုတေသန လုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ခြင်း မရှိပါသနည်း။ အဘယ်ကြောင့်နည်း။




### ၁။ ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုလေ့လာခြင်း – ကရင်ပြည်နယ်

ကရင်ပြည်နယ်ရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဖွဲ့အစည်းတစ်ဖွဲ့သည် ရွှေမိုင်းတွင်းများနှင့် မွေးကင်းစ ကလေးငယ်များ၏ ကျန်းမာရေး အကြား ဆက်နွယ်မှုကို သုတေသနပြုလုပ်နေကြသည်။ ၎င်းတို့မှ မိုင်းတွင်းအနီးရှိ ကျေးရွာများနှင့် မိုင်းတွင်းနှင့် ဝေးကွာသည့် ကျေးရွာများထံသို့ လည်ပတ်လေ့လာခဲ့သည်။ အဆိုပါ ကျေးရွာများထံမှ ရရှိလာသော ကျန်းမာရေးဆိုင်ရာ ဒေတာများကို နှိုင်းယှဉ်ကြည့်ပြီးသည့် အခါတွင် မိုင်းတွင်းနှင့်နီးသည့်နေရာတွင် နေထိုင်ကြသော မွေးကင်းစ ကလေးငယ်များသည် ဖျားနာမှု ပိုမိုဖြစ်ပွားနိုင်ကြောင်း တွေ့ရှိခဲ့ကြသည်။ အဆိုပါ ကလေးများ၏ ကျန်းမာရေး တိုးတက်လာစေရန်အတွက် ကြားဝင်ဆောင်ရွက်ပေးနိုင်သည့်အရာများကို အကြံပြုထောက်ခံပေးခဲ့သည်။ ရှာဖွေတွေ့ရှိချက်များကို အစိုးရအရာရှိများနှင့် အရပ်ဖက် အဖွဲ့အစည်းများထံသို့ ဆက်သွယ်မျှဝေပေးခဲ့သည်။

### ၂။ တရုတ်နိုင်ငံအပေါ် မြန်မာနိုင်ငံသားများ၏ အမြင်သဘောထား – အမျိုးသားအဆင့်လေ့လာမှု

ရန်ကုန်အခြေစိုက် **အကြံပေးအဖွဲ့** (think tank) သည် တရုတ်နိုင်ငံအပေါ် မြန်မာနိုင်ငံသားများ၏ **အမြင်သဘောထား**နှင့် ပတ်သက်ပြီး သုတေသနလုပ်ဆောင်ခဲ့သည်။ ၎င်းတို့မှ မြန်မာနိုင်ငံ၏ မြို့ပြနှင့် ကျေးလက်ဒေသ နှစ်ခုစလုံးအပါအဝင် ပြည်နယ်နှင့် တိုင်းအသီးသီးမှ လူပေါင်း ၂၀၀၀ ခန့်ကို ဖုန်းဖြင့်ခေါ်ဆိုမေးမြန်းခဲ့သည်။ ထို့အတူ အချက်အလက်များ ပိုမိုပြည့်စုံရန်အတွက် **အသေးစိတ်**ခေါ်ဆို မေးမြန်းမှုလည်း ဆောင်ရွက်ခဲ့သည်။ နောက်ဆုံးတွင် ပြည်သူများ၏ အမြင်သဘောထားသည် အချိန်ကြာလာသည်နှင့်အမျှ ပြောင်းလဲမှု ရှိ/မရှိ မေးမြန်းခဲ့သည်။ ၎င်းတို့မှ ပြည်သူလူထု နှီးနှောဖလှယ်ပွဲတစ်ပွဲ ကျင်းပခဲ့ပြီး တက်ရောက်လာသူများအားလုံးအတွက် ဖုန်းခေါ်ဆိုမှု ၂၀၀၀ စလုံးကို ဖွင့်ပြပေးခဲ့သည်။



## ဆွေးနွေးချက်

သုတေသန လုပ်ငန်းစဉ် အဆင့်တစ်ဆင့်ချင်းစီကို ကောင်းစွာမလုပ်ဆောင်ခြင်း၏ အပျက်သဘောဆောင်သော ရလဒ်များမှာ အဘယ်နည်း။

၁။ သုတေသန မေးခွန်းများ စဉ်းစားဖော်ထုတ်ခြင်း။

*သုတေသန မေးခွန်းများကို ကောင်းစွာ မဖော်ထုတ်ထားပါက ဒေတာကောက်ယူစုဆောင်းရာတွင် အသုံးပြုမည့် နည်းလမ်းများနှင့် ပတ်သက်ပြီး စိတ်ရှုပ်ရပါလိမ့်မည်။*

၂။ တိကျသော သတင်းအချက်အလက်များကို ရှာဖွေခြင်း။

၃။ သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်စစ်ခြင်းနှင့် နိဂုံးချုပ်ကောက်ချက်ချခြင်း။

၄။ ရှာဖွေတွေ့ရှိချက်များကို ဖလှယ်မျှဝေခြင်း။

# ၁.၃ - သုတေသန မေးခွန်းများ စဉ်းစားဖော်ထုတ်ခြင်း

## အကြိုလေ့လာချက်

သုတေသန မေးခွန်းများကို မည်သို့ စဉ်းစားဖော်ထုတ်သွားမည်နည်း။

## လုပ်ငန်းစဉ် – သင်၏ သုတေသန လုပ်ဆောင်ချက်အပေါ် လွှမ်းမိုးမှုရှိသည့် အကြောင်းရင်းများ

သင်လုပ်ဆောင်နေသည့် သုတေသနအပေါ် လွှမ်းမိုးမှုရှိနိုင်သည့် အကြောင်းရင်းများကို စာရင်းပြုစုထားခြင်း ဖြစ်ပါသည်။

- လေ့လာသင်ယူနေသည့် ပညာရေးနယ်ပယ် (သို့မဟုတ် သိရှိထားသော ခေါင်းစဉ်တစ်ခုခု)
- သင်၏ အလုပ်အကိုင်
- သင်၏ လူမှုအဖွဲ့အစည်းအတွင်း အရေးကြီးသော ကိစ္စရပ်များ
- သင်၏ စိတ်ဝင်စားမှုများ
- ထောက်ပံ့ငွေကြေး

၁။ သင်ရွေးချယ်ထားသော သုတေသနလုပ်ငန်းပေါ်တွင် အထက်ပါ အကြောင်းရင်းတစ်ခုစီက မည်သို့ လွှမ်းမိုးနိုင်ပါသနည်း။

၂။ သင်ရွေးချယ်ထားသော သုတေသနလုပ်ငန်းပေါ်တွင် လွှမ်းမိုးမှုရှိနိုင်သည့် အခြားသော အကြောင်းရင်းများကို စဉ်းစားပါ။ စာရင်းထဲတွင် ထပ်မံပေါင်းထည့်ရေးသားပါ။

နောက်ခံအကြောင်းအရာ သုတေသနပြုစုခြင်းသည် စိတ်ဝင်စားဖွယ်ကောင်းပြီး အသုံးဝင်သည့် သုတေသန ခေါင်းစဉ်များကို စဉ်းစားမိစေရန် ကူညီပေးနိုင်ပါသည်။ ခေါင်းစဉ်အချို့ကို ရွေးချယ်ပြီးသည့်အခါတွင် ၎င်းတို့ကိုဆွဲချုံ့ရန် လိုအပ်ပါသည်။ ထိုသို့ပြုလုပ်နိုင်သည့် နည်းလမ်းတစ်ခုမှာ ကတော့ပုံနည်းလမ်းဖြစ်သည်။ ယေဘုယျဆန်သည့် သုတေသနခေါင်းစဉ်တစ်ခုဖြင့် စတင်ပြီးနောက်တွင် ရှင်းလင်းပြတ်သားပြီး ဦးတည်ချက်ရှိသည့် ခေါင်းစဉ်များရရှိအောင် ဆောင်ရွက်ခြင်းဖြစ်သည်။ နောက်ဆုံးတွင် သင့်အတွက် အကောင်းဆုံးဖြစ်မည့် ခေါင်းစဉ်တစ်ခုကို ရွေးချယ်နိုင်ပါသည်။

ဖြစ်နိုင်ခြေရှိသော သုတေသနခေါင်းစဉ်များနှင့် ပတ်သက်ပြီး ပိုမိုသိရှိလိုသည့်အခါတွင် နောက်ခံအကြောင်းအရာ သုတေသနပြုစုခြင်းကို အသုံးပြုပါသည်။ ၎င်းနည်းလမ်းသည် သုတေသနခေါင်းစဉ်တစ်ခုအား ပိုမိုလွယ်ကူစေရန် သို့မဟုတ် သုတေသနပြုလုပ်ရာတွင် ပိုမိုစိတ်ဝင်စားဖွယ်ကောင်းစေရန်အတွက် သတင်းအချက်အလက်များကို မိတ်ဆက်ပေးနိုင်ပါသည်။ သို့သော် ခေါင်းစဉ်တစ်ခုသည် အလွန်ခက်ခဲသည် သို့မဟုတ် သုတေသနပြုစုရန် အလွန် ငွေကုန်ကြေးကျများသည် သို့မဟုတ် ၎င်းနှင့် ပတ်သက်သည့် သုတေသနစာတမ်းများ များစွာရှိနှင့်နေပြီးသားဖြစ်ကြောင်း တွေ့ရှိရနိုင်သည်။ ထိုအခါတွင် အဆိုပါခေါင်းစဉ်နှင့် ပတ်သက်ပြီး သုတေသန မပြုလုပ်ရန် ရွေးချယ်ဆုံးဖြတ်နိုင်ပါသည်။

နောက်ခံအကြောင်းအရာ သုတေသနပြုစုရန် ရင်းမြစ်များတွင် အင်တာနက်၊ စာကြည့်တိုက်နှင့် သင်၏ သုတေသန ခေါင်းစဉ်နယ်ပယ်တွင် အတွေ့အကြုံရှိပြီးသားလူများ ပါဝင်သည်။

နောက်ခံအကြောင်းအရာ သုတေသနပြုစုရာတွင် အင်တာနက် သို့မဟုတ် စာကြည့်တိုက်တွင် ရှာဖွေရန်အတွက် အဓိက စကားစုများ ရှိနှင့်ပြီးသားဖြစ်လျှင် ပိုမိုလွယ်ကူမှုရှိပြီး ထိရောက်မှုပိုရှိပါသည်။ ဥပမာ – ရှေ့စာမျက်နှာမှ ကရင်ပြည်နယ်ရှိ ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုကို လေ့လာခြင်းတွင် ကရင်ပြည်နယ်၊ လူမှုအဖွဲ့အစည်း ကျန်းမာရေး၊ ရွှေမိုင်းတွင်း သို့မဟုတ် မွေးကင်းစကလေးငယ် စသည့် စကားလုံးများကို ရှာဖွေနိုင်သည်။


သင်၏ခေါင်းစဉ်ကို ဆွဲချုံ့ရန်အတွက် သင်သုတေသနပြုစုမည့် အကြောင်းအရာများထဲမှ အတော်များများကို လျှော့ချရပါ လိမ့်မည်။ ဥပမာ – ပညာရေးဆိုသည့် ခေါင်းစဉ်သည် ကျယ်ပြန့်ပြီး ၎င်းနှင့်ပတ်သက်သည့် အကြောင်းအရာအားလုံးကို သုတေသနပြုစုရန် မဖြစ်နိုင်ချေ။ ကလေးသူငယ်ပညာရေးဆိုသည့် ခေါင်းစဉ်သည်လည်း အလွန်ကျယ်ပြန့်နေဆဲပင်

ဖြစ်သည်။ ထို့ကြောင့် မည်သည့်အကြောင်းအရာသည် သုတေသနပြုစုရန် လွယ်ကူမှုရှိပြီး ပိုကောင်းပါမည်နည်း။

အောက်ပါ ဥပမာများကိုကြည့်ပါ။ မည်သည့်ခေါင်းစဉ်များသည် သုတေသနပြုစုရန် ပိုကောင်းသည့် ခေါင်းစဉ်များ ဖြစ်ကြသနည်း။

- မန္တလေးမြို့ရှိ ကလေးသူငယ် ပညာရေး ဝန်ဆောင်မှုများ။
- မန္တလေးမြို့ရှိ ပုဂ္ဂလိကပိုင် ကလေးသူငယ်ပညာရေး ဝန်ဆောင်မှုများ။
- မန္တလေးမြို့ရှိ ပုဂ္ဂလိကပိုင် ကလေးသူငယ်ပညာရေး ဝန်ဆောင်မှုများ၏ ကုန်ကျစရိတ်။
- မန္တလေးမြို့ရှိ ပုဂ္ဂလိကပိုင် ကလေးသူငယ်ပညာရေး ဝန်ဆောင်မှုများကို ဈေးနှုန်းအသင့်အတင့်ဖြင့် ရရှိနိုင်ပါသနည်း။

အောက်ပါကတော့ပုံ ကားချပ်တွင် သုတေသန မေးခွန်းများအား ဆွဲချုံ့ထားသည့် ဥပမာများကို ထပ်မံဖော်ပြထား ပါသည်။



## လေ့ကျင့်ခန်း – ခေါင်းစဉ်အား ဆွဲချုံ့ပါ

အောက်ပါခေါင်းစဉ်များကို ကတော့ပုံကားချပ်ထဲတွင် မှန်ကန်အောင် ဖြည့်စွက်ပါ။

(က) ကျန်းမာရေး

(ခ) ကရင်ပြည်နယ်ရှိ စီးပွားဖြစ် စိုက်ပျိုးသော သီးနှံခင်းများမှ မည်သူက အကျိုးအမြတ် ရရှိပါသနည်း။

(ဂ) မကွေးမြို့အတွင်း လာဘ်စားမှုများအပေါ် အမြင်သဘောထားများ။

(ဃ) အကြီးစား စီးပွားဖြစ် စိုက်ပျိုးခင်းများ။

(င) မကွေးမြို့ရှိ ကျေးလက်နေပြည်သူများ နိစ္စဓူဝ ရင်ဆိုင်ကြုံတွေ့နေရသော လာဘ်စားမှု အမျိုးအစားများနှင့် ၎င်းတို့ အကျိုးသက်ရောက်မှုများ။


(စ) အုပ်ချုပ်ရေး

(ဆ) မွေးကင်းစကလေးငယ်များ၏ ကျန်းမာရေး။

(ဇ) ကယားပြည်နယ်ရှိ မွေးကင်းစကလေးငယ်များ၏ အစာအာဟာရ တိုးတက်ကောင်းမွန်လာစေရန်အတွက် NGO နှင့် INGO များ၏ အကြီးဆုံးစိန်ခေါ်မှုများ။

(ဈ) ကရင်ပြည်နယ်ရှိ အကြီးစား စီးပွားဖြစ်စိုက်ခင်း အမျိုးအစားများ။

(ည) နယ်ခံအစိုးရအတွင်းရှိ လာဘ်စားမှု။



## လေ့ကျင့်ခန်း – အကောင်းဆုံးအဖြေကို ရွေးချယ်ပါ

၁။ အောက်ပါတို့မှ မည်သည့်အချက်သည် သုတေသနခေါင်းစဉ်တစ်ခုအား ဆွဲချုံ့ရာတွင် အထောက်အကူ မပြုသနည်း။
(က) နောက်ခံအကြောင်းအရာ သုတေသနပြုစုခြင်း။
(ခ) လူမှုအဖွဲ့အစည်း လိုအပ်ချက်များ။
(ဂ) ရှာဖွေတွေ့ရှိချက်များကို တင်ပြခြင်း။
(ဃ) တိကျသော ပြဿနာတစ်ခု။

၂။ နောက်ခံအကြောင်းအရာ သုတေသနပြုစုခြင်း၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။
(က) သတင်းစကားတစ်ခုအား ဆက်သွယ်ပြောဆိုရန်။
(ခ) သင်၏ သုတေသနမေးခွန်းအား ဖြေကြားရန်။
(ဂ) သုတေသနခေါင်းစဉ်တစ်ခုနှင့် ပတ်သက်ပြီး ပိုမိုလေ့လာသင်ယူရန်။
(ဃ) အပြောအဆို ကျွမ်းကျင်မှု တိုးတက်ဖွံ့ဖြိုးလာစေရန်။

၃။ သုတေသန မေးခွန်းတစ်ခုကို ဆွဲချုံ့ခြင်းသည် အဘယ်ကြောင့် အသုံးဝင်ပါသနည်း။
(က) သုတေသန ခေါင်းစဉ်များအားလုံးသည် ကျယ်ပြန့်ပြီး ယေဘုယျဆန်သင့်ပါသည်။
(ခ) ခေါင်းစဉ်တစ်ခုအား ဆွဲချုံ့ခြင်းသည် သုတေသန လုပ်ငန်းစဉ်များထဲမှ အဆင့်တစ်ခုဖြစ်သည်။
(ဂ) သုတေသနအား ဆွဲချုံ့မည်ဆိုလျှင် ရလဒ်များကို ပိုမိုဖတ်ရှုကြလိမ့်မည်။
(ဃ) ကြီးမားကျယ်ပြန့်သော ခေါင်းစဉ်တစ်ခုကို သုတေသနပြုစုခြင်းသည် အလွန်ခက်ခဲနိုင်သည် သို့မဟုတ် ငွေကုန်ကြေးကျများနိုင်သည်။

## သင်တို့၏ သုတေသနစီမံကိန်း – သုတေသနခေါင်းစဉ်

သုတေသနပြုစုချင်သည့် သုတေသနခေါင်းစဉ်တစ်ခုကို စဉ်းစားကြည့်ပါ။ ၎င်းခေါင်းစဉ်သည် စိတ်ဝင်စားဖွယ်ဖြစ်ပြီး အသုံးဝင်နိုင်သည့် အကြောင်းအရာတစ်ခုခု ဖြစ်သင့်ပါသည်။

၁။ အဆိုပါခေါင်းစဉ်အတွက် နောက်ခံအကြောင်းအရာ သုတေသနပြုစုခြင်း မည်သို့ လုပ်ဆောင်နိုင်ပါသနည်း။
၂။ သင်တို့၏ ခေါင်းစဉ်သည် သင့်လျော်မှုရှိသည်အထိ ဆွဲချုံ့ထားပါသလား။ မဟုတ်ပါက ထပ်မံပြီး ဆွဲချုံ့ကြည့်ပါ။
၃။ နှစ်ယောက်တစ်တွဲစီဖြင့် သင်တို့၏ ခေါင်းစဉ်များနှင့် ရွေးချယ်ရသည့်အကြောင်းရင်းများကို ဆွေးနွေးပါ။



## လေ့ကျင့်ခန်း – ပိုမိုကောင်းမွန်သည့် သုတေသန မေးခွန်းများကို ခွဲခြားဖော်ထုတ်ပါ

သုတေသန မေးခွန်းများ စာရင်းကို ဖတ်ရှုပါ။ မေးခွန်းစာရင်းနှစ်ခုထဲမှ မည်သည့်တစ်ခုသည် သုတေသနပြုလုပ်ရန် ပိုမိုလွယ်ကူပါသနည်း။ အဘယ်ကြောင့်နည်း။

| စာရင်း ၁ | စာရင်း ၂ |
| --- | --- |
| • ဘာသာရေးဆိုင်ရာ လှုပ်ရှားမှုများတွင် လူများ အဘယ်ကြောင့် ပါဝင်ဆင်နွှဲကြသနည်း။<br>• တစ်စုံတစ်ယောက်မှ စီးပွားရေးလုပ်ငန်းတစ်ခု စတင်သည့် ပျမ်းမျှအသက်အရွယ်မှာ အဘယ်နည်း။<br>• ကျွန်ုပ်တို့၏ ရပ်ရွာအဖွဲ့အစည်းအတွင်းမှ လူများသည် ဥရောပ ကမ္ဘာလှည့် ခရီးသွားသူများနှင့် ပတ်သက်ပြီး မည်သို့ ထင်မြင်ကြသနည်း။ | • ရန်ကုန်တက္ကသိုလ်မှ ကျောင်းသားများသည် ဘာသာရေးအဖွဲ့အစည်းများတွင် အဘယ်ကြောင့် ပါဝင်ကြသနည်း။<br>• ရန်ကုန်တွင် အမျိုးသမီးများက စီးပွားရေးလုပ်ငန်း စတင်သည့်အခါတွင် မည်သည့်စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့ရသနည်း။<br>• ပြင်ဦးလွင်မြို့သို့ သွားရောက်လည်ပတ်နေကြသော ဥရောပကမ္ဘာလှည့် ခရီးသွားသမားများသည် မြို့တွင်းရှိ ဆွဲဆောင်မှုရှိသော နေရာများနှင့် ပတ်သက်ပြီး မည်သည်တို့ကို သိရှိထားသနည်း။ |

## သုတေသန မေးခွန်းများ

သုတေသန မေးခွန်းများက သင်လုပ်ဆောင်သွားမည့် သုတေသနသည် မည်သည့်အရာများကို နားလည်နိုင်ရန် တိကျစွာ ကြိုးစားဖော်ထုတ်သွားမည်ဖြစ်ကြောင်း ဖော်ပြပေးပါသည်။ သုတေသီတစ်ဦးက ဒေတာကောက်ယူစုဆောင်းခြင်းနှင့် ခွဲခြမ်းစိစစ်ခြင်းတို့မှတစ်ဆင့် သုတေသနမေးခွန်းများကို ဖြေဆိုရပါသည်။ သုတေသန မေးခွန်းများသည် ဒေတာ ကောက်ယူစုဆောင်းခြင်းနှင့် ခွဲခြမ်းစိစစ်ခြင်းတို့ကို လမ်းညွှန်ပြပေး၍ သုတေသနလုပ်ငန်းကို ဦးတည်ချက်ရှိစေပြီး **တစ်သမတ်တည်း**ဖြစ်စေပါသည်။ ဥပမာ –

*မြေမြှုပ်မိုင်းဖုံးများသည် ရှမ်းပြည်နယ်ရှိ လယ်သမားများ၏ ဘဝအပေါ် မည်သို့ သက်ရောက်မှုရှိပါသနည်း။*

ဤမေးခွန်းသည် သင်၏ သုတေသနကို ရှမ်းပြည်နယ်၊ လယ်သမားများနှင့် မြေမြှုပ်မိုင်းများပေါ်တွင် အာရုံစိုက်ထားစေပါသည်။ သုတေသန လုပ်ဆောင်နေသည့်အချိန်တွင် လယ်သမားများသည် ရေကြီးခြင်းကြောင့် ထိခိုက်ခံစားရမှုများနှင့် ပတ်သက်၍လည်း များစွာသိရှိရနိုင်ပါသည်။ အဆိုပါ အကြောင်းအရာသည် စိတ်ဝင်စားဖွယ်ဖြစ်နိုင်ပါသည်။ သို့သော် ၎င်းသည် သင်လုပ်ဆောင်နေသော မြေမြှုပ်မိုင်းနှင့် ပတ်သက်သည့် သုတေသနဖြင့် ဆက်စပ်မှု မရှိနိုင်ပေ။

## သုတေသန မေးခွန်းကောင်းတစ်ခု၏ လက္ခဏာရပ် ၃ မျိုး

### ၁။ ရှင်းလင်းမှုရှိပါသည်

ရှင်းလင်းသော မေးခွန်းတစ်ခုသည် မည်သူများနှင့် မည်သည့်အရာများကို သုတေသနလုပ်ဆောင်နေကြောင်း သိသာထင်ရှားစေပါသည်။ ဥပမာ ‘ကျွန်ုပ်တို့ရွာရှိ ရွာသားများ၏ ပညာရေးအဆင့်မှာ အဘယ်နည်း’ ဆိုသည့် မေးခွန်းသည် ရှင်းလင်းမှုမရှိပေ။ အဆိုပါမေးခွန်းတွင် မည်သည့် ရွာသားများ (ကလေး၊ လူကြီး၊ နှစ်မျိုးစလုံး) ဖြစ်ကြောင်းနှင့် မည်သည့် ပညာရေးအမျိုးအစား (မူလတန်း၊ အလယ်တန်း၊ အစိုးရပညာရေး၊ ကျောင်းပြင်ပပညာရေး) ဖြစ်ကြောင်း သို့မဟုတ် မည်သည့်ကျေးရွာကို ရည်ညွှန်းခြင်းဖြစ်ကြောင်း ရှင်းလင်းမှု မရှိပေ။

## ၂။ ဦးတည်ချက်ရှိသည်

မေးခွန်းသည် တိကျသော အကြောင်းအရာများကို မေးမြန်းထားပါက သုတေသီမှ ဒေတာကောက်ယူစုဆောင်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းဖြင့် ဖြေကြားနိုင်ပါသည်။ မေးခွန်းသည် အလွန်ကျယ်ပြန့်နေပါက၊ သုတေသီအနေဖြင့် ဒေတာများစွာကို ကောက်ယူရမည် သို့မဟုတ် ဒေတာများက ရှင်းလင်းသောအဖြေများကို ဖော်ပြလိမ့်မည် မဟုတ်ပေ။ ဥပမာ 'အလယ်တန်း ကျောင်းသားများအတွက် ပညာရေး၏ အခက်ခဲဆုံး အစိတ်အပိုင်းမှာ အဘယ်နည်း' ဆိုသည့် မေးခွန်းသည် အလွန်ကျယ်ပြန့်ပါသည်။ သုတေသနပြုစုရာတွင် ဘာသာရပ်များ၊ ဆရာများ၊ လုပ်ဖော်ကိုင်ဖက်များ၊ သယ်ယူပို့ဆောင်ရေး သို့မဟုတ် အရင်းအမြစ်များ စသည်တို့နှင့် ပတ်သက်ပြီး မေးမြန်းနိုင်ပါသည်။

ပိုမိုအာရုံစူးစိုက်ထားသည့် သုတေသနမေးခွန်းတစ်ခုမှာ 'အလယ်တန်းကျောင်းသားများအတွက် အခက်ခဲဆုံး ဘာသာရပ်မှာ အဘယ်နည်း' ဆိုသည့် မေးခွန်းဖြစ်သည်။ အခြားဥပမာတစ်ခုမှာ 'ကျောင်းသားနှင့် ဆရာများအကြား ဖြစ်ပွားသော ပဋိပက္ခ၏ ထင်ရှားသိသာသော အကြောင်းရင်းမှာ မည်သည့်အချက်များဖြစ်သည်ဟု ကျောင်းသားများက ထင်မြင်ယူဆထားပါသနည်း။'

## ၃။ သုတေသန လုပ်ဆောင်နိုင်ရမည်

သုတေသနလုပ်ဆောင်နိုင်ရမည် ဆိုသည်မှာ သုတေသနလုပ်ဆောင်ရန် ဖြစ်နိုင်ခြေရှိရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ အချို့သော သုတေသနခေါင်းစဉ်များသည် အချိန်နှင့် ရင်းမြစ်များ မလုံလောက်သည့်အတွက် လုံးဝမဖြစ်နိုင်ပေ။ အချို့သော ခေါင်းစဉ်များသည် ဒေတာများကောက်ယူရန် အလွန်ခက်ခဲနိုင်သည့်အတွက်ကြောင့်လည်း သုတေသနပြုလုပ်ရန် မဖြစ်နိုင်ပေ။ သုတေသနစီမံကိန်းတစ်ခုလုပ်ဆောင်နေသော လှိုင်ကော်အခြေစိုက် ကျောင်းသားတစ်ဦးအတွက် လှိုင်ကော်နှင့် ပတ်သက်သည့် မေးခွန်းတစ်ခုက မြန်မာတစ်နိုင်ငံလုံးနှင့် ပတ်သက်သည့် မေးခွန်းထက် ပိုမိုလွယ်ကူပါစေလိမ့်မည်။ 'လှိုင်ကော်အထက်တန်းကျောင်းဆရာများက ကျောင်းသားအတွက် အခက်ခဲဆုံး ဘာသာရပ်မှာ မည်သည့် ဘာသာရပ်ဖြစ်သည်ဟု ထင်ပါသနည်း' ဆိုသည့် မေးခွန်းသည် 'မြန်မာတစ်နိုင်ငံလုံးမှ ကျောင်းဆရာများက ကျောင်းသားများအတွက် အခက်ခဲဆုံး ဘာသာရပ်မှာ မည်သည့်ဘာသာရပ်ဖြစ်သည်ဟု ထင်ပါသနည်း' ဆိုသည့် မေးခွန်းထက် ပိုကောင်းသော မေးခွန်းဖြစ်သည်။

**လေ့ကျင့်ခန်း – ရှင်းလင်းမှု ရှိပါသလား သို့မဟုတ် ရှင်းလင်းမှု မရှိပါသလား**

အောက်ပါမေးခွန်းများသည် ရှင်းလင်းမှုရှိသော သို့မဟုတ် မရှင်းလင်းသော မေးခွန်းများ ဖြစ်ကြပါသလား။ ရှင်းလင်းမှု မရှိပါက မည်သည့်အတွက်ကြောင့်နည်း။

၁။ လူများသည် ဆိုင်ကလုန်းနာဂစ်ကဲ့သို့သော သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ထားပါသလား။

၂။ ဗန်းမော်မြို့ရှိ အသက် ၂၅ နှစ်အောက် လူငယ်များအတွက် မည်သည့်ဆိုင်ကယ်အမျိုးအစားသည် လူကြိုက်အများဆုံး ဖြစ်သနည်း။

၃။ အလုပ်လက်မဲ့ဖြစ်ခြင်းသည် ပဲခူးမြို့ရှိ လူငယ်စုံတွဲများအပေါ် မည်သို့ သက်ရောက်မှုရှိပါသနည်း။

၄။ လူနည်းစုများသည် ပြည်သူ့ရဲဝန်ထမ်းများနှင့် မည်သည့်ပြဿနာများ ရင်ဆိုင်တွေ့ကြုံရသနည်း။

## လေ့ကျင့်ခန်း – ဖြန့်ကြက်မေးခွန်းများမှ အသေးစိတ်တိကျသော မေးခွန်းများအဖြစ် အဆင့်ခွဲသတ်မှတ်ပါ

အောက်ပါမေးခွန်းများကို ဖြန့်ကြက်မေးခွန်းများမှ အသေးစိတ်တိကျသော မေးခွန်းများအဖြစ် အဆင့်ခွဲသတ်မှတ်ပါ။

၁။ အသက် ၂၅ နှစ်အောက် အမျိုးသားများသည် အလုပ်အကိုင်ရရှိရန်အတွက် မည်သည့်အရာများက အခက်ခဲဆုံး ဖြစ်သည်ဟု ယူဆထားပါသနည်း။

၂။ အမျိုးသားများသည် အလုပ်အကိုင်နှင့် ပတ်သက်ပြီး မည်သည့်အရာများက အခက်ခဲဆုံးဖြစ်သည်ဟု ထင်မြင်ကြသနည်း။

၃။ အသက် ၂၅ နှစ်အောက် အမျိုးသားများက ဆောက်လုပ်ရေးလုပ်ငန်းများတွင် အလုပ်ရရှိရန်အတွက် မည်သည့်အရာများသည် အခက်ခဲဆုံးဖြစ်သည်ဟု ထင်မြင်ကြသနည်း။

၄။ အလုပ်ရရှိရန်အတွက် မည်သည့်အရာများသည် အခက်ခဲဆုံးဖြစ်သည်ဟု အမျိုးသားများက ထင်မြင်ထားကြသနည်း။

၅။ မည်သည့်အရာများသည် ခက်ခဲသည်ဟု အမျိုးသားများက ယူဆထားကြသနည်း။

## လုပ်ငန်းစဉ် – အသေးစိတ်တိကျစွာ စဉ်းစားပြီး မေးခွန်းများကို ပြန်လည်ရေးချပါ

၁။ အောက်ပါမေးခွန်းများကို သုတေသနပြုစုနိုင်သည်အထိ အသေးစိတ်တိကျစွာ စဉ်းစားပြီး ပြန်လည်ရေးချပါ။
*မည်သည့် စွမ်းရည်များကို လူငယ်များ တတ်မြောက်ထားသင့်သည့် အကောင်းဆုံး စွမ်းရည်များဖြစ်သည်ဟု အစိုးရထိပ်ပိုင်းအရာရှိများက ထည့်သွင်းစဉ်းစားထားကြသနည်း။*

၂။ နှစ်ယောက်တစ်တွဲစီဖြင့် သင်တို့၏ အဖြေများကို နှိုင်းယှဉ်ပါ။ မေးခွန်းတစ်ခုပေါ်တွင် သဘောတူညီမှုရယူပါ။

၃။ တစ်တန်းလုံးအနေဖြင့် အကောင်းဆုံး သုတေသနမေးခွန်းတစ်ခုကို ရွေးချယ်ပါ။

## လုပ်ငန်းစဉ် – သုတေသနမေးခွန်းများကို သုံးသပ်အကဲဖြတ်ခြင်း

၁။ ၄–၆ ဦးပါသော အဖွဲ့ငယ်များဖွဲ့၍ အောက်ပါခေါင်းစဉ်များကို အဖွဲ့ဝင်များအကြား ခွဲဝေသတ်မှတ်ပေးပါ။ ခေါင်းစဉ်တစ်ခုချင်းစီအတွက် သုတေသနမေးခွန်းတစ်ခုစီ ရေးချပါ။ မေးခွန်းများကို ရှင်းရှင်းလင်းလင်းနှင့် အသေးစိတ်တိကျမှုရှိပြီး သုတေသနပြုစုနိုင်အောင် ရေးသားရန် ဂရုစိုက်ပါ။

- **မီဒီယာ**
- **တန်းတူညီမျှမှု**
- **ကလေးများ**
- **သဘာဝပတ်ဝန်းကျင်**
- **ပညာရေး**
- **အလုပ်**
- **အားကစား**
- **ကမ္ဘာ့မှုပြုခြင်း** (Globalisation)
- **သမိုင်း**
- **ကျား / မ ရေးရာ**

၂။ တစ်ဖွဲ့စီအနေဖြင့် သုတေသနမေးခွန်းအားလုံးကို သုံးသပ်အကဲဖြတ်ပါ။ ၎င်းမေးခွန်းများသည် ရှင်းလင်းမှုရှိပြီး အသေးစိတ်တိကျ၍ သုတေသနပြုစုနိုင်ခြင်း ရှိ/မရှိ စစ်ဆေးပါ။ မေးခွန်းများအားလုံးကို စာရွက်လွတ်တစ်ရွက်ပေါ်တွင် ရေးချ၍ နံရံပေါ်တွင်ကပ်ပါ။

၃။ အခန်းတစ်ပိုက်ပတ်လျှောက်၍ အခြားအဖွဲ့များ၏ သုတေသနမေးခွန်းများကို လိုက်လံဖတ်ရှုပါ။ ၎င်းတို့၏ စာရွက်ပေါ်တွင် ပြန်လည်အကြံပြုချက်များကို ရေးချပေးပါ။

## ဖြစ်ရပ်လေ့လာချက် – ဖြစ်ရပ်လေ့လာချက်ကို ခွဲခြမ်းစိစစ်ပါ

ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရှုပြီး မေးခွန်းများကို ဖြေဆိုပါ။


၁။ အောင်ဇော်မျိုး လုပ်ဆောင်ခဲ့သော သုတေသနကို ဝါကျနှစ်ကြောင်းဖြင့် ဖော်ပြပါ။

၂။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

(က) အောင်ဇော်မျိုး၏ ရွေးချယ်ခဲ့သော သုတေသနခေါင်းစဉ်ပေါ်တွင် မည်သည့်ကဏ္ဍများက လွှမ်းမိုးမှုရှိခဲ့သနည်း။

(ခ) အောင်ဇော်မျိုးက သူ၏ သုတေသနကို ကျင့်ဝတ်နှင့်ကိုက်ညီမှုရှိကြောင်း မည်သည့်ဥပမာများ ဖော်ပြထားပါသနည်း။

(ဂ) သုတေသနပြုစုခြင်း၏ မည်သည့်အစိတ်အပိုင်းသည် သူ့အတွက် အခက်ခဲဆုံးဖြစ်သည်ဟု ထင်ပါသနည်း။



### ပညာသင်ကြားမှုအပေါ်တွင် လူမှုမီဒီယာ၏ အကျိုးသက်ရောက်မှု

အောင်ဇော်မျိုးသည် ချင်းမိုင်တက္ကသိုလ်တွင် ဝိဇ္ဇာဘွဲ့ (လူမှုရေးသိပ္ပံ) ဖြင့် တက်ရောက်သင်ယူခဲ့သည်။ ပထမစာသင်နှစ်တွင် သုတေသနစီမံကိန်းတစ်ခုလုပ်ဆောင်ရန် လိုအပ်သည့်အခါတွင် နည်းပညာ၏ အကျိုးသက်ရောက်မှုကို လေ့လာချင်ခဲ့သည်။ ၎င်းခေါင်းစဉ်သည် အလွန်ကျယ်ပြန့်လွန်းသည့်အတွက် ခေါင်းစဉ်ကို အသေးစိတ်တိကျအောင် ချုံ့ခဲ့သည်။ ထို့နောက်တွင် နည်းပညာထဲမှ တိကျသည့် နည်းပညာ တစ်ခု (လူမှုမီဒီယာ) ကို ရွေးချယ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် လူမှုမီဒီယာသည် ကျောင်းသားများ အကြား အသုံးများသည့်အပြင် သူ့တွင်ရှိသော အချိန်နှင့် ရင်းမြစ်များဖြင့် သုတေသနပြုလုပ်နိုင်သောကြောင့်ဖြစ်သည်။

သူ့တွင် သုတေသနမေးခွန်းတစ်ခုတည်းရှိခဲ့သည်။ ၎င်းမှာ 'ချင်းမိုင်တက္ကသိုလ်ကျောင်းသားများ၏ ပညာရေးသင်ယူနိုင်စွမ်းအပေါ် လူမှုမီဒီယာသည် မည်သို့ အကျိုးသက်ရောက်မှုရှိသနည်း' ဟူ၍ဖြစ်ပြီး ဒေတာကောက်ယူရန်အတွက် စစ်တမ်းမေးခွန်းလွှာကို အသုံးပြုခဲ့သည်။

သုတေသနလုပ်ဆောင်ရာတွင် ကျင့်ဝတ်နှင့် (အခန်း ၃ တွင်ကြည့်ပါ) ကိုက်ညီအောင်လည်း ဆောင်ရွက်ရပါသည်။ ထို့အတူ သုတေသနပြုစုရာတွင် **ကျင့်ဝတ်နှင့် ကိုက်ညီမှုရှိအောင်** အသုံးပြုခဲ့ရသော နည်းလမ်းများ (စစ်တမ်းဖြေဆိုမည့် ကျောင်းသားများ အားလုံးမှ သုတေသနအကြောင်း နားလည်စေရန်နှင့် ပါဝင်ဖြေကြားပေးရန် အားလုံးသဘောတူညီစေရန်) ကိုလည်း ရေးသား ဖော်ပြရပါသည်။

စစ်တမ်းမေးခွန်းလွှာများမှ ဒေတာများကို ခွဲခြမ်းစိစစ်ရာတွင် Statistical Package for the Social Sciences (SPSS) (အခန်း ၈ တွင် ကြည့်ပါ) ကွန်ပျူတာ ပရိုဂရမ်တစ်ခုကို အသုံးပြုခဲ့သည်။ သူသုတေသနပြုလုပ်နေသော အကြောင်းအရာများကို ဖော်ပြသည့် ကိန်းဂဏန်းဒေတာများကို တွက်ချက်ရန်အတွက် အဆိုပါပရိုဂရမ်ကို အသုံးပြုခဲ့ပါသည်။

နိဂုံးချုပ်ကောက်ချက်များ ရရှိပြီးသည့်အခါတွင် သုတေသနစာတမ်းတစ်စောင် ထုတ်ပြန်ခဲ့သည်။ အဆိုပါစာတမ်းထဲတွင် သုတေသနလုပ်ဆောင်ခဲ့ပုံ၊ နိဂုံးချုပ်ကောက်ချက်များနှင့် အကြံပြုထောက်ခံချက်များကို အသေးစိတ်ထည့်သွင်းဖော်ပြခဲ့သည်။ စာတမ်းထဲတွင် သုတေသနလုပ်ဆောင်ချက်မှ ဒေတာများကို အနှစ်ချုပ်ထားသည့် ဇယားကွက်များကိုလည်း ထည့်သွင်း ဖော်ပြခဲ့သည်။

## သင်တို့၏ သုတေသနစီမံကိန်း – ရှင်းလင်းမှုရှိပြီး အသေးစိတ်တိကျသော သုတေသနပြုလုပ်နိုင်ပါသလား

သုတေသနမေးခွန်းတစ်ခုအား စဉ်းစားကြည့်ပါ။ ဤမေးခွန်းသည် ယခင်လုပ်ငန်းများတွင် အသုံးပြုခဲ့သော မေးခွန်းလည်း ဖြစ်နိုင်သည် သို့မဟုတ် စိတ်ဝင်စားသော အကြောင်းအရာနှင့် ပတ်သက်သည့် မေးခွန်းအသစ်လည်း ဖြစ်နိုင်ပါသည်။

၁။ **စံနှုန်းများ**ကိုကြည့်ရှုပြီး အဆိုပါမေးခွန်းသည် ရှင်းလင်းမှုရှိပြီး အသေးစိတ်တိကျသော သုတေသနလုပ်ဆောင်နိုင်ခြင်းရှိ/ မရှိ ဆုံးဖြတ်ပါ။

၂။ နှစ်ယောက်တစ်တွဲစီဖြင့် တွဲဖက်၏ သုတေသနမေးခွန်းများကို ဆန်းစစ်လေ့လာပါ။

## ဆွေးနွေးချက်

၁။ သုတေသနမေးခွန်းကောင်းတစ်ခု၏ အရေးကြီးသော အစိတ်အပိုင်းမှာ အဘယ်နည်း။

၂။ သုတေသနမေးခွန်းတစ်ခုသည် ပုဂ္ဂိုလ်ရေးအရ သင်စိတ်ဝင်စားသည့် အကြောင်းအရာတစ်ခုခု ဖြစ်သင့်ပါသလား။

# ၁.၄ - သုတေသီကောင်းတစ်ဦး၏ သရုပ်လက္ခဏာရပ်များ

## အကြိုလေ့လာချက်

၁။ သုတေသီတစ်ယောက်တွင် မည်သို့သော စိတ်နေသဘောထား (ပင်ကိုယ်စရိုက်) ရှိသင့်ပါသနည်း။
၂။ သုတေသီတစ်ယောက်တွင် မည်သည့်စွမ်းရည်များ ရှိသင့်ပါသနည်း။

## သုတေသီတစ်ဦး၏ သရုပ်လက္ခဏာရပ်အချို့

သုတေသီတစ်ဦးတွင်ရှိသင့်သော သရုပ်လက္ခဏာရပ်များနှင့် ပတ်သက်ပြီး သုတေသီအချို့နှင့် စကားပြောဆိုခဲ့ပါသည်။ ၎င်းတို့ထံမှ ဘုံတူညီနေသော ဖြေကြားချက်အချို့ကို အောက်တွင်ဖော်ပြထားပါသည်။

### သိလိုစိတ်ပြင်းပြခြင်း

သိလိုစိတ်ပြင်းပြသော လူတစ်ဦးတွင် ကမ္ဘာကြီးနှင့်ပတ်သက်ပြီး သင်ယူလေ့လာရန် စိတ်ဝင်စားမှု ပြင်းပြခြင်းရှိကြပါသည်။ သိလိုစိတ်ပြင်းပြခြင်းသည် သုတေသီများကို ပိုမိုကြိုးစားအားထုတ်ရန်နှင့် အခြားလူများ သတိမမူမိသည့် အရာများကို ဂရုတစိုက် စဉ်းစားမိစေရန် စိတ်အားလှုံ့ဆော်ပေးပါသည်။

### ခွဲခြမ်းစိစစ်နိုင်ခြင်း

ခွဲခြမ်းစိစစ်ခြင်းကာလအတွင်း သုတေသီမှ ဒေတာများကို နှိုင်းယှဉ်ခွဲခြားခြင်း၊ နမူနာပုံစံများနှင့် ဆက်နွယ်မှုများကို ရှာဖွေခြင်း၊ အသုံးဝင်သော အချက်အလက်များနှင့် အသုံးမဝင်သော အချက်အလက်များအကြား ခွဲထုတ်ခြင်း၊ အနှစ်ချုပ်ရေးသားခြင်းနှင့် နိဂုံးချုပ်ကောက်ချက်ချခြင်းတို့ကို လုပ်ဆောင်ရန် လိုအပ်ပါလိမ့်မည်။

### စနစ်တကျရှိခြင်း

တစ်စုံတစ်ရာအား စနစ်တကျလုပ်ဆောင်ခြင်းဆိုသည်မှာ လုပ်ငန်းစဉ်တစ်ခုကို ဂရုတစိုက်ဖြင့် လိုက်နာဆောင်ရွက်ခြင်းဖြစ်သည်။ သုတေသီများက သုတေသနလုပ်ဆောင်ချက် အစီအစဉ်ရေးဆွဲခြင်း၊ အသေးစိတ်မှတ်စုတိုများ ရေးသားခြင်းနှင့် ဒေတာများကို ခွဲခြမ်းစိစစ်ခြင်းကဲ့သို့သော ဆောင်ရွက်ချက်များကို လုပ်ဆောင်ရသည်။ သုတေသနတစ်ခုသည် **အားထားရပြီး** တိကျမှုရှိစေရန်အတွက် အဆိုပါလုပ်ဆောင်ချက်များကို ဂရုတစိုက်ဖြင့် ကောင်းစွာလုပ်ဆောင်သွားရန် အရေးကြီးပါသည်။



## လေ့ကျင့်ခန်း – သရုပ်လက္ခဏာရပ်များကို တွဲစပ်ပါ

ပေးထားသော အကြောင်းအရာများကို ဖတ်ရှုပါ။ ၎င်းတို့ကို အထက်တွင်ဖော်ပြခဲ့သော သုတေသီကောင်းတစ်ဦး၏ သရုပ်လက္ခဏာရပ်များနှင့် တွဲစပ်ပါ။

၁။ သီရိ၏ သုတေသနစီမံကိန်းမှာ လူငယ်များသည် ဘောလုံးကန်ခြင်းကို အဘယ်ကြောင့် ကြိုက်နှစ်သက်ရကြောင်း လေ့လာရန်ဖြစ်သည်။ လူငယ်အများစုမှ ဘောလုံးအားကစားသည် ခန္ဓာကိုယ်သန်စွမ်းမှုရှိစေခြင်း၊ မိတ်ဆွေအပေါင်းအသင်းဖွဲ့ခြင်းနှင့် ပျော်ရွှင်ဖွယ်ဖြစ်ကြောင်း ဖြေကြားကြသည်။ သို့သော် တစ်နေ့သ၌ လူငယ်အချို့သည် အခြားလူများထက် နောက်ကျပြီး ညဖက်တွင် ဘောလုံးကန်နေသည်ကို သတိထားမိခဲ့သည်။ ညဥ့်နက်သန်းခေါင်တွင် အဘယ်ကြောင့် ဘောလုံးကန်နေကြကြောင်း မေးမြန်းကြည့်သည့်အခါတွင် အိမ်တွင် အဆင်မပြေမှုများ ကြုံတွေ့နေရသည့်အတွက်ကြောင့်ဟု ဖြေကြားကြသည်။

၂။ မန်းမန်းက သူ၏လေ့လာမှုအတွက် ဒီမိုကရေစီနှင့် ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်များ အသိအမြင်များကို သိရှိရန်အတွက် ကိုယ်စားလှယ် ၅၀ အား လူတွေ့မေးမြန်းခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား နှိုင်းယှဉ်ကြည့်ခဲ့သည်။ လူတွေ့မေးမြန်းမှု တစ်ကြိမ်လျှင် တစ်နာရီကြာပြီး တိကျမှုရှိသော သုတေသနတစ်ခုဖြစ်စေရန်အတွက် မေးခွန်းများကို တစ်ပုံစံတည်း မေးမြန်းခဲ့ပါသည်။ ထို့အတူ ဒေတာများ မပျောက်ဆုံးစေရန်နှင့် မပျက်စီးစေရန် အတွက်လည်း ဂရုတစိုက် ထိန်းသိမ်းခဲ့ပါသည်။

၃။ မြတ်သူသည် ကမ္ဘာလှည့်ခရီးသွားများ လျော့နည်းလာမှုကြောင့် အင်းလေးရေကန်အနီး နေထိုင်ကြသည့် လူမှုအဖွဲ့အစည်းများအပေါ် အကျိုးသက်ရောက်မှုအကြောင်း သုတေသနပြုလုပ်ခဲ့ပါသည်။ မိသားစု ၁၀ စုကို လူတွေ့မေးမြန်းခဲ့သည်။ အချို့မိသားစုများက အင်တာနက်သည် ကလေးများကို အကျင့်ပျက်စေသည်ဟု ပြောကြသည်။ မြတ်သူက ၎င်းအကြောင်းအရာသည် သူ၏ သုတေသနမေးခွန်းနှင့် ဆက်နွှယ်မှုမရှိသည့်အတွက် ရလဒ်များ ရေးသားဖော်ပြရာတွင် မထည့်သွင်းခဲ့ပေ။

## လေ့ကျင့်ခန်း – သုတေသီများအကြောင်း ဖတ်ရှုပါ

သုတေသီများ၏ ကိုယ်ရေးအကျဉ်းများကို ဖတ်ရှုပြီး တစ်ယောက်ချင်းစီအတွက် အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ မည်သည့် အကြောင်းအရာများကို သုတေသနပြုစုခဲ့ပါသနည်း။

၂။ သုတေသနပြုလုပ်ခြင်းနှင့် ပတ်သက်ပြီး မည်သည့်အရာများကို ကြိုက်နှစ်သက်ကြသနည်း။

၃။ သုတေသီများတွင် မည်သို့သော သရုပ်လက္ခဏာရပ်များ ရှိသင့်သည်ဟု ယုံကြည်ထားကြသနည်း။

## (က) ဈေးကွက်သုတေသန - ခင်မြတ်သွယ်အောင်

ခင်မြတ်သွယ်အောင် (ဂရေ့စ်) သည် Myanmar Survey Research (MSR) ကုမ္ပဏီတွင် အကြီးတန်းသုတေသန အလုပ်အမှုဆောင်အဖြစ် လုပ်ကိုင်နေသူဖြစ်ပါသည်။ MSR ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် **ဈေးကွက်သုတေသန**နှင့် စီးပွားရေးလုပ်ငန်း သုတေသနများ လုပ်ဆောင်နေသော အဖွဲ့တစ်ဖွဲ့ဖြစ်သည်။ ဂရေ့စ်၏ ပထမဆုံး သုတေသနစီမံကိန်းမှာ မြန်မာနိုင်ငံရှိ လက်ကိုင်ဖုန်း သုံးစွဲသူများအကြား ကျား/မ ကွာဟမှုကို လေ့လာခြင်းဖြစ်သည်။ နေ့စဉ်နေ့တိုင်း အကြောင်းအရာသစ်များကို သင်ယူလေ့လာခွင့်ရသည့်အတွက် သူမ၏အလုပ်ကို အလွန်နှစ်ခြိုက်ပါသည်။ သုတေသနလုပ်ဆောင်ရာတွင် တွေ့ကြုံရသော အကြီးမားဆုံးစိန်ခေါ်မှုမှာ ဖေ့စ်ဘွတ် (facebook) ကဲ့သို့သော နည်းပညာ အပြောင်းအလဲများဖြစ်သည်ဟု သူမကပြောပြခဲ့ပါသည်။ ဈေးကွက်သုတေသီကောင်းတစ်ဦးဖြစ်ရန်အတွက် ဗဟုသုတကြွယ်ဝပြီး စိတ်လွတ်လပ်ပွင့်လင်းကာ စိတ်အားတက်ကြွမှုရှိသင့်သည်ဟု သူမက လက်ခံထားပါသည်။ ဈေးကွက်သုတေသီများသည် ဝယ်ယူသုံးစွဲသူများအတွက် အသုံးဝင်သော အကြံပြုချက်များပေးနိုင်ရန် ပြည်တွင်းပြည်ပဈေးကွက်တွင် ဖြစ်ပျက်နေသည့်အရာများကို သိရှိထားရပါသည်။





## (ခ) ပညာရေး သုတေသန - ဖြိုးဝင်းလတ်

ဖြိုးဝင်းလတ်သည် မဟာဘွဲ့ရရှိထားပြီး စင်ကာပူ အမျိုးသား တက္ကသိုလ်မှ သုတေသီတစ်ဦးဖြစ်ပါသည်။ လက်ရှိအချိန်တွင် သူ၏ ပါရဂူဘွဲ့အတွက် အကြီးစားသုတေသန စီမံကိန်းတစ်ခုကို လုပ်ဆောင်နေပါသည်။ သူသည် မြန်မာနိုင်ငံ၏ သမိုင်းနှင့် ပတ်သက်သည့် အရေးကြီးသော လူမှုရေး၊ နိုင်ငံရေးနှင့် သမိုင်းကြောင်းဆိုင်ရာ မေးခွန်းများအတွက် အဖြေများရှာဖွေရန် စိတ်အားထက်သန်သူတစ်ယောက်ဖြစ်သည်။ အခြား သုတေသီများက အသုံးမပြုရသေးသော သမိုင်းဆိုင်ရာ ရင်းမြစ်အသစ်များ ရှာဖွေရခြင်းကို နှစ်ခြိုက်သူလည်းဖြစ်သည်။ သူ၏အကြီးမားဆုံး စိန်ခေါ်မှုမှာ မြန်မာနိုင်ငံ၏ ကိုလိုနီခေတ် သမိုင်းကြောင်းကို အာရှ သို့မဟုတ် ဥရောပ သမိုင်းကြောင်းတို့နှင့် ချိတ်ဆက်ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အချို့သော ရင်းမြစ်များသည် ရှာဖွေတွေ့ရှိရန် ခက်ခဲသည့်အတွက်ကြောင့်ဖြစ်သည်။ သူက သုတေသီကောင်းတစ်ဦးအနေဖြင့် သိလိုစိတ် ပြင်းပြရမည်၊ စိတ်ထားပွင့်လင်းရမည်၊ ရိုးသားရမည်ဖြစ်ပြီး ဘက်လိုက်မှုလည်း မရှိသင့်ဘူးဟု ယူဆထားပါသည်။

## (ဂ) လူမှုသုတေသန - ငြိမ်းသီရိဆွေ

ငြိမ်းသီရိဆွေသည် Enlightened Myanmar Research Foundation (EMReF) အဖွဲ့တွင် အကြီးတန်း သုတေသနအရာရှိအဖြစ် လုပ်ကိုင်နေသူတစ်ယောက်ဖြစ်ပါသည်။ သုတေသီတစ်ဦးအနေဖြင့် သူမ၏ ပထမဆုံးအတွေ့အကြုံမှာ ဆိုင်ကလုန်းနာဂစ်၏ သက်ရောက်မှုများကို နှစ်စဉ်စစ်ဆေးလေ့လာသည့် စီမံကိန်းတစ်ခုဖြစ်သည်။ သူမသည် ဧရာဝတီတိုင်းရှိ လူမှုအဖွဲ့အစည်းများထံသို့ သွားရောက်လည်ပတ်ခဲ့ပြီး ဒေသခံများ၏ လူမှုရေးနှင့် စီးပွားရေးအခြေအနေများကို ပြောဆိုဆွေးနွေးခဲ့သည်။ သုတေသန တွေ့ရှိချက်များကို အစိုးရ၊ NGO နှင့် INGO များမှ အဆိုပါ လူမှုအဖွဲ့အစည်းများကို ပြန်လည်ထူထောင်လာအောင် အကူအညီ ပေးနိုင်ရန်အတွက် တင်ပြအသုံးပြုခဲ့သည်။ သုတေသနပြုလုပ်ခြင်းနှင့် ပတ်သက်ပြီး စိတ်ကျေနပ်ဖွယ်ရာ အကောင်းဆုံးတစ်ခုမှာ အခြေအနေတစ်ရပ်ကို တိုက်ရိုက်နားလည်နိုင်ရန်အတွက် ဒေသခံများနှင့် စကားပြောခွင့်ရခြင်းဖြစ်သည်ဟု သူမက ထင်မြင် ယူဆထားပါသည်။ သုတေသီတစ်ဦးအနေဖြင့် သူမ၏ စိန်ခေါ်မှုများထဲမှ တစ်ချက်မှာ မြန်မာနိုင်ငံရှိ နိုင်ငံရေးနှင့် စီးပွားရေး ကဏ္ဍများနှင့် ပတ်သက်သည့် အရည်အသွေးကောင်းသော ကောက်ယူပြီးသား ဒေတာများကို ရှာဖွေရခြင်းဖြစ်သည်။

သုတေသီကောင်းတစ်ဦးအနေဖြင့် အခြေအနေတစ်ခုကို ရှုထောင့်မျိုးစုံမှ ခွဲခြမ်းစိတ်စိတ်နိုင်ရမည်၊ ဘက်လိုက်မှု ကင်းရှင်းရမည် ဖြစ်ပြီး လိုအပ်သကဲ့သို့ ပြုပြင်ပြောင်းလဲနိုင်ရမည်ဟု သူမက ယုံကြည်လက်ခံထားပါသည်။



## လုပ်ငန်းစဉ် – မိမိကိုယ်ကိုယ် ပြန်လည်သုံးသပ်ခြင်း

ကိုယ်ကိုယ်တိုင်နှင့် ပတ်သက်ပြီး အောက်ပါ မေးခွန်းများကို ဖြေဆိုပါ။

၁။ သုတေသီ သရုပ်လက္ခဏာများထဲမှ မည်သည့် အချက်များ သင့်တွင်ရှိပါသနည်း။

၂။ မည်သည့် သရုပ်လက္ခဏာများကို တိုးတက်အောင် လုပ်ဆောင်ရန် လိုအပ်ပါသနည်း။

၃။ နှစ်ယောက်တစ်တွဲစီဖြင့် သင်တို့၏ သုတေသီ သရုပ်လက္ခဏာများနှင့် တိုးတက်အောင် လုပ်ဆောင်ရန် လိုအပ်နေသည့် သရုပ်လက္ခဏာများကို အပြန်အလှန် နှိုင်းယှဉ်ကြပါ။



## လုပ်ငန်းစဉ် – သုတေသန၏ အပြုသဘောဆောင်ချက်များနှင့် အပျက်သဘောဆောင်ချက်များ

၁။ ထုတ်ပြန်ချက် (က–ည) ကို ဖတ်ရှုပါ။ ထုတ်နှုတ်ချက်တစ်ခုစီတိုင်းသည် သုတေသနနှင့် ပတ်သက်ပြီး အပြုသဘောဆောင်စွာ သို့မဟုတ် အပျက်သဘောဆောင်စွာ ဖော်ပြထားပါသလား။

၂။ သုတေသနပြုလုပ်ခြင်းနှင့် ပတ်သက်သည့် သုတေသီများ၏ မှတ်ချက်များ (i-x) ကို ဖတ်ရှုပါ။ မှတ်ချက်များ (i-x) ကို ကိုက်ညီမှုအရှိဆုံး အပြုသဘောဆောင်သော သို့မဟုတ် အပျက်သဘောဆောင်သော ထုတ်ပြန်ချက်များ (က–ည) နှင့် တွဲစပ်ပါ။ မှတ်ချက်များကို တစ်ခုထက်ပိုသော အပြုသဘောဆောင်သည့် သို့မဟုတ် အပျက်သဘောဆောင်သည့် ထုတ်ပြန်ချက်များနှင့် တွဲစပ်နိုင်ပါသည်။

၃။ တစ်ဖက်စာမျက်နှာရှိ မှတ်ချက်များ (i-x) အားလုံးနှင့် သဘောတူပါသလား။ သင်တို့၏ အကြောင်းပြချက်များကို အဖွဲ့များခွဲ၍ ဆွေးနွေးပါ။

၄။ အပြုသဘောဆောင်သော သို့မဟုတ် အပျက်သဘောဆောင်သော ထုတ်ပြန်ချက်အချို့ကို ထပ်မံစာရင်းပြုစုပါ။

(က) သုတေသနသည် ကမ္ဘာကြီးအကြောင်း ပိုမိုနားလည်နိုင်ရန်အတွက် ကျွန်ုပ်တို့ကို အကူအညီပေးပါသည်။

(ခ) သုတေသနသည် လမ်းများကို တွန်းပို့ပေးနိုင်သည်။

(ဂ) သုတေသနပြုစုခြင်းသည် ပုဂ္ဂိုလ်ရေးဆိုင်ရာနှင့် အတတ်ပညာဆိုင်ရာ စွမ်းရည်များကို ဖွံ့ဖြိုးလာစေနိုင်ပါသည်။

(ဃ) သုတေသနလုပ်ခြင်းသည် ပျင်းရိဖွယ် ဖြစ်နိုင်ပါသည်။

(င) သုတေသနပြုလုပ်ခြင်းသည် ခက်ခဲနိုင်ပါသည်။

(စ) သုတေသနသည် အသေးစိတ်တိကျသော သတင်းအချက်အလက်များကို ထုတ်ဖော်ပေးနိုင်သည်။

(ဆ) သုတေသနလုပ်ဆောင်ရန် ငွေကုန်ကြေးကျများနိုင်ပါသည်။

(ဇ) သုတေသနသည် စိတ်ဝင်စားဖွယ် ဖြစ်နိုင်ပါသည်။

(ဈ) သုတေသနကို မှားယွင်းစွာ အသုံးချနိုင်ပါသည်။

(ည) သုတေသနသည် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့်အရာများကို နားလည်နိုင်ရန်အတွက် ကျွန်ုပ်တို့ကို အကူအညီပေးနိုင်ပါသည်။

i. ‘သုတေသနလုပ်ဆောင်ခြင်းမှတစ်ဆင့် လူမှုအဖွဲ့အစည်းများ အချိန်ကာလအလိုက် ပြောင်းလဲသည့်ပုံစံနှင့် ပတ်သက်ပြီး သိရှိကြပါသည်။’

ii. ‘သုတေသနလုပ်ဆောင်ခြင်းသည် ဆင်းရဲမွဲတေမှုကဲ့သို့သော လူမှုပြဿနာများ ဖြစ်ပွားရသော အကြောင်းရင်းများနှင့် ပတ်သက်ပြီး သင်ယူလေ့လာရန် ကျွန်ုပ်အတွက် အကူအညီပေးပါသည်။’

iii. ‘လူတွေ့မေးမြန်းမှုများကို မှတ်တမ်းတင်ပြီးသည့်အခါတွင် အရေးကြီးသည့် အကြောင်းအရာများကို မလွတ်သွားစေရန် အတွက် အကြိမ်ကြိမ်အခါခါ ပြန်လည်နားထောင်ရပါသည်။’

iv. ‘ကျွန်ုပ်၏ သုတေသနစီမံကိန်းသည် ကိန်းဂဏန်းဆိုင်ရာ အသိအမြင်မြင့်မားမှု၊ ဘာသာစကားများနှင့် ဝေးကွာသော နေရာဒေသများထံသို့ သွားရောက်ခြင်းတို့ကို လုပ်ဆောင်ရန်လိုအပ်ပါသည်။ ကျွမ်းကျင်ပညာရှင် အဖွဲ့တစ်ဖွဲ့ကို ခန့်အပ်ဖို့လိုအပ်ပါသည်။ ထိုသို့ ခန့်အပ်ရန်အတွက် ငွေကြေးများစွာ ကုန်ကျပါသည်။’

v. ‘သုတေသီများသည် စဉ်းစားခြင်းစွမ်းရည်များ၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်များနှင့် ဆက်သွယ်ရေး ကျွမ်းကျင်မှုများ တတ်မြောက်ထားရန် လိုအပ်ပါသည်။ သုတေသနလုပ်ဆောင်ခြင်းဖြစ်စဉ်က အဆိုပါ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အကူပြုပါသည်။’

vi. ‘အဆင့်တိုင်းကို ဂရုတစိုက်လုပ်ဆောင်ရခြင်းကို ကျွန်ုပ်မကြိုက်ပါ။ အချိန်အများကြီးပေးရပါသည်။ အထူးသဖြင့် ဒေတာခွဲခြမ်းစိစစ်ခြင်းအတွက် အချိန်များစွာ အသုံးပြုရပါသည်။’

vii. ‘အစိုးရအရာရှိတစ်ဦးဖြစ်သည့် ကျွန်ုပ်အနေဖြင့် မူဝါဒပိုင်းဆိုင်ရာ အသိပေးရန်အတွက် တိကျပြီး အသေးစိတ်ကျသည့် အပြင် နောက်ဆုံးရသတင်းအချက်အလက်များကို လိုအပ်ပါသည်။ ကျွန်ုပ်အနေဖြင့် မြန်မာနိုင်ငံ၏ နောက်ဆုံးထုတ် လူဦးရေနှင့် **အိမ်ထောင်စုစာရင်း ကောက်ယူချက်**စာရင်းများကို မကြာခဏအသုံးပြုပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတွင် ကျန်းမာရေး၊ ဝင်ငွေတို့နှင့် ပတ်သက်ပြီး မြို့နယ်အဆင့် သတင်းအချက်အလက်များ ပါရှိသည့် အတွက်ကြောင့် ဖြစ်ပါသည်။’

viii. ‘သုတေသနခေါင်းစဉ်များသည် ကျွန်ုပ်ဘဝနှင့် တိုက်ရိုက်ဆက်နွှယ်မှုရှိသည့် ခေါင်းစဉ်များကို မကြာခဏ ရွေးချယ် ဖြစ်ပါသည်။ ခေါင်းစဉ်တစ်ခုအကြောင်း ပိုသိလာလေ၊ အဆိုပါခေါင်းစဉ်နှင့် ပတ်သက်ပြီး စိတ်လှုပ်ရှားဖွယ် အကြောင်းအရာများကို ပိုမိုရှာတွေ့မိလာလေပါပဲ။’

ix. ‘သုတေသနစီမံကိန်းဒီဇိုင်း၊ မေးခွန်းမေးသည့်ပုံစံနှင့် ရလဒ်များကို ခွဲခြမ်းစိစစ်သည့်ပုံစံများ အပါအဝင် သုတေသန လုပ်ငန်းစဉ်၏ အဆင့်တိုင်းတွင် အမှားများကို လုပ်ဆောင်မိနိုင်ပါသည်။ ထိုသို့သော အမှားများပါဝင်လျှင် ရလဒ်များ မှားယွင်းသွားမည်ဖြစ်သည်။’


x. ‘လူများအနေဖြင့် ကျွန်ုပ်၏ သုတေသနကို မကောင်းသော ရည်ရွယ်ချက်များအတွက် အသုံးပြုသွားနိုင်ပါသည်။ ကျွန်ုပ်၏ ရှာဖွေတွေ့ရှိချက်များမှာ ‘ကျွန်ုပ်နေထိုင်ရာ လူမှုအဖွဲ့အစည်းမှ လူအများစုသည် ညစ်ညမ်းမှုဆိုင်ရာ ကိစ္စရပ်များကို စီးပွားရေးကိစ္စရပ်များလောက် စိတ်ပူပန်မှု မရှိကြချေ’ ဟူ၍ဖြစ်သည်။ ထို့ကြောင့် ဤရှာဖွေတွေ့ရှိချက်များကို သဘာဝပတ်ဝန်းကျင်အား ဆက်လက်ညစ်ညမ်းစေရန် အကြောင်းပြချက်အနေဖြင့် စီးပွားရေးလုပ်ငန်းများက အသုံးချသွားမည်ကို စိုးရိမ်မိပါသည်။’

## ဆွေးနွေးချက်

သုတေသနလုပ်ငန်းစဉ်ကို လိုက်နာရန် အဘယ်ကြောင့် အရေးကြီးရသနည်း။

# အခန်း ၂ -

# သုတေသန နည်းလမ်းများ




## သင်ယူလေ့လာရေး ရည်မှန်းချက်များ

### ဗဟုသုတ

ဤအခန်းတွင် အောက်ပါအချက်များနှင့် ပတ်သက်သော သင်တို့၏ ဗဟုသုတများ တိုးပွားလာပါလိမ့်မည်။

- မူရင်းသုတေသနနှင့် တစ်ဆင့်ခံသုတေသန။
- အရေအတွက်စံပြု သုတေသန၏ သရုပ်လက္ခဏာရပ်များ။
- အရည်အသွေးစံပြု သုတေသန၏ အဓိကလက္ခဏာရပ်များ။
- ကောင်းမွန်သည့် သုတေသနစာတမ်းပြုစုရာတွင် အသုံးပြုသည့် သဘောတရားများ။

### ကျွမ်းကျင်မှုများ

ဤအခန်းတွင် အောက်ပါအချက်များနှင့် ပတ်သက်သော သင်တို့၏ စွမ်းရည်များကို လေ့ကျင့်သွားရပါလိမ့်မည်။

- မူရင်းသုတေသနနှင့် တစ်ဆင့်ခံသုတေသနတို့အကြား ခွဲခြားဖော်ထုတ်နိုင်စွမ်း။
- အရေအတွက်စံပြု သုတေသနနှင့် အရည်အသွေးစံပြု သုတေသနတို့၏ အဓိကလက္ခဏာရပ်များကို ခွဲခြားဖော်ထုတ်နိုင်စွမ်း။
- မတူခြားနားသော သုတေသန စီမံကိန်းများအတွက် အသင့်လျော်ဆုံး သုတေသန အမျိုးအစားများကို စူးစမ်းလေ့လာနိုင်စွမ်း။

# ၂.၁ - မူရင်းသုတေသနနှင့် တစ်ဆင့်ခံသုတေသန

## အကြိုလေ့လာချက်

၁။ အင်တာနက်အသုံးပြုခြင်းအားဖြင့် မည်သည့် သုတေသန အမျိုးအစားကို အကောင်းဆုံး လုပ်ဆောင်နိုင်ပါသနည်း။

၂။ လူများကို တိုက်ရိုက်မေးမြန်းခြင်းဖြင့် မည်သည့် သုတေသနကို အကောင်းဆုံး လုပ်ဆောင်နိုင်ပါသနည်း။



သင်လုပ်ဆောင်နေသည့် သုတေသနအပေါ် မူတည်၍ ခွဲခြမ်းစိတ်စစ်ရန်လိုအပ်သော အချက်အလက်များကို (**မူရင်း**ဒေတာများ) ကိုယ်တိုင်ကောက်ယူရလိမ့်မည် သို့မဟုတ် အခြားလူများ ကောက်ယူထားသည့် အချက်အလက်များ (**တစ်ဆင့်ခံ** ဒေတာများ) ကို ခွဲခြမ်းစိတ်စစ်ရနိုင်ပါသည်။

## မူရင်းသုတေသန

မူရင်းသုတေသနသည် သုတေသီမှ ကိုယ်တိုင်ကောက်ယူခဲ့သော စစ်တမ်းမေးခွန်းလွှာများ၊ လူတွေ့မေးမြန်းမှုများ၊ စောင့်ကြည့်လေ့လာခြင်းနှင့် ဦးတည်အုပ်စု ဆွေးနွေးပွဲများမှ မူရင်းဒေတာများကို ခွဲခြမ်းစိတ်စစ်ခြင်းအပေါ် အခြေခံပါသည်။ မူရင်းသုတေသနတွင် သုတေသီက ဒေတာများ ကောက်ယူမည့်နည်းလမ်းများကို ဖန်တီးပြုစုရသည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် လိုအပ်သည့် တိကျသော သတင်းအချက်အလက်များကို ရရှိရန် ပိုမိုလွယ်ကူစေပါသည်။ သို့သော် မူရင်းသုတေသနသည် ဒေတာကောက်ယူစုဆောင်းမည့် နည်းလမ်းများ ဖန်တီးပြုစုခြင်းနှင့် ဒေတာများကို ကောက်ယူရန်အတွက် အချိန်များစွာပေးရသည့်အတွက် (တစ်ခါတစ်ရံတွင် ငွေကြေး) ငွေကုန်ကြေးကျများနိုင်ပါသည်။

မူရင်းသုတေသနမှ ထုတ်ပြနိုင်သော ဒေတာဥပမာများမှာ –

- ရော့ခ် ဂီတဖျော်ဖြေပွဲတွင် ပရိသတ်များကို ပေးလိုက်သော **မေးခွန်းလွှာ**တစ်ခု။
- 'Keep Dawei Green' ဖွဲ့စည်းဘွတ်အုပ်စု၏ အဖွဲ့ဝင်များကို စစ်တမ်းကောက်ယူခြင်း။
- ရွာတစ်ရွာရှိ လူဦးရေနှင့် အိမ်ထောင်စုစာရင်း ကောက်ယူခြင်း။
- ဇရာဝတီတိုင်းတွင် ပြုလုပ်ခဲ့သော ယဉ်ကျေးမှုဓလေ့ရိုးရာတစ်ခုအား ဓာတ်ပုံများ၊ ဗွီဒီယိုများဖြင့် မှတ်တမ်းတင်ခြင်း။

ယခင်က မည်သူမျှ မလေ့လာဖူးသော ခေါင်းစဉ်တစ်ခုခုကို လေ့လာချင်ပါက မူရင်းသုတေသနပြုစုရန် လိုအပ်ပါလိမ့်မည်။

## တစ်ဆင့်ခံသုတေသန

တစ်ဆင့်ခံသုတေသနသည် မူရင်းသုတေသနများနှင့် သို့မဟုတ် အခြားသော တစ်ဆင့်ခံသုတေသနများမှ ကောက်ယူခဲ့သည့် ဒေတာများဖြစ်သော ရှိနှင့်ပြီးသား ဒေတာများကို အသုံးပြုပါသည်။ မူရင်းသုတေသန မပြုလုပ်နိုင်သည့်အခါတွင် တစ်ဆင့်ခံသုတေသနကို လုပ်ဆောင်ရန် လိုအပ်ပါသည်။ ဥပမာ – သမိုင်းမှ ခေတ်ကာလတစ်ခုအကြောင်းကို သုတေသနပြုလုပ်နေပြီး အဆိုပါခေတ်ကာလမှလူများ တစ်ဦးမှ သက်ရှိထင်ရှား မရှိတော့သည့်အခါမျိုးတွင် လိုအပ်သော အချက်အလက်များကို ကောက်ယူစုဆောင်းရန်အတွက် တစ်ဆင့်ခံသုတေသနကို လုပ်ဆောင်ရပါလိမ့်မည်။

ထို့အတူ သုတေသီများက အချက်အလက်များလိုအပ်သော်လည်း အဖြေများကို ကိုယ်တိုင်ဖြေကြားရန် အချိန်မလုံလောက်ခြင်း သို့မဟုတ် ရင်းမြစ်များ မလုံလောက်ခြင်း သို့မဟုတ် အဆိုပါခေါင်းစဉ်ကို အခြားလူများမှ သုတေသနပြုစုပြီးသား ဖြစ်နေသည့်အခါမျိုးတွင်လည်း တစ်ဆင့်ခံသုတေသနကို လုပ်ဆောင်ရတတ်ပါသည်။ မတူခြားနားသော သုတေသန စီမံကိန်းများ၏ ရလဒ်များကို နှိုင်းယှဉ်ကြည့်ရာတွင်လည်း တစ်ဆင့်ခံသုတေသနကို အသုံးပြုနိုင်ပါသည်။ သုတေသီများမှ ၎င်းတို့ပြုလုပ်မည့် သုတေသနခေါင်းစဉ်နှင့် ပတ်သက်ပြီး အခြားသုတေသီများက မည်သည့်အရာများကို လေ့လာခဲ့ကြောင်း သိရှိရန်အတွက် ၎င်းတို့၏ သုတေသနစီမံကိန်းအစတွင် တစ်ဆင့်ခံသုတေသနကို လုပ်ဆောင်နိုင်ပါသည်။ တစ်ဆင့်ခံသုတေသနကို တစ်ခါတစ်ရံတွင် 'စာကြည့်စားပွဲ' သုတေသနဟုလည်း ခေါ်ဆိုကြပါသည်။

တစ်ဆင့်ခံသုတေသနတွင် အသုံးပြုသည့် ဒေတာဥပမာများမှာ –

- အခြားလူများက စုဆောင်းထားခဲ့သော **ဒေတာကြမ်း**များ။
- အီးမေးလ်များ၊ မဂ္ဂဇင်း လူတွေ့မေးမြန်းမှုများ၊ မှတ်တမ်းဗွီဒီယိုများ။
- စာအုပ်များနှင့် ပညာရေးဆောင်းပါးများ။
- စွယ်စုံကျမ်းများ၊ ဝက်ဘ်ဆိုဒ်များ သို့မဟုတ် သုတေသနစာတမ်းများ။

တစ်ဆင့်ခံသုတေသန ပြုလုပ်နေသည့်အခါတွင် သင်ကောက်ယူမည့် တစ်ဆင့်ခံဒေတာများသည် ယုံကြည်လက်ခံနိုင်လောက်ကာ **အကျုံးဝင်မှု**ရှိရန်လိုအပ်ပြီး (၂.၂ ကိုကြည့်ပါ) **ယုံကြည်လက်ခံနိုင်လောက်သော** ရင်းမြစ်များကို အသုံးပြုပါ။

## လေ့ကျင့်ခန်း – မေးခွန်းများကို ဖြေဆိုပါ

၁။ တစ်ဆင့်ခံသုတေသနသည် မူရင်းသုတေသနထက် အဘယ်ကြောင့် ပို၍ ငွေကုန်ကြေးကျနည်းနိုင်ပါသနည်း။

၂။ သင်၏ ကိုယ်ပိုင်ဒေတာများကို မကောက်ယူမီ သုတေသနစီမံကိန်း၏အစတွင် မည်သည့်အရာများကို ဖတ်ရှုရနိုင်ပါသနည်း။

၃။ တစ်ဆင့်ခံသုတေသနကို တစ်ခါတစ်ရံတွင် 'စာကြည့်စားပွဲ သုတေသန' ဟု အဘယ်ကြောင့် ခေါ်ဆိုကြသနည်း။

## လေ့ကျင့်ခန်း – မူရင်းသုတေသန ဖြစ်ပါသလား သို့မဟုတ် တစ်ဆင့်ခံသုတေသန ဖြစ်ပါသလား

အောက်ပါပေးထားချက်များသည် မူရင်းသုတေသန သို့မဟုတ် တစ်ဆင့်ခံသုတေသန၏ ဥပမာများ ဖြစ်ပါသလား။

၁။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရလက်အောက်တွင် နေထိုင်ခဲ့ရသော အတွေ့အကြုံများနှင့် ပတ်သက်ပြီး သင်၏ အဘွားကို မေးမြန်းကြည့်ခြင်း။

၂။ ကိုလိုနီနယ်ချဲ့ဝါဒ ကာလအတွင်း နေ့စဉ်လူမှုဘဝကို နားလည်နိုင်ရန်အတွက် ကိုလိုနီခေတ်အကြောင်း မှတ်တမ်းဗွီဒီယိုတစ်ခုအား ကြည့်ရှုခြင်း။

၃။ မွန်ပြည်နယ် ပညာရေးအကြောင်းနှင့် ပတ်သက်ပြီး ရေးသားထားသော မတူခြားနားသည့် သုတေသနစာတမ်းများမှ ရှာဖွေတွေ့ရှိချက်များကို နှိုင်းယှဉ်ခြင်း။

၄။ ယာဉ်မောင်းများ၏ အပြုအမူများကို နားလည်နိုင်ရန်အတွက် ရန်ကုန်မြို့ရှိ လူသူထူထပ်သော လမ်းဆုံတစ်နေရာကို ဗွီဒီယိုမှတ်တမ်းတင်ခြင်း။

၅။ ကိုယ်တိုင်ရေးဆွဲထားသည့် စစ်တမ်းမေးခွန်းလွှာတစ်ခုကို အသုံးပြုပြီး ဒေတာများကို စုဆောင်းကောက်ယူခြင်း။

၆။ တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုတိုင်းနှင့် ပတ်သက်သည့် ဒေတာများကို ကောက်ယူသည့် နိုင်ငံတစ်ဝှမ်းလူဦးရေနှင့် အိမ်ထောင်စုစာရင်း ကောက်ယူခြင်း။

၇။ သင်လုပ်ဆောင်မည့် သုတေသနခေါင်းစဉ်နှင့် ပတ်သက်ပြီး ရေးသားထုတ်ဝေထားသည့် ဆောင်းပါးများနှင့် အစီရင်ခံစာများကို ရှာဖွေရန် အင်တာနက်အသုံးပြုခြင်း။

၈။ အကျဉ်းသားဟောင်းများထံသို့ သွားရောက်လည်ပတ်ပြီး ခွဲခြမ်းစိတ်စစ်ရန်အတွက် ထောင်တွင်းကာလအချိန်များအကြောင်း ရေးသားထားသော ကဗျာများကို စုဆောင်းခြင်း။

## လုပ်ငန်းစဉ် – မူရင်းသုတေသနနှင့် တစ်ဆင့်ခံသုတေသန

အောက်တွင်ပေးထားသော အခြေအနေပြ ဇာတ်ကြောင်းများကို ဖတ်ရှုပါ။

၁။ အခြေအနေပြ ဇာတ်ကြောင်းတစ်ခုစီတွင် အသုံးပြုထားသော မူရင်းသုတေသနနှင့် တစ်ဆင့်ခံသုတေသနတို့ကို ခွဲခြားဖော်ထုတ်ပါ။

၂။ အောက်တွင်ပေးထားသော ဇယားများတွင် မူရင်းသုတေသနနှင့် တစ်ဆင့်ခံသုတေသနတို့၏ အခြားဖြစ်နိုင်ခြေရှိသော ဥပမာများကို ဖြည့်စွက်ပါ။

က သုတေသီတစ်ဦးသည် မုဒုံမြို့ရှိ လူငယ်များ၏ အလုပ်အကိုင် စိတ်ဝင်စားမှုကို လေ့လာကြည့်နေသည်။ သုတေသန မေးခွန်းမှာ –

'မုဒုံမြို့ရှိ လူငယ်များ၏ သက်မွေးမှုလုပ်ငန်း စိတ်ဝင်စားမှုများမှာ အဘယ်နည်း' ဟူ၍ဖြစ်သည်။ ပထမဦးစွာ သုတေသီမှ ဆရာ/မများနှင့် တွေ့ဆုံပြီး လူငယ်များ ဘွဲ့ရပြီးသည့်အခါတွင် လျှောက်ထားကြသည့် အလုပ်အမျိုးအစားနှင့် ပတ်သက်ပြီး မေးမြန်းစုံစမ်းကြည့်သည်။ ထို့နောက်တွင် ကျောင်းသားဟောင်းများ မှတ်တမ်းစာရင်းကို လေ့လာသည်။

နောက်တစ်ဆင့်အနေဖြင့် လူငယ်များနှင့်အတူ ဆောင်ရွက်နေသော ဒေသခံ အလုပ်အကိုင်ရရှိရေးဌာနများ၊ NGO များနှင့် တွေ့ဆုံမေးမြန်းသည်။ ထို့အတူ မွန်ပြည်နယ်ရှိ ကျေးလက်ဒေသ အလုပ်လက်မဲ့ဖြစ်ခြင်း အကြောင်း ရေးသားထားသော NGO အစီရင်ခံစာတစ်စောင်ကိုလည်း ခွဲခြမ်းစိတ်ဖြာသည်။



ခ သုတေသီတစ်ဦးသည် သက်ကြီးရွယ်အိုများအတွက် စောင့်ရှောက်မှု ပေးရန် ရပ်ရွာအခြေပြုနည်းလမ်းများကို လေ့လာနေသည်။

သုတေသနမေးခွန်းမှာ – 'ပဲခူးမြို့ရှိ မိသားစုများသည် သက်ကြီးရွယ်အို မိသားစုဝင်များအတွက် စောင့်ရှောက်မှုပေးရန် မည်သည့် နည်းလမ်းများကို အသုံးပြုကြသနည်း' ဟူ၍ဖြစ်သည်။ သုတေသီမှ မြန်မာနိုင်ငံရှိ ဥပဒေများနှင့် ပတ်သက်သည့် NGO အစီရင်ခံစာများနှင့် ယခင်အစိုးရ၏ ကျန်းမာရေးစောင့်ရှောက်မှု မူဝါဒများကို လေ့လာဖတ်ရှုသည်။

အင်တာနက်သုတေသနအချို့ကို လုပ်ဆောင်ခဲ့ပြီး မြန်မာနိုင်ငံရှိ မတူခြားနားသော ကျန်းမာရေးပြဿနာ အမျိုးအစားများအကြောင်း အစီရင်ခံစာထဲမှ စစ်တမ်းဒေတာများကို ရှာဖွေခဲ့သည်။ ထို့နောက် သက်ကြီးရွယ်အိုများနှင့် ၎င်းတို့၏ မိသားစုဝင်များကို လူတွေ့ မေးမြန်းခဲ့သည်။

ထို့နောက် ဘိုးဘွားရိပ်သာများထံသို့ သွားရောက်လည်ပတ်ပြီး သက်ကြီးရွယ်အို လူနာများနှင့် ဝန်ထမ်းများဖြင့် တွေ့ဆုံ စကားပြောဆိုခဲ့သည်။



| အခြေအနေပြ ဇာတ်ကြောင်း (က) | |
|---|---|
| **မူရင်းဒေတာ** | **တစ်ဆင့်ခံဒေတာ** |
| - ဆရာများနှင့် စကားပြောဆိုခြင်း။<br>- | - ကျောင်းသားဟောင်းများ မှတ်တမ်းစာရင်းကို ကြည့်ရှုခြင်း။<br>- |

| အခြေအနေပြ ဇာတ်ကြောင်း (ခ) | |
|---|---|
| **မူရင်းဒေတာ** | **တစ်ဆင့်ခံဒေတာ** |
| | |

## သင်တို့၏ သုတေသနစီမံကိန်း – မူရင်းသုတေသနနှင့် တစ်ဆင့်ခံ သုတေသန

သုတေသန မေးခွန်းတစ်ခုကို စဉ်းစားပါ။ ၎င်းမေးခွန်းသည် ယခင်အသုံးပြုခဲ့သော ခေါင်းစဉ်ဖြစ်နိုင်သကဲ့သို့ သင်စိတ်ဝင်စားသည့် ခေါင်းစဉ်အသစ်တစ်ခုလည်း ဖြစ်နိုင်ပါသည်။

- ၎င်းမေးခွန်းအား ဖြေဆိုရန်အတွက် မည်သည့် မူရင်းသုတေသနကို လုပ်ဆောင်သွားမည်နည်း။
- မည်သည့် တစ်ဆင့်ခံသုတေသနကို လုပ်ဆောင်သွားနိုင်သနည်း။

၁။ စာရင်းနှစ်ခုပြုစုပါ – မူရင်းသုတေသနအတွက် တစ်ခုနှင့် တစ်ဆင့်ခံသုတေသနအတွက် တစ်ခု။

၂။ နှစ်ယောက်တစ်တွဲစီဖြင့် သင်တို့၏ စာရင်းများကို ဆွေးနွေးပါ။

| မူရင်းသုတေသန | တစ်ဆင့်ခံသုတေသန |
|---|---|
| | |

## ဆွေးနွေးချက်

၁။ သင့်ရပ်ရွာအတွင်းရှိ မည်သို့သော အခြေအနေမျိုးတွင် မူရင်းသုတေသနကို အသုံးပြုသွားမည်နည်း။ ဥပမာများပေးပါ။

၂။ သင့်ရပ်ရွာအတွင်းရှိ မည်သို့သော အခြေအနေမျိုးတွင် တစ်ဆင့်ခံသုတေသနကို အသုံးပြုသွားမည်နည်း။ ဥပမာများပေးပါ။

# ၂.၂ - အရေအတွက်စံပြု သုတေသန

## အကြိုလေ့လာချက်

၁။ အောက်တွင်ပေးထားသော သရုပ်ဖော်ပုံတွင် အရေအတွက်စံပြုနှင့် အရည်အသွေးစံပြု သုတေသန တို့အကြား အဓိပ္ပာယ်ခြားနားချက်များနှင့် ပတ်သက်ပြီး မည်သည်တို့ကို ဖော်ပြနေပါသနည်း။

၂။ ၎င်းစကားလုံး နှစ်လုံးသည် သုတေသန မေးခွန်းများကို ဖြေဆိုရာတွင် မတူညီသော နည်းလမ်းများဖြင့် မည်သို့ ဆက်နွယ်နေပါသနည်း။

| အရေအတွက်စံပြု | အရည်အသွေးစံပြု |
|---|---|
| နှစ်လ | စိတ်သက်တောင့်သက်သာမရှိခြင်း |
| ၄ ကီလိုမီတာ | အဘယ်ကြောင့်နည်း |
| ၅ | အလုပ်ရှုပ်သည် |
| ၈၀၀ ကျပ် | ကြိုက်နှစ်သက်သည် |
| ၁,၂၂၀,၆၇၅ | အကြီးတန်း/ ရာထူးမြင့် |
| ၃.၇၅ % | လေးစားလောက်ဖွယ် |
| -၂၅,၀၀၀ | မတူခြားနားသော |

**အရေအတွက်စံပြု** သုတေသနသည် သိပ္ပံဘာသာရပ်တွင် သုတေသနပြုလုပ်သကဲ့သို့ လူ့အသိုက်အဝန်းတွင် သုတေသန ပြုလုပ်ချက်များကို လေ့လာပါသည်။ ၎င်းသည် သိပ္ပံဘာသာရပ်တွင် လုပ်ဆောင်နိုင်သကဲ့သို့ လူ့အသိုက်အဝန်းနှင့် ပတ်သက်သော **အများလက်ခံသည့်** အချက်အလက်များကို သုတေသနပြုလုပ်ခြင်းမှတစ်ဆင့် အုတ်မြစ်ချတည်ဆောက် နိုင်စေပါသည်။

အရေအတွက်စံပြု သုတေသနသည် ဖွဲ့စည်းတည်ဆောက်မှုမြင့်ပြီး အောက်တွင်အသေးစိတ်ဖော်ပြထားသော လက္ခဏာရပ် ၅ ချက် ပါဝင်နေပါသည်။

### (က) ကိန်းဂဏန်းဒေတာများ (နှင့် စာရင်းဇယားတွက်ချက် ခွဲခြမ်းစိတ်စမှု)

- ကိန်းဂဏန်းဒေတာများမှာ နံပါတ်များအသွင်သို့ အလွယ်တကူ ပြောင်းလဲနိုင်သော ဒေတာများဖြစ်သည်။ ၎င်းသည် အရေအတွက်စံပြု သုတေသနတွင် အလွန်အရေးကြီးပါသည်။
- **အခြေအနေပြဖြစ်ရပ်** – သုတေသီတစ်ဦးသည် 'မြို့ပြနှင့် ကျေးလက်ဒေသတို့တွင် ရေကောင်း ရေသန့်ရရှိမှု ခြားနားချက် အဘယ်နည်း' ဆိုသည့် မေးခွန်းကို ဖြေကြားသည်။
- **ကိန်းဂဏန်းဒေတာများ** – မြို့ပြနေ အိမ်ထောင်စုများမှ ၈၆.၇ % ခန့်သည် ပိုမိုကောင်းမွန်သော သောက်သုံးရေ ရရှိကြပါသည်။
- **ကိန်းဂဏန်း မဟုတ်သော ဒေတာများ** – လူတစ်ယောက်က ရေကောင်း ရေသန့် ရရှိနိုင်သော်လည်း အလွန် ဈေးကြီးသည်ဟု ပြောပါသည်။

### (ခ) ယေဘုယျ ကောက်ချက်ဆွဲနိုင်ခြင်း

- **ယေဘုယျကောက်ချက်ဆွဲနိုင်ခြင်း** ဆိုသည်မှာ သုတေသန ရှာဖွေတွေ့ရှိချက်များကို ပိုမိုကျယ်ပြန့်သော လူဦးရေ သို့မဟုတ် အခြား အခြေအနေများပေါ်တွင် တိကျစွာ အသုံးချနိုင်မှုရှိ/ မရှိ ဆိုလိုခြင်းဖြစ်သည်။
- **အခြေအနေပြဖြစ်ရပ်** – သုတေသနမေးခွန်းမှာ 'ရန်ကုန်မြို့တွင် ရေကောင်း ရေသန့် ရရှိနိုင်သည့်အဆင့်မှာ အဘယ်နည်း' ဟူ၍ဖြစ်သည်။
- **ယေဘုယျကောက်ချက်ဆွဲနိုင်သော ဒေတာ** – သုတေသီမှ ရန်ကုန်မြို့ရှိ အိမ်ထောင်စုအားလုံးကို တိကျစွာ ခြုံငုံနိုင်ရန်အတွက် အိမ်ထောင်စုအမျိုးအစား အကုန်လုံးထံသို့ သွားရောက်လည်ပတ် မေးမြန်းခဲ့သည်။
- **ယေဘုယျကောက်ချက်မဆွဲနိုင်သော ဒေတာများ** – သုတေသီသည် ရန်ကုန်မြို့၏ အဓိကအချက်အချာနေရာမှ အိမ်ထောင်စုများကိုသာ လည်ပတ်မေးမြန်းခဲ့သည်။

### (ဂ) ကြားနေဖြစ်ခြင်း

- ကြားနေဖြစ်ခြင်း ဆိုသည်မှာ သုတေသီ၏ ရှိရင်းစွဲ ပုဂ္ဂိုလ်ရေးဆိုင်ရာ ယုံကြည်ချက်များ၊ စိတ်ဝင်စားမှုများ သို့မဟုတ် စံတန်ဖိုးများသည် သုတေသနအပေါ်တွင် လွှမ်းမိုးမှုများကို လျှော့ချခြင်းအကြောင်းဖြစ်သည်။ သုတေသီက သုတေသနလုပ်ငန်းစဉ်ပေါ်တွင် ဘက်လိုက်မှုများ မရှိစေရန် ကန့်သတ်ရန် ကြိုးစားသည်။
- **အခြေအနေပြဖြစ်ရပ်** – ရန်ကုန် NGO တစ်ခုသည် 'ကျွန်ုပ်တို့၏ အသေးစားစီးပွားရေး လုပ်ငန်းများနှင့် ပတ်သက်သည့် စီမံကိန်း၏ အကျိုးသက်ရောက်မှုများမှာ အဘယ်နည်း' ဟူ၍ သုတေသနမေးခွန်းမေးသည်။
- **ကြားနေခြင်း** – အပြုသဘောဆောင်သော သက်ရောက်မှုနှင့် အပျက်သဘောဆောင်သော သက်ရောက်မှု နှစ်ခုစလုံးကို တိုင်းတာခြင်း။

- **ကြားနေမဖြစ်ခြင်း** – စီမံကိန်းအား အလွန်အောင်မြင်သည့်ပုံစံ ဖော်ပြရန်အတွက် အပြုသဘောဆောင်သော သက်ရောက်မှုများကိုသာ တိုင်းတာခြင်း။

### (ဃ) ကိုးစားနိုင်စွမ်း

- ကိုးစားနိုင်စွမ်းဆိုသည်မှာ မရည်ရွယ်ထားသော လွှမ်းမိုးမှုများကို လျှော့ချရန်အတွက် သုတေသန လုပ်ငန်းစဉ်တွင် တစ်သမတ်တည်း ရှိစေသည့်အကြောင်းဖြစ်သည်။ ဒေတာများ ကောက်ယူစုဆောင်းသည့်အခါတွင် သုတေသီအနေဖြင့် တစ်သမတ်တည်းရှိစေရန်နှင့် မရည်ရွယ်သော လွှမ်းမိုးမှုများကို အမြဲတစေ ထည့်သွင်းစဉ်းစားသင့်ပါသည်။
- **အခြေအနေပြဖြစ်ရပ်** – ကျန်းမာရေး အဖွဲ့အစည်းတစ်ဖွဲ့သည် 'ဘားအံမြို့ရှိ လူများသည် ငှက်ဖျားရောဂါကို အန္တရာယ်ရှိသော ရောဂါတစ်ခုအဖြစ် ထည့်သွင်းသတ်မှတ်ကြပါသလား' ဟု သိရှိလိုကြသည်။
- **ကိုးစားနိုင်သည်** – သုတေသီသည် အိမ်ထောင်စုများကို လိုက်လံတွေ့ဆုံပြီး တည်ဆောက်ထားသော မေးခွန်းများကို မေးမြန်းသည်။ သုတေသနကို တစ်လအတွင်း ပြီးစီးအောင် ဆောင်ရွက်ခဲ့သည်။
- **ကိုးစားနိုင်စွမ်းမရှိခြင်း** – သုတေသီသည် နွေရာသီတွင် အိမ်ထောင်စု ၅၀ ကို လည်ပတ်ခဲ့သည်။ ၎င်းသုတေသီက မိုးရာသီတွင် အိမ်ထောင်စု ၁၀ စုကို လည်ပတ်ခဲ့ပြီး တူညီသော မေးခွန်းများ မေးမြန်းခဲ့သည်။

### (င) အကျုံးဝင်စွမ်း

- အကျုံးဝင်စွမ်း ဆိုသည်မှာ သုတေသန လုပ်ငန်းစဉ်အကြောင်းဖြစ်ပြီး ဒေတာကောက်ယူခြင်း နည်းလမ်းများသည် သုတေသနပြုစုသည့် အကြောင်းအရာများကို မည်မျှတိကျစွာ တိုင်းတာနိုင်စွမ်းရှိကြောင်းဖြစ်သည်။ ဤအချက်သည် ရှာဖွေတွေ့ရှိချက်များ၏ ယေဘုယျကောက်ချက်ဆွဲခြင်းအပေါ် သက်ရောက်မှုရှိပါသည်။
- **အခြေအနေပြဖြစ်ရပ်** – သုတေသန စီမံကိန်းတစ်ခုက 'မန္တလေးမြို့သူ မြို့သားများသည် တစ်ပတ်လျှင် ဘယ်နှစ်ကြိမ်မျှ လေ့ကျင့်ခန်းလုပ်သနည်း' ဟု မေးမြန်းထားသည်။
- **အကျုံးဝင်သည်** – သုတေသီက အလေးမသင်တန်းများသွားခြင်း၊ အားကစားဆော့ခြင်း (ခြင်းလုံးခတ်ခြင်း သို့မဟုတ် လမ်းမတွင် ဘောလုံးကန်ခြင်း အပါအဝင်)၊ လမ်းလျှောက်ခြင်း သို့မဟုတ် ပြေးခြင်း အပါအဝင် ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှားမှုအားလုံးနှင့် ပတ်သက်ပြီး မေးမြန်းထားသည်။
- **အကျုံးမဝင်ပါ** – သုတေသီက လူများ အလေးမသင်တန်းသို့ မည်မျှ သွားရောက်ကြကြောင်း မေးမြန်းပြီး ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ သန်စွမ်းမှုကို အဆိုပါအချက်တစ်ခုတည်းဖြင့် နိဂုံးချုပ်ကောက်ချက်ချသည်။ အားကစား သို့မဟုတ် လမ်းလျှောက်ခြင်း သို့မဟုတ် လေ့ကျင့်ခန်းဟု သတ်မှတ်နိုင်သော အခြားအရာများနှင့် ပတ်သက်ပြီး မေးမြန်းခြင်း မရှိခဲ့ပေ။

## လေ့ကျင့်ခန်း – အခြေအနေပြဖြစ်ရပ်များကို တွဲစပ်ပါ

အခြေအနေပြဖြစ်ရပ် (၁–၃) ကို ရှေ့စာမျက်နှာတွင် ဖော်ပြခဲ့သော လက္ခဏာရပ်များ (က–ဂ) တို့ဖြင့် တွဲစပ်ပါ။ အခြေအနေပြဖြစ်ရပ် တစ်ခုစီတိုင်းသည် ကိန်းဂဏန်းဒေတာ၊ ယေဘုယျကောက်ချက်ချနိုင်ခြင်း သို့မဟုတ် ကြားနေဖြစ်ခြင်းတို့၏ ဥပမာတစ်ခုခုဖြစ်ပါသလား။

၁။ ဆေးဝါးကုမ္ပဏီတစ်ခုမှ 'ကျွန်ုပ်တို့၏ ဗီတာမင်အသစ်များသည် ထိရောက်မှုမည်မျှရှိသနည်း' ဆိုသည့် မေးခွန်းအား ဖြေဆိုရန်အတွက် သုတေသနကုမ္ပဏီတစ်ခုကို ငွေကြေးဖြင့် ငှားရမ်းခဲ့သည်။ ၎င်းတို့၏ သုတေသနရှာဖွေတွေ့ရှိချက်များတွင် အချို့သော ဗီတာမင်များသည် ထိရောက်မှုသိပ်မရှိကြောင်း တွေ့ရှိခဲ့ရသည်။ အဆိုပါသုတေသနကုမ္ပဏီမှ ဆေးဝါးကုမ္ပဏီအား စိတ်ကျေနပ်မှုရရှိစေရန်အတွက် အထက်ပါအကြောင်းအရာကို ဘေးဖယ်ချန်ထားခဲ့သည်။ သို့သော် ဒေတာအားလုံးကို မျှတမှုရှိစွာနှင့် တိကျစွာ ခွဲခြမ်းစိတ်စစ်ခဲ့သည်။

၂။ သုတေသီတစ်ဦးမှ 'ပြည်သူများသည် ၎င်းတို့၏ ဒေသခံလွှတ်တော်ကိုယ်စားလှယ်များအကြောင်း မည်မျှသိရှိထားသနည်း' ဆိုသည်ကို သိရှိချင်သည်။ ထိုသို့ သိရှိရန်အတွက် သူမက လူများကို ၎င်းတို့၏ ဒေသခံလွှတ်တော်အမတ်အမည်ဖော်ပြခိုင်းခဲ့သည်။ နောက်ဆုံးတွင် ၎င်းတို့၏ ဒေသခံလွှတ်တော်ကိုယ်စားလှယ်၏ အမည်ကို ဖော်ပြနိုင်သည့် လူအရေအတွက်ကို တွက်ချက်ပြီး နယ်ခံလူအားလုံး၏ ရာခိုင်နှုန်းဖြင့် ရေးသားဖော်ပြခဲ့သည်။

၃။ သုတေသနစီမံကိန်းတစ်ခုက 'စစ်ကိုင်းဒေသတွင်းရှိ အလယ်တန်း ကျောင်းသူ/ကျောင်းသားများအကြား သင်္ချာဘာသာရပ် တတ်ကျွမ်းမှု ကွာခြားချက်မှာ အဘယ်နည်း' ဟူ၍ ရှာဖွေသိရှိလိုသည်။ ထို့ကြောင့် ၎င်းတို့က စစ်ကိုင်းဒေသတွင်းရှိ နယ်ပယ်အားလုံးမှ အရွယ်ပေါင်းစုံနှင့် နောက်ခံအကြောင်းအရာမတူညီသည့် ကလေးများအားလုံး၏ ကျောင်းအပ်နှံနှုန်းနှင့် အထက်တန်း စာမေးပွဲရမှတ်များဆိုင်ရာ သတင်းအချက်အလက်များကို စုဆောင်းပြီး နှိုင်းယှဉ်ခဲ့ကြသည်။

## လုပ်ငန်းစဉ် – ကိုးစားနိုင်စွမ်းနှင့် အကျုံးဝင်စွမ်း

၁။ အခြေအနေပြဖြစ်ရပ်အား ဖတ်ရှုပါ။ ၎င်းဖြစ်ရပ်သည် ကိုးစားနိုင်စွမ်းရှိပါသလား သို့မဟုတ် ကိုးစားနိုင်စွမ်း မရှိပါသလား။ အဘယ်ကြောင့်နည်း။

> သုတေသနစီမံကိန်းတစ်ခုသည် 'လူများသည် သူခိုးအန္တရာယ်အား မည်မျှ ကြောက်ရွံ့စိုးရိမ်ကြသနည်း' ဆိုကြောင်းကို လေ့လာနေသည်။ သုတေသီတစ်ဦးမှ သူမ၏ လူမှုအဖွဲ့အစည်းအတွင်းရှိ အလုပ်မှပြန်လာသည့် လူများထံ ချဉ်းကပ်ပြီး 'လမ်းပေါ်မှာ လမ်းလျှောက်နေသည့်အခါတွင် ပစ္စည်းအခိုးခံရမှာ စိုးရိမ်မိပါသလား' ဟု မေးမြန်းကြည့်သည်။ ထို့အတူ လူများ နေ့လယ်စာ ဝယ်ယူနေသည့်အချိန်တွင်လည်း အထက်ပါမေးခွန်းကိုပင် ထပ်မံမေးမြန်းကြည့်ပါသည်။

၂။ အထက်ပါဖြစ်ရပ်အား ပိုပြီးကိုးစားနိုင်စွမ်းရှိစေမည့် နည်းလမ်းများကို စဉ်းစားပါ။

၃။ အောက်ပါဖြစ်ရပ်ကို ဖတ်ရှုပါ။ အကျုံးဝင်မှုရှိပါသလား သို့မဟုတ် အကျုံးဝင်မှုမရှိပါသလား။ အဘယ်ကြောင့်နည်း။

> သုတေသီတစ်ဦးသည် ရခိုင်ပြည်နယ်မှ အထက်တန်းကျောင်းဆရာများ၏ ဆရာမွမ်းမံသင်တန်း တတ်ရောက်နိုင်ခွင့်ကို လေ့လာကြည့်နေသည်။ သူမ၏ သုတေသနကို စစ်တွေမြို့တွင် ပြုလုပ်ခဲ့သည်။

၄။ အထက်ပါဖြစ်ရပ်အား ပိုပြီး အကျုံးဝင်စွမ်းရှိစေမည့် နည်းလမ်းများကို စဉ်းစားပါ။

## အသေးစား အရေအတွက်စံပြု သုတေသနစီမံကိန်းများအတွက် လက်တွေ့ကျသော အကြံပြုချက်များ

ကိုးစားနိုင်စွမ်းနှင့် အကျုံးဝင်စွမ်းအားလုံးသည် သုတေသနစီမံကိန်းအားလုံးနှင့် ဆက်နွယ်မှုမရှိကြပါ။ အသေးစား အရေအတွက်စံပြု သုတေသနစီမံကိန်းများအတွက် အောက်ပါအချက်များသည် အရေးကြီးဆုံးဖြစ်ပါသည်။

- ဒေတာများ ကောက်ယူနေသည့်အခါတွင် ဒေတာကောက်ယူသည့် နည်းလမ်းများသည် တစ်သမတ်တည်း ဖြစ်စေရန် ဂရုစိုက်ပါ (တစ်ပုံစံတည်း လုပ်ဆောင်ရန်နှင့် ဆင်တူသည့် **အခြေအနေမျိုး**တွင် ဆောင်ရွက်ပါ)။
- သုတေသနတွင် **ပါဝင်ဖြေကြားပေးသူများ**၏ အဖြေများအပေါ် လွှမ်းမိုးမှုရှိနိုင်သည့်အရာများကို သေးငယ်အောင် ဆောင်ရွက်ဖယ်ရှားပါ။
- သင်၏ သုတေသနမေးခွန်းများနှင့် သက်ဆိုင်သည့် ဒေတာများ ရရှိစေသည့် ဖြေကြားချက်များရရှိရန် မေးခွန်းများကို ဂရုတစိုက် စဉ်းစားရေးသားပါ။
- သင်၏ သုတေသနတွင် ပါဝင်ဖြေကြားမည့်လူများ ရွေးချယ်ရာတွင် ၎င်းတို့သည် သင်သုတေသန ပြုစုနေသော လူဦးရေကို ကိုယ်စားပြုစေရန် ဂရုစိုက်ပါ။



## ဖြစ်ရပ်လေ့လာချက် – ပေးထားသော ဖြစ်ရပ်လေ့လာချက်ကို ခွဲခြမ်းစိစစ်ပါ

ဆန့်ကျင်ဘက် စာမျက်နှာမှ ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရှုပြီး အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ ဤဖြစ်ရပ်လေ့လာချက်တွင် အရေအတွက်စံပြု သုတေသန၏ မည်သည့် လက္ခဏာရပ်များကို (ကိန်းဂဏန်းဒေတာ၊ ယေဘုယျ ကောက်ချက်ချခြင်း၊ ကြားနေဖြစ်ခြင်း၊ ကိုးစားနိုင်စွမ်း သို့မဟုတ် အကျုံးဝင်ခြင်း) ရှာဖွေတွေ့ရှိနိုင်ပါသနည်း။

၂။ သုတေသီအနေဖြင့် မည်သည့် စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့ရသည်ဟု ထင်ပါသနည်း။

## နယ်ခံအစိုးရ၏ သုတေသန အစီရင်ခံစာတမ်း ၂၀၁၆ - ပွင့်လင်း မြန်မာရှေ့ဆောင်



ပွင့်လင်းမြန်မာ့ရှေ့ဆောင်အဖွဲ့သည် မြန်မာနိုင်ငံရှိ အစိုးရကိစ္စရပ်များနှင့် ပတ်သက်ပြီး ဗဟုသုတ တိုးတက်လာစေရန်နှင့် သတင်းအချက်အလက်များကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်ပြီး လုပ်ဆောင်လျက်ရှိသည်။ ဒေသခံအစိုးရ၏ သုတေသန အစီရင်ခံစာတွင် အစိုးရနှင့် ပတ်သက်ပြီး ရှိပြီးသားဗဟုသုတနှင့် သဘောထားများကို စစ်ဆေးအကဲဖြတ်ခဲ့သည်။

စီမံကိန်းသည် ဒေသခံအစိုးရနှင့် အရပ်သားအဖွဲ့အစည်းမှ လူများကို သုတေသနနှင့် ပတ်သက်ပြီး သင်တန်းပေးအပ်ခဲ့သည်။

သုတေသီများက ပြည်နယ်နှင့်တိုင်း ၁၄ ခု အတွင်း၌ တူညီသော မေးခွန်းများကို မေးမြန်းခဲ့သည်။

သုတေသီများ၏ အဆိုအရ အသက်အရွယ်ကြီးရင့်သူများသည် စစ်တပ်၏ အုပ်ချုပ်မှုအောက်တွင် ကြီးပြင်းရှင်သန်လာသည့် အတွက်ကြောင့် ပါဝင်ဖြေကြားလိုစိတ်မရှိကြချေ။ လူငယ်များနှင့် အမျိုးသမီးများကသာ စိတ်ပါဝင်စားမှုရှိပြီး ၎င်းတို့၏အမြင်ကို ဖွင့်ဟပြောပြလိုကြသည်။

စစ်တမ်းမေးခွန်းလွှာတွင် ဒေသခံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေးရရှိခွင့်၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်မီးနှင့် ပြည်သူလူထုကျန်းမာရေးဆိုင်ရာ အသိအမြင်များနှင့် ပတ်သက်သည့် မေးခွန်းများကို ထည့်သွင်းမေးမြန်းထားသည်။ ထို့အတူ စစ်တမ်းမေးခွန်းလွှာတွင် ၎င်းတို့နေထိုင်ရာဒေသအတွင်း ဖြစ်ပွားသော လာဘ်စားမှု၊ ပဋိပက္ခများနှင့် ပတ်သက်သည့် မေးခွန်းများကိုလည်း မေးမြန်းထားသည်။ အဆိုပါဒေသအတွင်းရှိ အရေးကြီးသည့်ကိစ္စရပ်များကို ၎င်းတို့၏ အရေးပါမှုအရ ပါဝင်ဖြေကြားသူများက **အဆင့်ခွဲသတ်မှတ်ရန်** မေးမြန်းခံရသည်။ သုတေသန၏ ရလဒ်များတွင် လူများက တရားဥပဒေစိုးမိုးရေးသည် အရေးကြီးဆုံးဖြစ်ပြီး ၄၉.၆%သည် အဆိုပါကိစ္စကို အဓိကအဖြစ် ဦးစားပေးခဲ့သည်။ ထို့အတူ များစွာသော လူများက ပညာရေးနှင့် ကျန်းမာရေးသည် မကြာသေးမီအချိန်က များစွာတိုးတက်လာသည်ဟု ပြောဆိုနေကြသည်။ သို့သော် ၆၄.၇ ရာခိုင်နှုန်းထက် ကျော်သော ပါဝင်ဖြေကြားသူများက လာဘ်စားမှုသည် ဆက်လက်ဖြစ်ပွားနေသော ပြဿနာဟု ယုံကြည်လက်ခံထားကြသည်။

https://drive.google.com/file/d/1AeMOELv6gSVc9wnfT_brUGRjXQndJDIx/view

### သင်တို့၏ သုတေသနစီမံကိန်း – အရေအတွက်စံပြု သုတေသန

သုတေသနမေးခွန်းတစ်ခုကို စဉ်းစားပါ။ အဆိုပါမေးခွန်းသည် ရှေ့မှ သင်ခန်းစာတွင် အသုံးပြုခဲ့သော ခေါင်းစဉ်လည်း ဖြစ်နိုင်သကဲ့သို့ စိတ်ဝင်စားသည့် အခြားအကြောင်းအရာ ခေါင်းစဉ်တစ်ခုလည်းဖြစ်နိုင်သည်။

၁။ ဤစီမံကိန်းတွင် ထည့်သွင်းချင်သည့် အခြားသော အရေအတွက်စံပြု သုတေသန လုပ်ဆောင်ခြင်းများ ရှိပါသလား။

၂။ အဆိုပါ သုတေသနတွင် ကိန်းဂဏန်းဒေတာများ၊ ကြားနေဖြစ်ခြင်း၊ ကိုးစားနိုင်စွမ်းနှင့် အကျုံးဝင်စွမ်း ပါဝင်အောင် မည်သို့လုပ်ဆောင်နိုင်ပါသနည်း။

၃။ နှစ်ယောက်တစ်တွဲစီဖြင့် အဆိုပါ သုတေသနစီမံကိန်းအား ကြားနေဖြစ်အောင်၊ ကိုးစားနိုင်စွမ်းရှိအောင် သို့မဟုတ် အကျုံးဝင်စွမ်းရှိအောင် လုပ်ဆောင်ရာတွင် တွေ့ကြုံရလာနိုင်သည့် အခက်အခဲများကို ဆွေးနွေးပါ။

### ဆွေးနွေးချက်

အရေအတွက်စံပြု သုတေသနအတွက် မည်သည့်သုတေသနပြုစုနည်းသည် သင့်လျော်မှုမရှိနိုင်ပါသနည်း။

# ၂.၃ - အရည်အသွေးစံပြု သုတေသန

## အကြိုလေ့လာချက်

အောက်တွင်ဖော်ပြထားသည့် ဝါကျတစ်ကြောင်းစီတိုင်းသည် မှန်ကန်ပါသလား သို့မဟုတ် မှားပါသလား။
ထို့နောက် ပေးထားသော စာပိုဒ်အားဖတ်ရှု၍ သင်၏ အဖြေများကို စစ်ဆေးပါ။

၁။ အရေအတွက်စံပြု သုတေသနအတိုင်း အရည်အသွေးစံပြု သုတေသနသည် ကိန်းဂဏန်းများပေါ်တွင် မှီခိုရသည်။

၂။ အရည်အသွေးစံပြု သုတေသနတွင် ဓာတ်ပုံများနှင့် အသံဖိုင်များ ပါဝင်နိုင်သည်။

၃။ အရည်အသွေးစံပြု သုတေသီများသည် အခြားလူများ၏ အတွေးအမြင်များနှင့် အကြံပြုချက်များအပေါ် စိတ်ဝင်စားကြသည်။

**အရည်အသွေးစံပြု** သုတေသနသည် သဘာဝသိပ္ပံနှင့် မတူဘဲ လူများနှင့် လူ့အသိုက်အဝန်းဆိုင်ရာ သုတေသနများကို လေ့လာကြသည်။ ၎င်းသုတေသနသည် လူမှုကိစ္စများကို အသေးစိတ်လေ့လာပြီး နားလည်ရန်ကြိုးစားသည်။ ထို့အတူ ၎င်းသုတေသနသည် အများသဘောတူ/ကြားနေအချက်အလက်များထက်ပိုပြီး သုတေသနတွင် ပါဝင်သူများ၏ အသိအမြင်နှင့် အကြံပြုချက်များကို ပိုမိုအာရုံစိုက်သည်။ အရည်အသွေးစံပြု သုတေသန၌ အောက်တွင် အသေးစိတ်ဖော်ပြထားသော လက္ခဏာ ၅ ရပ်ပါရှိသည်။

**(က) ကိန်းဂဏန်းမဟုတ်သော ဒေတာများ (စကားလုံးများ၊ ရုပ်ပုံများ၊ ဗွီဒီယိုများ သို့မဟုတ် အသံဖိုင်များ)**

- **အခြေအနေပြဖြစ်ရပ်** – သုတေသီတစ်ဦးသည် 'အင်းလေးကန်ရှိ တောင်သူလယ်သမားများသည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၏ စီးပွားရေးအပေါ် သက်ရောက်မှုနှင့် ပတ်သက်ပြီး မည်သည်တို့ကို သိမြင်နားလည်ထားကြသနည်း' ဆိုသည့် မေးခွန်းကို ဖြေဆိုနိုင်ရန် ကြိုးစားနေသည်။
- **ကိန်းဂဏန်းမဟုတ်သော ဒေတာများ** – သုတေသီက လယ်သမားများကို တွေ့ဆုံမေးမြန်းခဲ့ပြီး အင်းလေးကန်အတွင်းရှိ ရေပေါ်စိုက်ပျိုးခင်းများနှင့် ရေပေါ်ဈေးတို့ကို ဓာတ်ပုံရိုက်ယူခဲ့သည်။
- **ကိန်းဂဏန်းဒေတာများ** – သုတေသီက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် အပြုသဘောဆောင်သော စီးပွားရေးအကျိုးသက်ရောက်မှုရှိသည်ဟု ထင်မြင်ယူဆထားသည့် လယ်သမားများ၏ ရာခိုင်နှုန်းကို တွက်ချက်နိုင်ရန်အတွက် လယ်သမားများကို စစ်တမ်းကောက်ယူခဲ့သည်။

**(ခ) အသေးစိတ်တွေ့ဆုံမေးမြန်းမှု ဒေတာများ**

- အရည်အသွေးစံပြု သုတေသနသည် ၎င်း၏မေးခွန်းကို ဖြေဆိုနိုင်ရန်အတွက် အသေးစိတ်ဒေတာများကို အာရုံစိုက်ကောက်ယူပါသည်။ ဆိုလိုသည်မှာ သုတေသီက အချိန်တိုအတွင်း တွေ့ဆုံမေးမြန်းခြင်း အများကြီးလုပ်ဆောင်ခြင်းထက် အချိန်ပေး၍ ပြောဆိုမေးမြန်းခြင်းများ အနည်းငယ်လုပ်ဆောင်ရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ ထို့အတူ ၎င်းသုတေသနသည် အခြေအနေတစ်ခုအတွက် အထင်ကရဖြစ်သောလူများ၊ သမိုင်းကြောင်းများနှင့် ဆက်ဆံရေးများ ပါဝင်နိုင်သည့် ဆက်စပ်အကြောင်းအရာများအပေါ် အဓိကထားသည်။
- **အခြေအနေပြဖြစ်ရပ်** – သုတေသီတစ်ဦးသည် 'ပဋိပက္ခသည် ရှမ်းပြည်နယ် ကျေးလက်ဒေသရှိ လူများအပေါ် မည်သို့ သက်ရောက်မှုရှိသနည်း' ဆိုသည့် အကြောင်းကို သုတေသနပြုစုနေသည်။
- **အသေးစိတ်** – သုတေသီက ကျေးရွာအဖွဲ့အစည်း ဆက်ဆံရေးများ၏ သမိုင်းကြောင်းကို ရေးသားခဲ့ပြီး လူတွေ့မေးမြန်းမှုများမှ အဖြေများကို ဖော်ထုတ်ရှင်းပြခဲ့သည်။
- **အသေးစိတ်မဟုတ်သော** – သုတေသီမှ ကျေးလက်လူထုက ပဋိပက္ခအား ရင်ဆိုင်တွေ့ကြုံရသည့်အကြိမ်အရေအတွက်ကို မေးမြန်းရန်အတွက် စစ်တမ်းမေးခွန်းလွှာကို အသုံးပြုခဲ့ပြီး အဆိုပါရလဒ်များနှင့် ပတ်သက်ပြီး အစီရင်ခံစာတစ်စောင် ရေးသားခဲ့သည်။

**(ဂ) ပုဂ္ဂလိကဆန်ခြင်း**

- **ပုဂ္ဂလိကဆန်ခြင်း** ဆိုသည်မှာ ကိန်းဂဏန်းဒေတာများထက် သုတေသနတစ်ခုတွင် ပါဝင်သူများ၏ ခံစားချက်များ၊ အမြင်များနှင့် ရှုထောင့်များကို ထင်ဟပ်မှုများအား ရည်ညွှန်းပါသည်။
- **အခြေအနေပြဖြစ်ရပ်** – သုတေသီတစ်ဦးသည် မြို့တစ်မြို့အတွင်းရှိ အစိုးရ၏ ဝန်ဆောင်မှုများနှင့် ပတ်သက်ပြီး ရှာဖွေဖော်ထုတ်ချင်သည်။
- **ပုဂ္ဂလိကဆန်ခြင်း** – သုတေသီက အဆိုပါမြို့၏ အစိုးရ ဝန်ဆောင်မှုများနှင့် ပတ်သက်ပြီး မြို့နေလူများ၏ အမြင်များကို တွေ့ဆုံမေးမြန်းခဲ့သည်။
- **ပုဂ္ဂလိကမဆန်ခြင်း** – သုတေသီက အဆိုပါမြို့အတွင်းရှိ စာသင်ကျောင်း၊ ဆေးရုံ၊ ရဲစခန်းများကို ရေတွက်ခဲ့ပြီး အဆိုပါ အရေအတွက်ကို အခြားမြို့များရှိ အရေအတွက်ဖြင့် နှိုင်းယှဉ်ခဲ့သည်။

### (ဃ) အတည်ပြုနိုင်စွမ်းရှိခြင်း

- **အတည်ပြုနိုင်ခြင်း** ဆိုသည်မှာ သုတေသနကို စစ်ဆေးနိုင်ခြင်း သို့မဟုတ် အခြား လူများမှ ထပ်မံလုပ်ဆောင်နိုင်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။ သုတေသီများက ၎င်းတို့၏ ရှာဖွေတွေ့ရှိချက်များကို စစ်ဆေးနိုင်ရန် သို့မဟုတ် အခြားလူများ၏ သုတေသနတွင် အဆိုပါ ရှာဖွေတွေ့ရှိချက်များကို ထည့်သွင်းအသုံးပြုနိုင်စေရန်အတွက် ၎င်းတို့ အသုံးပြုခဲ့သော ဒေတာကောက်ယူခြင်း နည်းလမ်းများနှင့် နည်းလမ်းများဆိုင်ရာ ဆက်စပ်အကြောင်းအရာများကို တိကျစွာ အသေးစိတ် ဖော်ပြသင့်ပေသည်။
- **အခြေအနေပြဖြစ်ရပ်** – သုတေသီက 'ရန်ကုန်တက္ကသိုလ်တွင် မသန်စွမ်းများ၏ အတွေ့အကြုံများမှာ အဘယ်နည်း' ဟု မေးမြန်းသည်။
- **အတည်ပြုနိုင်သည်** – သုတေသန အစီရင်ခံစာတွင် သုတေသီက ကျောင်းသားများနှင့် တွေ့ဆုံမေးမြန်းသည့် နေရာနှင့် မေးမြန်းခဲ့သော မေးခွန်းများဆိုင်ရာ အချက်အလက်များကို ထည့်သွင်းဖော်ပြသည်။
- **အတည်မပြုနိုင်ပါ** – သုတေသီက ရလဒ်များကိုသာ ဖော်ပြခဲ့ပြီး ဒေတာကောက်ယူခဲ့သည့်နည်းလမ်းများကို မဖော်ပြခဲ့ချေ။

### (င) အများယုံကြည်လက်ခံနိုင်မှု

- အများယုံကြည်လက်ခံနိုင်မှုဆိုသည်မှာ ဒေတာကောက်ယူခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် နိဂုံးချုပ်ကောက်ချက်ချခြင်းတို့တွင် တိကျမှုရှိ/မရှိ သုတေသန၌ ပါဝင်ဖြေကြားသူများနှင့်အတူ စစ်ဆေးခြင်းဖြစ်သည်။ သုတေသနတွင် ပါဝင်ဖြေကြားသူများက ၎င်းတို့၏ ဖြေကြားချက်များကို ရှင်းလင်းပြောကြားပေးခြင်း၊ အမှားများကို စစ်ဆေးခြင်းနှင့် အခြားသော အချက်အလက်များကို ထပ်မံဖြည့်သွင်းပေးနိုင်ပါသည်။
- **အခြေအနေပြဖြစ်ရပ်** – သုတေသီတစ်ဦးသည် 'လယ်သမားများသည် ဒေသခံအစိုးရနှင့် မည်သို့ အပြန်အလှန် ဆက်ဆံကြသနည်း' ဟူ၍ သုတေသနပြုစုနေသည်။
- **ယုံကြည်လက်ခံနိုင်သည်** – သုတေသီက လယ်သမား ၁၀ ဦးကို လူတွေ့မေးမြန်းခဲ့သည်။ ခွဲခြမ်းစိစစ်ပြီးသည့် အခါတွင် သုတေသီက ၎င်း၏ ရှာဖွေတွေ့ရှိချက်များကို လယ်သမားအချို့အား ပြသခဲ့ပြီး ၎င်းတို့၏ ထင်မြင်ချက်များသည် တိကျမှု ရှိ/မရှိ စစ်ဆေးခဲ့သည်။
- **ယုံကြည်လက်ခံနိုင်မှုမရှိချေ** – လူတွေ့မေးမြန်းမှုများကို ခွဲခြမ်းစိစစ်ပြီးသည့်အခါတွင် သုတေသီက အစီရင်ခံစာကို ရေးသားခဲ့သော်လည်း ရလဒ်အဖြေများအား မည်သည့် လယ်သမားများကိုမှ မပြသခဲ့ပါ။

### လေ့ကျင့်ခန်း – အခြေအနေပြဖြစ်ရပ်များကို တွဲစပ်ပါ

အခြေအနေပြဖြစ်ရပ် (၁–၃) များကို ရှေ့စာမျက်နှာတွင် ဖော်ပြခဲ့သော လက္ခဏာရပ်များ (က–ဂ) တို့ဖြင့် တွဲစပ်ပါ။ အခြေအနေပြဖြစ်ရပ်တစ်ခုချင်းစီသည် ကိန်းဂဏန်းမဟုတ်သော ဒေတာများ၊ အသေးစိတ်ဒေတာများ သို့မဟုတ် ပုဂ္ဂလိကဆန်ခြင်းတို့၏ ဥပမာတစ်ခုဖြစ်ပါသလား။ အခြေအနေပြဖြစ်ရပ်များသည် တစ်ခုထက်ပိုသော လက္ခဏာများဖြင့် တွဲစပ်နိုင်ပါသည်။

၁။ သုတေသီတစ်ဦးသည် 'ရှမ်းပြည်နယ်ရှိ မိသားစုများသည် တောင်ယာများတွင် အတူတကွ မည်သို့ လုပ်ကိုင်ကြသနည်း' ဟူ၍ သိရှိလိုသည်။ သုတေသီမှ ၃ ရက်အချိန်ကာလအတွင်း တောင်ယာ ၆ ခုသို့ သွားရောက်လည်ပတ်ခဲ့ပြီး မိသားစုများအတူတကွ လုပ်ကိုင်နေပုံကို ဓာတ်ပုံရိုက် မှတ်တမ်းတင်ခဲ့သည်။

၂။ သုတေသီတစ်ဦးသည် 'လူနည်းစု နောက်ခံအကြောင်းရင်းရှိသော မိသားစုများသည် လူများစု တိုင်းရင်းသားအစုအဖွဲ့များမှ မိသားစုများနှင့် အပြန်အလှန် ဆက်ဆံရေးများကို မည်သို့ ကိုင်တွယ်ကြသနည်း' ဟူ၍ စိတ်ဝင်စားသည်။ သုတေသီမှ လူ ၃ ဦးကို လူတွေ့မေးမြန်းခဲ့ပြီး ၎င်းတို့၏ ဘဝသမိုင်းကြောင်းများကို မှတ်တမ်းတင်ခဲ့သည်။

၃။ သုတေသီတစ်ဦးသည် မူးယစ်ဆေးဝါး ကိစ္စရပ်များပေါ်တွင် ကချင်ပြည်နယ်အစိုးရ၏ ကိုင်တွယ်ပုံနှင့် ပတ်သက်ပြီး ထိရောက်မှုမည်မျှရှိကြောင်း သိရှိလိုသည်။ သုတေသီမှ မူးယစ်ဆေးဝါး စွဲလမ်းနေသူများ၏ မိသားစုများ၊ လူနည်းစု ရပ်ရွာအဖွဲ့အစည်းခေါင်းဆောင်များနှင့် NGO များ၏ အမြင်များကို လူတွေ့မေးမြန်းခဲ့ပါသည်။



## လေ့ကျင့်ခန်း – မှန်/မှား ရွေးချယ်ပါ (မှားယွင်းနေပါက အဘယ်ကြောင့်နည်း)

၁။ 'အတည်ပြုနိုင်စွမ်းရှိခြင်း' ဆိုသည်မှာ အခြားလူများ၏ သုတေသနများကို ပြန်လည်လုပ်ဆောင်နိုင်သည့် နည်းလမ်းများကို ပြသခြင်းဖြင့် သုတေသီ၏ အချိန်နှင့် ငွေကြေးဆုံးရှုံးမှု မရှိစေရန်ဖြစ်သည်။

၂။ အတည်ပြုနိုင်သော သုတေသနတွင် ဒေတာများကို ကောက်ယူသည့်နည်းလမ်းများကို ဖော်ပြထားပါလိမ့်မည်။

၃။ 'အများယုံကြည်လက်ခံနိုင်မှု' ဆိုသည်မှာ သင်၏သုတေသနကို ယုံကြည်လက်ခံနိုင်ကြောင်း အခြားသုတေသီများကို သက်သေပြခြင်းဖြစ်သည်။

၄။ အများယုံကြည်လက်ခံနိုင်သော သုတေသနတွင် အဆိုပါသုတေသန၏ တိကျမှုနှင့် ပတ်သက်ပြီး ပါဝင်ဖြေကြားသူများ၏ အကြံပြုချက်များကို ထည့်သွင်းဖော်ပြရမည်။

## လုပ်ငန်းစဉ် – အတည်ပြုနိုင်စွမ်းနှင့် အများယုံကြည်လက်ခံနိုင်စွမ်း ရှိပါသလား

အောက်တွင်ပေးထားသော အခြေအနေပြဖြစ်ရပ်ကို ဖတ်ရှုပြီး မေးခွန်းများကို ဖြေဆိုပါ။

သုတေသီတစ်ဦးသည် Job Prospects ဟုခေါ်သည့် သက်မွေးဝမ်းကျောင်း သင်တန်းအစီအစဉ်တစ်ခုအကြောင်း သုတေသနပြုစုခဲ့သည်။ ၎င်းသင်တန်းသည် ရှမ်းပြည်နယ်ရှိ မြို့ပြနေရာများတွင်ရှိသော ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများအား အကူအညီပေးရန်ဖြစ်သည်။ သုတေသနမေးခွန်းမှာ 'Job Prospects သင်တန်းအစီအစဉ်နှင့် ပတ်သက်ပြီး ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများတွင် မည်သို့သော အကြံပြုချက်များ ရှိကြသနည်း' ဟူ၍ဖြစ်သည်။ သုတေသီက ပါဝင်ဖြေကြားသူများကို လူတွေ့မေးမြန်းရန်အတွက် ရှမ်းပြည်နယ်သို့ တစ်ခေါက် သွားရောက်လည်ပတ်ခဲ့သည်။ ပါဝင်ဖြေကြားသူများက သင်တန်းကို အတော်ကြိုက်နှစ်သက်ကြသော်လည်း အလုပ်ရှာဖွေရာတွင် ကူညီပံ့ပိုးမှုများ ပိုမိုလိုချင်ကြသည်ဟု ဖြေကြားခဲ့ကြသည်။ ထိုသို့ မေးမြန်းပြီးသည့်အခါတွင် သုတေသီက ပါဝင်ဖြေကြားသူများထံသို့ ထပ်မံဆက်သွယ်မှုများ မပြုလုပ်ခဲ့ပါ။

သုတေသီက ဒေတာများကို ခွဲခြမ်းစိတ်စစ်ခဲ့ပြီး အစီရင်ခံစာတစ်စောင်ရေးသားခဲ့သည်။ အစီရင်ခံစာတွင် မေးမြန်းခဲ့သော မေးခွန်းများ၊ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများနှင့် လူတွေ့မေးမြန်းခဲ့သည့်အချိန်၊ နေရာနှင့် မေးမြန်းပုံများ အပါအဝင် အသုံးပြုခဲ့သော နည်းလမ်းများနှင့် ပတ်သက်ပြီး အသေးစိတ်ထည့်သွင်းဖော်ပြခဲ့သည်။ သုတေသနစာတမ်း ရေးသားပြီးသည့်အခါတွင် ၎င်းရလဒ်များကို ရန်ကုန်မြို့ရှိ NGO များထံသို့ တင်ပြခဲ့သည်။

၁။ အဆိုပါ သုတေသနသည် အတည်ပြုနိုင်စွမ်း ရှိပါသလား။ သင်၏အဖြေကို ရှင်းပြပါ။

၂။ သုတေသန ရှာဖွေတွေ့ရှိချက်များသည် ယုံကြည်လက်ခံနိုင်ဖွယ်ရှိပါသလား။ သင်၏အဖြေကို ရှင်းပြပါ။

## အသေးစား အရည်အသွေးစံပြု သုတေသနစီမံကိန်းများအတွက် လက်တွေ့ကျသော အကြံပြုချက်များ

အတည်ပြုနိုင်စွမ်းနှင့် ယုံကြည်လက်ခံနိုင်စွမ်းရှိသော သုတေသနအတွက် အကြံပြုချက်များသည် အသေးစား သုတေသနစီမံကိန်းများအတွက် အမြဲတမ်း သင့်လျော်မှုမရှိကြချေ။ ကောင်းမွန်သော အသေးစား အရည်အသွေးစံပြု သုတေသနစီမံကိန်းများအတွက် အောက်ပါအချက်များကို လိုက်နာရန် အကြံပြုလိုပါသည်။

- ဒေတာကောက်ယူသည့်အချိန် ဒေတာကောက်ယူသည့်နေရာနှင့် ဒေတာကောက်ယူခဲ့သူများနှင့် ပတ်သက်ပြီး မှတ်စုရေးသားပါ။
- အသုံးပြုခဲ့သော နည်းလမ်းများနှင့် လုပ်ငန်းဆောင်တာများဆိုင်ရာ အသေးစိတ် သတင်းအချက်အလက်များကို ပံ့ပိုးပေးပါ။
- ဒေတာကောက်ယူခြင်းဆိုင်ရာ ဆက်စပ်အကြောင်းအရာများကို မှတ်တမ်းတင်ပြီး ပြင်ပလူများမှပြောသည့် အကြောင်းအရာက သင့်အပေါ် မည်သို့လွှမ်းမိုးနိုင်ကြောင်း ပြန်လည်သုံးသပ်ပါ။
- ဒေတာအားလုံးကို ခွဲခြမ်းစိတ်စစ်ပြီးသည့်အခါတွင် သင်၏ ရှာဖွေတွေ့ရှိချက်များကို သုတေသန ဒေတာများ ကောက်ယူခဲ့သည့် လူများထဲမှ တစ်စုံတစ်ယောက်နှင့် စကားပြောဆိုပြီး ရှာဖွေတွေ့ရှိချက်၏ တိကျမှုနှင့် ပတ်သက်ပြီး ၎င်းတို့၏ အမြင်နှင့် အကြံပြုချက်များကိုရယူပါ။

## ဖြစ်ရပ်လေ့လာချက် – ဖြစ်ရပ်လေ့လာချက်ကို ခွဲခြမ်းစိစစ်ပါ


ပေးထားသော ဖြစ်ရပ်လေ့လာချက်အား ဖတ်ရှုပြီး အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ ဤဖြစ်ရပ်လေ့လာချက်တွင် အရည်အသွေးစံပြု သုတေသန၏ မည်သည့် လက္ခဏာရပ်များကို *(ကိန်းဂဏန်းမပါသော ဒေတာ၊ အသေးစိတ်ဒေတာ၊ ပုဂ္ဂလိကဆန်ခြင်း၊ အတည်ပြုနိုင်စွမ်းရှိခြင်း၊ ယုံကြည်လက်ခံနိုင်စွမ်းရှိခြင်း)* ရှာဖွေနိုင်ပါသနည်း။

၂။ ဤခေါင်းစဉ်အောက်တွင် မည်သို့သော အရေအတွက်စံပြု သုတေသနကို လုပ်ဆောင်နိုင်ပါသနည်း။

## ရပ်တန့်နေသော ဘဝများ - ကချင်ပြည်နယ်ရှိ ပဋိပက္ခများကြောင့် ရွှေ့ပြောင်းနေထိုင်ရသည့် အမျိုးသမီးများ၏ အတွေ့အကြုံများ (၂၀၁၇) - TROCAIRE AND OXFAM

ဤသုတေသနသည် ကချင်ပြည်နယ်အတွင်းရှိ ရွှေ့ပြောင်းနေထိုင်သူများ စခန်းမှ အမျိုးသမီးများကို အတူတကွ စုဆောင်းပြီး ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် ၎င်းတို့၏ မျှော်လင့်ချက်များနှင့် ဦးစားပေးများကို ဆွေးနွေးစေခြင်းဖြစ်သည်။




နှစ်ရက်တာ အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်ရန်အတွက် ကချင်ပြည်နယ်အတွင်းရှိ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများစခန်း ၁၂ ခုမှ အမျိုးသမီးများကို ဖိတ်ကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့တွင် အမျိုးသမီးများသည် ၎င်းတို့ တွေ့ကြုံခဲ့ရသော ကချင်ပြည်နယ်အတွင်းမှ ပဋိပက္ခများအကြောင်း ဆွေးနွေးကြပြီး ဒုတိယနေ့တွင် ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်များနှင့် ဦးစားပေးများအကြောင်း ဆွေးနွေးကြသည်။ အမျိုးသမီးများကို ၎င်းတို့၏အမြင်များ၊ ခံစားချက်များနှင့် လိုအပ်ချက်များကို ပွင့်လင်းစွာ ဖလှယ်မှုဝေရန် တိုက်တွန်းအားပေးခဲ့သည်။

သုတေသီများက ဆွေးနွေးဝိုင်းများ၊ လူတွေ့မေးမြန်းမှုများ၊ စောင့်ကြည့်လေ့လာခြင်း ဒေတာများနှင့် အချို့ကိစ္စရပ်များအပေါ်တွင် အမျိုးသမီးများ ဆွေးနွေးသည့်ပုံစံများမှ မှတ်စုများကို ခွဲခြမ်းစိစစ်ခဲ့ကြသည်။

ဤသုတေသနအတွက် အစီရင်ခံစာတွင် သုတေသနအတွက် အသုံးပြုခဲ့သော နည်းလမ်းများကို ဖော်ပြခဲ့သည်။ ထိုသို့ ရှင်းပြရာတွင် ရွှေ့ပြောင်းနေထိုင်သူများ စခန်းများနှင့် ပါဝင်ဖြေကြားသူများ ရွေးချယ်ပုံများ၊ လူတွေ့မေးမြန်းမှု မေးခွန်းများနှင့် မေးမြန်းမှုများကို ဖြေကြားပုံများ၊ အလုပ်ရုံဆွေးနွေးဝိုင်းဖြစ်စဉ်များနှင့် အုပ်စုဖွဲ့ဆွေးနွေးဝိုင်းများဆိုင်ရာ အသေးစိတ်အချက်အလက်များကို ထည့်သွင်းဖော်ပြပေးပါသည်။

အစီရင်ခံစာထဲတွင် ရှာဖွေတွေ့ရှိချက်များကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုင်ရာ ပဋိပက္ခနှင့် ငြိမ်းချမ်းရေး အသိအမြင်များနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ရွှေ့ပြောင်းနေထိုင်သူ အမျိုးသမီးများ၏ ပါဝင်ဖြေကြားချက်ဟူ၍ အုပ်စုများဖွဲ့ခဲ့သည်။

https://www.trocaire.org/sites/default/files/resources/policy/life-on-hold-trocaire-oxfam-2017.pdf

## သင်တို့၏ သုတေသနစီမံကိန်း – အရည်အသွေးစံပြု သုတေသန

သုတေသနမေးခွန်းတစ်ခုကို စဉ်းစားပါ။ အဆိုပါမေးခွန်းသည် ရှေ့မှ သင်ခန်းစာတွင် အသုံးပြုခဲ့သော ခေါင်းစဉ်လည်း ဖြစ်နိုင်သကဲ့သို့ စိတ်ဝင်စားသည့် အခြားအကြောင်းအရာ ခေါင်းစဉ်တစ်ခုလည်းဖြစ်နိုင်သည်။

၁။ ဤခေါင်းစဉ်အောက်တွင် သင်ထည့်သွင်းချင်သော အရည်အသွေးစံပြု သုတေသနများ ရှိပါသလား။

၂။ အဆိုပါ သုတေသနသည် အတည်ပြုနိုင်စွမ်းရှိပြီး ယုံကြည်လက်ခံနိုင်စွမ်းရှိအောင် သင်မည်သို့ ဆောင်ရွက်နိုင်သနည်း။

၃။ နှစ်ယောက်တစ်တွဲစီဖြင့် ဤသုတေသနအား အတည်ပြုနိုင်စွမ်းရှိပြီး ယုံကြည်လက်ခံနိုင်စွမ်းရှိအောင် လုပ်ဆောင်သည့် အခါတွင် ကြုံတွေ့ရနိုင်သော အခက်အခဲများကို ဆွေးနွေးပါ။

## ဆွေးနွေးချက်

အရည်အသွေးစံပြု သုတေသနလုပ်ဆောင်ရန်အတွက် မည်သည့် လက္ခဏာရပ်များနှင့် ကျွမ်းကျင်မှုများကို လိုအပ်ပါသနည်း။

# ၂.၄ - ရောထွေးထားသည့် သုတေသန နည်းလမ်းများ

## အကြိုလေ့လာချက်

သုတေသနစီမံချက်တစ်ခုတွင် အရေအတွက်စံပြု နည်းလမ်းနှင့် အရည်အသွေးစံပြု နည်းလမ်းနှစ်ခုစလုံးကို အဘယ်ကြောင့် အသုံးပြုသနည်း။

ရောထွေးထားသည့် သုတေသန နည်းလမ်းများဆိုသည်မှာ သုတေသနစီမံကိန်းတစ်ခုတွင် ဒေတာများ ကောက်ယူရန်အတွက် အရေအတွက်စံပြု နည်းလမ်းနှင့် အရည်အသွေးစံပြု နည်းလမ်းများ နှစ်ခုစလုံးကို အသုံးပြုသည်ကို ဆိုလိုခြင်းဖြစ်သည်။ ထိုသို့ ပေါင်းစပ်အသုံးပြုခြင်းက နည်းလမ်းတစ်ခုတည်း (အရည်အသွေးစံပြု သို့မဟုတ် အရေအတွက်စံပြု နည်းလမ်း) အသုံးပြုခြင်းထက် သုတေသနပြုစုနေသည့် လူမှုကိစ္စရပ်များကို ပိုမိုနားလည်နိုင်မှု ရရှိနိုင်သည်ဟု ၎င်းတို့က လက်ခံထားကြသည်။ သုတေသီများကလည်း အရည်အသွေးစံပြုနှင့် အရေအတွက်စံပြု နည်းလမ်းနှစ်ခုစလုံးကို အသုံးပြု၍ ဒေတာများ ကောက်ယူစုဆောင်းပါက ၎င်းတို့၏ ရှာဖွေတွေ့ရှိချက်များကို နှိုင်းယှဉ်ပြီး စစ်ဆေးနိုင်ပါလိမ့်မည်။

## လေ့ကျင့်ခန်း – ဥပမာ အမျိုးအစားများ

အောက်တွင် သုတေသန အစီရင်ခံစာများမှ မေးခွန်း၊ ဒေတာနှင့် ထုတ်နှုတ်ချက် ဥပမာများကို ဖော်ပြထားပါသည်။ ၎င်းတို့ တစ်ခုချင်းစီကို *အရေအတွက်စံပြု၊ အရည်အသွေးစံပြု သို့မဟုတ် ရောထွေးထားသည့် နည်းလမ်းများအဖြစ်* အမျိုးအစား ခွဲခြားပါ။ သင်တို့ အဖြေများကို ရှင်းပြပါ။



၁။ **မေးခွန်း** – လူငယ်များသည် လက်ကိုင်ဖုန်းများကို အဘယ်ကြောင့် အသုံးပြုကြသနည်း။

၂။ **ဒေတာ** – ဓာတ်ပုံကို ကြည့်ပါ။

၃။ **ဒေတာ** – ၈၆.၇% သော ဖြေကြားသူများက လူတွေ့မေးမြန်းမှုတွင် ဖြေကြားခဲ့သည့်အတိုင်း သဘာဝပတ်ဝန်းကျင်သည် ပိုမိုဆိုးရွားလာခဲ့သည်ဟု ဆိုကြသည်။ အဆိုပါအကြောင်းကိုလည်း အင်တာဗျူးထဲတွင် အတည်ပြုထားခဲ့သည်။

၄။ **ထုတ်နှုတ်ချက်** – 'လူတွေ့မေးမြန်းမှုများအတွင်း၊ ဖြေကြားသူများက အလုပ်အကိုင် အခွင့်အလမ်းများ ရှားပါးသည်ဟု ဖော်ပြခဲ့သည်။'

၅။ **မေးခွန်း** – နေ့စဉ်နေ့တိုင်း သင်၏လက်များကို အကြိမ်ပေါင်း မည်မျှ ဆေးကြောပါသနည်း။ – ၁ – ၂ – ၃ – ၄ – ၅ – ၆

၆။ **ထုတ်နှုတ်ချက်** – 'အားကစားနှင့် ပတ်သက်ပြီး လမ်းတွင် တွေ့ရှိရသော လူများနှင့် စကားစမြည်ပြောဆိုခဲ့ရသည်။ ၎င်းတို့၏ အသက်အရွယ်၊ ကျား/မနှင့် အလုပ်အကိုင်စသည့် အချက်များကို ကောက်ယူခဲ့သည်။'

၇။ **ထုတ်နှုတ်ချက်** – 'မေးခွန်းများကို ဖြေဆိုသည့်အခါတွင် ဖြေဆိုသူသည် စိတ်သက်တောင့်သက်သာ မရှိသည့်ပုံ တွေ့ရသည်ဟု သတိထားမိပါသည်။'

## လုပ်ငန်းစဉ် – သုတေသနလုပ်ဆောင်ရာတွင် နည်းလမ်းများကို ရောထွေးအသုံးပြုခြင်း

စာမျက်နှာ ၃၇ နှင့် ၄၁ တွင် ပေးထားသော ဖြစ်ရပ်လေ့လာချက်များတွင် ဖော်ပြထားသော အရေအတွက်စံပြုနှင့် အရည်အသွေးစံပြု သုတေသနနည်းလမ်းများ၏ ဥပမာများကိုကြည့်ပါ။ အဆိုပါ သုတေသန စီမံကိန်းများသည် ရောထွေးထားသည့် နည်းလမ်းများကို အသုံးပြုနိုင်သည့်ပုံအား ဆွေးနွေးကြပါ။

၁။ ပွင့်လင်းမြန်မာ့ရှေ့ဆောင် အဖွဲ့အစည်းမှ ရေးသားတင်ပြခဲ့သော ဒေသခံအစိုးရ၏ သုတေသနအစီရင်ခံစာတွင် (စာ – ၃၇ တွင်ကြည့်ပါ) အရည်အသွေးစံပြု သုတေသနနည်းလမ်းကို မည်သို့ အသုံးပြုနိုင်ခဲ့ပါသနည်း။

၂။ ရပ်တန့်နေသောဘဝများ – ကချင်ပြည်နယ်ရှိ ပဋိပက္ခများကြောင့် ရွှေ့ပြောင်းနေထိုင်ရသည့် အမျိုးသမီးများ၏ အတွေ့အကြုံများ (၂၀၁၇) (စာ – ၄၁ တွင်ကြည့်ပါ) သုတေသနတွင် အရေအတွက်စံပြု သုတေသနကို မည်သို့ အသုံးပြုနိုင်ခဲ့ပါသနည်း။

## လုပ်ငန်းစဉ် – အရေအတွက်စံပြုနှင့် အရည်အသွေးစံပြု သုတေသနတို့ကို နှိုင်းယှဉ်ခြင်း

၁။ အဖွဲ့ငယ်များဖွဲ့၍ လူ ၁၀ ဦးအား အောက်ပါမေးခွန်းများကို မေးမြန်းပါ။ ၎င်းတို့၏ အဖြေများကို မှတ်တမ်းတင်ပါ။

| အရေအတွက်စံပြု | မေးခွန်းများ | ဖြစ်နိုင်ခြေရှိသော အဖြေများ | | | |
|---|---|---|---|---|---|
| | ၁။ သင်၏ ရပ်ရွာအဖွဲ့အစည်းတွင် ဒုစရိုက်မှုများသည် ကြီးမားသော ပြဿနာတစ်ခု ဟုတ်ပါသလား။ | (က) ဟုတ်သည်။ | | (ခ) မဟုတ်ပါ။ | |
| | ၂။ လွန်ခဲ့သော ၃ လအတွင်း သင်၏ ရပ်ရွာအဖွဲ့အစည်းအတွင်း ဒုစရိုက်မှုတစ်ခုခုကို တွေ့မိပါသလား။ | (က) ဟုတ်သည်။ | | (ခ) မဟုတ်ပါ။ | |
| | ၃။ သင်၏ ရပ်ရွာအဖွဲ့အစည်းအတွင်းရှိ ဒုစရိုက်မှုနှင့် ဆက်နွှယ်သည့် အကြီးမားဆုံး ပြဿနာရပ်မှာ အဘယ်နည်း။ | (က) မူးယစ်ဆေးဝါးများ | (ခ) အကြမ်းဖက်မှု | (ဂ) ခိုးယူမှု | (ဃ) လာဘ်စားမှု |
| | ၄။ အစိုးရအနေဖြင့် ဒုစရိုက်မှုများကို ဖော်ထုတ်ရန်အတွက် မည်သည့် ပြဿနာရပ်များပေါ်တွင် ငွေကြေး အသုံးချရမည်နည်း။ | (က) မူးယစ်ဆေးဝါးများ | (ခ) အကြမ်းဖက်မှု | (ဂ) ခိုးယူမှု | (ဃ) လာဘ်စားမှု |

၂။ ဒေတာများကို အမျိုးအစားခွဲဖွဲ့ပြီး နိဂုံးချုပ်ကောက်ချက်ချပါ။

၃။ သင်တို့၏ ရှာဖွေတွေ့ရှိချက်များကို ဆွေးနွေးပါ။

၄။ အဖွဲ့ငယ်များဖွဲ့၍ အောက်ပါမေးခွန်းများကို လူ ၃ ဦးအား မေးမြန်းပါ။ ၎င်းတို့၏ အဖြေများကို မှတ်တမ်းတင်ပါ။

| အရည်အသွေးစံပြု | မေးခွန်းများ |
|---|---|
| | (က) သင်၏ ရပ်ရွာအဖွဲ့အစည်းသည် မည်မျှ လုံခြုံပါသနည်း။ |
| | (ခ) ဒုစရိုက်မှုများသည် သင်၏ ရပ်ရွာအဖွဲ့အစည်းအတွင်းရှိ မိသားစုများအပေါ်တွင် မည်သို့ သက်ရောက်မှုရှိသနည်း။ |
| | (ဂ) သင်၏ ရပ်ရွာအဖွဲ့အစည်းအတွင်းရှိ ဒုစရိုက်မှုများကို အစိုးရက အကောင်းဆုံးအနေဖြင့် မည်သို့ ဖော်ထုတ်တင်ပြနိုင်သနည်း။ |

၅။ ရလဒ်များကို အမျိုးအစားခွဲဖွဲ့ပြီး နိဂုံးချုပ်ကောက်ချက်ချပါ။

၆။ သင်တို့၏ ရှာဖွေတွေ့ရှိချက်များကို ဆွေးနွေးပါ။

၇။ တစ်တန်းလုံးအနေဖြင့် အရေအတွက်စံပြုနှင့် အရည်အသွေးစံပြု သုတေသန မေးခွန်းများအတွက် ဖြေကြားချက်များကို နှိုင်းယှဉ်ပါ။ မေးခွန်းများကို ဆွေးနွေးပါ။

(က) မေးခွန်းများသည် မည်သို့ ခြားနားကြသနည်း။

(ခ) ဒေတာများသည် မည်သို့ ခြားနားကြသနည်း။

(ဂ) မည်သည့်ဒေတာများသည် အမျိုးအစားခွဲခြားဖွဲ့စည်းရန် ပိုမိုလွယ်ကူပါသနည်း။ အဘယ်ကြောင့်နည်း။

## လုပ်ငန်းစဉ် – ရောထွေးထားသည့် သုတေသန နည်းလမ်းများတွင် အသုံးပြုသည့် မေးခွန်းများ

၁။ အရေအတွက်စံပြု မေးခွန်း ၃ ခုနှင့် အရည်အသွေးစံပြု မေးခွန်း ၃ ခုကို ကျရာအစဉ်လိုက် စာရင်းတစ်ခုပြုစုပါ။

၂။ နှစ်ယောက်တစ်တွဲစီဖြင့် သင်တို့၏ အရေအတွက်စံပြုနှင့် အရည်အသွေးစံပြု သုတေသန မေးခွန်းများကို အတန်းဖော်တစ်ဦးဖြင့် ခွဲခြားဖော်ထုတ်ပါ။



### ဆွေးနွေးချက်

သင့်အနေဖြင့် အရေအတွက်စံပြု သို့မဟုတ် အရည်အသွေးစံပြု သုတေသနကို လုပ်ဆောင်ဖြစ်မည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

# အခန်း ၃ -

# သုတေသန ကျင့်ဝတ်များ




## သင်ယူလေ့လာရေး ရည်မှန်းချက်များ

### ဗဟုသုတ

ဤအခန်းတွင် အောက်ပါအချက်များနှင့် ပတ်သက်သော သင်တို့၏ ဗဟုသုတများ တိုးပွားလာပါလိမ့်မည်။

- သုတေသနကျင့်ဝတ်များ။
- ထိခိုက်နာကျင်စေမှု။
- သဘောတူညီချက် တောင်းခံခြင်း။
- လျှို့ဝှက်ထားမှု။

### ကျွမ်းကျင်မှုများ

ဤအခန်းတွင် အောက်ပါအချက်များနှင့် ပတ်သက်သော သင်တို့၏ စွမ်းရည်များကို လေ့ကျင့်သွားရပါလိမ့်မည်။

- မတူခြားနားသော ထိခိုက်နာကျင်စေမှုများအကြား ခွဲခြားဖော်ထုတ်ရန်။
- ကျင့်ဝတ်ညီ သုတေသန၏ အင်္ဂါရပ်များကို ဆွေးနွေးရန်။
- ဆက်စပ်အကြောင်းအရာများတွင် သုတေသနကျင့်ဝတ်များအား အသုံးပြုနိုင်ပုံကို စစ်ဆေးရန်။
- တစ်ဦးချင်းလုပ်ဆောင်ရမည့် သုတေသနစီမံကိန်းများအတွက် ကျင့်ဝတ်ဆိုင်ရာ ညွှန်ကြားချက်များ ရေးသားရန်။

# ၃.၁ - ထိခိုက်နာကျင်စေမှု

## အကြိုလေ့လာချက်

၁။ သုတေသီများအနေဖြင့် ၎င်းတို့ သုတေသနပြုစုနေသော လူထုနှင့် ရပ်ရွာအဖွဲ့အစည်းများအပေါ် မည်သို့သော အပျက်သဘောဆောင်သည့် သက်ရောက်မှုများ ရှိနိုင်ပါမည်နည်း။

**ဥပမာ** – *သုတေသနသည် လူထု၏ အချိန်များစွာကို ဆုံးရှုံးစေနိုင်ပါသည်။*

၂။ သုတေသနတွင် ပါဝင်သူများအပေါ် သုတေသီများအနေဖြင့် မည်သို့သော တာဝန်ဝတ္တရားများ ရှိပါသနည်း။

## လုပ်ငန်းစဉ် – ဖြစ်နိုင်ခြေရှိသော ပြဿနာများကို ကြိုတင်ခန့်မှန်းပါ

ပေးထားသော အခြေအနေပြဖြစ်ရပ်အား ဖတ်ရှုပါ။ အောက်ပါသုတေသနစီမံကိန်းသည် မည်သို့သော ထိခိုက်နာကျင်စေမှုများကို ဖြစ်စေနိုင်ပါသနည်း။

> ကိုလွင်သည် ပြည်ထဲရေးဝန်ကြီးဌာနမှ သုတေသီတစ်ဦးဖြစ်ပြီး တက္ကသိုလ်ကျောင်းသားများအကြား မူးယစ်ဆေးဝါးသုံးစွဲမှုများကို သုတေသနပြုစုနေသည်။ ၎င်းအနေဖြင့် မူးယစ်ဆေးဝါးသုံးစွဲသူများ အပါအဝင် ကျောင်းသားများနှင့် စကားပြောဆိုသည်။ ဤသုတေသနစီမံကိန်းတွင် ကျောင်းသားများ ပါဝင်ဖြေကြားလာစေရန်အတွက် စေတနာကြေး ပေးဆောင်သည်။ ကိုလွင်မှ ဓာတ်ပုံများရိုက်ယူ၍ ဒေသတွင်း တက္ကသိုလ်နှင့် အစိုးရအရာရှိများထံသို့ အစီရင်ခံစာတစ်စောင် ရေးသားပေးပို့သည်။



သုတေသနတစ်ခုအား ကောင်းစွာမလုပ်ဆောင်သည့်အခါတွင် သုတေသီများ၊ သုတေသနတွင် ပါဝင်ဖြေကြားသူများနှင့် သုတေသနပြုစုသည့် ရပ်ရွာအဖွဲ့အစည်းတို့အား ထိခိုက်နာကျင်စေပါသည်။ သုတေသနကျင့်ဝတ်များတွင် လေးစားမှုထားရန်နှင့် တတ်နိုင်သမျှ ထိခိုက်နာကျင်မှုကင်းအောင် ရှောင်ရှားခြင်းတို့ပါဝင်သည်။

## ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်စေမှု

ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်စေမှုတွင် လူတစ်ဦးအား နာကျင်စေမှု သို့မဟုတ် ထိခိုက်ပျက်စီးစေမှုတို့ပါဝင်သည်။ ဥပမာ – အန္တရာယ်ဖြစ်နိုင်ခြေများကို ဆန်းစစ်လေ့လာခြင်းမရှိဘဲ ပဋိပက္ခဖြစ်ပွားနေသော နေရာတစ်ခုတွင် သုတေသနပြုစုမည်ဆိုပါက၊ သုတေသီ သို့မဟုတ် သုတေသနတွင် ပါဝင်သူများအနေဖြင့် ထိခိုက်ဒဏ်ရာရရှိနိုင်ပါသည်။

ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်စေမှု အန္တရာယ်ကို လျှော့ချရန်အတွက်

- သင်သုတေသနပြုစုမည့်ဒေသတွင် လက်နက်ကိုင် ပဋိပက္ခ သို့မဟုတ် အခြားသော ဆူပူလှုပ်ရှားမှုများ ရှိနေသည့်အခါ၌ လက်ရှိလုံခြုံရေး အခြေအနေနှင့် ပတ်သက်သည့် ယုံကြည်ကိုးစားနိုင်သော အချက်အလက်များကို ရှာဖွေစုဆောင်းပါ။
- နယ်စွန်နယ်ဖျားဒေသများသို့ ခရီးသွားနေသည့်အခါတွင် နောက်ဆုံးသွားနိုင်သည့်လမ်းနှင့် ရာသီဥတု အခြေအနေများကို ရှာဖွေပါ။

## လူမှုရေးဆိုင်ရာ ထိခိုက်နာကျင်စေမှု

သုတေသနသည် လူများ၊ မိသားစု သို့မဟုတ် ရပ်ရွာအဖွဲ့အစည်းများအကြား ပြဿနာများ ဖြစ်ပွားစေနိုင်ပါသည်။ ဥပမာ – သင်သည် ပြည်သူများ၏ မဲဆန္ဒထည့်ခြင်းအကြောင်း လေ့လာနေပြီး ပြည်သူများက ၎င်းတို့၏ ရပ်ရွာအဖွဲ့အစည်းအတွင်းမှ လူများ၏ မဲထည့်ဝင်မှုများကို သိရှိသွားသည့်အခါတွင် ၎င်းတို့ ကြိုက်နှစ်သက်သည့် ပါတီ သို့မဟုတ် ရွေးကောက်ခံပုဂ္ဂိုလ်များကို မဲမထည့်သည့်အတွက် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် စိတ်ဆိုးဒေါသ ဖြစ်စေနိုင်ပါသည်။

## တရားရေးဆိုင်ရာ ထိခိုက်နာကျင်စေမှု

တရားရေးဆိုင်ရာ ထိခိုက်နာကျင်စေမှုဆိုသည်မှာ ပြည်သူ့ရဲဝန်ထမ်း သို့မဟုတ် တရားရုံးကြောင့် ဖြစ်ပွားလာသော ပြဿနာများကို ဆိုလိုပါသည်။ ဥပမာ – အစိုးရမှ ပြည်သူများ ဖြတ်သန်းသွားလာခွင့်မပြုသည့်နေရာများတွင် သုတေသနပြုစုခြင်း သို့မဟုတ် ပြည်သူ့ရဲများ၏ လာဘ်စားမှုကဲ့သို့သော အာဏာပိုင်များက အထိမခံသည့် ကိစ္စရပ်များကို စုံစမ်းစစ်ဆေးခြင်း။

လူမှုရေးဆိုင်ရာ သို့မဟုတ် တရားရေးဆိုင်ရာ ထိခိုက်နာကျင်စေမှုအန္တရာယ်များကို လျှော့ချရန်အတွက် **လျှို့ဝှက်ထားမှု**သည် အရေးကြီးပါသည်။ အခြားသော ပါဝင်ဖြေကြားသူများ မည်သူမည်ဝါဖြစ်ကြောင်း သို့မဟုတ် ထိလွယ်ရှလွယ် ကိစ္စရပ်များနှင့် ပတ်သက်ပြီး ဖြေကြားချက်များအား မသိရှိစေရန် (လူမှုရေးဆိုင်ရာ ထိခိုက်နာကျင်စေမှု)၊ အာဏာပိုင်များနှင့် ပြဿနာမဖြစ်စေရန်အတွက် (တရားရေးဆိုင်ရာ ထိခိုက်နာကျင်စေမှု) သုတေသနတွင် ပါဝင်ဖြေကြားသူများ၏ သရုပ်လက္ခဏာကို လျှို့ဝှက်ပေးထားပါ။

## စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်စေမှု

စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်စေမှုဆိုသည်မှာ တစ်စုံတစ်ဦး၏ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ခံစားချက်အခြေအနေပေါ်တွင် အပျက်သဘောဆောင်စွာ သက်ရောက်မှုရှိခြင်းဖြစ်သည်။ သုတေသီတစ်ဦး၏ မေးခွန်းများသည် ဖြေကြားသူများကို စိတ်အနှောင့်အယှက်ဖြစ်စေခြင်း၊ စိတ်ဓာတ်ကျစေခြင်း၊ ရှက်ရွံ့စိတ်ဖြစ်ခြင်း သို့မဟုတ် မိမိကိုယ်ကိုယ်ယုံကြည်မှု လျော့နည်းစေခြင်းတို့ကို ဖြစ်ပွားစေနိုင်ပါသည်။ သုတေသီများသည် မေးခွန်းများ မေးမြန်းသည့်အခါတွင် ထိလွယ်ရှလွယ် ဖြစ်နိုင်ခြေများကို သတိထားမိသည့် စွမ်းရည်များ တတ်ကျွမ်းထားရန်လိုအပ်သည်။

ဆိုးရွားသော စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်စေမှု အန္တရာယ်အား လျှော့ချရန်အတွက်

- လူတွေ့မေးမြန်းမှု မေးခွန်းများ စဉ်းစားသည့်အခါတွင် ပါဝင်ဖြေကြားသူများအား စိတ်ထိခိုက်စေနိုင်သည့် ကိစ္စရပ်များကို သတိဂရုပြုပါ။
- ပါဝင်ဖြေကြားသူများအား စိတ်ထိခိုက်စေနိုင်သည့် ခေါင်းစဉ်များနှင့် ပတ်သက်ပြီး မေးခွန်းများ မေးမြန်းရာတွင် ပညာရှင်များ သို့မဟုတ် သုတေသီများထံမှ ပထမဦးစွာ အကြံဉာဏ်များတောင်းခံပါ။
- ပါဝင်ဖြေကြားသူများက မဖြေဆိုလိုသည့် မေးခွန်းများရှိပါက ဖြေကြားစရာမလိုအပ်ကြောင်းနှင့် လူတွေ့မေးမြန်းမှုကို ဆန္ဒရှိသည့်အချိန်တွင် ရပ်တန့်နိုင်ကြောင်း ရှင်းပြပါ။
- လူတွေ့မေးမြန်းမှုအတွင်း ပါဝင်သူများမှ မေးခွန်းများကို ဖြေကြားနေသည့်အခါတွင် စိတ်ထိခိုက်သည့် လက္ခဏာများကို စောင့်ကြည့်ပါ။ (ဥပမာ – ငိုကြွေးခြင်း သို့မဟုတ် အလွန်အမင်း ဒေါသထွက်ခြင်း)
- ပါဝင်ဖြေကြားသူတစ်ဦးက မေးခွန်းတစ်ခုခုအား ဖြေကြားရာတွင် စိတ်ထိခိုက်လာပါက အဆိုပါ မေးခွန်းအား ဆက်လက်မေးမြန်းခြင်း မပြုပါနှင့်။
- ဖြစ်နိုင်မည်ဆိုပါက **စိတ်ထိခိုက်ဖွယ်** အတွေ့အကြုံများအကြောင်း ဆွေးနွေးခဲ့သည့် ပါဝင်ဖြေကြားသူများအား ၎င်းတို့ကို ပံ့ပိုးမှုများနှင့် တိုင်ပင်ဆွေးနွေးမှုများ ထောက်ပံ့ပေးနိုင်သည့် အဖွဲ့အစည်းများ၏ အသေးစိတ်ဆက်သွယ်ရန် လိပ်စာများပေးပါ။

## လုပ်ငန်းစဉ် – ထိခိုက်နာကျင်စေမှုများကို ခွဲခြားဖော်ထုတ်ပါ

ပေးထားသော အခြေအနေပြဖြစ်ရပ်တစ်ခုစီတိုင်းသည် ဖြစ်နိုင်ခြေရှိသော ထိခိုက်နာကျင်စေမှု၏ ဥပမာများဖြစ်သည်။ အခြေအနေပြဖြစ်ရပ်တစ်ခုစီတိုင်းအတွက် အောက်ပါအတိုင်း ရှင်းပြပါ။

၁။ ထိခိုက်နာကျင်စေမှုကို မည်သူများခံစားရမည်နည်း။ မည်သို့သော ထိခိုက်နာကျင်စေမှုများ ဖြစ်ပွားစေနိုင်သနည်း။

၂။ ဤထိခိုက်နာကျင်စေမှု၏ အန္တရာယ်အား လျှော့ချရန်အတွက် မည်သည့်အရာများကို လုပ်ဆောင်နိုင်ပါသနည်း။

(က) ဂျွန်နီသည် မြေယာပိုင်ဆိုင်ခွင့်များအကြောင်း သုတေသနပြုစုချင်သည်။ သူသည် မြေယာပဋိပက္ခတစ်ခု အကြောင်းကို လူတွေ့မေးမြန်းရန်အတွက် အဆိုပါ ရပ်ရွာအဖွဲ့အစည်းအတွင်းရှိ အခြားလူများကို လူတွေ့မေးမြန်း သွားမည်ဖြစ်သည်။

(ခ) ရိုင်ဂျာသည် စာသင်ကျောင်းတွင် အနိုင်ကျင့်မှုများအကြောင်း သုတေသနပြုစုနေသည်။ သူမသည် ကျောင်းသားများကို အုပ်စုဖွဲ့ပြီး ၎င်းတို့၏ အနိုင်ကျင့်မှုနှင့် ပတ်သက်သည့် အတွေ့အကြုံများကို ဆွေးနွေးကြစေရန် ဆုံးဖြတ်လိုက်သည်။

(ဂ) တင်ဦးသည် ပန့်ခ် ရော့ခ် တေးဂီတအဖွဲ့တစ်ခုအကြောင်း စောင့်ကြည့်ပြီး မှတ်တမ်းတင်ရိုက်ကူးနေသည်။ တေးဂီတအဖွဲ့ဝင်များမှ လက်တွေ့တင်ဆက်မှုတစ်ခုတွင် ပါဝင်လာသည်။ တင်ဦးက ၎င်းတို့၏ လက်တွေ့ တင်ဆက်မှုကို မှတ်တမ်းတင်ရိုက်ကူးခဲ့သည်။

(ဃ) မူးထူးသည် မိုင်းတွင်းများ၌ လုပ်ငန်းခွင် အခြေအနေများကို သုတေသနပြုစုနေသည်။ ဝေးလံခေါင်ဖျားသည့် မိုင်းတွင်းများသို့သွားရန်အတွက် ဆိုးရွားသည့်လမ်းများမှတစ်ဆင့် မော်တော်ဆိုင်ကယ်ဖြင့် သွားလာရသည်။ မိုးရာသီတွင် အဆိုပါလမ်းများ၌ ရွှံ့နွံထူထပ်ပါသည်။

(င) စိုင်းစိုင်းသည် လူများကို ၎င်းတို့၏ဘဝတွင် ဝမ်းနည်းဖွယ်အကောင်းဆုံးအချိန်ကာလတစ်ခုအကြောင်း လူတွေ့မေးမြန်းနေသည်။ တစ်နေ့လျှင် လူပေါင်း ၂၀ ဦးခန့် တွေ့ဆုံမေးမြန်းရန် စီစဉ်နေသည်။

(စ) မီမီသည် အိမ်တွင်းလုပ်သားများအကြား ညှဉ်းပန်းနှိပ်စက်မှုအကြောင်းကို သုတေသနပြုစုနေသည်။ သူမက ရိုက်နှက်ခံခဲ့ရသော အလုပ်သမားများ၏ ဓာတ်ပုံများနှင့် ၎င်းတို့၏ အလုပ်ရှင်အမည်များကို ပုံနှိပ်ထုတ်ဝေခဲ့သည်။

# ၃.၂ - ကျင့်ဝတ်ညီ သုတေသန၏ အင်္ဂါရပ်များ

## အကြိုလေ့လာချက်

မေးခွန်းများကို ဆွေးနွေး၍ ပေးထားသော စာပိုဒ်များကို ဖတ်ရှုကာ အဖြေများကို စစ်ဆေးပါ။

၁။ သုတေသနတွင် ပါဝင်ဖြေကြားရန် တစ်စုံတစ်ယောက်မှ သဘောမတူမီ မည်သည့်အရာများ ဖြစ်ပျက်သင့်သနည်း။

၂။ သုတေသနကို လျှို့ဝှက်ထားပါက ပါဝင်ဖြေကြားသူအကြောင်း မည်သူက သိရှိပါသနည်း။

၃။ ဒေတာများကို သိမ်းဆည်းရန်နှင့် သုတေသနကို တိကျစွာ အစီရင်ခံတင်ပြရန် အဘယ်ကြောင့် အရေးကြီးရသနည်း။

ထိခိုက်နာကျင်စေမှုကဲ့သို့ပင် သုတေသနပြုစုရာတွင် သဘောတူညီချက်တောင်းခံခြင်း၊ လျှို့ဝှက်ထားခြင်းနှင့် အတွင်းရေးကိစ္စရပ်များ အပါအဝင် အခြားသော ကျင့်ဝတ်ဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့်အရာများလည်း ရှိပါသေးသည်။ ထိုသို့ ထည့်သွင်းစဉ်းစားရမည့် အကြောင်းအရာများသည် သုတေသနလုပ်ငန်းစဉ်၏ အဆင့်တိုင်းတွင် ရှိပါသည်။

### ၁




အောက်ပါအချက်များကို ပါဝင်ဖြေကြားသူများအား ရှင်းပြခြင်းသည် သုတေသီ၏ တာဝန်ဖြစ်သည်။

- သုတေသနအကြောင်း အကျဉ်းချုံးအနှစ်ချုပ်။
- သုတေသန၏ ဖြစ်နိုင်ခြေရှိသော ထိခိုက်နာကျင်စေမှုနှင့် ဖြစ်နိုင်ခြေရှိသော အကျိုးအမြတ်များ။
- သုတေသီမှ မှတ်စုရေးမှတ်ရန်၊ မှတ်တမ်းတင်ရန် သို့မဟုတ် ဓာတ်ပုံရိုက်ယူရန် အသိပေးခြင်း။
- ဖြေကြားသူများမှ သုတေသနတွင် ပါဝင်ခြင်းမှ နှုတ်ထွက်နိုင်ကြောင်း အသိပေးခြင်း။
- ဖြေကြားသူမှ မေးခွန်းအားလုံးကို ဖြေဆိုရန် မလိုအပ်ကြောင်း အသိပေးခြင်း။
- ဖြေကြားမည့်သူများက သုတေသနအကြောင်း မေးမြန်းစုံစမ်းနိုင်ကြောင်း အသိပေးခြင်း။
- လျှို့ဝှက်ထားမှုအကြောင်း ရှင်းပြခြင်း (အောက်တွင်ကြည့်ပါ)။

သုတေသီတစ်ဦးသည် အထက်ပါတာဝန်များကို နှုတ်ဖြင့်ဖြစ်စေ သို့မဟုတ် စာဖြင့်ဖြစ်စေ အသိပေးနိုင်ပါသည်။ ပါဝင်ဖြေကြားသူတစ်ဦးအား သုတေသနအကြောင်း၊ ၎င်း၏ အကျိုးအမြတ်များနှင့် ဖြစ်နိုင်ခြေရှိသော အန္တရာယ်များကို ရှင်းပြပြီးသည့်အခါတွင် **သဘောတူညီချက်** ရယူနိုင်ပါသည်။ ပုံမှန်အားဖြင့် သုတေသီတစ်ဦးအနေဖြင့် သဘောတူညီချက်ကို သုတေသန မစတင်မီ တောင်းခံလေ့ရှိသည်။ သုတေသနတွင် ပါဝင်ဖြေကြားသူများသည် သုတေသန ကာလအတွင်း ၎င်းတို့၏ သဘောတူညီချက်ကို မည်သည့်အချိန်တွင်မဆို ပယ်ဖျက်နိုင်သည်။

### ၂




လျှို့ဝှက်ထားမှုဆိုသည်မှာ ပါဝင်ဖြေကြားသူများ၏ အချက်အလက်များကို သုတေသနအသင်းမှ လွဲ၍ အပြင်လူများကို မဖော်ထုတ်ပြခြင်း (လူချင်းဖြစ်စေ၊ စာဖြင့်ဖြစ်စေ (သို့) အွန်လိုင်းမှဖြစ်စေ) ဖြစ်သည်။ ၎င်းအချက်အလက်များတွင် အမည်များ၊ ဓာတ်ပုံများ သို့မဟုတ် အခြားသော ပုဂ္ဂိုလ်ရေးဆိုင်ရာ အသေးစိတ်အချက်အလက်များ ပါဝင်နိုင်ပါသည်။ မည်သည့် အချက်အလက်များကို မည်သူများက ဖွင့်ဟပြောပြကြောင်းကို သုတေသီများသာလျှင် သိရှိကြပါသည်။






သုတေသနပြုစုခြင်းသည် ရပ်ရွာအဖွဲ့အစည်းတစ်ခုနှင့် ပတ်သက်ပြီး ရှာဖွေတွေ့ရှိချက်များကို တိကျစွာ မတင်ပြပါက ၎င်းသုတေသနသည် အဆိုပါ ရပ်ရွာအဖွဲ့အစည်းအတွက် (NGO များ၊ အစိုးရ စသည်တို့၏) ဆုံးဖြတ်ချက်များအပေါ်တွင် အပျက်သဘောဆောင်သည့် လွှမ်းမိုးမှု သက်ရောက်နိုင်ပါသည်။ ထို့ကြောင့် ဒေတာများသိမ်းဆည်းခြင်း၊ ရှာဖွေတွေ့ရှိချက်များကို တင်ပြခြင်း၊ ရှာဖွေတွေ့ရှိချက်များနှင့် ပတ်သက်ပြီး ရပ်ရွာအဖွဲ့အစည်းထံမှ အကြံပြုချက်များ တောင်းခံရာတွင် ရိုးသားမှုရှိရန် လိုအပ်ပါသည်။ ရိုးသားသော သုတေသီတစ်ဦးသည် ၎င်း၏ သုတေသနတွင် ပါဝင်နိုင်သော ဖြစ်နိုင်ခြေရှိသည့် ဘက်လိုက်မှုများနှင့် ကန့်သတ်ချက်များကို ရေးသားဖော်ပြသင့်ပါသည်။

## လေ့ကျင့်ခန်း – အကောင်းဆုံးအဖြေကို ရွေးချယ်ပါ

၁။ သုတေသီတစ်ဦးသည် ပါဝင်ဖြေကြားသူများကို မည်သူမှ မသိရှိနိုင်အောင် ဆောင်ရွက်သည်။ ၎င်းမှာ အောက်ပါအချက်များထဲမှ မည်သည့် ဥပမာတစ်ခုဖြစ်သနည်း။

(က) လျှို့ဝှက်ထားမှု

(ခ) သဘောတူညီချက်

(ဂ) ရိုးသားမှု

(ဃ) မူရင်းသုတေသန

၂။ အောက်ပါပေးထားချက်များထဲမှ မည်သည့်အချက်သည် ရိုးသားမှုနှင့် ဆက်နွယ်မှုအရှိဆုံးဖြစ်သနည်း။

(က) ပါဝင်ဖြေကြားသူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ဘဝအကြောင်း။

(ခ) သုတေသီအတွက် အဖမ်းခံရနိုင်ခြေ။

(ဂ) စာသင်ကျောင်း သို့မဟုတ် အိမ်တွင် လေးစားမှုရှိပြီး ကျင့်ဝတ်ညီသော ဆုံးဖြတ်ချက်ချမှတ်ခြင်း။

(ဃ) ဒေတာကောက်ယူခြင်းနှင့် ရှာဖွေတွေ့ရှိချက်များကို တင်ပြခြင်း။

၃။ သုတေသနတွင် ပါဝင်ဖြေကြားသူတစ်ဦးအား ပြည့်စုံစွာ အသိပေးရန်အတွက် အောက်ပါအချက်များထဲမှ မည်သည့်အချက်ကို လိုအပ်မှု မရှိသနည်း။

(က) သုတေသနနှင့် ၎င်း၏ ရည်မှန်းချက်များကို ရှင်းပြခြင်း။

(ခ) ပါဝင်ဖြေကြားသူနှင့် ရပ်ရွာအဖွဲ့အစည်းအတွက် ဖြစ်နိုင်ခြေရှိသော နောက်ဆက်တွဲ သက်ရောက်မှုများ။

(ဂ) သုတေသီ၏ ပညာရေးနှင့် ပတ်သက်ပြီး နောက်ခံအချက်အလက်များ။

(ဃ) ပါဝင်ဖြေကြားသူများမှ ၎င်းတို့၏ သဘောတူညီချက်ကို နောက်ပိုင်းအဆင့်များတွင် ပယ်ဖျက်နိုင်ကြောင်းဆိုင်ရာ အချက်အလက်များ။

## လုပ်ငန်းစဉ် – ပြဿနာကို ခွဲခြားဖော်ထုတ်ပါ

၁။ အခြေအနေပြဖြစ်ရပ် (က–ဂ) တို့ကို ကျင့်ဝတ်ညီသုတေသန၏ အင်္ဂါရပ်များ – သဘောတူညီချက်တောင်းခံခြင်း၊ လျှို့ဝှက်ထားမှု သို့မဟုတ် ရိုးသားမှု – ကင်းမဲ့ခြင်းတို့ဖြင့် တွဲစပ်ပါ။

၂။ အခြေအနေပြဖြစ်ရပ်တစ်ခုစီတိုင်းတွင် သုတေသနအား ကျင့်ဝတ်နှင့် ပိုညီစေရန်အတွက် သုတေသီမှ မည်သည့်အရာများကို ဆောင်ရွက်နိုင်ပါသနည်း။

ဥပမာ – ကျောင်းသားတစ်ယောက်သည် ၎င်း၏ သုတေသနတွင် ပါဝင်ဖြေကြားသူများ၏ ဓာတ်ပုံများကို ဖေ့စ်ဘွတ်ပေါ်တွင် တင်လိုက်သည်။ အချို့သော ပါဝင်သူများက အဆိုပါကိစ္စနှင့် ပတ်သက်ပြီး မကျေနပ်ကြချေ။

*၁။ ဤသုတေသနသည် လျှို့ဝှက်ထားမှု မရှိခြင်း၏ ဥပမာတစ်ခုဖြစ်သည်။*

*၂။ သုတေသီအနေဖြင့် ပါဝင်ဖြေကြားသူများ၏ ဓာတ်ပုံများကို လူမှုမီဒီယာပေါ်တွင် တင်ရန်အတွက် ဖြေကြားသူများထံမှ ခွင့်ပြုချက်ရယူသင့်ပါသည်။*

(က) သတင်းအချက်အလက် နည်းပညာကုမ္ပဏီတစ်ခုက အင်တာနက်နှင့် ချိတ်ဆက်ထားသည့် စီးပွားရေးလုပ်ငန်းများသည် အင်တာနက်ဖြင့် ဆက်နွယ်မှုမရှိသော လုပ်ငန်းများထက် ပိုမိုအောင်မြင်ကြခြင်း ရှိ/မရှိ သိရှိလိုသည်။ ဖြေကြားချက်အများစုက ၎င်းအဆိုသည် မှန်ကန်သည်ဟု ညွှန်ပြနေကြသည်။ သို့သော် ဖြေကြားသူအချို့က ၎င်းအဆိုမှာ မှန်ကန်မှုမရှိဟု အကြံပြုကြသည်။ ကုမ္ပဏီက အင်တာနက် နည်းပညာများကို စီးပွားရေး လုပ်ငန်းများထံသို့ လွယ်ကူစွာ ရောင်းချနိုင်ရန်အတွက် သုတေသနရလဒ်များထဲမှ အပျက်သဘောဆောင်သော ဖြေကြားချက်များကို ဖယ်ရှားရန် ဆုံးဖြတ်ခဲ့ကြသည်။

(ခ) သုတေသီတစ်ဦးက စာမေးပွဲတွင် စာခိုးချမှုနှင့် ပတ်သက်ပြီး ကျောင်းသားများကို လူတွေ့မေးမြန်းနေပြီး ကျောင်းသားများက လူတွေ့မေးမြန်းခြင်း မတိုင်မီ သဘောတူညီကြောင်း လက်မှတ်ရေးထိုးခဲ့သည်။ သုတေသီမှ ၎င်း၏ အစီရင်ခံစာ မူကြမ်းကို ကျောင်းသားများကို ပြသည့်အခါတွင် ကျောင်းသားနှစ်ဦးက ၎င်းတို့၏ ဆရာနှင့် ပြဿနာ ဖြစ်မည်ကို စိုးရိမ်သည့်အတွက် သုတေသနတွင် ပါဝင်ရန် သဘောတူညီချက်အား ပယ်ဖျက်လိုကြောင်း ပြောပါသည်။ သုတေသီမှ ၎င်းတို့၏ ဒေတာများကို ဖယ်ထုတ်ခြင်းမရှိဘဲ အစီရင်ခံစာကို နဂိုအတိုင်း ပုံနှိပ်ထုတ်ဝေခဲ့သည်။

(ဂ) ပါဝင်ဖြေကြားသူတစ်ဦးက လူတွေ့မေးမြန်းမှုတစ်ခုတွင် ထိလွယ်ရှလွယ်ဖြစ်နိုင်သည့် တစ်စုံတစ်ရာအကြောင်း ပြောပြချင်သော်လည်း ၎င်းပြောသည့်အကြောင်းအရာများကို အခြားလူများ သိရှိသွားမည်ကို စိုးရွံ့နေမိသည်။ သုတေသီမှ အဆိုပါ ပါဝင်သူ၏အမည်ကို ဖော်ပြမည်မဟုတ်ကြောင်း ကတိပေးခဲ့သည်။ သို့သော် အဆိုပါ ပါဝင်ဖြေကြားသူအကြောင်းကို အသေးစိတ်ဖော်ပြခဲ့သည့်အတွက် အစီရင်ခံစာအား ဖတ်ရှုသည့် ၎င်းမြို့မှ လူတိုင်းက သိရှိသွားခဲ့သည်။

## လုပ်ငန်းစဉ် – ကျင့်ဝတ်ညီ သုတေသနအတွက် လမ်းညွှန်ချက်များ

အောက်တွင် ကျင့်ဝတ်ညီ သုတေသနအတွက် လိုက်နာရန် စည်းမျဉ်းဥပမာနှစ်ခုကို ဖော်ပြထားပါသည်။

၁။ ဆင်တူညီချက်များမှာ အဘယ်နည်း။

၂။ ကွဲပြားခြားနားချက်များမှာ အဘယ်နည်း။

| နိုင်ငံတကာသုတေသန အဖွဲ့အစည်းများ၏ ကျင့်ဝတ်စည်းမျဉ်းများ (ရိုးရှင်းအောင် ပြောင်းလဲထားသည်) | |
|---|---|
| **နိုင်ငံတကာဈေးကွက် စည်းမျဉ်း၊ အမြင်များ၊ လူမှုသုတေသနနှင့် ဒေတာစိစစ်လေ့လာချက်** (ICC/ESOMAR) | **လူမှုစီးပွားရေး သုတေသနအတွက် လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များ လေးစားမှုထားခြင်း** (UNESCO) |
| i ဒေတာကောက်ယူခြင်းနှင့် ပတ်သက်ပြီး ပွင့်လင်းမြင်သာမှု ရှိပါစေ။<br>ii ပုဂ္ဂိုလ်ရေးဆိုင်ရာ ဒေတာများကို ကာကွယ်ပါ။<br>iii. တစ်စုံတစ်ယောက်အား ထိခိုက်နာကျင်စေခြင်း သို့မဟုတ် လူမှုသုတေသန၏ ဂုဏ်သိက္ခာ ထိခိုက်စေခြင်းများကိုရှောင်ရှားပါ။ | i ကောင်းမွန်သော အရည်အသွေးပြည့်ဝသည့် သုတေသနကို ဆောင်ရွက်ပါ။<br>ii တရားဥပဒေနှင့်အညီ ဆောင်ရွက်ပါ။<br>iii. လူမှုရေးနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ထိခိုက်နာကျင်စေမှုများကို ရှောင်ရှားပါ။ |

၃။ ညာဖက်ခြမ်းတွင် သုတေသန လမ်းညွှန်ချက်များကို (က–င) ဖော်ပြထားပါသည်။ လိုက်နာရန်စည်းမျဉ်းများထဲမှ မည်သည့်တစ်ခုသည် မည်သည့် ညွှန်ကြားချက်များနှင့် ဆင်တူညီမှု ရှိပါသနည်း။

၄။ နှစ်ယောက်တစ်တွဲစီ သို့မဟုတ် အဖွဲ့ငယ်များဖွဲ့၍ဖြစ်စေ အခြား ဖြစ်နိုင်ခြေရှိသော ကျင့်ဝတ်ညီ သုတေသန နည်းလမ်းများကို စဉ်းစား၍ စာရင်းထဲတွင် ထပ်ပေါင်းထည့်ပါ။

၅။ သုတေသနအတွက် တစ်တန်းလုံး အနေဖြင့် ကျင့်ဝတ်ညီ လမ်းညွှန်ချက်များကို စာရင်း ပြုစုပါ။ စာရင်းကို နံရံပေါ်တွင် ကပ်ပါ။

<u>ကျင့်ဝတ်ညီ သုတေသန လမ်းညွှန်ချက်များ</u>

*(က) ထိခိုက်နာကျင်စေမှု အန္တရာယ်ကို လျှော့ချပါ။ သင်တို့၏ စီမံကိန်းအစနှင့် သုတေသနလုပ်ငန်းစဉ် တစ်လျှောက်လုံးတွင် ကျင့်ဝတ်နှင့် ပတ်သက်ပြီး စဉ်းစားပါ။*

*(ခ) သုတေသနတွင် ပါဝင်ဖြေကြားသူများသည် အသိပေးခံရပြီး သုတေသနအကြောင်း သိရှိနားလည်၍ သဘောတူညီမှု လုပ်ငန်းစဉ်ကို နားလည်အောင် ဂရုစိုက်ဆောင်ရွက်ပါ။*

*(ဂ) ရပ်ရွာအဖွဲ့ဝင်များ၏ လိုအပ်ချက်များနှင့် အားလပ်ချိန်များကို လေးစားပါ။*

*(ဃ) သင့်ကိုယ်ကိုယ် အခြားသုတေသီများ သို့မဟုတ် ရပ်ရွာအဖွဲ့အစည်းများကို ထိခိုက်နာကျင်စေမည့် အခြေအနေတစ်ခုဟု ခံစားရပါက သုတေသနကို ရပ်ဆိုင်းပါ။ ထိခိုက်နာကျင်စေမှု အန္တရာယ်ဆိုးရွားနိုင်ပါက သုတေသနစီမံကိန်းကို မည်သည့် အခါတွင်မျှ ဆက်လက်မလုပ်ဆောင်ပါနှင့်။*

*(င) သင်၏ သုတေသနတွင် အမြဲတမ်းရိုးသားပါ။ ရှာဖွေ တွေ့ရှိချက်များကို မည်သည့်အခါတွင်မျှ လိမ်ညာပြီး မတင်ပြပါနှင့်။*

## လုပ်ငန်းစဉ် – လက်တွေ့လေ့ကျင့်မှု ကျင့်ဝတ်များ

အခြေအနေပြဖြစ်ရပ်များကို ဖတ်ရှုပြီး မေးခွန်းများကို ဖြေဆိုပါ။

၁။ ဤသုတေသန၏ ကျင့်ဝတ်ဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများမှာ အဘယ်နည်း။ (စာ – ၄၆–၄၇–၄၈–၄၉ နှင့် ၅၀ တွင် ဖော်ပြထားသော ထိခိုက်နာကျင်မှု အမျိုးအစားများနှင့် ကျင့်ဝတ်ညီ သုတေသန၏ အင်္ဂါရပ်များကို ထည့်သွင်း စဉ်းစားပါ။)

၂။ သုတေသီများက ပါဝင်ဖြေကြားမည့်သူများကို မည်သည့်အချိန် သဘောတူညီချက် တောင်းခံသင့်သနည်း။

၃။ အခြေအနေပြဖြစ်ရပ်တစ်ခုတိုင်းစီ၏ ထိခိုက်နာကျင်စေမှု အမျိုးအစားများနှင့် အဆိုပါ ထိခိုက်နာကျင်စေမှု၏ အန္တရာယ်အား လျှော့ချနိုင်မည့် နည်းလမ်းများကို ခွဲခြားဖော်ထုတ်ပါ။

(က) သုတေသနတွင် ပါဝင်ဖြေကြားမည့်သူများသည် မေးခွန်းများကြောင့် စိတ်အနှောင့်အယှက်ဖြစ်သည်ကို တွေ့မြင်ရသည်။

(ခ) ဦးဆောင်သုတေသီက သုတေသန အစီရင်ခံစာ ထုတ်ပြန်မှုအတွက် ရပ်ရွာလူထုကို ရန်ကုန်မြို့သို့ လာရောက်စေချင်သည်။ သို့သော် ရပ်ရွာအဖွဲ့ဝင်များသည် ငွေကြေးထောက်ပံ့မှု မရရှိလျှင် ၎င်းတို့၏ လုပ်အားခကို ဆုံးရှုံးသွားနိုင်သည့်အတွက် သွားလိမ့်မည်မဟုတ်ပေ။

(ဂ) ငွေကြေးထောက်ပံ့ပေးသည့် အဖွဲ့အစည်းမှ သင်၏ ကွင်းဆင်းလေ့လာခဲ့သည့် မှတ်စုအားလုံးကို ၎င်းတို့ထံ ပေးအပ်ခိုင်းသည်။ အဆိုပါ ကွင်းဆင်းလေ့လာခဲ့သည့် မှတ်စုများကို အနာဂတ်ကာလတွင် ပြုလုပ်မည့် သုတေသနမှာ အသုံးချချင်သည်။ ကွင်းဆင်းလေ့လာခဲ့သည့် မှတ်စုများတွင် ပါဝင်ဖြေကြားသူများ၏ ဓာတ်ပုံများနှင့် အမည်များပါဝင်နေသည်။

## 'ဒီမိုကရေစီ' သုတေသန - ရှမ်းပြည်နယ်ရှိ ကျေးလက်ဒေသ



သုတေသီတစ်ဦးသည် သေးငယ်သော ကျေးရွာတစ်ရွာတွင် သုတေသန ပြုစုနေသည်။ သူမသည် ဒီမိုကရေစီနှင့် ပတ်သက်ပြီး အဆိုပါ ကျေးရွာလူထု၏ ထင်မြင်ချက်နှင့် အယူအဆများကို လေ့လာနေသည်။ သူမက တစ်ဦးချင်း တွေ့ဆုံမေးမြန်းမှုများနှင့် အုပ်စုလိုက် တွေ့ဆုံမေးမြန်းမှုများကို လုပ်ဆောင်သွားမည်ဖြစ်သည်။ သူမက ပါဝင်ဖြေကြားမည့် လူများ၏ အမည်၊ အသက်၊ လိပ်စာ၊ ဝင်ငွေနှင့် ညီအစ်ကိုမောင်နှမ အရေအတွက်ကို မေးမြန်းရန် စီစဉ်ထားသည်။ ထို့အတူ ပါဝင်မည့်သူများ၏ နိုင်ငံရေးဆိုင်ရာ ယုံကြည်မှုများ၊ ဒီမိုကရေစီဆိုင်ရာ အတွေးအမြင်များ၊ နိုင်ငံရေးပါတီဝင် ဖြစ်ခြင်း/မဖြစ်ခြင်းနှင့် နိုင်ငံရေးဆိုင်ရာ ဖွဲ့စည်းမှု အတွေ့အကြုံများ စသည်တို့နှင့် ပတ်သက်ပြီး မေးခွန်းများကိုလည်း မေးမြန်းသွားမည်ဖြစ်သည်။

ကျေးရွာသည် ရှမ်းပြည်နယ်၏ အလွန်ဝေးလံသော နေရာဒေသတွင်တည်ရှိသည်။ ထိုဒေသသို့ သွားရောက်ရန်အတွက် ဘတ်စ်ကားကို ၁၂ နာရီခန့် စီးနှင်းရပြီး တောင်ပေါ်သို့ မော်တော်ဆိုင်ကယ်ဖြင့် ၄ နာရီခန့် မောင်းတက်ရသည်။

သုတေသီခေါင်းဆောင်သည် ဩစတြေးလျနိုင်ငံသူဖြစ်သည်။ သူမက မြန်မာစကားပြောဆိုတတ်သည့် တိုင်းပင်ခံသုတေသီတစ်ဦးကို ငှားရမ်းပြီး သူမ၏လမ်းညွှန်နှင့် ဘာသာပြန်အဖြစ် ခန့်အပ်ထားသည်။ အဆိုပါ အတိုင်ပင်ခံက လူတွေ့မေးမြန်းမှုများတွင် ပါဝင်ကူညီသွားမည်ဖြစ်သည်။ အတိုင်ပင်ခံသုတေသီသည် နိုင်ငံရေးနှင့် ပတ်သက်လျှင် ထိလွယ်ရှလွယ်ရှိသည့် ဒေသများတွင် သုတေသနပြုလုပ်ခဲ့သည့် အတွေ့အကြုံများရှိပါသည်။

ရပ်ရွာအဖွဲ့အစည်းခေါင်းဆောင်များက နယ်ခံအာဏာပိုင်များသည် သုတေသနအကြောင်းသိရှိပြီး မည်သည့်အရာများ ဖြစ်ပျက်နေကြောင်း သိရှိပြီး စိတ်ကျေနပ်မှု မရှိမည်ကို စိုးရိမ်ကြသည်။ သို့သော်လည်း ကျေးရွာအတွက် ဖြစ်နိုင်ခြေရှိသော အကျိုးအမြတ်များ ရရှိနိုင်သည်ဟု သုတေသီက တွေးထင်ထားသည်။

အားလုံးမဟုတ်သော်လည်း ရပ်ရွာလူထုအများစုက ဗမာစကားပြောဆိုကြသည်။ ၎င်းတို့အများစုမှာ နေ့လယ်ဘက်တွင် အလုပ်လုပ်ကိုင်ကြသည့် လယ်သမားများဖြစ်ကြပြီး  အချို့လယ်သမားများသည် အတိတ်ကာလတွင် လက်နက်ကိုင် ပဋိပက္ခနှင့် ပတ်သက်ပြီး အတွေ့အကြုံများရှိကြသည်။ ရပ်ရွာအဖွဲ့အစည်းခေါင်းဆောင်က အချို့လူများသည် သုတေသနစီမံကိန်းနှင့် ပတ်သက်ပြီး သံသယရှိကြသည်ဟု သတိပေးထားသည်။ ၎င်းတို့က အာဏာပိုင်များသည် ၎င်းတို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အသေးစိတ်အချက်အလက်များနှင့် နိုင်ငံရေးဆိုင်ရာ ယုံကြည်လက်ခံမှုများကို အာဏာပိုင်များကို သိရှိသွားလျှင် ဒုက္ခတွေ့ရမည်ဟု စိုးရွံ့ခဲ့ကြသည်။

အဆိုပါ သုတေသနကို နိုင်ငံတကာအဖွဲ့အစည်းက ကမ္ဘာတစ်ဝှမ်းတွင် ဒီမိုကရေစီ တိုးမြှင့်ရန်အတွက် ငွေကြေးထောက်ပံ့ ပေးထားသည်။ ၎င်းအဖွဲ့အစည်းက သုတေသနပြုစုခြင်းမှတစ်ဆင့် ကျေးလက်ဒေသရှိ လူများသည် ဒီမိုကရေစီစနစ်ကို ပိုမိုပြီး စိတ်ဝင်စားလာကြသည်ဟု ဖော်ပြချင်နေသည်။

## သင်တို့၏ သုတေသနစီမံကိန်း – သုတေသနကျင့်ဝတ်များ

သုတေသန မေးခွန်းတစ်ခုကို စဉ်းစားပါ။ အဆိုပါမေးခွန်းသည် ရှေ့မှသင်ခန်းစာတွင် အသုံးပြုခဲ့သော ခေါင်းစဉ်လည်း ဖြစ်နိုင်သကဲ့သို့ စိတ်ဝင်စားသည့် အခြားအကြောင်းအရာ ခေါင်းစဉ်တစ်ခုလည်းဖြစ်နိုင်သည်။

၁။ ဤသုတေသနတွင် ကျင့်ဝတ်ဆိုင်ရာ ကိစ္စရပ်များမှာ အဘယ်နည်း။ မည်သို့သော ကျင့်ဝတ်ဆိုင်ရာ ပြဿနာရပ်များကို သင်တို့ရင်ဆိုင်တွေ့ကြုံရနိုင်သနည်း။

၂။ နှစ်ယောက်တစ်တွဲစီဖြင့် သင်တို့၏ စီမံကိန်းတွင် ထည့်သွင်းစဉ်းစားရမည့် ကျင့်ဝတ်ဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးပါ။

၃။ ပြီးခဲ့သည့်လုပ်ငန်းမှ ကျောင်းသားများ ရေးသားဖော်ထုတ်ခဲ့သော ကျင့်ဝတ်ညီ သုတေသန စည်းမျဉ်းများကို ပြန်လည် ကြည့်ရှုပါ။ ၎င်းစည်းမျဉ်းများသည် သင်တို့၏ သုတေသနနှင့် မည်သို့ ဆက်နွှယ်နေသနည်း။

## ဆွေးနွေးချက်

သုတေသနအား ကျင့်ဝတ်ညီစွာ ဆောင်ရွက်သည့်အခါတွင် မည်သည့်အရာများသည် အခက်ခဲဆုံးဖြစ်မည်ဟု ထင်ပါသနည်း။ အဘယ်ကြောင့်နည်း။

# အခန်း ၄ - စစ်တမ်းမေးခွန်းလွှာများ



## သင်ယူလေ့လာရေး ရည်မှန်းချက်များ

### ဗဟုသုတ

ဤအခန်းတွင် အောက်ပါအချက်များနှင့် ပတ်သက်သော သင်တို့၏ ဗဟုသုတများ တိုးပွားလာပါလိမ့်မည်။

- စစ်တမ်းမေးခွန်းလွှာများ။
- ပြင်ဆင်ဖွဲ့စည်းထားသည့် လူတွေ့မေးမြန်းမှုများ။
- ကိုယ်တိုင်ဖြေ မေးခွန်းလွှာများ။
- မေးခွန်းအမျိုးအစားများ။
- လူဦးရေနှင့် နမူနာကောက်ယူခြင်း။
- စစ်တမ်းမေးခွန်းလွှာများကို စီမံခန့်ခွဲခြင်း။

### ကျွမ်းကျင်မှုများ

ဤအခန်းတွင် အောက်ပါအချက်များနှင့် ပတ်သက်သော သင်တို့၏ စွမ်းရည်များကို လေ့ကျင့်သွားရပါလိမ့်မည်။

- ကိုယ်တိုင်ဖြေ မေးခွန်းလွှာနှင့် ပြင်ဆင်ဖွဲ့စည်းထားသည့် လူတွေ့မေးမြန်းမှုတို့အကြား ခွဲခြားရန်။
- စစ်တမ်းမေးခွန်းလွှာများ ရေးသားရန်နှင့် ဖွဲ့စည်းပြင်ဆင်ရန်။
- သုတေသန လူဦးရေအား အဓိပ္ပာယ်ဖော်ဆိုရန်နှင့် မတူခြားနားသော နမူနာ မဟာဗျူဟာများကို ဆွေးနွေးရန်။
- မေးခွန်းလွှာများကို စမ်းသပ်ရန်နှင့် ပိုမိုကောင်းမွန်လာအောင် ပြင်ဆင်ဖြည့်စွက်ရန်။

# ၄.၁ - စစ်တမ်းမေးခွန်းလွှာများ

## အကြိုလေ့လာချက်

၁။ အောက်တွင်ပေးထားသော လေးထောင့်ကွက်ထဲရှိ မေးခွန်းများကို ဖြေဆိုပါ။

၂။ နှစ်ယောက်တစ်တွဲစီဖြင့် သင်တို့၏ မေးခွန်းများကို နှိုင်းယှဉ်ပါ။

၃။ အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။

(က) မည်သည့် စစ်တမ်းမေးခွန်းလွှာမျိုးကို အတိတ်ကာလတွင် ဖြည့်စွက်ဖူးပါသနည်း။

(ခ) ၎င်းတို့သည် ဤစစ်တမ်းမေးခွန်းလွှာနှင့် ဆင်တူပါသလား သို့မဟုတ် ခြားနားပါသလား။

### ထင်မြင်ယူဆချက်စစ်တမ်း

| မေးခွန်း | သဘောတူ | သဘောမတူ |
|---|---|---|
| ၁။ တိရစ္ဆာန်များကို စားသုံးခြင်းသည် မှားယွင်းသောလုပ်ရပ်ဖြစ်သည်။ | | |
| ၂။ လက်ဖက်ရည်ဆိုင်၊ ကွမ်းယာဆိုင်ကဲ့သို့သော အားကစားများသည် လူ့အသိုက်အဝန်းတွင် အကြမ်းဖက်မှု ပိုများစေသည်။ | | |
| ၃။ လူပုဂ္ဂိုလ်တစ်ဦးချင်းစီသည် ၎င်းတို့၏ ကိုယ်ပိုင်အခြေအနေအတွက် ကိုယ်စီတာဝန်ရှိကြသည်။ | | |
| ၄။ ပစ္စည်းခိုးယူခြင်းသည် ကျွန်ုပ်တို့၏ လူမှုအဖွဲ့အစည်းတွင် အကြီးမားဆုံး ပြဿနာတစ်ခုဖြစ်သည်။ | | |
| ၅။ အစိုးရအနေဖြင့် အခမဲ့ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုကို လူတိုင်းအတွက် ပံ့ပိုးပေးသင့်သည်။ | | |

## စစ်တမ်းမေးခွန်းလွှာများ

စစ်တမ်းမေးခွန်းလွှာများသည် အရေအတွက်စံပြု လူမှုသုတေသနတွင် ဒေတာကောက်ယူရာ၌ အသုံးများသည့် နည်းလမ်းများထဲမှ (အရည်အသွေးစံပြု သုတေသနတွင် အသုံးပြုကြသော်လည်း) တစ်ခုဖြစ်သည်။

စစ်တမ်းကောက်ယူရာတွင် ပြင်ဆင်ဖွဲ့စည်းထားသော လူတွေ့မေးမြန်းမှု သို့မဟုတ် မေးခွန်းလွှာမှတစ်ဆင့် စာရင်းပြုစုထားသော မေးခွန်းများကို ပါဝင်သူများအား မေးမြန်းခြင်းပါဝင်သည်။

စစ်တမ်းမေးခွန်းလွှာများသည် အမြင်များ၊ ယုံကြည်မှုများနှင့် အတွေ့အကြုံများကို တိုင်းတာနိုင်သကဲ့သို့ အသက်အရွယ်၊ ကျား/မနှင့် မွေးဖွားရာဇာတိ စသည်တို့နှင့် ပတ်သက်သည့် အချက်အလက်များကိုလည်း ကောက်ယူနိုင်ပါသည်။ ၎င်းနည်းလမ်းသည် အချက်အလက်များကို ပိုမိုတိကျစွာ ကောက်ယူနိုင်ရန်အတွက် အသုံးဝင်ပါသည်။ အထူးသဖြင့် လူဦးရေများစွာထံမှ ဒေတာအချက်အလက်များကို ကောက်ယူခြင်းပါဝင်သည့် သုတေသနအတွက် အသုံးဝင်ပါသည်။

အချို့သော မေးခွန်းလွှာများကို သုတေသီ၏ ပံ့ပိုးမှုဖြင့် ဖြည့်စွက်ရနိုင်ပြီး အချို့မေးခွန်းလွှာများကို သုတေသီ၏ အကူအညီမပါဘဲ တစ်ဦးတည်း ဖြည့်စွက်ဖြေကြားနိုင်ပါသည်။ ပြင်ဆင်ဖွဲ့စည်းထားသည့် လူတွေ့မေးမြန်းမှုတစ်ခု ဆိုသည်မှာ သုတေသီမှ ဖြေကြားမည့်သူအား မေးခွန်းများ မေးမြန်းပြီး ပြန်လည်ဖြေကြားချက်များကို ရေးချခြင်း သို့မဟုတ် မှတ်တမ်းတင် ကူးယူထားခြင်းဖြစ်သည်။ ကိုယ်တိုင်ဖြေ မေးခွန်းလွှာတစ်ခုဆိုသည်မှာ ဖြေကြားမည့်သူက မေးခွန်းများကို ဖတ်ရှုပြီး အဖြေများကို သုတေသီ၏ အကူအညီမပါဘဲ ၎င်းတို့ကိုယ်တိုင် ရေးသားရခြင်းဖြစ်သည်။

## ပြင်ဆင်ဖွဲ့စည်းထားသည့် လူတွေ့မေးမြန်းမှုများ

ပြင်ဆင်ဖွဲ့စည်းထားသည့် လူတွေ့မေးမြန်းမှုတစ်ခုတွင် သုတေသီတစ်ဦးက ဖြေကြားသူအား မေးခွန်းလွှာတစ်ခုထဲမှ မေးခွန်းများကို မေးမြန်းပြီး အဖြေများကို မှတ်သားခြင်းပါဝင်သည်။ ဖြေကြားမည့်လူအားလုံးကို တူညီသော မေးခွန်းများအား တစ်ပုံစံတည်း မေးမြန်းရပါသည်။

ပြင်ဆင်ဖွဲ့စည်းထားသည့် လူတွေ့မေးမြန်းမှုတစ်ခုစီတိုင်းကို စနစ်တကျလုပ်ဆောင်နိုင်ရန်နှင့် သုတေသနသည် ကိုးစားနိုင်စွမ်းရှိစေရန် အလို့ငှာ မေးခွန်းလွှာများတွင် လူတွေ့မေးမြန်းမည့်သူအတွက် ညွှန်ကြားချက်များပါဝင်သည်။

## ကိုယ်တိုင်ဖြေ မေးခွန်းလွှာများ

ကိုယ်တိုင်ဖြေ မေးခွန်းလွှာတစ်ခုဆိုသည်မှာ သုတေသနတွင် ပါဝင်ဖြေကြားမည့်လူကိုယ်တိုင် ဖြေကြားနိုင်သည့် မေးခွန်းစာရင်းတစ်ခုဖြစ်သည်။ ၎င်းမေးခွန်းများသည် စာရွက်ဖြင့် သို့မဟုတ် အွန်လိုင်းမှလည်း ဖြစ်နိုင်ပါသည်။ ၎င်းမေးခွန်းလွှာကို ဖြေကြားသူများကိုယ်တိုင် ဖြည့်စွက်နိုင်ရန်အတွက် ညွှန်ကြားချက်များကို ရိုးရှင်းအောင် ရေးသားထားပါသည်။

ကိုယ်တိုင်ဖြေ မေးခွန်းလွှာများတွင် သတ်မှတ်ပေးထားသည့် ဖြစ်နိုင်ခြေရှိသော အဖြေများဖော်ပြထားသည့် အပိတ်မေးခွန်းများ မကြာခဏပါဝင်ကြသည်။ ဖြေကြားမည့်သူမှ မေးခွန်းများကို ဖတ်ရှုပြီး အဖြေများကို ကိုယ်တိုင်ရေးသားရသည် (သို့မဟုတ် ဖြစ်နိုင်ခြေရှိသော အဖြေများထဲမှတစ်ခုကို ရွေးချယ်ရသည်)။ ဖြေကြားပြီးသွားသည့်အခါတွင် မေးခွန်းလွှာများကို စိစစ်လေ့လာမည့် သုတေသီထံသို့ ပြန်လည်ပေးအပ်ရသည်။

## စစ်တမ်းကောက်ယူခြင်းကို လုပ်ဆောင်ခြင်းသည် မည်သည့်အချိန်တွင် အသုံးဝင်ပါသနည်း

စစ်တမ်းမေးခွန်းလွှာများသည် များစွာသော လူဦးရေထံမှ တိကျပြီး၊ ကိုးစားနိုင်သည့်အပြင် ယုံကြည်လက်ခံနိုင်လောက်သော အချက်အလက်များ ကောက်ယူရာတွင် အသုံးဝင်ပါသည်။

စစ်တမ်းမေးခွန်းလွှာများသည် ဖန်တီးပြင်ဆင်ရန်နှင့် ဖြေကြားချက်များကောက်ယူရန် လျင်မြန်လွယ်ကူသည့်အတွက် ၎င်းတို့ကို အသုံးပြုကြခြင်းဖြစ်သည်။ ဥပမာ – ဆရာမတစ်ဦးက သူမ၏အတန်းထဲရှိ ကျောင်းသား ၅၀ ထံမှ အကြံပြုချက်များ ကောက်ယူလိုပါက ကျောင်းသားများကို စစ်တမ်းမေးခွန်းလွှာတစ်ခုအား ဖြေကြားခိုင်းခြင်းသည် ကျောင်းသားတစ်ဦးချင်းစီအား လူတွေ့မေးမြန်းခြင်းထက် ပိုမိုလျင်မြန်ပါသည်။

စစ်တမ်းမေးခွန်းလွှာများကို အသုံးပြုနိုင်သည့် နည်းလမ်းများစွာရှိပါသည်။ ဥပမာ – ဟိုတယ်များသည် ဧည့်သည်များထံမှ အကြံပြုချက်များရယူရန်အတွက် စစ်တမ်းအား အသုံးပြုကြသည်။ NGO များကလည်း ၎င်းတို့မှ ပံ့ပိုးကူညီပေးနေသူများနှင့် ပတ်သက်ပြီး သတင်းအချက်အလက်များရယူရန်အတွက် စစ်တမ်းမေးခွန်းလွှာများကို အသုံးပြုပါသည်။

## သန်းခေါင်စာရင်း

သန်းခေါင်စာရင်းတစ်ခုဆိုသည်မှာ ပေးထားသော လူဦးရေအစုအဖွဲ့တစ်ဖွဲ့၏ အဖွဲ့ဝင်အားလုံး သို့မဟုတ် အရေအတွက်နှင့် ပတ်သက်သည့် ဒေတာများကို မှတ်တမ်းတင်ထားသည့် စစ်တမ်းမေးခွန်းလွှာတစ်ခုဖြစ်သည်။ ၎င်းစစ်တမ်းမေးခွန်းလွှာကို နိုင်ငံတစ်နိုင်ငံအတွင်း နေထိုင်ကြသော နိုင်ငံသားအားလုံးနှင့် ပတ်သက်သည့် အချက်အလက်များကို ကောက်ယူရန်ကြိုးစားသည့် တိုင်းပြည်တစ်ပြည်၏ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို ပုံမှန်အားဖြင့် ရည်ညွှန်းလေ့ရှိကြပါသည်။

သန်းခေါင်စာရင်း ကောက်ယူခြင်းကို လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာကတည်းက စတင်ခဲ့သော်လည်း ၎င်းသန်းခေါင်စာရင်းများတွင် လူဦးရေတစ်စုအတွင်းရှိ အချို့သော လူများသာ (ဥပမာ – အမျိုးသား၊ စစ်သားများ (သို့) မြေပိုင်ရှင်များ) ပါဝင်သည်။ နိုင်ငံတစ်နိုင်ငံအတွင်း နေထိုင်ကြသူအားလုံးနှင့် ပတ်သက်သည့် အချက်အလက်များကို ကောက်ယူရန်ကြိုးစားသည့် ခေတ်သစ်သန်းခေါင်စာရင်းများကို လွန်ခဲ့သောနှစ်ပေါင်း ၂၀၀–၃၀၀ ခန့်က စတင်ခဲ့ခြင်းဖြစ်သည်။

ခေတ်သစ်ကာလများတွင် အစိုးရအဖွဲ့များသည် သန်းခေါင်စာရင်းကောက်ယူခြင်းမှရရှိသော အချက်အလက်များကို အသုံးပြုပြီး ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် အခြားသော အခြေခံအဆောက်အအုံများအတွက် ရသုံးငွေစာရင်းများ စီစဉ်ရေးဆွဲကြပါသည်။ တစ်ခါတစ်ရံ၌ သန်းခေါင်စာရင်းတစ်ခုသည် ၎င်းအသုံးပြုခဲ့သော အချက်အလက်ကောက်ယူသည့်နည်းလမ်း၊ ကောက်ယူသည့် အချက်အလက် အမျိုးအစားနှင့် ၎င်းအချက်အလက်များကို အသုံးပြုသည့် နည်းလမ်းများ စသည်တို့နှင့် ပတ်သက်ပြီး အငြင်းပွားဖွယ် ဖြစ်နိုင်ပါသည်။

## လေ့ကျင့်ခန်း – မှား / မှန် ဖော်ပြပါ (မှားလျှင် အဘယ်ကြောင့် မှားကြောင်း ရှင်းပြပါ)

၁။ စစ်တမ်းမေးခွန်းလွှာများသည် ပြင်ဆင်ဖွဲ့စည်းထားသည့် လူတွေ့မေးမြန်းမှုများထက် ဖြေကြားရန် ပိုမိုလွယ်ကူပြီး လူဦးရေများပြားသည့် အစုအဖွဲ့ထံမှ သတင်းအချက်အလက်များကို ကောက်ယူနိုင်သည်။

၂။ လူတွေ့မေးမြန်းမှုများကို အကြိမ်တိုင်းတွင် တူညီစွာ လုပ်ဆောင်နိုင်ရန်အတွက် ပြင်ဆင်ဖွဲ့စည်းထားသည့် လူတွေ့မေးမြန်းမှုတစ်ခုတွင် ညွှန်ကြားချက်များ ပါဝင်ပါသည်။

၃။ သုတေသနတွင် ပါဝင်ဖြေကြားသူတစ်ဦးက ပြင်ဆင်ဖွဲ့စည်းထားသည့် လူတွေ့မေးမြန်းမှုတွင် အဖြေများကို ကိုယ်တိုင်ရေးချသည်။

၄။ ကိုယ်တိုင်ဖြေမေးခွန်းလွှာတစ်ခုကို ဒေတာများကောက်ယူရာတွင် အသုံးပြုပါသည်။

၅။ လူတွေ့မေးမြန်းမှုတစ်ခုတွင် ဖြေကြားမည့်သူအား မေးခွန်းများ မေးမြန်းပြီး ၎င်းတို့၏ အဖြေများကို ကိုယ်တိုင်ဖြေ မေးခွန်းလွှာတစ်ခုထဲတွင် ရေးသားမှတ်တမ်းတင်ရသည်။

၆။ သန်းခေါင်စာရင်းတစ်ခုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အစိုးရနှင့် ပတ်သက်ပြီး အချက်အလက်များ ကောက်ယူရန်အတွက် အကြီးစား စစ်တမ်းကောက်ယူခြင်းတစ်ခုဖြစ်သည်။

## ဖြစ်ရပ်လေ့လာချက် – ဖြစ်ရပ်လေ့လာချက်အား ဆန်းစစ်လေ့လာပါ

ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရှုပါ။

၁။ ILO ၏ သုတေသနအတွက် အကြောင်းရင်းများမှာ အဘယ်နည်း။

၂။ ILO က မည်သို့သော စစ်တမ်းမေးခွန်းလွှာများကို အသုံးပြုခဲ့သနည်း။

၃။ စာမျက်နှာ ၁၅၂ တွင် ပါရှိသော အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၏ စစ်တမ်းမေးခွန်းလွှာကို ဖတ်ရှုပါ။ နှစ်ယောက်တစ်တွဲစီဖြင့် သရုပ်ဖော်တင်ဆက်မှုတစ်ခုကို တင်ဆက်ပါ။ တွဲဖက် (က) ILO လူတွေ့မေးမြန်းသူအဖြစ် သရုပ်ဖော်ပြီး တွဲဖက် (ခ) က ဖြေကြားသူအဖြစ် သရုပ်ဖော်ရမည်။ လူတွေ့မေးမြန်းသူက ဖြေကြားမည့်သူအား မေးခွန်းလွှာထဲရှိ မေးခွန်းများကို မေးမြန်းပြီး အဖြေများကို မှတ်တမ်းတင် ရေးသားရမည်။

၄။ တွဲဖက်များက အလှည့်ပြောင်းပြီး လုပ်ငန်းကို ထပ်မံဆောင်ရွက်ပါ။

### အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် ILO - *မြန်မာအလုပ်သမား အင်အားစု စစ်တမ်းမေးခွန်းလွှာ ၂၀၁၅*

အလုပ်သမား အင်အားစုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွင်းရှိ အလုပ်လုပ်ကိုင်သူများနှင့် လက်ရှိ အလုပ်လက်မဲ့ဖြစ်နေသူအားလုံးကို ဆိုလိုခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် ILO မြန်မာနိုင်ငံ၏ အလုပ်သမား အင်အားစုနှင့် ပတ်သက်ပြီး တိကျ၍ ယုံကြည်ကိုးစားနိုင်သော သတင်းအချက်အလက်များရရှိရန်အတွက် သုတေသနပြုစုခဲ့သည်။ သုတေသနတွင် အလုပ်အကိုင်အမျိုးအစားများ၊ အလုပ်လက်မဲ့ဖြစ်ခြင်း၊ ကျား/မ၊ ကျန်းမာရေးနှင့် ကလေးအလုပ်သမား စသည်တို့ အပါအဝင် ခေါင်းစဉ်များစွာကို ထည့်သွင်းမေးမြန်းခဲ့သည်။

ဤအချက်အလက်များကို ရရှိရန်အတွက် ILO အဖွဲ့၏ လူတွေ့မေးမြန်းသူများက မြန်မာနိုင်ငံတစ်ဝှမ်းမှ အိမ်ထောင်စုပေါင်း ၂၃,၀၀၀ ထံသို့ သွားရောက်လည်ပတ်ခဲ့သည်။ လူတွေ့မေးမြန်းသူများက ပြင်ဆင်ဖွဲ့စည်းထားသည့် လူတွေ့မေးမြန်းမှုများ ဆောင်ရွက်ရန် အတွက် အိမ်ထောင်စုများထံသို့ သွားရောက်ခဲ့သည်။ လူတွေ့မေးမြန်းသူများက အိမ်ထောင်စုတစ်ခုချင်းစီမှ အိမ်ထောင်ဦးစီးအား ပြောဆိုမေးမြန်းခဲ့သည်။ ၎င်းတို့မှ အိမ်တွင်ရှိသော လူများအကြောင်း၊ ၎င်းတို့၏ စာတတ်မြောက်မှု၊ ပညာရေး၊ တတ်ကျွမ်းမှုများနှင့် အလုပ်အကိုင်များအကြောင်း မေးမြန်းခဲ့သည်။ လူတွေ့မေးမြန်းသူများက အိမ်ထောင်စုတစ်စုစီတိုင်းတွင် မေးခွန်းများကို တစ်ပုံစံတည်းအတိုင်း မေးမြန်းနိုင်ရန်အတွက် မေးခွန်းလွှာများကို ဂရုတစိုက်လိုက်နာခဲ့သည်။ ထိုသို့လုပ်ဆောင်သည့်အတွက် စစ်တမ်းကောက်ယူခြင်းသည် ပိုပြီး ယုံကြည်ကိုးစားနိုင်စွမ်းရှိစေပါသည်။

http://www.mol.gov.mm/mm/wp-content/uploads/downloads/2017/02/LFS-English-Report-_17-11-2016.pdf

## ဖြစ်ရပ်လေ့လာချက် – ဖြစ်ရပ်လေ့လာချက်အား ဆန်းစစ်လေ့လာပါ


၁။ ဖြစ်ရပ်လေ့လာချက်အား ဖတ်ရှုပြီး မေးခွန်းများကို ဖြေဆိုပါ။
- (က) ၎င်းတို့၏ ဖြေကြားချက်များကို မေးခွန်းလွှာထဲတွင် မည်သူများက ရေးသားကြသနည်း။
- (ခ) စစ်တမ်းမေးခွန်းလွှာများသည် မည်သည်တို့ကို တိုင်းတာပါသနည်း။
- (ဂ) ဤသို့သော မေးခွန်းလွှာမျိုး ဖြည့်စွက်ဖူးပါသလား။


၂။ မုခ်ဦးပညာရေးအဖွဲ့၏ သင်ယူခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ ကျောင်းသားစစ်တမ်းအား ဖြည့်စွက်ပါ။

၃။ အဖြေများကို အတန်းဖော်တစ်ဦးနှင့်အတူ နှိုင်းယှဉ်ပါ။

**သင်ယူခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ ဖတ်စာအုပ်အတွက် မေးခွန်းလွှာအား ကိုယ်တိုင်ဖြည့်စွက်ပါ။**

၂၀၁၇ ခုနှစ်တွင် မုခ်ဦးပညာရေးအဖွဲ့က ၎င်းတို့ရေးသားနေသော သင်ယူခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ ဖတ်စာအုပ်နှင့် ပတ်သက်ပြီး အကြံပြုချက်များ သိရှိလိုသည်။ မုခ်ဦးအဖွဲ့မှ အဆိုပါ စာအုပ်အကြောင်းနှင့် ပတ်သက်ပြီး အကြံပြုချက်ရယူရန်အတွက် ကိုယ်တိုင်ဖြေ မေးခွန်းလွှာများ – ဆရာနှင့် ကျောင်းသားများအတွက် သီးခြားမေးခွန်းလွှာတစ်ခုစီ – ကို အသုံးပြုခဲ့သည်။ မေးခွန်းလွှာများတွင် ဖတ်စာအုပ်အတွင်း သင်ကြားပို့ချပေးသော ကျွမ်းကျင်မှုများ၏ အရေးပါမှုအကြောင်းနှင့် ဖတ်စာအုပ်အသုံးပြုခြင်းမှတစ်ဆင့် တိကျသည့် ကျွမ်းကျင်မှုများကို ကျောင်းသားများအသုံးပြုနိုင်စွမ်း မည်မျှ တိုးတက်လာကြောင်း စသည်တို့နှင့် ပတ်သက်ပြီး ထည့်သွင်းမေးမြန်းခဲ့သည်။



Mote Oo Education - Learning Skills Student Survey

Location:______________________

Gender: [ ] Male [ ] Female

What subjects are you studying in your education program?______________________
For each learning skill below, tick one box that is closest to how much you use that skill at school or in class.

If you never use the skill or do not know what it is, that is ok, tick the appropriate box.

| Learning Skill | Always | Often | Sometimes | Rarely | Never | I don't know what this is |
|---|---|---|---|---|---|---|
| 1. Asking questions in class | | | | | | |
| 2. Finding out more about things for yourself | | | | | | |
| 3.Working with other people | | | | | | |
| 4. Taking notes | | | | | | |

## ဖြစ်ရပ်လေ့လာချက် – ဖြစ်ရပ်လေ့လာချက်များကို ဆန်းစစ်လေ့လာပါ

ဖြစ်ရပ်လေ့လာချက်များကို ဖတ်ရှုပြီး မေးခွန်းများကို ဖြေကြားပါ။

၁။ ဖြစ်ရပ်တစ်ခုစီတိုင်းတွင် မေးခွန်းလွှာတစ်ခု အသုံးပြုခြင်း၏ အကျိုးကျေးဇူးများမှာ အဘယ်နည်း။

၂။ ဖြစ်ရပ်လေ့လာချက် နှစ်ခုအကြား ဆင်တူညီချက်များမှာ အဘယ်နည်း။

၃။ ကွဲပြားခြားနားချက်များမှာ အဘယ်နည်း။

## (က) လူငယ်များ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် ကုလသမဂ္ဂမြန်မာနိုင်ငံဆိုင်ရာ အကြံပေး အလုပ်ရုံဆွေးနွေးပွဲ



၂၀၁၇ ခုနှစ်တွင် ကုလသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့များစွာက အတူတကွ တိုင်ပင်ဆွေးနွေးပြီး ငြိမ်းချမ်းရေး တက်ကြွလှုပ်ရှားနေသည့် လူငယ်များကို ရန်ကုန်မြို့သို့ ဖိတ်ကြားပြီး အလုပ်ရုံဆွေးနွေးပွဲတစ်ခု ကျင်းပခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲအတွင်း ငြိမ်းချမ်းရေး တက်ကြွလှုပ်ရှားသူများက ၎င်းတို့၏ ရပ်ရွာအဖွဲ့အစည်းအတွင်းရှိ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခတို့ဖြင့် ဆက်နွယ်သည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ အလုပ်ရုံဆွေးနွေးပွဲ ပြီးဆုံးသွားသည့်အခါတွင် တက်ရောက်ပါဝင်သူများအား မေးခွန်းလွှာတစ်ခုအား အချိန် အနည်းငယ်ပေး၍ ဖြေကြားခိုင်းခဲ့သည်။

မေးခွန်းလွှာဖြင့် မြန်မာနိုင်ငံရှိ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် တက်ရောက်သူများ၏ နားလည်သဘောပေါက်မှုနှင့် အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်သည့် မှတ်ချက်များ သို့မဟုတ် ဝေဖန်ချက်များနှင့် ပတ်သက်သော ဒေတာများကို ကောက်ယူခဲ့သည်။


ရလဒ်များမှတစ်ဆင့် ကုလသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့များက တက်ရောက်ပါဝင်ဆွေးနွေးခဲ့ကြသူများသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး ဖြစ်စဉ်ကို ပိုမိုနားလည်ကြကြောင်း တွေ့ရှိခဲ့ရသည်။ ထို့အတူ အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်သော အကြံပြုချက်များကိုလည်း သိရှိခဲ့ရသည် (ဥပမာ – အချို့သောလူများက အလုပ်ရုံဆွေးနွေးပွဲသည် အချိန်လောက်ငှမှုမရှိဘဲ တိုတောင်းလွန်းသည်ဟု ယူဆထား ကြသည်)။

ရှေ့ဆက်လုပ်ဆောင်မည့် အလုပ်ရုံဆွေးနွေးပွဲများကို ပိုမိုကောင်းမွန်လာစေရန်အတွက် အဆိုပါအချက်အလက်များကို ကုလသမဂ္ဂ အဖွဲ့များမှ အသုံးပြုနိုင်ပါသည်။ ထို့အတူ အလုပ်ရုံဆွေးနွေးပွဲ၏ မည်သည့်အစိတ်အပိုင်းများသည် ထိရောက်မှုရှိပြီး မည်သည့် အစိတ်အပိုင်းများသည် ပိုမိုတိုးတက်လာရန် လိုအပ်နေသေးကြောင်း နားလည်ရန်အတွက် ၎င်းအချက်အလက်များကို အသုံးပြုနိုင်ပါသည်။

https://www.youth4peace.info/system/files/2017-10/2017%20-%20Report%20-%20Myanmar%20National%20Consultative%20 Workshop%20 for%20Youth%2C%20Peace%20%26%20Security.pdf

## (ခ) ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်ထောင်စုစာရင်း ကောက်ယူခြင်း

Map 2.9 Religion, States/Regions



၂၀၁၄ ခုနှစ်တွင် မြန်မာအစိုးရမှ နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံးအကြိမ်အနေဖြင့် အမျိုးသားအဆင့် လူဦးရေနှင့် အိမ်ထောင်စုစာရင်း ကောက်ယူခြင်းကို လုပ်ဆောင်ခဲ့သည်။ မြန်မာနိုင်ငံလူဦးရေနှင့် အိမ်ထောင်စုစာရင်း ကောက်ယူခြင်းတွင် နိုင်ငံ၏ လူဦးရေ (ပြည်နယ်၊ တိုင်းဒေသကြီးနှင့် မြို့နယ်များအလိုက် လူဦးရေ) နှင့် ကလေးမွေးဖွားနှုန်း၊ သေဆုံးနှုန်း၊ အလုပ်အကိုင်၊ ဝင်ငွေ၊ ဘာသာရေး၊ မသန်စွမ်းမှုနှင့် ပညာရေး အဆင့်အတန်း စသည်တို့ အပါအဝင် မတူခြားနားသည့် အရာများစွာနှင့် ပတ်သက်ပြီး ဒေတာများကောက်ယူခဲ့ပါသည်။

အဆိုပါ ဒေတာများသည် လူမှုရေး၊ စီးပွားရေးနှင့် အိမ်ရာအဆောက်အအုံများ အပါအဝင် မြန်မာနိုင်ငံ၏ လူဦးရေနှင့် ပတ်သက်သော သတင်းအချက်အလက်များကို အစိုးရအတွက် ပံ့ပိုးပေးပါသည်။ ထို့အတူ အနာဂတ်ကာလတွင် တစ်နိုင်ငံလုံးအတွက် လူမှုရေးနှင့် စီးပွားရေးမူဝါဒများကို အစီအစဉ်ရေးဆွဲရန်နှင့် သုံးသပ်အကဲဖြတ်ရန် ဆုံးဖြတ်ချက်ချမှတ်ရာတွင်လည်း အဆိုပါဒေတာများကို အသုံးပြုနိုင်ပါသည်။

http://themimu.info/sites/themimu.info/files/documents/Census_Atlas_Myanmar_the_2014_Myanmar_Population_and_Hous-ing_Census.pdf

### ဆွေးနွေးချက်

၁။ ပြင်ဆင်ဖွဲ့စည်းထားသည့် လူတွေ့မေးမြန်းမှုနှင့် ကိုယ်တိုင်ဖြေ စစ်တမ်းမေးခွန်းလွှာတို့အကြား ကွဲပြားခြားနားချက်များနှင့် ဆင်တူညီချက်များမှာ အဘယ်နည်း။

၂။ သင်နေထိုင်ရာ လူမှုအဖွဲ့အစည်းအတွင်း မည်သို့သော စစ်တမ်းအမျိုးအစားကို လုပ်ဆောင်ချင်ပါသနည်း။ အဘယ်ကြောင့်နည်း။

# ၄.၂ - စစ်တမ်းမေးခွန်းလွှာတစ်စောင် ဖန်တီးရေးသားခြင်း

## အကြိုလေ့လာချက်

၁။ မေးခွန်းလွှာတစ်စောင်၏ အစတွင် မည်သည့်အရာများကို ထည့်သွင်းဖော်ပြသင့်ပါသနည်း။

၂။ မေးခွန်းလွှာတစ်စောင်၏ အဆုံးတွင် မည်သည့်အရာများကို ထည့်သွင်းဖော်ပြသင့်ပါသနည်း။

## စစ်တမ်းမေးခွန်းလွှာ ဖွဲ့စည်းပုံ

စစ်တမ်းကောက်ယူခြင်း နည်းလမ်းများတွင် (ကိုယ်တိုင်ဖြေ မေးခွန်းလွှာများနှင့် ပြင်ဆင်ဖွဲ့စည်းထားသည့် လူတွေ့မေးမြန်းမှု နှစ်ခုစလုံး) အကြိုမိတ်ဆက်၊ စာကိုယ်နှင့် နိဂုံးချုပ်တို့ ပုံမှန်အားဖြင့် ပါဝင်ကြသည်။ ထို့အပြင် လူတွေ့မေးမြန်းမှုတွင် သုတေသီအတွက် ညွှန်ကြားချက်များ ပါဝင်ကြပါသည်။ ကိုယ်တိုင်ဖြေမေးခွန်းလွှာတွင် သုတေသနၣ် ပါဝင်ဖြေကြားသူများအတွက် ညွှန်ကြားချက်များ ပါဝင်သည်။

**အကြိုမိတ်ဆက်** – ဤကဏ္ဍတွင် သုတေသနခေါင်းစဉ်၊ သုတေသနဆိုင်ရာ အတိုချုံး အနှစ်ချုပ်နှင့် စစ်တမ်းမေးခွန်းလွှာအား ဖြည့်စွက်ရန်အတွက် ခန့်မှန်းကြာချိန်စသည့် ယေဘုယျအချက်အလက်များ ပါဝင်ကြသည်။ ထို့အတူ သဘောတူညီချက် တောင်းခံချက်ကိုလည်း ရှင်းပြထားပါသည်။

**စာကိုယ်** – ဤကဏ္ဍတွင် အဓိကစစ်တမ်းမေးခွန်းများ ပါဝင်သည်။ အဆိုပါမေးခွန်းများ၏ ဖြေကြားချက်များကို သုတေသီဖြစ်သည့် သင်မှ စိစစ်လေ့လာသွားရလိမ့်မည်။ လွယ်ကူသည့် မေးခွန်းများနှင့် စတင်ပြီး တဖြည်းဖြည်းစီဖြင့် ပိုမိုခက်ခဲသည့် မေးခွန်းများ မေးမြန်း၍ နောက်ဆုံးတွင် ထိလွယ်ရှလွယ်ဖြစ်နိုင်သော မေးခွန်းများကို မေးမြန်းသွားပါ။ ထို့အတူ ဤကဏ္ဍၣ် သုတေသနအတွက် ဖြေကြားမည့်သူထံမှ လိုအပ်နိုင်သည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သို့မဟုတ် **လူဦးရေ အကြောင်းအရာပြ** အချက်အလက်များကိုလည်း မေးမြန်းနိုင်ပါသည်။

**အပိတ်** – ဤကဏ္ဍသည် သင်၏စစ်တမ်းနောက်ဆုံးတွင် ပါဝင်ဖြေကြားပေးသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားပြီး ဆက်သွယ်ရမည့် လိပ်စာများ ဖော်ပြ၍ သုတေသန ရလဒ်များကို မည်သို့ရရှိဖတ်ရှုနိုင်ကြောင်း ရှင်းပြပါ။

## စစ်တမ်းမေးခွန်း ခေါင်းစဉ်များ

စစ်တမ်းထဲတွင် ထည့်သွင်းနိုင်သည့် အချို့သော မေးခွန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ **ပုဂ္ဂိုလ်ရေးဆိုင်ရာ မေးခွန်းများ** – ၎င်းမေးခွန်းများသည် ဖြေကြားသူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို မေးမြန်းခြင်းဖြစ်သည်။ ဥပမာ – အသက်၊ ကျား/မ၊ အလုပ်အကိုင်၊ ဝင်ငွေ သို့မဟုတ် မိသားစုဝင်အရေအတွက်။ ၎င်းမေးခွန်းများသည် ဖြေကြားသည့်သူ မည်သူမည်ဝါဖြစ်ကြောင်း နားလည်စေရန်နှင့် အစုအဖွဲ့များအကြား နှိုင်းယှဉ်စေနိုင်ရန် အထောက်အကူပေးပါသည်။ ဥပမာ – အိပ်သည့် အလေ့အထအကြောင်း သုတေသနပြုစုနေပါက ဖြေကြားသူများ၏ အသက်အရွယ်အား မေးမြန်း၍ လူကြီးနှင့် လူငယ်တို့၏ အိပ်သည့်အလေ့အထများကို နှိုင်းယှဉ်နိုင်ပါလိမ့်မည်။

၂။ **စိတ်နေသဘောထား၊ ယုံကြည်မှုများနှင့် စံတန်ဖိုးများ** – ၎င်းမေးခွန်းများသည် အမြင်သဘောထားများနှင့် ဆက်နွှယ်ပါသည်။ ၎င်းတို့သည် စာရိတ္တများ၊ ဘာသာရေး သို့မဟုတ် နိုင်ငံရေးတို့အကြောင်းများ ဖြစ်နိုင်ပါသည်။ ဥပမာ – တစ်စုံတစ်ယောက်အား တရားမဝင် မူးယစ်ဆေးဝါးများနှင့် ပတ်သက်ပြီး မေးမြန်းနိုင်သည်။ အချို့သော မူးယစ်ဆေးဝါးများ သို့မဟုတ် မူးယစ်ဆေးဝါးအားလုံးကို တရားမဝင်အဖြစ် သတ်မှတ်သင့်သည်ဟု ၎င်းတို့ထင်ပါသလား။ မူးယစ်ဆေးဝါးသုံးစွဲသူများသည် အပြစ်ပေးခံရသင့်သည်ဟု ၎င်းတို့ထင်ပါသလား။

၃။ **အသိအမြင်ဆိုင်ရာ မေးခွန်းများ** – ၎င်းမေးခွန်းများသည် လူများသိထားသည့်အရာများကို ဖော်ပြစေနိုင်ပါသည်။ ဥပမာ – မျိုးဆက်ပွား ကျန်းမာရေးနှင့် ပတ်သက်ပြီး နားလည်မှုကို စစ်ဆေးကြည့်လိုပါက သုတေသီတစ်ဦးအနေဖြင့် 'မည်သည့် သန္ဓေတားနည်းလမ်းများကို သိရှိပါသနည်း' သို့မဟုတ် 'အမျိုးသမီးများ၏ ရာသီသွေးစက်ဝန်းကာလအတွင်း မည်သည့် အချိန်သည် မမျိုးဥအောင်မြင်မှု အမြင့်ဆုံးဖြစ်ပါသနည်း' စသည့် မေးခွန်းများ မေးမြန်းနိုင်သည်။

၄။ **အတွေ့အကြုံဆိုင်ရာ မေးခွန်းများ** – ဖြေကြားသည့်လူများအား တစ်စုံတစ်ရာကို ပြုလုပ်သည့် အကြိမ်အရေအတွက် သို့မဟုတ် တစ်စုံတစ်ရာကို ပြုလုပ်ဖူးသည့် အတွေ့အကြုံများနှင့် ပတ်သက်ပြီး မေးမြန်းနိုင်သည်။ ဥပမာ – 'အခြား နိုင်ငံတွင် အလုပ်လုပ်ဖူးပါသလား။ လုပ်ကိုင်ခဲ့ဖူးပါက မည်သည့်နိုင်ငံ(များ) ဖြစ်ပါသနည်း။'

## လေ့ကျင့်ခန်း – မေးခွန်းခေါင်းစဉ်များကို အမျိုးအစား ခွဲခြားပါ။

စစ်တမ်းမေးခွန်း ဥပမာများကို အောက်တွင်ဖော်ပြထားပါသည်။ အောက်ပါမေးခွန်းများကို မေးခွန်းခေါင်းစဉ် ၄ ခု (စာ ၆၂–၆၃ ရှိ ၁–၄) ထဲမှ မည်သည့်ခေါင်းစဉ်အောက်တွင် ထည့်သွင်းရမည်နည်း။

(က) အသက်မည်မျှရှိပြီ ဖြစ်သနည်း။ *၁။ ပုဂ္ဂိုလ်ရေးဆိုင်ရာ မေးခွန်း*

(ခ) သားဆက်ခြားခြင်းနှင့် ပတ်သက်ပြီး မည်သို့ခံစားရသနည်း။

(ဂ) အသေးစား ငွေချေးလုပ်ငန်းများသည် ထိရောက်မှုရှိသည်ဟု ထင်ပါသလား။

(ဃ) လူ့အခွင့်အရေးများနှင့် ပတ်သက်ပြီး မည်သည့်အရာများကို သိရှိထားပါသနည်း။

(င) သားဆက်ခြားခြင်းသည် လူ့အသိုက်အဝန်းအတွက် ကောင်းသည်ဟု ထင်ပါသလား (သို့) ဆိုးသည်ဟု ထင်ပါသလား။

(စ) နေမကောင်းသည့်အတွက် ကျောင်းမှ ခွင့်ယူခဲ့ရသည့် နောက်ဆုံးအချိန်မှာ အဘယ်နည်း။

(ဆ) မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်သည် နောက် ၁၀ နှစ်အတွင်း အောင်မြင်နိုင်သည်ဟု ယုံကြည်ပါသလား။

(ဇ) မြန်မာနိုင်ငံရှိ အစိုးရ၏ အဖွဲ့ခွဲများမှာ အဘယ်နည်း။

(ဈ) ထိုင်းနိုင်ငံနှင့် ပိုမိုနီးစပ်သည့် စီးပွားရေးပေါင်းစပ်မှုသည် မြန်မာပြည်သူလူထုအတွက် အလုပ်အကိုင်များ ပိုမိုပေါများလာမည်ဟု ထင်ပါသလား။

(ည) သင်၏ အိမ်ထောင်စုတွင် လူမည်မျှ နေထိုင်ကြသနည်း။

## လုပ်ငန်းစဉ် – စစ်တမ်းမေးခွန်းများ ရေးသားပါ

၁။ စစ်တမ်းမေးခွန်း ခေါင်းစဉ်တစ်ခုစီတိုင်းအတွက် ဥပမာမေးခွန်းများ ရေးသားပါ။

၂။ အဖွဲ့များခွဲ၍ သင်တို့၏ မေးခွန်းများကို ဖတ်ပြပါ။ အဖွဲ့ဝင်များမှ မေးခွန်းတစ်ခုစီတိုင်းအတွက် မေးခွန်းခေါင်းစဉ်ကို ခွဲခြားဖော်ထုတ်ပါ။

| ၁။ ပုဂ္ဂိုလ်ရေးဆိုင်ရာ မေးခွန်းများ | ၂။ စိတ်နေသဘောထား၊ ယုံကြည်ချက်များ၊ စံတန်ဖိုးများနှင့် ပတ်သက်သော မေးခွန်းများ | ၃။ အသိအမြင်ဆိုင်ရာ မေးခွန်းများ | ၄။ အတွေ့အကြုံဆိုင်ရာ မေးခွန်းများ |
|---|---|---|---|
| • *သားသမီး မည်မျှရှိပါသနည်း။* | | | |

## စစ်တမ်းမေးခွန်း အမျိုးအစားများ

သုတေသီ၏ အခန်းကဏ္ဍတစ်ရပ်မှာ မေးမြန်းမည့် မေးခွန်းအမျိုးအစားကို ဆုံးဖြတ်ခြင်းဖြစ်သည်။ မတူခြားနားသော မေးခွန်းအမျိုးအစားများကို အသုံးပြုပြီး မတူညီသည့် ဒေတာအမျိုးအစားများကို ကောက်ယူစုဆောင်းနိုင်ပါသည်။ သုတေသီများက ၎င်းတို့တွင်ရှိသည့် အချိန်နှင့် ရင်းမြစ်များပေါ်အခြေခံ၍ စစ်တမ်းမေးခွန်းများကိုလည်း ရွေးချယ်ပါလိမ့်မည်။ ဥပမာ – **အဖွင့်မေးခွန်း** ၅ ခုထက် အပိတ် မေးခွန်း ၅ ခုက ဒေတာကောက်ယူရာတွင် ပိုမိုမြန်ဆန်စေပါသည်။

## အပိတ် မေးခွန်းများ

အပိတ် မေးခွန်းများတွင် ရွေးချယ်ရမည့် ကန့်သတ်ဖော်ပြထားသော ဖြစ်နိုင်ခြေရှိသည့် အဖြေများရှိပါသည်။ ၎င်းမေးခွန်းများတွင် အဖြေများကို ကိန်းဂဏန်းအဖြစ် ပြောင်းလဲနိုင်သည့်အတွက် ၎င်းတို့ကို အလွယ်တကူ တိုင်းတာနိုင်ပါသည်။ ဥပမာ – က 'ဟုတ်သည် – မဟုတ်ပါ' မေးခွန်းတစ်ခုသည် အပိတ်မေးခွန်းတစ်ခုဖြစ်ပြီး ဟုတ်သည်ကို '၁' အဖြစ် ပြောင်းလဲနိုင်ပြီး မဟုတ်ပါကို '၂' အဖြစ် ပြောင်းလဲသတ်မှတ်နိုင်သည်။ အပိတ်မေးခွန်း၏ အခြားဥပမာများတွင် အောက်ပါအချက်များ ပါဝင်သည်။

- ညီအစ်ကို မောင်နှမများ မည်မျှရှိပါသနည်း။
- မူလတန်းကျောင်းကို ပြီးဆုံးအောင် သင်ယူခဲ့ပါသလား။ — *ဟုတ်သည်/မဟုတ်ပါ*
- ကျောင်းတွင် အကြိုက်နှစ်သက်ဆုံး ဘာသာရပ်မှာ အဘယ်နည်း။ — မြန်မာစာ/ အင်္ဂလိပ်စာ/ သိပ္ပံ/ သင်္ချာ/ သမိုင်း/ ပထဝီ/ စီးပွားရေး/ အခြား

## အဖွင့် မေးခွန်းများ

အဖွင့် မေးခွန်းများသည် မေးခွန်းတစ်ခုခုကို ၎င်းတို့၏ ကိုယ်ပိုင်စကားလုံးများဖြင့် လွတ်လပ်စွာ ဖွင့်ဟဖြေကြားစေရန် တိုက်တွန်းမှုပေးပါသည်။ အဖွင့်မေးခွန်းများဖြင့် အသေးစိတ်ဖြေကြားချက်များ ရရှိစေပြီး ၎င်းတို့ကို များသောအားဖြင့် အရည်အသွေးစံပြု သုတေသနနှင့်အတူ ယှဉ်တွဲတွေ့မြင်နိုင်ပါသည်။ တစ်ခါတစ်ရံ၌ ၎င်းတို့သည် မေးခွန်းများ မဟုတ်ကြဘဲ ဖြေကြားချက်များ လိုအပ်သည့် ထုတ်ပြန်ချက်များအဖြစ်သာ တွေ့မြင်ရပါသည်။ 'အဘယ်ကြောင့်' ဆိုသော် မေးခွန်းသည် အဖွင့် မေးခွန်းတစ်ခုဖြစ်ပါသည်။ အခြား ဥပမာများမှာ အောက်ပါမေးခွန်းများကဲ့သို့ ဖြစ်နိုင်ပါသည်။


- သင်၏ ညီအစ်ကို မောင်နှမများနှင့် မည်သို့သော ဆက်ဆံရေး ရှိပါသနည်း။
- သင်၏ မိသားစုနှင့် ပတ်သက်ပြီး မည်သည့်အချက်များကို အကြိုက်နှစ်သက်ဆုံး ဖြစ်ပါသနည်း။
- သင်၏ မိသားစုနှင့် ပတ်သက်၍ အခက်ခဲဆုံးအရာမှာ အဘယ်နည်း။
- သင်နှင့် သင်၏ မိခင်တို့၏ ဆက်ဆံရေးအကြောင်း ပြောပြပါ။

## နှုန်းထားဖြင့် တိုင်းတာခြင်း

နှုန်းထားဖြင့် **တိုင်းတာခြင်း**သည် အပိတ်မေးခွန်း အမျိုးအစားတစ်ခုဖြစ်သည်။ ၎င်းမေးခွန်းအမျိုးအစားကို ရိုးရှင်းသော ဟုတ်သည် – မဟုတ်ပါ မေးခွန်းဖြင့် အဖြေမရနိုင်သော ထင်မြင်ချက်များကဲ့သို့ တစ်စုံတစ်ခု၏ နှုန်းထားကို တိုင်းတာသည့်အခါတွင် အသုံးပြုပါသည်။


| မေးခွန်း ၃ – အောက်ပါဘာသာရပ်များသည် မည်မျှ ခက်ခဲပါသနည်း | | | | | |
|---|---|---|---|---|---|
| | **အလွန်ခက်ခဲသည်** | **ခက်ခဲသည်** | **အဆင်ပြေသည်** | **လွယ်ကူသည်** | **အလွန်လွယ်ကူသည်** |
| **သင်္ချာ** | ၁ | ၂ | ၃ | ၄ | ၅ |
| **သိပ္ပံ** | ၁ | ၂ | ၃ | ၄ | ၅ |
| **အင်္ဂလိပ်** | ၁ | ၂ | ၃ | ၄ | ၅ |
| **လူမှုရေးသိပ္ပံ** | ၁ | ၂ | ၃ | ၄ | ၅ |

တစ်ခါတစ်ရံတွင် သုတေသီများက ပါဝင်ဖြေကြားသူများ၏ ခံစားချက်များနှင့် အမြင်များကို တိုင်းတာရန်အတွက် ပြုံးနေသည့် မျက်နှာအနေအထား ရုပ်ပုံများကိုလည်း အသုံးပြုကြပါသည်။





## Likert ဖြင့် တိုင်းတာခြင်း

Likert ဖြင့် တိုင်းတာခြင်းသည် ပါဝင်ဖြေကြားသူများမှ ထုတ်ပြန်ချက်တစ်ခုအား ဖြေကြားရသည့် နှုန်းထားဖြင့် တိုင်းတာခြင်းတစ်မျိုး ဖြစ်ပါသည်။ ၎င်းမေးခွန်းပုံစံအား စိတ်နေသဘောထားများ၊ စံတန်ဖိုးများနှင့် အမြင်များကို တိုင်းတာရာတွင် အသုံးပြုပါသည်။ အများအားဖြင့် ၎င်းမေးခွန်း၏ ရွေးချယ်စရာအဖြေများတွင် ကြားနေအဖြေတစ်ခုခု ထည့်ထားပေးသည် (ဥပမာ – အလယ်အလတ်/ကြားနေ)




## အဆင့်ခွဲသတ်မှတ်သည့် မေးခွန်းများ

အဆင့်ခွဲသတ်မှတ်သည့် မေးခွန်းတစ်ခုဆိုသည်မှာ ပေးထားသော စာရင်းတစ်ခုထဲမှ အကြောင်းအရာများကို ဖြေကြားသူမှ ၎င်းတို့၏ ကြိုက်နှစ်သက်မှုအရ အဆင့်ခွဲသတ်မှတ်ပေးရခြင်းဖြစ်သည်။ (ဥပမာ – အရေးပါမှု အနိမ့်ဆုံးမှ အရေးပါမှု အမြင့်ဆုံးသို့ စီပေးပါ။)




၎င်းမေးခွန်းသည် အစုအဖွဲ့တစ်ဖွဲ့၏ ဦးစားပေးသည့်အရာများကို သိရှိလိုသည့်အခါတွင် အသုံးဝင်နိုင်ပါသည်။ ဥပမာ – သုတေသီတစ်ဦးမှ လူမှုအဖွဲ့အစည်းခေါင်းဆောင်များက ၎င်းတို့၏ ရပ်ရွာဒေသအတွင်း ပညာရေးတိုးတက်မှုနှင့် ပတ်သက်ပြီး မည်သည့်အရာများကို ဦးစားပေးသတ်မှတ်ထားကြောင်း သိရှိလိုသည့်အခါတွင် မတူညီသည့် ပညာရေးလိုအပ်ချက်များကို ၎င်းတို့၏ အရေးပါမှုအတိုင်း အဆင့်ခွဲသတ်မှတ်ရန် မေးမြန်းနိုင်ပါသည်။

### လေ့ကျင့်ခန်း – အဖွင့် သို့မဟုတ် အပိတ်မေးခွန်း ဖြစ်ပါသလား

အောက်ပါမေးခွန်းများသည် အဖွင့်မေးခွန်း သို့မဟုတ် အပိတ်မေးခွန်းများ ဖြစ်ကြပါသလား။

၁။ စီးကရက်တစ်လိပ် သောက်ခဲ့ဖူးပါသလား။

၂။ တစ်နေ့လျှင် စီးကရက် မည်မျှ သောက်သုံးပါသနည်း။

၃။ ဆေးလိပ်သောက်သုံးခြင်းဖြင့် မည်သို့သော ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများ ရှိသည်ဟု ထင်ပါသနည်း။

၄။ အလုပ်သို့သွားသည့်အခါတွင် မည်သည့် သယ်ယူပို့ဆောင်ရေး အမျိုးအစားကို အသုံးပြုပါသနည်း။

၅။ လွန်ခဲ့သည့်အပတ်အတွင်း မည်သည့်ဝဘ်ဆိုဒ်များကို ဝင်ရောက်ကြည့်ရှုခဲ့ပါသနည်း။

၆။ မိသားစု အိမ်ထောင်တစ်ခုတွင် မည်သည့်အရာများက ပဋိပက္ခဖြစ်ပွားစေသည်ဟု ထင်ပါသနည်း။

၇။ လွန်ခဲ့သောနှစ်အတွင်း ဆရာဝန်ထံသို့ အကြိမ်ပေါင်းမည်မျှ သွားရောက်ပြသခဲ့ရသနည်း။

## လုပ်ငန်းစဉ် – စစ်တမ်းမေးခွန်းများ ရေးသားပါ (၂)

သင်သည် အောက်ပါခေါင်းစဉ်နှင့် ပတ်သက်ပြီး သုတေသနတစ်ခုကို ဆောင်ရွက်နေသည်။

*ကျောင်းသားများသည် ၎င်းတို့၏ အနာဂတ်အတွက် မည်သည့် ဘာသာရပ်က အရေးကြီးဆုံးဟု ထင်မြင်ယူဆထားကြသနည်း။*

အောက်ဖော်ပြထားသည့် မေးခွန်းအမျိုးအစားများ၏ ဥပမာများကို ရေးသားပါ။

၁။ အဖွင့်မေးခွန်းတစ်ကြောင်း

၂။ အပိတ်မေးခွန်းတစ်ကြောင်း

၃။ နှုန်းထားဖြင့် တိုင်းတာခြင်း မေးခွန်းတစ်ကြောင်း

၄။ Likert ဖြင့် တိုင်းတာခြင်း မေးခွန်းတစ်ကြောင်း

၅။ အဆင့်ခွဲသတ်မှတ်ခြင်း မေးခွန်းတစ်ကြောင်း

## ဖြစ်ရပ်လေ့လာချက် – ဖြစ်ရပ်လေ့လာချက်အား ဆန်းစစ်လေ့လာပါ

ဖြစ်ရပ်လေ့လာချက်အား ဖတ်ရှုပြီး မေးခွန်းများကို ဖြေဆိုပါ။

၁။ Myanmar Survey Research အဖွဲ့သည် မည်သည့် သုတေသန အမျိုးအစားကို လုပ်ဆောင်ပါသနည်း။

၂။ 'ဝယ်ယူသုံးစွဲသူ အပြုအမူ ပြောင်းလဲမှုများ၏ စစ်တမ်းတစ်ခု' ၏ ရည်ရွယ်ချက်တစ်ရပ်မှာ အဘယ်နည်း။

၃။ မည်သည့် မေးခွန်းခေါင်းစဉ်သည် (စာ ၆၂ – ၆၃ တွင် ကြည့်ပါ) မေးခွန်းဥပမာတစ်ခုစီကို ကိုယ်စားပြုပါသနည်း။

၄။ မည်သည့် မေးခွန်းအမျိုးအစားသည် (စာ ၆၄ – ၆၆ တွင် ကြည့်ပါ) မေးခွန်းဥပမာနှစ်ခုထဲမှ တစ်ခုစီကို ကိုယ်စားပြုပါသနည်း။

၅။ ဖြစ်ရပ်လေ့လာချက်ထဲတွင် ဖော်ပြထားသည့် ကျင့်ဝတ်ညီသုတေသန၏ အင်္ဂါရပ်တစ်ခုမှာ အဘယ်နည်း။ MSR အဖွဲ့သည် ၎င်းအင်္ဂါရပ်ကို မည်သို့လိုက်နာထားပါသနည်း။

MSR Myanmar Survey Research

ဈေးကွက်သုတေသနသည် ကုမ္ပဏီများက ဝယ်ယူသုံးစွဲသူများအတွက် ထုတ်ကုန်နှင့် ဝန်ဆောင်မှုအသစ်များ ဖန်တီးနိုင်ရန်အတွက် ဝယ်ယူသုံးစွဲသူများနှင့် ပတ်သက်သည့် အချက်အလက်များကို ကောက်ယူပေးပါသည်။ ကုမ္ပဏီတစ်ခုအနေဖြင့် ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုတစ်ခုနှင့် ပတ်သက်ပြီး အကြံတစ်ခုခုရှိပါက ဈေးကွက်သုတေသနအဖွဲ့မှ ဝယ်ယူသုံးစွဲသူများ၏ လိုအပ်ချက်အား အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကူညီဖန်တီးပေးနိုင်ပါသည်။

MSR အဖွဲ့မှ မြန်မာနိုင်ငံရှိ လူ့အသိုက်အဝန်း၊ ဥပဒေနှင့် စီးပွားရေးကဏ္ဍများတွင် သုတေသနများ ဆောင်ရွက်ကြသည်။ ၎င်းတို့သည် ဈေးကွက်သုတေသန ဆောင်ရွက်သကဲ့သို့ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သုတေသနများကိုလည်း ဆောင်ရွက်ကြပါသည်။ ၎င်းတို့၏ ဝယ်ယူသုံးစွဲသူများတွင် NGO များနှင့် စီးပွားရေးလုပ်ငန်းများ ပါဝင်ကြသည်။

MSR အဖွဲ့၏ ဈေးကွက်သုတေသန ဥပမာတစ်ခုမှာ ဝယ်ယူသုံးစွဲသူ အပြုအမူ ပြောင်းလဲမှုများအကြောင်းဖြစ်သည်။ စီးပွားရေးလုပ်ငန်းတစ်ခုက ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုအသစ်တစ်ခုအား မထုတ်လုပ်ခင် အဆိုပါ အကြောင်းအရာအား သုတေသနပြုစုရန်အတွက် MSR အဖွဲ့ကို ငှားရမ်းခဲ့သည်။ ဤစစ်တမ်းတွင် ဝယ်ယူသုံးစွဲသူများကို ၎င်းတို့ လိုအပ်ချက်များ၊ ဆန္ဒ၊ စံတန်ဖိုးများနှင့် ပတ်သက်ပြီး မေးမြန်းခဲ့သည်။ ရလဒ်များမှတစ်ဆင့် စီးပွားရေးလုပ်ငန်းသည် ၎င်းတို့၏ ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုအသစ်အား ဝယ်ယူသုံးစွဲသူများက ဝယ်ယူအသုံးပြုလိုစိတ် ရှိ/မရှိ ကြိုတင်ခန့်မှန်းနိုင်ပါသည်။

ပထမဦးစွာ MSR အဖွဲ့က ၎င်းတို့ကို ငှားရမ်းသူများနှင့် တွေ့ဆုံပြီး သုတေသနလုပ်ဆောင်မှုမှ သိရှိချင်သည့် အကြောင်းအရာများကို တိုင်ပင်ဆွေးနွေးခဲ့သည်။

ထို့နောက်တွင် မေးခွန်းလွှာများ ဖန်တီးရေးသားခဲ့သည်။ စစ်တမ်းတွင် လူတစ်ရာခန့် စံနမူနာကောက်ယူသည့်အတွက် (၄.၃ ကို ကြည့်ပါ) **အပိတ်မေးခွန်း**အများစုကိုသာ အသုံးပြုခဲ့ကြသည်။

စစ်တမ်းကောက်ယူမှုသည် အောက်ပါကဲ့သို့ အကြောင်းအရာများကို ရှာဖွေရန် ရည်ရွယ်ထားသည်။

- ပြည်သူများသည် မည်သည့် ထုတ်ကုန်ပစ္စည်းများပေါ်တွင် ငွေကြေးသုံးစွဲကြသနည်း။
- ပြည်သူများက ဝန်ဆောင်မှုအသစ်တစ်ခုခုအား လိုချင်မှု ရှိ/ မရှိ (ကော်ဖီဆိုင်ကဲ့သို့) နှင့်
- တစ်နေ့တာအတွင်း လူများ ဈေးဝယ်ထွက်သည့်အချိန်

မေးခွန်းဥပမာများတွင် အောက်ပါအချက်များ ပါဝင်သည်။

(က) တစ်နေ့တာ၏ မည်သည့်အချိန်တွင် စားသောက်ကုန်များ ပုံမှန် ဝယ်ယူဖြစ်ပါသနည်း။

- မနက်ခင်း • မွန်းတည့် • နေ့လည်ခင်း • ညနေ

(ခ) သင်ဈေးဆိုင်သွားသည့်အချိန်တွင် အောက်ပါအချက်များကို ၎င်းတို့၏ အရေးပါမှုအလိုက် (၁ = အရေးပါမှုအနိမ့်ဆုံးနှင့် ၄ = အရေးပါမှုအမြင့်ဆုံး) အဆင့်ခွဲသတ်မှတ်ပါ။

- ဝန်ဆောင်မှု
- ကုန်ပစ္စည်းများ
- လျှပ်စစ်မီး အသုံးအဆောင်များ
- အခန်းဖွဲ့စည်းမှု အသုံးအဆောင်များ

MSR အဖွဲ့သည် ဈေးကွက်၊ လူမှုရေးနှင့် အတွေးအမြင်ဆိုင်ရာ သုတေသီများ အဖွဲ့အစည်းတစ်ခုဖြစ်သည့် ESOMAR ၏ အဖွဲ့ဝင်တစ်ဖွဲ့ဖြစ်သည်။ အဖွဲ့အစည်းဝင်များသည် ကျင့်ဝတ်နှင့် အတွင်းရေးဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာရန် ကတိကဝတ်ပြုထားရသည်။ MSR ၏ စည်းကမ်းတစ်ရပ်မှာ စစ်တမ်းတွင် ပါဝင်ဖြေကြားသူများထံမှ ကောက်ယူခဲ့သော ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို လျှို့ဝှက်ပေးထားခြင်းဖြစ်သည်။

http://www.myanmarsurveyresearch.com/Home

## ဆွေးနွေးချက်

၁။ သင်၏ လူမှုအဖွဲ့အစည်းအတွင်း ပြုလုပ်မည့် ဝယ်ယူသုံးစွဲသူ အပြုအမူ ပြောင်းလဲမှု စစ်တမ်းတစ်ခုအတွက် မည်သည့်ခေါင်းစဉ်များသည် အသုံးဝင်နိုင်ပါသနည်း။

၂။ မည်သည့် မေးခွန်းအမျိုးအစားများသည် ဒီဇိုင်းရေးဆွဲရန် အလွယ်ကူဆုံး ဖြစ်မည်နည်း။ မည်သည့် အမျိုးအစားများသည် အခက်ခဲဆုံး ဖြစ်မည်နည်း။ အဘယ်ကြောင့်နည်း။

# ၄.၃ - လူဦးရေနှင့် စံနမူနာကောက်ယူခြင်း

## အကြိုလေ့လာချက်



သဘာဝပတ်ဝန်းကျင်ဆိုင်ရာ NGO အဖွဲ့တစ်ဖွဲ့သည် ကချင်ပြည်နယ်ရှိ ပူတာအိုမြို့တွင် စီမံကိန်းတစ်ခု ဆောင်ရွက်ချင်နေသည်။ မည်သည့် အကြောင်းအရာပေါ်တွင် အဓိကထား လုပ်ဆောင်ရမည်ဖြစ်ကြောင်း ဆုံးဖြတ်ရန်အတွက် 'ပူတာအိုရှိ မြို့ခံလူများသည် မည်သည့်အကြောင်းအရာကို ၎င်းတို့မြို့၏ အကြီးမားဆုံး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာဟု ထင်မြင်ယူဆထားကြသနည်း' ဆိုသည့် သုတေသန မေးခွန်းတစ်ခုကို စဉ်းစား သတ်မှတ်ခဲ့သည်။ အဆိုပါ NGO အဖွဲ့မှ ရလဒ်များသည် ပစ်မှတ်ထားသည့် လူဦးရေ၏ အမြင်ပေါ်တွင် ထင်ဟပ်မှုရှိစေရန် (ယုံကြည်လက်ခံနိုင်မှုရှိရန်) နှင့် မတူခြားနားသည့် ရှုထောင့်များစွာကိုလည်း ထည့်သွင်းလိုသည်။

၁။ လူပေါင်းမည်မျှခန့်အား စစ်တမ်းကောက်ယူရန် လိုအပ်ပါသနည်း။

၂။ မည်သို့သော လူများကို စစ်တမ်းကောက်ယူရန် လိုအပ်မည်နည်း။

## လူဦးရေ

သုတေသနတွင် လူဦးရေဆိုသည်မှာ သုတေသန၏ ပစ်မှတ်ဖြစ်သည့် လူအစုအဖွဲ့၊ အဖွဲ့အစည်းများ သို့မဟုတ် အရာဝတ္ထုများကို ရည်ညွှန်းပါသည်။ ဥပမာ – သုတေသီတစ်ဦးသည် 'ပြည်မြို့ရှိလူများသည် ရာသီဥတုအပြောင်းအလဲနှင့် ပတ်သက်ပြီး မည်သည့်အရာများကို သိရှိထားသနည်း' ဆိုသည့် မေးခွန်းမေးပါက ၎င်းသုတေသန၏ လူဦးရေမှာ 'ပြည်မြို့တွင် နေထိုင်သူအားလုံး' ဖြစ်ပါသည်။ သို့သော် သုတေသီက ၎င်း၏ သုတေသနမေးခွန်းကို ဦးတည်ပစ်မှတ်ထားပြီး 'ပြည်မြို့ရှိ ကျောင်းသူ/သားများသည် ရာသီဥတု အပြောင်းအလဲ၏ သက်ရောက်မှုနှင့် ပတ်သက်ပြီး မည်သည့်အရာများကို သိရှိထားသနည်း' ဟု မေးမြန်းချင်ပါက လူဦးရေသည် 'ပြည်မြို့ရှိ ကျောင်းသူ/သားအားလုံး' ဖြစ်ပါလိမ့်မည်။ အကယ်၍ သုတေသီမှ 'ပြည်မြို့ရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင် ရာသီဥတုအပြောင်းအလဲ၏ သက်ရောက်မှုနှင့် ပတ်သက်ပြီး မည်သည့်အကြောင်းအရာများကို သင်ကြားနေကြသနည်း' ဟု မေးမြန်းချင်ပါက ပစ်မှတ်ထားသည့် လူဦးရေမှာ 'ပြည်မြို့ရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအားလုံး' ဖြစ်ပါလိမ့်မည်။

တစ်ခါတစ်ရံတွင် သင်လုပ်ဆောင်နေသည့် သုတေသန၏ အကြောင်းအရာသည် သင်ရွေးချယ်ထားသည့် လူဦးရေနှင့် ဆက်နွယ်မှု ရှိ/မရှိ သိရှိရန် ခက်ခဲနိုင်ပါသည်။ 'ပြည်မြို့ရှိ စက်ရုံလုပ်သားများအားလုံး' ဆိုသည့် အစုအဖွဲ့အတွက်ဆိုလျှင် ရှုပ်ထွေးမှုရှိနိုင်ပါသည်။ ဥပမာ – သုတေသနတွင် စက်ရုံလုပ်ငန်းပိုင်ရှင်များနှင့် မန်နေဂျာများကိုပါ ထည့်သွင်းမေးမြန်းသွားပါမည်နည်း။ သုတေသနတွင် အချိန်ပိုင်းအလုပ်သမားများကို ထည့်သွင်းသွားပါမည်နည်း။ ပြည်မြို့ပြင်ပတွင် နေထိုင်သော်လည်း မြို့တွင်းသို့ သွားရောက်လုပ်ကိုင်နေသူများကို ထည့်သွင်းမေးမြန်းသွားပါမည်နည်း။ သုတေသီတစ်ဦးမှ သုတေသန လူဦးရေကို ဖော်ပြသည့်အခါ ဒေတာကောက်ယူမှုတွင် မည်သူများ (သို့) မည်သည့်အရာများကို ထည့်သွင်းသွားမည် (သို့) ထုတ်ပယ်သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ရာ၌ အထောက်အကူရစေရန်အတွက် လက္ခဏာရပ်များ (စံနှုန်း) စာရင်းတစ်ခုကို အသုံးပြုပါသည်။

| | |
|---|---|
| **သုတေသန မေးခွန်း** | ပြည်မြို့ရှိ စက်ရုံအလုပ်သမားများသည် ရာသီဥတု အပြောင်းအလဲ၏ သက်ရောက်မှုနှင့် ပတ်သက်ပြီး မည်သည့်အရာများကို သိရှိထားသနည်း။ |
| **လူဦးရေ** | ပြည်မြို့မှ စက်ရုံအလုပ်သမားများ |
| **စံနှုန်း** | • စက်ရုံတစ်ရုံတွင် အလုပ်လုပ်ကိုင်နေသူ<br>• တစ်ပတ်လျှင် အနိမ့်ဆုံး ၁၀ နာရီကြာ အလုပ်လုပ်ကိုင်သူ<br>• အသက် ၁၈ နှစ်အထက်ရှိသူ<br>• ပြည်မြို့တွင် အနည်းဆုံး ၂ နှစ်ခန့် နေထိုင်ပြီးသူ |

## လေ့ကျင့်ခန်း – အကောင်းဆုံးအဖြေကို ရွေးချယ်ပါ

၁။ သင်၏ သုတေသန လူဦးရေသည် အောက်ပါအချက်များကို ဖော်ပြသည်။
(က) စက်ရုံတစ်ရုံတွင်းရှိ အလုပ်သမားအားလုံး
(ခ) သင့်သုတေသန၏ အကြောင်းအရာအားလုံး
(ဂ) ပြည်နယ် (သို့) တိုင်းဒေသကြီးတစ်ခုတွင်းရှိ လူအားလုံး
(ဃ) မြန်မာနိုင်ငံရှိ လူအားလုံး

၂။ လူဦးရေစံနူနာသည် အောက်ပါအချက်များ ဖော်ပြသည့် အချက်အလက်များဖြစ်သည်။
(က) ဒေတာကောက်ယူသွားမည့် လူများ (သို့) အရာများကို ဖော်ပြသည်။
(ခ) ကျွန်ုပ်တို့၏ ယဉ်ကျေးမှုနှင့် သရုပ်လက္ခဏာကို ပိုမိုအားကောင်းလာစေသည်။
(ဂ) အရည်အသွေးစံပြု သုတေသနကို ပိုပြီး ယုံကြည်လက်ခံလာစေနိုင်သည်။
(ဃ) သုတေသီကောင်းတစ်ဦး၏ သရုပ်လက္ခဏာများကို ရေးသားဖော်ပြသည်။

၃။ လူဦးရေ စံနူနာတစ်ရပ်သည် အောက်ပါအချက်များကြောင့် အသုံးဝင်ပါသည်။
(က) သင်၏ နမူနာကောက်ယူမှု အရွယ်အစားကို တိုးပွားလာစေသည်။
(ခ) တိကျသော ပစ်မှတ်အုပ်စုကို ဖော်ပြပေးသည်။
(ဂ) ဆက်သွယ်ပြောဆိုခြင်းကို တိုးတက်လာစေသည်။
(ဃ) ရလဒ်များကို ပိုမိုလွယ်ကူစေသည်။

## လေ့ကျင့်ခန်း – စံနူနာများကို တွဲစပ်ပါ

အောက်တွင် လူဦးရေ ဥပမာနှစ်ခုကို ဖော်ပြထားပါသည်။ စံနူနာများကို သက်ဆိုင်ရာ လူဦးရေဖြင့် တွဲစပ်ပါ။

၁။ ဧရာဝတီတိုင်းမှ အသေးစား စိုက်ပျိုးရေး လယ်သမားအားလုံး
၂။ ဧရာဝတီတိုင်းမှ အသေးစား စီးပွားရေး လုပ်ငန်းများအားလုံး

(က) ရုံးဝန်ထမ်းဦးရေ ၂၀–၃၀ ကြား ရှိရမည်။
(ခ) စိုက်ပျိုးဧက ၂၅ ဧကထက် နည်းရမည်။
(ဂ) အိမ်ထောင်စုဝင်ငွေ ကျပ်သန်းပေါင်း ၁၀၀ အောက်ရှိရမည်။
(ဃ) မြေယာပိုင်ဆိုင်မှု အထောက်အထားလက်မှတ်တစ်ခု ရှိရမည်။
(င) ဒါရိုက်တာတစ်ဦးရှိရမည်။
(စ) ဧရာဝတီတိုင်းတွင် မှတ်ပုံတင်ထားရမည်။
(ဆ) ဧရာဝတီတိုင်းတွင် နေထိုင်သူဖြစ်ရမည်။
(ဇ) အမျိုးသားရေးစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားရမည်။



**ဖြစ်ရပ်လေ့လာချက် – ဖြစ်ရပ်လေ့လာချက်အား စိစစ်လေ့လာပါ**

ဆန့်ကျင်ဘက်စာမျက်နှာရှိ ဖြစ်ရပ်လေ့လာချက်အား ဖတ်ရှုပြီး မေးခွန်းများကို ဖြေဆိုပါ။

၁။ ဤသုတေသနက စစ်ဆေးလေ့လာလိုသည့် ပစ်မှတ်လူဦးရေမှာ အဘယ်နည်း။

၂။ မြန်မာနိုင်ငံ စာကြည့်တိုက်စစ်တမ်းက လက်ရှိဖွင့်လှစ်ငှားရမ်းနေသော စာကြည့်တိုက်များ ခွဲခြားဖော်ထုတ်ရန်အတွက် စံနှုန်းအဖြစ် အသုံးပြုခဲ့နိုင်သည့် လက္ခဏာရပ်များ (အောက်တွင်ပေးထားသည့်စာရင်းမှ) ထဲမှ အဖြစ်နိုင်ဆုံးသော ၅ ချက်ကို ရွေးချယ်ပါ။

(က) အသုံးပြုနိုင်သော အဆောက်အအုံတစ်ခုရှိရမည်။

(ခ) စာကြည့်တိုက်အဆောက်အအုံကို အုတ်ဖြင့် ဆောက်လုပ်ထားရမည်။

(ဂ) စာကြည့်တိုက်တွင် အင်တာနက် ချိတ်ဆက်အသုံးပြုနိုင်သည်။

(ဃ) ပြည်သူများက စာကြည့်တိုက်မှ စာအုပ်များ ငှားရမ်းနိုင်သည်။

(င) စာကြည့်တိုက်တွင် လက်ရှိလုပ်ကိုင်နေသော ဝန်ထမ်းရှိရမည်။

(စ) စာကြည့်တိုက်သည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော စာကြည့်တိုက်ပေါင်း ၅၅,၇၅၅ ထဲမှ ဖြစ်ရမည်။

(ဆ) စာကြည့်တိုက်တွင် စာအုပ်များဝယ်ယူရန်နှင့် ဝန်ထမ်းအား လစာပေးရန် ဘတ်ဂျက်ရှိရမည်။

(ဇ) စာကြည့်တိုက် အဆောက်အအုံသည် ၁၉၄၈ ခုနှစ်မတိုင်မီ ဆောက်လုပ်ထားသည့် အဆောက်အအုံဖြစ်ရမည်။

(ဈ) စာကြည့်တိုက်ပြင်ပတွင် စာကြည့်တိုက်ဟု ရေးသားထားသော ဆိုင်းဘုတ်ရှိရမည်။

(ည) စာကြည့်တိုက်တွင် ပြည်သူများ ငှားရမ်းဖတ်ရှုနိုင်သည့် စာအုပ်စာရင်းရှိရမည်။

## မြန်မာနိုင်ငံ စာကြည့်တိုက်စစ်တမ်း

မြန်မာနိုင်ငံ စာကြည့်တိုက်စစ်တမ်း ဆိုသည်မှာ မြန်မာနိုင်ငံရှိ အများပြည်သူပိုင် စာကြည့်တိုက်များအားလုံးကို လေ့လာမှုတစ်ရပ်ဖြစ်သည်။ ဤလေ့လာမှု၏ ရည်ရွယ်ချက်မှာ စာကြည့်တိုက်များ၏ တည်နေရာ၊ အခြေအနေနှင့် ရင်းမြစ်များပေါ် (အင်တာနက်ရရှိမှုကဲ့သို့သော) အခြေခံပြီး သုံးသပ်အကဲဖြတ်ရန်ဖြစ်သည်။

သုတေသီများက စာကြည့်တိုက်များကို သွားရောက်လေ့လာခဲ့ပြီး စာကြည့်တိုက် အသုံးပြုသူနှင့် အသုံးမပြုသူများထံမှ အကြံပြုချက်များ ကောက်ယူခဲ့သည်။ သုတေသီများက စာကြည့်တိုက်များ၏ တည်နေရာများကို ရှာဖွေသိရှိလိုကြသည်။ အများပြည်သူသိ မှတ်ပုံတင်ထားသည့် စာကြည့်တိုက်များ စာရင်းတစ်ခုကို ရရှိခဲ့ပြီး မှတ်ပုံတင်ထားသည့် အများပြည်သူပိုင် စာကြည့်တိုက်ပေါင်း ၅၅,၇၅၅ ရှိကြောင်း သိရှိခဲ့ရသည်။ သို့သော် ၎င်းအရေအတွက်မှာ ဗြိတိသျှကိုလိုနီ အုပ်ချုပ်မှုအောက်တွင် မှတ်ပုံတင်ထားခဲ့ခြင်းဖြစ်ပြီး ၎င်းစာကြည့်တိုက်အားလုံးမှ အချို့သည် ဆက်လက်ဖွင့်လှစ်ထားခြင်း မရှိကြတော့ချေ။ အချို့စာကြည့်တိုက်များသည် လွန်ခဲ့သည့် အချိန်အတော်ကြာကတည်းက ပိတ်သိမ်းသွားခဲ့ကြပြီးဖြစ်သည်။

သုတေသီများက ဆက်လက်ဖွင့်လှစ်နေသေးသော စာကြည့်တိုက်များကို ခွဲခြားဖော်ထုတ်ရန်အတွက် စံနှုန်း ၅ ချက်ကို သတ်မှတ်ခဲ့ကြသည်။

၎င်းစံနှုန်း ၅ ချက်မှ တစ်ချက်ချက်နှင့် မကိုက်ညီသည့် စာကြည့်တိုက်များကို ဆက်လက်ဖွင့်လှစ်နေသည့် စာကြည့်တိုက်များအဖြစ် ထည့်သွင်းသတ်မှတ်ခြင်းမရှိဘဲ လေ့လာမှုမှ ဖယ်ထုတ်ထားခဲ့ကြသည်။

### သင်တို့၏ သုတေသနစီမံကိန်း – လူဦးရေ

သုတေသနမေးခွန်းတစ်ခုကို စဉ်းစားပါ။ အဆိုပါမေးခွန်းသည် ရှေ့သင်ခန်းစာတွင် အသုံးပြုခဲ့သော ခေါင်းစဉ်လည်း ဖြစ်နိုင်သကဲ့သို့ စိတ်ဝင်စားသည့် အခြားအကြောင်းအရာ ခေါင်းစဉ်တစ်ခုလည်းဖြစ်နိုင်သည်။

၁။ ဤသုတေသနတွင် ပါဝင်သည့် လူဦးရေမှာ အဘယ်နည်း။ မည်သို့သော သင့်တော်သည့် စံနမူနာများကို လိုအပ်နိုင်ပါသနည်း။


၂။ နှစ်ယောက်တစ်တွဲစီဖြင့် သင်တို့၏ စီမံကိန်းအတွက် လူဦးရေနှင့် သင့်တော်သောစံနမူနာများကို ဆွေးနွေးပါ။

# နမူနာကောက်ယူခြင်း

သုတေသီများအနေဖြင့် သုတေသန လူဦးရေကြီးတစ်ရပ်လုံးနှင့် ပတ်သက်ပြီး တိကျသော အချက်အလက်များရရှိရန် ခက်ခဲပါသည်။ သုတေသန လူဦးရေတွင် ပါဝင်သူများအားလုံးထံမှ အချက်အလက်များ ရယူခြင်းသည် အများအားဖြင့် မဖြစ်နိုင်သည့်အတွက် သုတေသီများက နမူနာကောက်ယူခြင်း နည်းလမ်းတစ်ရပ်ကို အသုံးပြုကြသည်။ နမူနာတစ်ခုသည် သုတေသန လူဦးရေကြီးတစ်ရပ်လုံးကို ကိုယ်စားပြုပြီး ထင်ဟပ်မှုရှိသည့် လူအစုအဖွဲ့တစ်ဖွဲ့ဖြစ်ပါသည်။

**နမူနာကောက်ယူခြင်း** လုပ်ဆောင်ရန် မတူညီသည့် နည်းလမ်းများရှိပါသည်။ ၎င်းနည်းလမ်းများတွင် အောက်ပါအချက်များ ပါဝင်သည်။

- ကျပန်းနမူနာကောက်ယူနည်း
- စိစစ်ရွေးချယ် နမူနာကောက်ယူနည်း
- လွယ်ကူသက်သာ နမူနာကောက်ယူနည်း
- နှင်းလုံး (ဆင့်ပွား) နမူနာကောက်ယူနည်း




**လူဦးရေတစ်ရပ်၏ ၃ ယောက်မြောက်လူတိုင်းကို စစ်တမ်းကောက်ယူသည့် ကျပန်းနမူနာကောက်ယူခြင်း ဥပမာတစ်ခု**

## ကျပန်းနမူနာကောက်ယူနည်း

ကျပန်းနမူနာကောက်ယူနည်းဆိုသည်မှာ လူဦးရေတစ်ရပ်မှ လူများအားလုံးသည် ကောက်ယူမည့် နမူနာတွင် ပါဝင်ခွင့်ရာခိုင်နှုန်း တူညီစွာရှိနေသည့် အခြေအနေဖြစ်သည်။ ဆိုလိုသည်မှာ လူများအားလုံးကို ကျပန်းကောက်ယူသွားမည်ဆိုလျှင် ၎င်းနမူနာသည် လူဦးရေတစ်ရပ်လုံးကို ပိုပြီး ကိုယ်စားပြုနိုင်ပါလိမ့်မည်။ ကျပန်းနမူနာကောက်ယူနည်းသည် ဘက်လိုက်မှုနည်းသည့်အတွက် ယုံကြည်ကိုးစားနိုင်ဆုံး နည်းလမ်းဟု မကြာခဏ သတ်မှတ်လက်ခံကြသည်။ ဥပမာ – သုတေသီတစ်ဦးမှ ရှမ်းပြည်နယ်ရှိ လူထုကြားတွင် ကျန်းမာရေးဆိုင်ရာ စစ်တမ်းတစ်ခု ကောက်ယူချင်ပါက နယ်ခံအာဏာပိုင်များထံမှ အိမ်ထောင်စုစာရင်း တောင်းခံ၍ ၁၀ ကြိမ်မြောက်အိမ်တိုင်းကို စစ်တမ်းကောက်ယူသွားနိုင်သည်။ သို့သော် တိကျသော စာရင်းရရှိရန်နှင့် တိကျသော ကျပန်းနမူနာ တွက်ချက်ရန်အတွက် ခက်ခဲပြီး ငွေကုန်ကြေးကျများပါသည်။

## စိစစ်ရွေးချယ် နမူနာကောက်ယူနည်း

စိစစ်ရွေးချယ် နမူနာကောက်ယူနည်းဆိုသည်မှာ မတူညီသည့် ဖြေဆိုချက်များ ရရှိရန်အတွက် လူဦးရေတစ်ရပ်အတွင်း၌ အုပ်စုများကို ရွေးချယ်ခြင်းဖြစ်သည်။ သုတေသန၏ ရည်ရွယ်ချက်ပေါ် အခြေခံပြီး ပါဝင်ဖြေကြားသူများကို ရွေးချယ်သည်။ စိစစ်ရွေးချယ် နမူနာကောက်ယူနည်းသည် လူဦးရေတစ်ရပ်အတွင်းရှိ လူနည်းစုအဖွဲ့များထံမှ ဒေတာများကို ကောက်ယူစုဆောင်းချင်သည့်အခါတွင် အသုံးဝင်ပါသည်။ ဥပမာ – ကျန်းမာရေးစစ်တမ်းတစ်ခုအတွက် သုတေသနအဖွဲ့က 'ပဲခူးတိုင်းဒေသကြီးတွင် နေထိုင်သူများ' ဆိုသည့် လူဦးရေတစ်ရပ်အတွင်းရှိ မတူခြားနားသော အစုအဖွဲ့များကို ရွေးချယ်လိုစိတ်ရှိနိုင်သည်။ ဥပမာ – မြို့နေလူထု၊ ကျေးလက်ဒေသနေလူထု၊ အမျိုးသား၊ အမျိုးသမီး၊ လူငယ်၊ လူကြီးနှင့် ပညာအရည်အချင်း မတူညီကြသူများ။ သုတေသနအဖွဲ့က အဆိုပါ အစုအဖွဲ့အားလုံးအနေဖြင့် ကိုယ်စားပြုနိုင်အောင် – အထူးသဖြင့် လူကြီးများနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများစသည့် အန္တရာယ်အလွယ်တကူ ရင်ဆိုင်နိုင်ရသောသူများ – ရွေးချယ်နိုင်သည်။

## လွယ်ကူသက်သာ နမူနာကောက်ယူနည်း

လွယ်ကူသက်သာ နမူနာကောက်ယူနည်းဆိုသည်မှာ သုတေသီအနေဖြင့် ၎င်း၏ သုတေသနအတွက် အလွယ်တကူ ရှာဖွေနိုင်သည့် လူများကို ရွေးချယ်သည့်နည်းလမ်းဖြစ်သည်။ ဥပမာ – သူငယ်ချင်း အပေါင်းအသင်းများ၊ လုပ်ဖော်ကိုင်ဖက် သို့မဟုတ် အတန်းဖော် သို့မဟုတ် စေတနာ့ဝန်ထမ်းများကို ရွေးချယ်လုပ်ဆောင်သည့် သုတေသန။

## နှင်းလုံး (ဆင့်ပွား) နမူနာကောက်ယူနည်း

နှင်းလုံး နမူနာကောက်ယူနည်း ဆိုသည်မှာ ပါဝင်မည့်လူများကို တစ်စုံတစ်ယောက်၏ (အခြားသော ပါဝင်ဖြေကြားသူများမှတစ်ဆင့်) လမ်းညွှန်မိတ်ဆက်ပေးမှုဖြင့် ရွေးချယ်သည့်နည်းလမ်းဖြစ်သည်။ လွယ်ကူသက်သာ နမူနာကောက်ယူနည်းနှင့် နှင်းလုံး နမူနာကောက်ယူနည်းတို့သည် ကျပန်းနမူနာကောက်ယူနည်းအတွက် အသုံးပြုရန် လူဦးရေစာရင်း မရှိသည့်အခါမျိုး သို့မဟုတ် လူဦးရေတစ်ရပ်ရှာဖွေရန် ခက်ခဲသည့်အခါမျိုးတွင် အသုံးဝင်ပါသည်။ ဥပမာ – တီဘီရောဂါကုသမှုအကြောင်း စစ်တမ်းကောက်ယူရန်အတွက် သုတေသီတစ်ဦးမှ ဆေးရုံသို့ သွားရောက်လည်ပတ်ပြီး ဆေးရုံဝန်ထမ်းများကို တီဘီရောဂါဝေဒနာသည်များနှင့် မိတ်ဆက်ပေးရန် တောင်းဆိုရလိမ့်မည်။ ထိုနည်းလမ်းကို လွယ်ကူသက်သာ နမူနာကောက်ယူနည်းဟုခေါ်ပါသည်။ ထို့နောက် အဆိုပါ ဝေဒနာသည်များအား ၎င်းတို့သိသည့် အခြားသော တီဘီဝေဒနာသည်များနှင့် မိတ်ဆက်ပေးတောင်းဆိုနိုင်သည်။ ဤနည်းလမ်းကို နှင်းလုံးနမူနာကောက်ယူနည်းဟု ခေါ်နိုင်ပါသည်။

### လေ့ကျင့်ခန်း – မှား/မှန် ဖော်ပြပါ (မှားလျှင် အဘယ်ကြောင့် မှားကြောင်း ရှင်းပြပါ)

၁။ ကျပန်းနမူနာ ရရှိရန်အတွက် မိမိလိုချင်သည့် လူများကို ရွေးချယ်ရသည်။

၂။ နှင်းလုံး နမူနာကောက်ယူနည်းသည် ဒုစရိုက်မှုများတွင် ပါဝင်သူများကို (နှင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်သိသူများ) သုတေသနပြုစုရာတွင် အသုံးဝင်နိုင်သည်။

၃။ အစုအဖွဲ့တစ်ဖွဲ့ထံမှ ဆက်နွယ်မှုရှိသော လက္ခဏာရပ်များရှိသည့် လူများကို ရွေးချယ်ခြင်းအား ကျပန်းနမူနာကောက်ယူနည်းဟုခေါ်သည်။

၄။ စိစစ်ရွေးချယ် နမူနာကောက်ယူနည်းသည် ပါဝင်ဖြေကြားသူများ ရှာဖွေရန်အတွက် လူများ၏ ဆက်ဆံရေးပေါ် မူတည်ပါသည်။

### လေ့ကျင့်ခန်း – အခြေအနေပြ ဖြစ်ရပ်များကို အမျိုးအစားခွဲခြားပါ

အောက်ပါအခြေအနေပြ ဖြစ်ရပ်များသည် သက်သာလွယ်ကူ၊ ကျပန်း၊ စိစစ်ရွေးချယ် သို့မဟုတ် နှင်းလုံး နမူနာကောက်ယူနည်းများ၏ ဥပမာများ ဖြစ်ကြပါသလား။

၁။ သုတေသီတစ်ဦးသည် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသရှိ လယ်သမားများ၏ ဝင်ငွေအကြောင်းသိရှိလိုသည်။ ၎င်းတို့မှ မတူညီသည့် အစုအဖွဲ့ထဲမှ လူအချို့ကို သုတေသနပြုစုရန် ဆုံးဖြတ်ခဲ့သည်။ မတူညီသည့်အုပ်စုများတွင် စပါး၊ ကြက်သွန်ဖြူ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးသူအုပ်စုများ ပါဝင်ကြသည်။

၂။ သုတေသီတစ်ဦးသည် မြန်မာနိုင်ငံရှိ နယ်ခံစာသင်ကျောင်းများ၏ အရည်အသွေးနှင့် ပတ်သက်ပြီး သိရှိလိုသည်။ ၎င်းတို့က အစိုးရထံမှ နိုင်ငံအတွင်းရှိ စာသင်ကျောင်းအားလုံး၏ စာရင်းကိုရရှိခဲ့သည်။ ထို့နောက် ၁၀ ကြိမ်မြောက် ကျောင်းတိုင်းမှ ကျောင်းအုပ်ကြီးများကို စစ်တမ်းကောက်ယူခဲ့သည်။

၃။ သုတေသီတစ်ဦးသည် ရန်ကုန်မြို့ရှိ အိမ်ခြေယာမဲ့ လူငယ်များအကြောင်း သိရှိလိုသည်။ ၎င်းတို့မှ မြို့ခံ NGO အဖွဲ့တစ်ဖွဲ့ကို ဆက်သွယ်ပြီး အိမ်ခြေယာမဲ့လူငယ်တစ်ဦးနှင့် မိတ်ဆက်ပေးရန် တောင်းဆိုခဲ့သည်။ အဆိုပါ လူငယ်အား စစ်တမ်းကောက်ယူပြီးသည့်အခါတွင် နောက်ထပ်စစ်တမ်းကောက်ယူနိုင်မည့် အခြားအိမ်ရာမဲ့ လူငယ်များနှင့် မိတ်ဆက်ပေးရန် တောင်းဆိုခဲ့သည်။

၄။ သုတေသီတစ်ဦးသည် သူမ၏ စာသင်ကျောင်းတွင် ကျောင်းသူ/သားများ အသုံးပြုသော လူမှုမီဒီယာများအကြောင်း သိရှိလိုသည်။ ကျောင်းမှ သူမ၏ သူငယ်ချင်းများအား လူမှုမီဒီယာ အသုံးပြုမှုနှင့် ပတ်သက်သည့် သူမ၏စစ်တမ်းမေးခွန်းလွှာကို ဖြေကြားခိုင်းခဲ့သည်။

## လုပ်ငန်းစဉ် – အခြေအနေပြ ဖြစ်ရပ်များကို ခွဲခြမ်းစိစစ်ပါ

အခြေအနေပြ ဖြစ်ရပ်များကို ဖတ်ရှုပြီး ၎င်းတို့တစ်ခုချင်းစီနှင့် ပတ်သက်သည့် မေးခွန်းများကို ဖြေဆိုပါ။

၁။ မည်သည့် နမူနာကောက်ယူနည်း (ကျပန်း၊ စိစစ်ရွေးချယ်၊ နှင်းလုံး) ကို သုတေသီမှ အသုံးပြုခဲ့ပါသနည်း။

၂။ အခြေအနေပြ ဖြစ်ရပ်တစ်ခုစီတိုင်းတွင် ဖော်ပြခဲ့သော နမူနာကောက်ယူနည်းကို သုတေသီမှ အဘယ်ကြောင့် အသုံးပြုခဲ့ပါသနည်း။

၃။ ဤအခြေအနေပြဖြစ်ရပ်အတွက် အသုံးပြုသော နမူနာကောက်ယူနည်း၏ အားသာချက်များနှင့် အားနည်းချက်များကို ဖော်ပြပါ။

**သုတေသီတစ်ဦးသည် 'ကျွန်ုပ်တို့၏ ရပ်ရွာအဖွဲ့အစည်းအတွင်းရှိ လူများအကြား မြေယာနှင့် ပတ်သက်ပြီး အငြင်းပွားမှုများ၏ သက်ရောက်မှုမှာ အဘယ်နည်း' ဟူ၍ သိရှိလိုသည်။**

(က) သုတေသီက လယ်သမား၊ အမျိုးသား၊ အမျိုးသမီး၊ စီးပွားရေးလုပ်ငန်း၊ ရပ်ရွာလူကြီးများ၊ INGO များနှင့် NGO များ အပါအဝင် မတူညီသည့် ဦးစားပေးအဖွဲ့များကို ပြင်ဆင်ဖွဲ့စည်းထားသော လူတွေ့မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

(ခ) အိမ်နီးနားချင်းနှင့် မြေယာအငြင်းပွားမှု ဖြစ်ပွားနေသော လယ်သမားတစ်ဦးနှင့် သုတေသီကို မိတ်ဆက်ပေးခဲ့သည်။ သုတေသီမှ အဆိုပါ လယ်သမားအား အိမ်နီးနားချင်းနှင့် မြေယာအငြင်းပွားမှု ကြုံတွေ့နေရသော အခြားလယ်သမား တစ်ဦးဦးနှင့် မိတ်ဆက်ပေးရန် တောင်းဆိုခဲ့သည်။

(ဂ) သုတေသီတွင် အိမ်ထောင်စုအားလုံး၏ စာရင်းတစ်ခုရှိပြီး အဆိုပါစာရင်းမှ ၅ ကြိမ်မြောက် အိမ်တိုင်းကို မြေယာအငြင်းပွားမှုနှင့် ပတ်သက်ပြီး စစ်တမ်းကောက်ယူရန် ရွေးချယ်ခဲ့သည်။

## ဖြစ်ရပ်လေ့လာချက် – ဖြစ်ရပ်လေ့လာချက်အား စိစစ်လေ့လာပါ

ဖြစ်ရပ်လေ့လာချက်အား ဖတ်ရှုပြီး မေးခွန်းများကို ဖြေဆိုပါ။

၁။ သုတေသန လူဦးရေမှာ အဘယ်နည်း။

၂။ မည်သည့် နမူနာကောက်ယူနည်းများကို အသုံးပြုခဲ့သနည်း။ အဘယ်ကြောင့်နည်း။

၃။ အိမ်ထောင်စုများ ရွေးချယ်ရန်အတွက် သင့်တော်သော စံနှုန်းများမှာ အဘယ်နည်း။

၄။ ဤလေ့လာမှုတွင် အခြား မည်သည့်နမူနာကောက်ယူခြင်း နည်းလမ်းများကို အသုံးပြုနိုင်ပါသနည်း။ မည်သို့နည်း။

## HelpAge International - မြန်မာနိုင်ငံ၏ အပူပိုင်းဒေသရှိ အိမ်ထောင်စုများအပေါ် ရွှေ့ပြောင်းလုပ်ကိုင်ခြင်း၏ သက်ရောက်မှု

၂၀၁၇ ခုနှစ် အပူပိုင်းဒေသ သက်ရောက်မှု စစ်တမ်းဆိုသည်မှာ မြန်မာနိုင်ငံ၏ အပူပိုင်းဒေသမှ ရွှေ့ပြောင်းအလုပ်သမားရှိသော အိမ်ထောင်စုများအပေါ် ရွှေ့ပြောင်းလုပ်ကိုင်ခြင်း၏ သက်ရောက်မှုအကြောင်း လေ့လာထားသော စစ်တမ်းတစ်ခု ဖြစ်ပါသည်။

သုတေသနကို မန္တလေးနှင့် မကွေးဒေသရှိ ရွှေ့ပြောင်း အလုပ်သမားရှိသော အိမ်ထောင်စုများနှင့် ရွှေ့ပြောင်း အလုပ်သမား မရှိသော အိမ်ထောင်စုများအကြား စစ်တမ်း ကောက်ယူ၍ နှိုင်းယှဉ်ခြင်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။

နမူနာကောက်ယူရာတွင် အပူပိုင်းဒေသမှ အိမ်ထောင်စု ၇၀၀ ပါဝင်ခဲ့သည်။ ၎င်းအိမ်ထောင်စု ၇၀၀ ကို HelpAge International မှ ယခင်က လုပ်ကိုင်ခဲ့သည့် မန္တလေးတိုင်း ဒေသကြီးမှ ၂ မြို့နယ် (မြင်းခြံနှင့် တောင်သာ) နှင့် မကွေးတိုင်းဒေသကြီးမှ ၂ မြို့နယ် (ပခုက္ကူနှင့် ရေစကြို) တို့ ထဲမှ ရွေးချယ်ခဲ့သည်။

HelpAge အဖွဲ့က ၎င်းတို့တွင် အချိန်နှင့် ငွေကြေးအင်အား နည်းပါးပြီး နမူနာကောက်ယူခြင်းကို လျှော့ချရန် လိုအပ်သည့် အတွက် ၎င်းမြို့နယ်များကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့မှ မန္တလေးနှင့် မကွေးတိုင်းဒေသကြီးတို့မှ မြို့နယ်များကို နှိုင်းယှဉ်နိုင်စေရန်အတွက် အဆိုပါ မြို့များ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူဦးရေပမာဏတို့ကို ထည့်သွင်းစဉ်းစားခဲ့ပါသည်။

မြို့နယ် ၄ မြို့နယ်ကို ရွေးချယ်ပြီးသည့်အခါတွင် ၎င်းမြို့များရှိ မြို့ပြရပ်ကွက်နှင့် ကျေးရွာများ စုစုပေါင်း ၃၅ ခုကို ရွေးချယ်ခဲ့ကြသည်။

သုတေသနအဖွဲ့က အိမ်ထောင်စုစာရင်း မှတ်တမ်းများကို ရပ်ကွက်ထဲရှိ နယ်ခံအာဏာပိုင်များထံမှ တောင်းခံရရှိခဲ့ ပါသည်။ ထို့နောက်တွင် သုတေသနအဖွဲ့မှ ရွှေ့ပြောင်း အလုပ်သမား အနည်းဆုံးတစ်ဦးရှိသော အိမ်ထောင်စုပေါင်း ၄၇၀ နှင့် ရွှေ့ပြောင်းအလုပ်သမားမရှိသည့် အိမ်ထောင်စုပေါင်း ၂၃၀ တို့ကို စစ်တမ်းကောက်ယူရန် သတ်မှတ်ခဲ့သည်။ ရပ်ကွက်တစ်ခု/ ကျေးရွာတစ်ရွာစီတိုင်းတွင် သင့်တော်သော စံနှုန်းများနှင့် ကိုက်ညီသည့် အိမ်ထောင်စု ၂၀ စီကို စစ်တမ်း အဖွဲ့မှ လူတွေ့မေးမြန်းခဲ့သည်။

https://www.psc.isr.umich.edu/pubs/pdf/Myanmar-Migra-tion-DryZone_Knodel-2017.pdf

### သင်တို့၏ သုတေသနစီမံကိန်း – နမူနာကောက်ယူခြင်း

သုတေသနမေးခွန်းတစ်ခုကို စဉ်းစားပါ။ အဆိုပါ မေးခွန်းသည် ရှေ့သင်ခန်းစာတွင် အသုံးပြုခဲ့သော ခေါင်းစဉ်လည်း ဖြစ်နိုင်သကဲ့သို့ စိတ်ဝင်စားသည့် အခြားအကြောင်းအရာ ခေါင်းစဉ်တစ်ခုလည်းဖြစ်နိုင်သည်။

၁။ သင်တို့၏ သုတေသနစီမံကိန်းအတွက် နမူနာကောက်ယူနည်းများထဲမှ မည်သည့်အမျိုးအစားသည် သင့်လျော်မှုအရှိဆုံး ဖြစ်သနည်း။ ၎င်းနမူနာကောက်ယူနည်းကို မည်သို့ လုပ်ဆောင်သွားမည်နည်း။

၂။ နှစ်ယောက်တစ်တွဲစီဖြင့် သင်တို့၏ စီမံကိန်းတွင် နမူနာကောက်ယူခြင်းများကို မည်သို့ အသုံးချသွားမည်ဖြစ်ကြောင်း ဆွေးနွေးပါ။

### ဆွေးနွေးချက်

မြန်မာနိုင်ငံတွင် နမူနာကောက်ယူခြင်း ဆောင်ရွက်ရန်အတွက် အခက်အခဲများမှာ အဘယ်နည်း။

# ၄.၄ - သင်၏ စစ်တမ်းမေးခွန်းလွှာအား ရေးသားခြင်းနှင့် စီမံခန့်ခွဲခြင်း

## အကြိုလေ့လာချက်

၁။ စစ်တမ်းဒေတာများ မကောက်ယူမီ မည်သည့်အရာများကို ဆောင်ရွက်ရန် လိုအပ်ပါသနည်း။

၂။ စစ်တမ်းဒေတာများ ကောက်ယူရာတွင် ကြုံတွေ့ရနိုင်သည့် အချို့သော အခက်အခဲများမှာ အဘယ်နည်း။

## မေးခွန်းလွှာများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း

စစ်တမ်းမေးခွန်းလွှာတစ်ခု၏ ပထမဆုံးအကြမ်းထည်တွင် ရှင်းလင်းမှုမရှိသော စကားလုံးများ သို့မဟုတ် အမှားများ စသည့် ပြဿနာများ ကြုံတွေ့ရနိုင်ပါသည်။ သင်တို့၏ စစ်တမ်းမေးခွန်းလွှာများကို ပြန်လည်စိစစ်ရန်နှင့် အမှားများကို ပြင်ဆင်ရန်အတွက် ညွှန်ကြားချက်များကို အောက်တွင်ဖော်ပြထားပါသည်။

၁။ စာလုံးပေါင်းသတ်ပုံ၊ သဒ္ဒါနှင့် အခြားသော အမှားများ မရှိစေရန်အတွက် မေးခွန်းလွှာအား အတည်ပြုဖတ်ရှုပါ။

၂။ တစ်သမတ်တည်း ရှိ/မရှိ စစ်ဆေးပါ။

၃။ လမ်းကြောင်းမေးခွန်းများ/ဦးဆောင်မေးခွန်းများကို ရှောင်ရှားပါ။

၄။ မေးခွန်းလွှာကို ရှင်းလင်းမှုရှိအောင် ရေးသားပါ။

၅။ တစ်ကြိမ်တည်းတွင် မေးခွန်းနှစ်ခု မမေးပါနှင့်။

### လေ့ကျင့်ခန်း – ညွှန်ကြားချက်များနှင့် ဥပမာများကို တွဲစပ်ပါ

အခြေအနေများနှင့် ဆက်နွှယ်နေသည့် အောက်ပါဇယားတွင် ပေးထားသော မကောင်းသည့် ဥပမာများနှင့် ကောင်းသော ဥပမာများကို အထက်တွင် ဖော်ပြခဲ့သည့် ညွှန်ကြားချက်များဖြင့် တွဲစပ်ပါ။ မည်သည့် ညွှန်ကြားချက်များသည် မည်သည့်အခြေအနေနှင့် အကောင်းဆုံး တွဲစပ်နိုင်ပါသနည်း။

| အခြေအနေများ | မကောင်းသော ဥပမာများ | ကောင်းသော ဥပမာများ |
|---|---|---|
| (က) သုတေသီတစ်ဦးသည် ကျောင်းသားများ၏ စာဖတ်သည့် အလေ့အကျင့်အကြောင်း သိရှိလိုသည်။ | ဤတစ်ပတ်အတွင်း စာအုပ်နှင့် မဂ္ဂဇင်း မည်မျှ ဖတ်ရှုခဲ့သနည်း။ | ဤအပတ်အတွင်း စာအုပ်မည်မျှ ဖတ်ရှုခဲ့ပါသနည်း။ ဤအပတ်အတွင်း မဂ္ဂဇင်း မည်မျှ ဖတ်ရှုခဲ့ပါသနည်း။ |
| (ခ) သုတေသီတစ်ဦးသည် ကလေးသူငယ်ကျန်းမာရေးနှင့် ပတ်သက်ပြီး လုပ်ဆောင်နေသော အဖွဲ့အစည်းများအပေါ် လူမှုအဖွဲ့အစည်းများ၏ ထင်မြင်ချက်များကို သိရှိလိုသည်။ | ကလေးသူငယ်ကျန်းမာရေးဆိုင်ရာ အဖွဲ့အစည်းများသည် သင်၏ လူမှုအဖွဲ့အစည်းအတွက် မည်မျှ အကျိုးရှိပါသနည်း။ | သင်နေထိုင်ရာ လူမှုအဖွဲ့အစည်းအတွင်းရှိ ကလေးသူငယ်ကျန်းမာရေး အဖွဲ့အစည်းများနှင့် ပတ်သက်ပြီး မည်သို့ ခံစားရသနည်း။ |
| (ဂ) သုတေသနမေးခွန်းမှာ 'မည်သည့် အားကစားနည်းသည် ရုပ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူး အများဆုံး ပေးစွမ်းသည်ဟု လူငယ်များ လက်ခံထားကြသနည်း။' | ခန္ဓာကိုယ်ကြံ့ခိုင်မှုအတွက် အားလပ်ချိန်တွင် (ရုံးပိတ်ရက်တွင်လည်း ဖြစ်နိုင်သည်) လုပ်ဆောင်ချင်သည့် အကောင်းဆုံး အားကစားနည်းမှာ အဘယ်နည်း။ | မည်သည့် အားကစားနည်းသည် ကျန်းမာရေးအတွက် အကောင်းဆုံး ဖြစ်ပါသနည်း။ |
| (ဃ) သုတေသနမေးခွန်းသည် လုပ်ငန်းခွင်အတွင်း ကျား/မ ဆိုင်ရာ ပုံသေကားကျ သတ်မှတ်ချက်များနှင့် ဆက်နွှယ်နေသည်။ | အလိုက်မသိသော လုပ်ဖော်ကိုင်ဖက်များနှင့် အလုပ်လုပ်နေသည့်အချိန်တွင် မည်သို့သော ကျား/မ ဖြစ်ခြင်းဆိုင်ရာ ပြဿနာများကို ကြုံတွေ့ရသနည်း။ | ယောကျ်ားလေး လုပ်ဖော်ကိုင်ဖက်များနှင့် အလုပ်လုပ်နေသည့်အချိန်တွင် ကျား/မ ဖြစ်တည်မှုဆိုင်ရာ မည်သည့်ကိစ္စရပ်များကို ကြုံတွေ့ရသနည်း။ |
| (င) သုတေသီတစ်ဦးသည် လယ်သမားများ စိုက်ပျိုးသည့် သီးနှံပင်များကို သိရှိရန် ကြိုးစားနေသည်။ | ၁။ ငှက်ပျောပင် စိုက်ပါသလား။<br>၂။ ပန်းသီးပင်များ ရှိပါသလား။ | ၁။ ငှက်ပျောပင် စိုက်ပါသလား။<br>၂။ ပန်းသီးပင် စိုက်ပါသလား။ |

# သင်၏ စစ်တမ်းမေးခွန်းလွှာအား စီမံခန့်ခွဲခြင်း

လက်တွေ့စမ်းသပ်ခြင်းတစ်ရပ် ဆိုသည်မှာ လူများစွာကို စစ်တမ်းမကောက်ယူမီ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော လူများဖြင့် စမ်းသပ်ကြည့်ခြင်းဖြစ်သည်။ ဤနည်းဖြင့် သင်၏ မေးခွန်းလွှာ သို့မဟုတ် လူတွေ့မေးမြန်းမှုများတွင် ပြဿနာများ ရှာဖွေရန်အတွက် အကူအညီဖြစ်စေပါသည်။ ဖြစ်နိုင်ပါက စစ်တမ်းကောက်ယူရန် စီစဉ်ထားသည့် အစုအဖွဲ့မှ လူအနည်းငယ်ဖြင့် စမ်းသပ်နိုင်ရန်ကြိုးစားပါ။ ၎င်းတို့မှ မရှင်းလင်းသည့် မေးခွန်းများ တွေ့ရှိရပါက အဘယ်ကြောင့် မရှင်းလင်းရကြောင်း အကြံပြုချက်များ တောင်းဆိုပါ။

သင့်အနေဖြင့် သင်၏ စစ်တမ်းမေးခွန်းလွှာအား မည်သို့၊ မည်သည့်အချိန်နှင့် မည်သည့်နေရာတွင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း စီမံခန့်ခွဲထားရန် လိုအပ်ပါလိမ့်မည်။ ဥပမာ – စစ်တမ်းအား မျက်နှာချင်းဆိုင် ဆောင်ရွက်သွားမလား၊ စာရွက်ပေါ်တွင် ကိုယ်တိုင်ဖြေကြားစေမလား၊ အွန်လိုင်း၊ စာတိုက် သို့မဟုတ် ဖုန်းဖြင့် မေးမြန်းဆောင်ရွက်သွားမလား၊ အစရှိသဖြင့်။ ထို့အတူ ရပ်ရွာခေါင်းဆောင်များထံမှ ခွင့်ပြုချက်တောင်းခံရန် လိုအပ်နိုင်သကဲ့သို့ စစ်တမ်းကောက်ယူရန် အတွက် ပါဝင်ဖြေကြားသူများအတွက် သင့်တော်သော အချိန်ကာလကိုလည်း စီစဉ်ညှိနှိုင်းရန် လိုအပ်နိုင်ပါသည်။

## လုပ်ငန်းစဉ် – စီမံခန့်ခွဲခြင်း မပြုလုပ်မီ

၁။ သတင်းမီဒီယာ ကြည့်ရှုနိုင်ခွင့်နှင့် ပတ်သက်သည့် စစ်တမ်းတစ်ခုမှ အောက်ပါမေးခွန်းများကိုကြည့်ပါ။ ၎င်းမေးခွန်းများ တွင် သဒ္ဒါနှင့် စာလုံးပေါင်းသတ်ပုံအမှား၊ တစ်သမတ်တည်းကျ/မကျ၊ ဦးဆောင် (သို့) မရှင်းသည့် မေးခွန်းများ သို့မဟုတ် တစ်ကြိမ်တည်းတွင် မေးခွန်းနှစ်ခုမေးထားခြင်း ရှိ/မရှိ စစ်ဆေးပါ။

(က) လွန်ခဲ့သောအပတ်က တီဗွီမှတစ်ဆင့် သတင်းတွေရနေသလား။

(ခ) လွန်ခဲ့သောအပတ်က ဖေ့စ်ဘွတ် (သို့) သတင်းစာမှတစ်ဆင့် သတင်းများ ရရှိခဲ့ပါသလား။

(ဂ) လွန်ခဲ့သောလက သတင်းများကြားသိရန်အတွက် ရေဒီယိုကို နားထောင်ခဲ့ပါသလား။

(ဃ) သတင်းစာများသည် ယုံကြည်ဖွယ်ကောင်းပါသည်။ ဒီလိုဖြစ်တာတောင် ၎င်းတို့ကို လူများက အဘယ်ကြောင့် မယုံကြည်ကြသနည်း။

(င) လူများသည် ၎င်းတို့၏ အသိအမြင်တည်ဆောက်ခြင်း မြန်မြန်ကြီးထွားလာစေရန်အတွက် အချက်အလက် စုဆောင်းသည့် အခြားမည်သည့်နည်းလမ်းများကို အသုံးပြုကြပါသနည်း။

၂။ မေးခွန်းများကို ပိုမိုရှင်းလင်းလာစေရန် ပြန်လည်ရေးသားပါ။

၃။ နှစ်ယောက်တစ်တွဲစီဖြင့် စစ်တမ်းမေးခွန်းလွှာသည် အဆင်ပြေမှု ရှိ/မရှိ အဖော်တစ်ယောက်နှင့် စမ်းသပ်ကြည့်ပါ။ အဆင်မပြေခဲ့သည့် မေးခွန်းများ သို့မဟုတ် စစ်တမ်းအား ပြောင်းလဲမည့်ပုံစံနှင့် ပတ်သက်ပြီး မှတ်စုရေးမှတ်ထားပါ။

၄။ အခြားသော နှစ်ယောက်တစ်တွဲအဖွဲ့ဖြင့် ပူးပေါင်းပြီး သင်တို့၏ စာရင်းများကို နှိုင်းယှဉ်ပါ။

## သင်တို့၏ သုတေသနစီမံကိန်း – စီမံခန့်ခွဲခြင်း

သုတေသနမေးခွန်းတစ်ခုကို စဉ်းစားပါ။ အဆိုပါမေးခွန်းသည် ရှေ့သင်ခန်းစာတွင် အသုံးပြုခဲ့သော ခေါင်းစဉ်လည်း ဖြစ်နိုင်သကဲ့သို့ စိတ်ဝင်စားသည့် အခြားအကြောင်းအရာ ခေါင်းစဉ်တစ်ခုလည်းဖြစ်နိုင်သည်။

၁။ စစ်တမ်းမေးခွန်းလွှာတစ်ခု အသုံးပြုမည်ဆိုပါက မည်သို့ စီမံခန့်ခွဲသွားမည်နည်း။ မည်သည့် နည်းလမ်း (များ) ကို အသုံးပြုဖြစ်မည်နည်း။

၂။ နှစ်ယောက်တစ်တွဲစီဖြင့် သင်တို့၏ စစ်တမ်းမေးခွန်းလွှာကို မည်သို့ စီမံခန့်ခွဲသွားမည်ဖြစ်ကြောင်း ဆွေးနွေးပါ။

## ဆွေးနွေးချက်

စစ်တမ်းကောက်ယူခြင်းတစ်ခုအား စီမံခန့်ခွဲခြင်း နည်းလမ်းတစ်ခုချင်းစီ၏ (မျက်နှာချင်းဆိုင်၊ အွန်လိုင်း၊ စာတိုက်မှတစ်ဆင့်၊ ဖုန်းဖြင့်) အားသာချက်နှင့် အားနည်းချက်များမှာ အဘယ်နည်း။

# အခန်း ၅ -
# လူတွေ့မေးမြန်းခြင်းများ



## သင်ယူလေ့လာရေး ရည်မှန်းချက်များ

### ဗဟုသုတ

ဤအခန်းတွင် အောက်ပါအချက်များနှင့် ပတ်သက်သော သင်တို့၏ ဗဟုသုတများ တိုးပွားလာပါလိမ့်မည်။

- လူတွေ့မေးမြန်းခြင်းများ၏ အဓိကလက္ခဏာရပ်များ။
- လူတွေ့မေးမြန်းခြင်း ဖွဲ့စည်းပုံ။
- လူတွေ့မေးမြန်းခြင်း လုပ်ထုံးလုပ်နည်းများ ဖန်တီးဖော်ထုတ်ခြင်း။
- လူတွေ့မေးမြန်းခြင်း ဆောင်ရွက်နည်း။
- လူတွေ့မေးမြန်းခြင်းကာလအတွင်း မှတ်စုရေးသားခြင်း။

### ကျွမ်းကျင်မှုများ

ဤအခန်းတွင် အောက်ပါအချက်များနှင့် ပတ်သက်သော သင်တို့၏ စွမ်းရည်များကို လေ့ကျင့်သွားရပါလိမ့်မည်။

- လူတွေ့မေးမြန်းခြင်း၏ အားသာချက်နှင့် အားနည်းချက်များကို ဆွေးနွေးရန်။
- ပြင်ဆင်ဖွဲ့စည်းထားသော၊ တစ်ဝက်သာလျှင် ပြင်ဆင်ဖွဲ့စည်းထားသောနှင့် ပြင်ဆင်ဖွဲ့စည်းထားမှုမရှိသော လူတွေ့မေးမြန်းခြင်းတို့အကြား ခွဲခြားဖော်ထုတ်ရန်။
- လူတွေ့မေးမြန်းရာတွင် သင့်လျော်သောမေးခွန်းများ မေးမြန်းခြင်း။
- လူတွေ့မေးမြန်းခြင်းအတွင်း မှတ်စုရေးသားခြင်းအား လေ့ကျင့်ရန်။

# ၅.၁ - လူတွေ့မေးမြန်းခြင်းတစ်ခု ဆိုသည်မှာ အဘယ်နည်း

## အကြိုလေ့လာချက်

၁။ နှစ်ယောက်တစ်တွဲစီဖြင့် တွဲဖက်၏ ယဉ်ကျေးမှု အကြောင်း အပြန်အလှန် မေးမြန်းကြည့်ပါ။ ဤမေးခွန်းများကို အသုံးပြုပါ။

၂။ အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။

(က) ၎င်းမေးခွန်းများသည် စစ်တမ်းမေးခွန်းလွှာမှ မေးခွန်းများနှင့် မည်သို့ ခြားနားကြသနည်း။

(ခ) လူတွေ့မေးမြန်းခံရသူအနေဖြင့် မည်သည့် မေးခွန်းများကို အလွယ်တကူ ဖြေကြားနိုင်ခဲ့ပါသနည်း။

(ဂ) လူတွေ့မေးမြန်းခံရသူအနေဖြင့် မည်သည့် မေးခွန်းကို ဖြေကြားရာတွင် ခက်ခဲမှုရှိပါသနည်း။

**သင်နှင့် သင်၏ ယဉ်ကျေးမှု**

၁။ သင့်ကို မည်သည့်အချိန်တွင် မွေးဖွားခဲ့ပါသနည်း။
၂။ သင့်ကို မည်သည့်နေရာတွင် မွေးဖွားခဲ့သနည်း။
၃။ ကြီးပြင်းလာသည့် နေရာဒေသကို ပုံဖော်ရှင်းပြပါ။ ၎င်းနေရာသည် မည်သို့ရှိသနည်း။
၄။ ၎င်းနေရာသည် အချိန်ကာလအလိုက် မည်သို့ ပြောင်းလဲခဲ့ပါသနည်း။
၅။ မည်သည့်အရာများက ထိုသို့ပြောင်းလဲစေခဲ့ပါသနည်း။
၆။ သင်၏ ယဉ်ကျေးမှုတွင် အရေးကြီးဆုံး အားလပ်ရက် အကြောင်း ပုံဖော်ရှင်းပြပါ။
၇။ သင်၏ ယဉ်ကျေးမှုတွင် မည်သည့်အချက်များကို လေးစားမှုဖော်ပြခြင်းဟု သတ်မှတ်ထားပါသနည်း။
၈။ သင်၏ ယဉ်ကျေးမှုတွင် မည်သည့်အချက်များကို လေးစားမှုကင်းမဲ့သည်ဟု သတ်မှတ်ထားပါသနည်း။

## လူတွေ့မေးမြန်းခြင်းများ

လူတွေ့မေးမြန်းခြင်းတစ်ခုဆိုသည်မှာ လူနှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော လူများအကြား စကားစမြည်ပြောဆိုခြင်း တစ်ရပ်ဖြစ်သည်။ လူတွေ့မေးမြန်းသူက သုတေသနခေါင်းစဉ်တစ်ခုနှင့် ပတ်သက်သည့် မေးခွန်းများ မေးမြန်းပြီး ဖြေကြားသူ (များ) မှ မေးခွန်းများကို ဖြေကြားရသည်။

လူတွေ့မေးမြန်းခြင်းသည် ခေါင်းစဉ်တစ်ခုအကြောင်းအား အသေးစိတ်ရှည်ကြာစွာ စူးစမ်းလေ့လာနိုင်သည်။ လူများ၏ အမြင်များကို သိရှိရန်အတွက် မေးခွန်းလွှာတစ်ခုကို အသုံးပြုနိုင်သော်လည်း လူတွေ့မေးမြန်းခြင်းတစ်ခုအနေဖြင့် ၎င်းတို့တွင် ထိုသို့သောအမြင်များ ယူဆထားရသည့် အကြောင်းရင်းများကို လေ့လာရန် အခွင့်အရေးရရှိစေသည်။ ဥပမာ – လူတွေ့မေးမြန်းခြင်းများသည် လူများ၏ နိုင်ငံရေးအမြင်များ သို့မဟုတ် ဘာသာရေးဆိုင်ရာ ယုံကြည်ချက်များနှင့် ပတ်သက်ပြီး သတင်းအချက်အလက်များစွာကို ရရှိစေနိုင်ပါသည်။

ဒေတာများကို လူတွေ့မေးမြန်းခြင်းအား မှတ်စုရေးမှတ်ခြင်း၊ အသံဖိုင်ကူးယူထားခြင်း သို့မဟုတ် ဗွီဒီယိုမှတ်တမ်းတင်ထားခြင်းတို့မှတစ်ဆင့် ရရှိပါသည်။ မကြာခဏဆိုသကဲ့သို့ လူတွေ့မေးမြန်းခြင်းတစ်ခု၏ မှတ်တမ်းများကို **ကူးပြောင်းရေးချ**ရသည်။ ကူးပြောင်းရေးသားခြင်းဆိုသည်မှာ လူတွေ့မေးမြန်းမှုမှတ်တမ်းထဲတွင် ပြောကြားထားသည့် အကြောင်းအရာများကို စာအသွင်သို့ ကူးပြောင်းရေးချရသည့် ဖြစ်စဉ်တစ်ခုဖြစ်သည်။ ထိုသို့လုပ်ဆောင်ရန်အတွက် အချိန်များစွာ ပေးရနိုင်ပါသည်။

## လုပ်ငန်းစဉ် – လူတွေ့မေးမြန်းခြင်းများ၏ အားသာချက်နှင့် အားနည်းချက်များ

၁။ ထုတ်ပြန်ချက်များကို ဖတ်ရှုပါ။ ၎င်းတို့တစ်ခုစီတိုင်းသည် အားသာချက်၊ အားနည်းချက် သို့မဟုတ် နှစ်မျိုးစလုံး ဖြစ်ကြောင်း ဆုံးဖြတ်ပါ။

(က) လူတွေ့မေးမြန်းခြင်းများသည် အသေးစိတ်အချက်အလက်များ ရရှိစေပါသည်။

(ခ) သင့်အနေဖြင့် ထိလွယ်ရှလွယ် ဖြစ်စေနိုင်သည့် အကြောင်းအရာနှင့် ပတ်သက်ပြီး မေးမြန်းသည့်အခါတွင် တစ်စုံတစ်ယောက်အနေဖြင့် အမှန်အတိုင်း ပြောလိမ့်မည်မဟုတ်ပေ။

(ဂ) လူတွေ့မေးမြန်းခြင်းများသည် **နောက်ဆက်တွဲ** မေးခွန်းများကို မေးမြန်းခွင့်ရရှိစေပါသည်။

(ဃ) လူတွေ့မေးမြန်းခြင်းတစ်ခုသည် အချိန်များစွာ ပေးရနိုင်ပါသည်။

(င) လူတွေ့မေးမြန်းခြင်း ဆောင်ရွက်နေစဉ်အတွင်း ယုံကြည်မှုတည်ဆောက်နိုင်ပါသည်။

(စ) မတူခြားနားသည့် အမြင်များနှင့် စိတ်နေသဘောထားများစွာကို စူးစမ်းလေ့လာနိုင်ပါသည်။

(ဆ) လူတွေ့မေးမြန်းခြင်းများ ဆောင်ရွက်ခြင်းသည် ငွေကုန်ကြေးကျများနိုင်ပါသည်။

(ဇ) လူတွေ့မေးမြန်းသူတစ်ဦး၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ နေထိုင်မှုပုံစံသည် ဖြေကြားသူ၏ အဖြေများပေါ်တွင် လွှမ်းမိုးမှု ရှိနိုင်ပါသည်။

၂။ လူတွေ့မေးမြန်းခြင်းများ၏ အားသာချက်နှင့် အားနည်းချက်များကို စာရင်းပြုစုပါ။

## ဖြစ်ရပ်လေ့လာချက် – ဖြစ်ရပ်လေ့လာချက်အား ဆန်းစစ်လေ့လာပါ

ဖြစ်ရပ်လေ့လာချက်အား ဖတ်ရှုပြီး မေးခွန်းများကို ဖြေဆိုပါ။

၁။ စစ်တမ်းမေးခွန်းလွှာနှင့် လူတွေ့မေးမြန်းခြင်းတို့၏ မေးခွန်းများအကြား ခြားနားချက်များမှာ အဘယ်နည်း။

၂။ ဤသုတေသနအတွက် လူတွေ့မေးမြန်းခြင်း အသုံးပြုမည်ဆိုပါက အားသာချက်တစ်ချက်မှာ အဘယ်နည်း။

၃။ ဤခေါင်းစဉ်အကြောင်း သုတေသနပြုလုပ်ရာတွင် ကြုံတွေ့ရမည့် အခက်အခဲတစ်ခုမှာ အဘယ်နည်း။

၄။ လူတွေ့မေးမြန်းသူမှ မည်သို့သော မေးခွန်းများကို မေးမြန်းခဲ့နိုင်ပါသနည်း။

## ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်း (WHO) - *မြန်မာနိုင်ငံတွင် ဆင်းရဲမွဲတေမှု လျှော့ချခြင်းနှင့် ဆေးရွက်ကြီးထိန်းချုပ်မှု*

ဤသုတေသနသည် ဆေးရွက်ကြီး အသုံးပြုမှုကြောင့် လူမှုရေးနှင့် စီးပွားရေး သက်ရောက်မှုများကို ဝင်ငွေနည်းပါးသည့် လူများအပေါ်တွင် လေ့လာထားပါသည်။ သုတေသနတွင် စစ်တမ်းကောက်ယူခြင်းနှင့် လူတွေ့မေးမြန်းခြင်း နှစ်မျိုးစလုံးကို အသုံးပြုပါသည်။ စစ်တမ်းကောက်ယူခြင်း၏ ရည်ရွယ်ချက်မှာ ပါဝင်ဖြေကြားသူများ၏ အသက်အရွယ်၊ ကျား/မ၊ ဝင်ငွေ၊ အသုံးပြုသည့် ဆေးရွက်ကြီး အမျိုးအစား၊ အကြိမ် အရေအတွက်နှင့် ဆေးရွက်ကြီးကြောင့် ဖြစ်ပွားသော ကျန်းမာရေးပြဿနာများဆိုင်ရာ ၎င်းတို့၏ ဗဟုသုတများနှင့် ပတ်သက်ပြီး အချက်အလက်များ ရရှိစေရန်ဖြစ်သည်။ လူတွေ့မေးမြန်းခြင်းများတွင် ဖြေကြားသူများကို ၎င်းတို့၏ ဆေးရွက်ကြီးအသုံးပြုမှုဆိုင်ရာ အသိအမြင်များနှင့် ၎င်းတို့၏ မိသားစုအပေါ် အကျိုးသက်ရောက်မှုတို့နှင့် ပတ်သက်သည့် မေးခွန်းများ မေးမြန်းခဲ့ပါသည်။



## ဆွေးနွေးချက်

၁။ လူတွေ့မေးမြန်းခြင်းများကို မည်သည့်အချိန် (မည်သည့်အခြေအနေမျိုး) တွင် အကောင်းဆုံး အသုံးပြုနိုင်ပါသနည်း။

၂။ မေးခွန်း ၁ တွင် ဖော်ပြခဲ့သော အခြေအနေတွင် စစ်တမ်းကောက်ယူခြင်းကို အသုံးပြုရန် မသင့်တော်ရပါသနည်း။

၃။ မျက်နှာချင်းဆိုင် တွေ့ဆုံမေးမြန်းခြင်းများအတွက် မည်သည့်အခြေအနေများသည် သင့်လျော်မှု မရှိပါသနည်း။ အဘယ်ကြောင့်နည်း။

# ၅.၂ - လူတွေ့မေးမြန်းခြင်း ဖွဲ့စည်းပုံ





## အကြိုလေ့လာချက်

အောက်ပါဓာတ်ပုံအားလုံးသည် လူတွေ့မေးမြန်းခြင်း တစ်ခုစီ၏ ဓာတ်ပုံများဖြစ်သည်။ မည်သည့် အချက်များသည် ၎င်းတို့ကို တစ်ခုနှင့်တစ်ခု မတူညီအောင် ခြားနားစေသနည်း။



## လူတွေ့မေးမြန်းခြင်း ဖွဲ့စည်းပုံ

လူတွေ့မေးမြန်းခြင်းများကို ပြင်ဆင်ဖွဲ့စည်းထားသောပုံစံ၊ ပြင်ဆင်ဖွဲ့စည်းထားခြင်း မရှိသည့်ပုံစံ သို့မဟုတ် တစ်ဝက်သာလျှင် ပြင်ဆင်ဖွဲ့စည်းထားသည့်ပုံစံလည်း ဖြစ်နိုင်ပါသည်။



အလွန်အမင်း ပြင်ဆင်ဖွဲ့စည်းထားသည့် လူတွေ့မေးမြန်းခြင်းသည် စနစ်ကျပြီး တစ်သမတ်တည်းဖြစ်သည်။ သုတေသီမှ လူတွေ့မေးမြန်းခြင်း တစ်ခုစီတိုင်းတွင် တူညီသော ပုံစံ၊ စကားလုံးသုံးနှုန်းမှုများနှင့် တူညီသော အနေအထားအတိုင်း မေးမြန်းရသည်။ ၎င်းနည်းလမ်းကို အရေအတွက်စံပြု သုတေသနတွင် ပုံမှန်အားဖြင့် အသုံးပြုကြသည်။

ပြင်ဆင်ဖွဲ့စည်းထားခြင်းမရှိသော လူတွေ့မေးမြန်းခြင်းပုံစံသည် စကားစမြည်ပြောဆိုသည့် ပုံစံဖြစ်သည်။ ဆိုလိုသည်မှာ မေးခွန်းများကို တူညီသောပုံစံ၊ စကားလုံးသုံးနှုန်းမှုများနှင့် တူညီသော အနေအထားအတိုင်း မေးမြန်းစရာ မလိုအပ်ပေ။

အသုံးအများဆုံး လူတွေ့မေးမြန်းခြင်း အမျိုးအစားမှာ တစ်ဝက်သာလျှင် ပြင်ဆင်ဖွဲ့စည်းထားသည့်ပုံစံဖြစ်သည်။ တစ်ဝက်သာလျှင် ပြင်ဆင်ဖွဲ့စည်းထားသည့် လူတွေ့မေးမြန်းခြင်းတွင် ပြင်ဆင်ဖွဲ့စည်းထားသည့်ပုံစံနှင့် ပြင်ဆင်ဖွဲ့စည်းထားခြင်း မရှိသည့်ပုံစံ နှစ်မျိုးစလုံးပါဝင်သည်။

### မတူခြားနားသော လူတွေ့မေးမြန်းခြင်း အမျိုးအစားများ

**ပြင်ဆင်ဖွဲ့စည်းထားသည့် လူတွေ့မေးမြန်းခြင်းသည်** စနစ်ကျပြီး တစ်သမတ်တည်းဖြစ်သည်။ မေးခွန်းများကို ကြိုတင်စဉ်းစားဆုံးဖြတ်ပြီး ဒေတာကောက်ယူစဉ်ကာလအတွင်း ပြောင်းလဲခြင်း မရှိပေ။

အသုံးပြုသည့် အခြေအနေ –

- လူဦးရေများပြားခြင်း။
- သုတေသီက ၎င်း၏ သုတေသနသည် ယုံကြည်လက်ခံနိုင်ပြီး ကိုးစားနိုင်စွမ်း ရှိစေလိုသည့်အခါ။
- အရေအတွက်စံပြု သုတေသန မေးခွန်းများအတွက်။
- အပိတ်မေးခွန်းများကို ဖြေကြားရန်။

**ပြင်ဆင်ဖွဲ့စည်းထားခြင်းမရှိသော လူတွေ့မေးမြန်းခြင်း**တွင် အနည်းငယ်သာ ပြင်ဆင်ထားသော သို့မဟုတ် ပြင်ဆင်ထားသည့် မေးခွန်းများ မရှိပေ။ သုတေသနခေါင်းစဉ်နှင့် စပ်လျဉ်းသည့် မေးခွန်းများကို စကားစမြည်ပြောဆိုသည့်အတိုင်း မေးမြန်းပါသည်။ လူတွေ့မေးမြန်းစဉ်ကာလတွင် သုတေသီမှ အချို့အချက်များကို ရေးမှတ်သည် သို့မဟုတ် ရေးမှတ်ခြင်း မပြုလုပ်ပါ။

အသုံးပြုသည့် အခြေအနေ –

- သုတေသနတွင် ပါဝင်သူများနှင့် ယုံကြည်မှု ရရှိလာရန်၊ အပြန်အလှန် ခင်မင်မှု ဖြစ်လာစေရန်။
- မှတ်စုရေးသားခြင်း သို့မဟုတ် အသံကူးယူခြင်း ပါဝင်သော ပြင်ဆင်ဖွဲ့စည်းထားသည့် လူတွေ့မေးမြန်းခြင်းအပေါ် ပါဝင်ဖြေကြားသူမှ စိတ်လက်သက်သာမှု မရှိသည့်အခါ။

**တစ်ဝက်သာလျှင် ပြင်ဆင်ဖွဲ့စည်းထားသော လူတွေ့မေးမြန်းခြင်း**တွင် ပြင်ဆင်ထားသည့် မေးခွန်းများ ပါဝင်သော်လည်း အခြားသော မေးခွန်းများ ထပ်မံမေးမြန်းခွင့် ရရှိပါသည်။

အသုံးပြုသည့် အခြေအနေ –

- သုတေသီတွင် တိကျသော မေးခွန်းများ ရှိထားသော်လည်း အချို့သော တိကျသည့် ခေါင်းစဉ်များကို စူးစမ်းမေးမြန်းသွားနိုင်ရန် ပြုလွယ်ပြောင်းလွယ် ဖြစ်ချင်သည့်အခါ။
- သုတေသီက ဖြေကြားသူမှ ထုတ်ဖော်လာသည့် အကြောင်းအရာများနှင့် ပတ်သက်ပြီး နောက်ဆက်တွဲ မေးခွန်းများ မေးမြန်းချင်သည့်အခါ။

## လုပ်ငန်းစဉ် – သုတေသန စီမံကိန်းများတွင် ဆောင်ရွက်သော လူတွေ့မေးမြန်းခြင်းများ

အောက်တွင် မတူခြားနားသည့် သုတေသန အမျိုးအစားများကို ဖော်ပြထားပါသည်။

၁။ လူတွေ့မေးမြန်းခြင်းတစ်ခုစီသည် ပြင်ဆင်ဖွဲ့စည်းထားသော၊ ပြင်ဆင်ဖွဲ့စည်းထားမှုမရှိသော သို့မဟုတ် တစ်ဝက်သာလျှင် ပြင်ဆင်ဖွဲ့စည်းထားသော မေးမြန်းမှုများ ဟုတ်/မဟုတ် ဆုံးဖြတ်ပါ။

၂။ သုတေသီမှ ပေးထားသော အခြေအနေအတွက် မှန်ကန်သော နည်းလမ်းများကို အသုံးပြုမှု ရှိ/မရှိ ဆုံးဖြတ်ပါ။ အဘယ်ကြောင့်နည်း။

### (က) အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်မှ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် မွန်ပြည်နယ်တို့တွင် ကလေးအလုပ်သမားအကြောင်း လေ့လာခြင်း (၂၀၁၅)

ဤသုတေသနသည် လူမှုအဖွဲ့အစည်းများနှင့် အလုပ်ရှင်များ၏ ကလေးအလုပ်သမားဆိုင်ရာ အသိအမြင်များ၊ စိတ်နေသဘောထားများကို တိုင်းတာရန်နှင့် ကလေးအလုပ်သမားခန့်ထားသော အဖွဲ့အစည်းများကို ခွဲခြားဖော်ထုတ်ရန် ဒေတာများကောက်ယူခဲ့သည်။ သုတေသနတွင် ကလေးအလုပ်သမားနှင့် အလုပ်မလုပ်သည့် ကလေးများဖြင့် လူတွေ့မေးမြန်းခြင်း စုစုပေါင်း ၃၁၄ ခု ပါဝင်သည်။ သုတေသနသည် မတူညီသော နမူနာကောက်ယူခြင်းနည်းလမ်းများကို ပေါင်းစပ်အသုံးပြုခဲ့သည်။ လူတွေ့မေးမြန်းခြင်း ကာလအတွင်း ကလေးများအား ၎င်းတို့၏ ကလေးအခွင့်အရေးများနှင့် ပတ်သက်သည့် အသိအမြင်များကို အပိတ်မေးခွန်းများဖြင့် မေးမြန်းခဲ့သည်။

http://www.ilo.org/ipec/Informationresources/WCMS_IPEC_PUB_27675/lang--en/index.htm

### (ခ) Berghof Foundation မှ မြန်မာနိုင်ငံတွင် ဒိုင်ယာလော့ခ်နှင့် ကြားဝင်ဆောင်ရွက်ခြင်းဆိုင်ရာ လူငယ်များ၏ အခင်းအကျင်းအကြောင်း သုတေသနပြုစုခြင်း (၂၀၁၇)

ရန်ကုန်တိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် အရည်အသွေးစံပြုနည်းလမ်းအသုံးပြု၍ လူတွေ့မေးမြန်းခြင်းနှင့် ဆွေးနွေးမှုများ အကြိမ် ၃၀ ပြုလုပ်ခဲ့ပါသည်။ သုတေသီက မတူကွဲပြားသော နောက်ခံအကြောင်းအရာ ရှိသူများစွာကို ရွေးချယ်ခဲ့ပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် လူငယ်များ၏ အခန်းကဏ္ဍအကြောင်း ဆွေးနွေးမေးမြန်းခဲ့ပါသည်။ အဓိကမေးခွန်းများမှာ လူငယ်များ ပါဝင်လုပ်ဆောင်ရာတွင် တွေ့ကြုံရသော အခက်အခဲများနှင့် မတူညီသည့် တိုင်းရင်းသားများနှင့် ဘာသာရေးနောက်ခံအကြောင်းအရင်းရှိသူများအကြား ဆက်ဆံရေးတိုးတက်မှုဆိုင်ရာ မေးခွန်းများ ဖြစ်ကြသည်။ သို့သော် လူတွေ့မေးမြန်းသူက ဖြေကြားသူများမှ စိတ်ဝင်စားဖွယ်တစ်စုံတစ်ရာကို ပြောကြားလာသည့်အခါတွင် ဆက်စပ်ရာ နောက်ဆက်တွဲမေးခွန်းများကိုလည်း ထပ်မံမေးမြန်းခဲ့ပါသည်။

https://www.jointpeacefund.org/sites/jointpeacefund.org/files/documents/youthspaceofdialoguemediation_myanmar.pdf

### (ဂ) ဆရာမွမ်းမံသင်တန်း - မြန်မာနိုင်ငံမှ တက္ကသိုလ်ဆရာများ

ဤလေ့လာမှုသည် မြန်မာနိုင်ငံတွင် လုပ်ဆောင်နေသော ဆရာဖြစ်သင်တန်းတစ်ခု၏ အမြင်များ၊ စိန်ခေါ်မှုများနှင့် အကျိုးကျေးဇူးများကို ခွဲခြားဖော်ထုတ်နိုင်ရန် ကြိုးပမ်းခဲ့ပါသည်။ ဤသုတေသနအတွက် မြန်မာနိုင်ငံတစ်ဝှမ်းမှ တက္ကသိုလ် ဆရာများကို လူတွေ့မေးမြန်းခဲ့ပါသည်။ သုတေသနတွင် ပါဝင်ဖြေကြားသူ စုစုပေါင်း ၈ ဦး ပါဝင်ခဲ့ကြသည်။ ဒေတာများကို မျက်နှာချင်းဆိုင် မေးမြန်းဆွေးနွေးခြင်းနှင့် ဖွဲ့စည်းပုံမပါဘဲ မှတ်စုဆွဲ စုဆောင်းကောက်ယူခဲ့ပါသည်။

လူတွေ့မေးမြန်းသူများက တက္ကသိုလ်ဆရာများကို သင်တန်းကာလအတွင်း ၎င်းတို့၏ အတွေ့အကြုံများကို ဖော်ပြခိုင်းခဲ့ပါသည်။ ဥပမာ – သင်တန်းနှင့် ပတ်သက်ပြီး ကြိုက်နှစ်သက်မိသည့်အရာများနှင့် ကြိုက်နှစ်သက်မှုမရှိသော အရာများ။

https://files.eric.ed.gov/fulltext/EJ1169154.pdf

## လုပ်ငန်းစဉ် – လူတွေ့မေးမြန်းခြင်း သရုပ်ဖော်တင်ဆက်မှုများ

အောက်တွင်ဖော်ပြထားသော လူတွေ့မေးမြန်းခြင်း လုပ်ထုံးလုပ်နည်း ၃ မျိုးကို ကြည့်ရှုပါ။

၁။ နှစ်ယောက်တစ်တွဲစီဖြင့် ပြင်ဆင်ဖွဲ့စည်းထားသော လူတွေ့မေးမြန်းခြင်းကို ဆောင်ရွက်ပါ။ တွဲဖက် (က) သည် မေးခွန်းများ မေးမြန်းသူဖြစ်ပြီး မှတ်စုရေးသားရမည်။ တွဲဖက် (ခ) သည် မေးခွန်းများကို ဖြေဆိုရမည်။ မိမိတို့၏ ဇာတ်ကောင်ကို နေရာပြောင်းပြီး နောက်တစ်ကြိမ်ထပ်မံပြုလုပ်ပါ။

၂။ အခြားတွဲဖက်အသစ်တစ်ဦးကို ရှာဖွေပြီး တစ်ဝက်သာလျှင် ပြင်ဆင်ဖွဲ့စည်းထားသော လူတွေ့မေးမြန်းခြင်းကို ဆောင်ရွက်ပါ။ ဇာတ်ကောင်ပြောင်း၍ နောက်တစ်ကြိမ် ထပ်မံဆောင်ရွက်ပါ။

၃။ နောက်ထပ် တွဲဖက်တစ်ဦးကို ထပ်မံရှာဖွေပြီး ပြင်ဆင်ဖွဲ့စည်းထားခြင်းမရှိသော လူတွေ့မေးမြန်းခြင်းကို ဆောင်ရွက်ပါ။ ဇာတ်ကောင်ပြောင်း၍ နောက်တစ်ကြိမ် ပြန်လည်ဆောင်ရွက်ပါ။

၄။ လူတွေ့မေးမြန်းခြင်းတစ်ခုစီမှ မှတ်စုများကို ပြန်လည်ဖတ်ရှုပါ။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

(က) လူတွေ့မေးမြန်းခြင်းထဲမှ မည်သည့်တစ်ခုသည် အခက်ခဲဆုံးဖြစ်သနည်း။ အဘယ်ကြောင့်နည်း။

(ခ) လူတွေ့မေးမြန်းခြင်းထဲမှ မည်သည့်တစ်ခုသည် ခေါင်းစဉ်အတွက် အသင့်လျော်ဆုံးဖြစ်သနည်း။ အဘယ်ကြောင့်နည်း။

(ဂ) ဖြေကြားချက်များသည် မည်သို့ ကွဲပြားခြားနားခဲ့ကြသနည်း။

(ဃ) မတူခြားနားသည့် လူတွေ့မေးမြန်းခြင်း ပုံစံများသည် ရလဒ်များအပေါ် မည်သို့ သက်ရောက်မှုရှိနိုင်ခဲ့သနည်း။



**i. ပြင်ဆင်ဖွဲ့စည်းထားသော လူတွေ့မေးမြန်းခြင်း လုပ်ထုံးလုပ်နည်း**

**လူတွေ့မေးမြန်းသူအတွက် ညွှန်ကြားချက်များ**

- မေးခွန်းများကို ရေးသားဖော်ပြထားသည့်အတိုင်း တစ်သွေမတိမ်း မေးမြန်းပါ။
- သင့်လျော်သော စကားလုံးများကို ရွေးချပါ (သို့) စက်ဝိုင်းဝိုင်းပါ။
- တောင်းဆိုလာပါက မေးခွန်းကို ပြန်လည်ရွတ်ဆိုပြပါ။

**အပိုင်း ၁ – ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များ**

အသက် – ကျား/မ –

**အထက်တန်းကျောင်း အောင်မြင်ခဲ့ပြီးဖြစ်ပါသလား။**

ဟုတ်တယ် | မဟုတ်ပါ

**မည်သည့်နှစ်တွင် အောင်မြင်ပြီးဆုံးခဲ့ပါသနည်း။**

**အပိုင်း ၂ – လှူဒါန်းခြင်း**

လွန်ခဲ့သောအပတ်တွင် ကူညီရေးအဖွဲ့များထံသို့ ငွေကြေးလှူဒါန်းခဲ့ပါသလား။

ဟုတ်တယ် | မဟုတ်ပါ

လွန်ခဲ့သောနှစ်အတွင်း၊ ဘာသာရေးဆိုင်ရာ ကူညီရေးအဖွဲ့သို့ ငွေကြေး လှူဒါန်းခဲ့ပါသလား။ ဟုတ်တယ် | မဟုတ်ပါ

**အပိုင်း ၃ – အောက်ပါအဖွဲ့များထဲမှ မည်သည့်အဖွဲ့ပေါ် အယုံကြည်ဆုံး ဖြစ်ပါသနည်း။**

| | |
|---|---|
| ကူညီရေးအဖွဲ့များ | ဘာသာရေးအဖွဲ့များ |
| အစိုးရ | စီးပွားရေးလုပ်ငန်းများ |

ii. **တစ်ဝက်သာလျှင် ပြင်ဆင်ဖွဲ့စည်းထားသော လူတွေ့မေးမြန်းခြင်း လုပ်ထုံးလုပ်နည်း**

**လူတွေ့မေးမြန်းသူအတွက် ညွှန်ကြားချက်များ**

- မေးခွန်းများကို ရေးသားဖော်ပြထားသည့်အတိုင်း တစ်သွေမတိမ်း မေးမြန်းပါ။
- တောင်းဆိုလာပါက မေးခွန်းကို ပြန်လည်ရွတ်ဆိုပြပါ။

**အပိုင်း ၁ – ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များ**

အသက် – ကျား/မ –

**အပိုင်း ၂ – လှူဒါန်းခြင်း**

လွန်ခဲ့သောအပတ်တွင် ကူညီရေးအဖွဲ့များထံသို့ ငွေကြေးလှူဒါန်းခဲ့ပါသလား။ ဟုတ်တယ် | မဟုတ်ပါ

**လှူဒါန်းခဲ့ပါက အသေးစိတ်အချက်အလက်များကို ထပ်မံမေးမြန်းပါ။**

လွန်ခဲ့သောနှစ်အတွင်း၊ ဘာသာရေးဆိုင်ရာ ကူညီရေးအဖွဲ့သို့ ငွေကြေး လှူဒါန်းခဲ့ပါသလား။ ဟုတ်တယ် | မဟုတ်ပါ

**လှူဒါန်းခဲ့ပါက အသေးစိတ်အချက်အလက်များကို ထပ်မံမေးမြန်းပါ။**

**အပိုင်း ၃ – အောက်ပါအဖွဲ့များထဲမှ မည်သည့်အဖွဲ့ပေါ် အယုံကြည်ဆုံး ဖြစ်ပါသနည်း။**

| | |
|---|---|
| **ကူညီရေးအဖွဲ့များ** | ယုံကြည်ပါက အဘယ်ကြောင့်နည်း။ |
| **ဘာသာရေးအဖွဲ့များ** | ယုံကြည်ပါက အဘယ်ကြောင့်နည်း။ |
| **အစိုးရ** | ယုံကြည်ပါက အဘယ်ကြောင့်နည်း။ |
| **စီးပွားရေးလုပ်ငန်းများ** | ယုံကြည်ပါက အဘယ်ကြောင့်နည်း။ |



**iii ပြင်ဆင်ဖွဲ့စည်းထားခြင်းမရှိသော လူတွေ့မေးမြန်းခြင်း လုပ်ထုံးလုပ်နည်း**

**ဆွေးနွေးချက် ခေါင်းစဉ်များ**

၁။ ကူညီရေးအဖွဲ့

၂။ ကူညီရေးအဖွဲ့များထဲမှ မည်သည့်အဖွဲ့များသည် အကောင်းဆုံးဖြစ်သနည်း။

၃။ သင်နေထိုင်ရာ လူမှုအဖွဲ့အစည်းအတွင်း မည်သည့်အဖွဲ့အစည်းများသည် အကောင်းဆုံးလုပ်ဆောင်ကြသနည်း။

## လုပ်ငန်းစဉ် – ပြင်ဆင်ဖွဲ့စည်းထားသော/ပြင်ဆင်ဖွဲ့စည်းမထားသော လူတွေ့မေးမြန်းခြင်း မေးခွန်းများ

အခြေအနေပြဖြစ်ရပ်များကို ဖတ်ရှုပါ။ ဖြစ်ရပ်တစ်ခုစီအတွက် ပြင်ဆင်ဖွဲ့စည်းထားသော လူတွေ့မေးမြန်းခြင်း မေးခွန်းတစ်ခုနှင့် ပြင်ဆင်ဖွဲ့စည်းထားခြင်းမရှိသော လူတွေ့မေးမြန်းခြင်း မေးခွန်းတစ်ခုစီ ရေးသားပါ။

၁။ လယ်သမားများကို ၎င်းတို့စိုက်ပျိုးသော သီးနှံများနှင့် ပတ်သက်ပြီး မေးမြန်းပါ။

၂။ ကျောင်းသားများကို စာသင်ခန်းအတွင်း အသုံးပြုသော နည်းပညာများနှင့် ပတ်သက်သည့် ၎င်းတို့၏ အတွေ့အကြုံများကို မေးမြန်းပါ။

၃။ ဆောက်လုပ်ရေးလုပ်သားများကို အလုပ်သမားဥပဒေများနှင့် ပတ်သက်သည့် ၎င်းတို့၏ အသိအမြင်များကို မေးမြန်းပါ။

### ဆွေးနွေးချက်

သင့်အနေဖြင့် ပြင်ဆင်ဖွဲ့စည်းထားသော လူတွေ့မေးမြန်းခြင်းကို ပိုလုပ်ဆောင်လိုပါသလား သို့မဟုတ် ပြင်ဆင်ဖွဲ့စည်းထားမှုနည်းသော လူတွေ့မေးမြန်းခြင်းကို လုပ်ဆောင်လိုပါသလား။ အဘယ်ကြောင့်နည်း။

# ၅.၃ - လူတွေ့မေးမြန်းခြင်း လုပ်ထုံးလုပ်နည်း

## အကြိုလေ့လာချက်

၁။ လူတွေ့မေးမြန်းစဉ်တွင် အဆင်ပြေချောမွေ့မှုရှိစေရန်အတွက် လုပ်ဆောင်နိုင်သည့်အချက်များကို အတန်းလိုက်စာရင်းပြုစုပါ။

၂။ လူတွေ့မေးမြန်းခြင်းအတွက် စနစ်တကျကောင်းစွာ ပြင်ဆင်မှုမရှိလျှင် မည်သည့်ပြဿနာများ ဖြစ်ပွားလာနိုင်ပါသနည်း။

လူတွေ့မေးမြန်းခြင်း လုပ်ထုံးလုပ်နည်းတစ်ခုဆိုသည်မှာ လူတွေ့မေးမြန်းခြင်းအား ထိန်းကြောင်းပေးရန် မှတ်စုရေးသားရန်အတွက် လူတွေ့မေးမြန်းသူမှ အသုံးပြုသည့် နည်းလမ်းတစ်ခုဖြစ်သည်။

### အဖွင့်

ဤနေရာတွင် မိမိကိုယ်ကိုယ်နှင့် သုတေသနစီမံကိန်းအကြောင်း မိတ်ဆက်ပြီး သတင်းအချက်အလက်များကို မည်သို့ အသုံးပြုသွားမည်ဖြစ်ကြောင်း ရှင်းပြရသည်။ ဖြေကြားမည့်သူများကို ဆွေးနွေးသွားမည့်**ခေါင်းစဉ်များ**၊ လျှို့ဝှက်ထားမှုနှင့် သဘောတူညီချက် တောင်းခံခြင်းကဲ့သို့သော ကျင့်ဝတ်ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားပါ။

### အလယ်

ဤနေရာတွင် သုတေသန၏ အဓိကမေးခွန်းများကို မေးမြန်းရပါသည်။ ပြင်ဆင်ဖွဲ့စည်းထားသော လူတွေ့မေးမြန်းခြင်းများတွင် မေးခွန်းများကို တိကျစွာ ရေးသားဖော်ပြထားပါလိမ့်မည်။ ပြင်ဆင်ဖွဲ့စည်းထားခြင်းမရှိသော လူတွေ့မေးမြန်းခြင်းတွင် စကားစမြည်ပြောဆိုသွားမည့် ခေါင်းစဉ်များကိုသာ စာရင်းပြုစုထားပါလိမ့်မည်။

### အပိတ်

လူတွေ့မေးမြန်းခြင်းကို အဆုံးသတ်ပြီး ဖြေကြားသူအား အချိန်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်းပြောပြပါ။ အတည်ပြုမေးမြန်းလိုသည့်အရာများ သို့မဟုတ် နောက်ဆက်တွဲမေးခွန်းများ ရှိ/မရှိ မှတ်စုစာအုပ်ကိုကြည့်၍ စစ်ဆေးပါ။ ထို့အတူ လျှို့ဝှက်ထားမှုနှင့် သဘောတူညီချက်တောင်းခံခြင်းအကြောင်း ဖြေကြားသူအား ထပ်မံအသိပေးနိုင်ပါသည်။

## လေ့ကျင့်ခန်း – မေးခွန်းများကို တွဲစပ်ပါ

၁။ မေးခွန်းများ (i-x) ကို လူတွေ့မေးမြန်းမှု အစိတ်အပိုင်း (က–ဂ) တို့ဖြင့် တွဲစပ်ပါ။

၂။ ၎င်းတို့ကို နံပါတ်စဉ်အလိုက် ပြန်လည်သတ်မှတ်ပါ။

**၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ အထွေထွေရွေးကောက်ပွဲအကြောင်း လူတွေ့မေးမြန်းခြင်း**

| အပိုင်း | လူတွေ့မေးမြန်းခြင်းအတွင်း မေးမြန်းသည့် မေးခွန်းများ | နံပါတ်စဉ် |
|---|---|---|
| (က) အဖွင့်<br>(ခ) အလယ်<br>(ဂ) အပိတ် | i _____ ရွေးကောက်ပွဲနေ့က ခံစားချက်နှင့် ပတ်သက်၍ ထပ်ပြီး ပြောပြနိုင်ပါသလား။ | ___ |
| | ii _____ ယနေ့ နေကောင်းပါသလား။ | ___ |
| | iii _____ ကျွန်ုပ်တို့ အဆုံးမသတ်ခင် မေးမြန်းစရာများ ရှိပါသလား။ | ___ |
| | iv _____ ဤလူတွေ့မေးမြန်းမှုတွင် ပါဝင်ရန် သဘောတူပါသလား။ | ___ |
| | v _____ မည်သည့်နေရာတွင် မွေးဖွားခဲ့ပါသနည်း။ | ___ |
| | vi _____ မည်သူ့အတွက် မဲထည့်ဝင်ခဲ့ပါသနည်း။ | ___ |
| | vii _____ ပါဝင်သည့်အတွက် ကျေးဇူးတင်ပါသည်။ နောက်ဆုံး အစီရင်ခံစာ၏ မိတ္တူတစ်စောင် လိုချင်ပါသလား။ | ___ |
| | viii _____ ရွေးကောက်ပွဲနေ့တွင် သင်၏ညီမဖြစ်သူနှင့် ပြောဆိုဆွေးနွေးခဲ့သည့်အကြောင်းကို ထပ်ပြီး ပြောပြနိုင်ပါသလား။ | ___ |
| | ix _____ ရွေးကောက်ပွဲနေ့တွင် မည်သည့်အရာများ လုပ်ဆောင်ခဲ့ပါသနည်း။ | ___ |
| | x _____ ဤသုတေသနသည် မည်သည့်အကြောင်းအရာကို လေ့လာခြင်းဖြစ်ကြောင်း နားလည်ပါသလား။ | ___ |

## ဖြစ်ရပ်လေ့လာချက် – ဖြစ်ရပ်လေ့လာချက်အား စိစစ်လေ့လာပါ

ဖြစ်ရပ်လေ့လာချက်အား ဖတ်ရှုပြီး မေးခွန်းများကို ဖြေဆိုပါ။

၁။ ဤသုတေသန၏ ခေါင်းစဉ်မှာ အဘယ်နည်း။

၂။ သုတေသနတွင် လူတွေ့မေးမြန်းခြင်းအတွက် မည်သို့ပြင်ဆင်ဖွဲ့စည်းခဲ့သနည်း။

၃။ သုတေသီများကို ရွေးချယ်ပြီး သင်ကြားပေးရန် အဘယ်ကြောင့် အရေးကြီးသည်ဟု ထင်ပါသနည်း။

၄။ လူတွေ့မေးမြန်းခြင်းတစ်ခုစီတိုင်းကို မစတင်မီ သုတေသီမှ မည်သည့်အရာများကို ပြောကြားခဲ့နိုင်ပါသနည်း။

၅။ လူတွေ့မေးမြန်းခြင်းတစ်ခုစီတိုင်း ပြီးဆုံးသွားသည့်အခါတွင် သုတေသီမှ မည်သည့်အရာများကို ပြောကြားခဲ့နိုင်ပါသနည်း။

၆။ ဤသုတေသန၏ ရလဒ်များကို မည်သည့်အတွက် အသုံးပြုသွားနိုင်ပါသနည်း။

### *တိတ်ဆိတ်မှုနောက်ကွယ် - အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ၎င်းတို့၏ ခုခံနိုင်စွမ်း၊ မြန်မာနိုင်ငံ*

# Gender Equality Network



ဤလေ့လာမှုသည် အမျိုးသမီးများ၏ လင်ယောကျ်ားများနှင့် အခြားအမျိုးသားများက ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အကြမ်းဖက်ခြင်းဆိုင်ရာ အတွေ့အကြုံများကို နားလည်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်။ သုတေသနသည် ရန်ကုန်မြို့နှင့် မော်လမြိုင်မြို့တို့မှ အမျိုးသမီး ၃၈ ဦးအား လူတွေ့မေးမြန်းခြင်းပေါ်တွင် အခြေခံထားပါသည်။

အရည်အသွေးစံပြု လူတွေ့မေးမြန်းခြင်းများသည် အခြေအနေတစ်ခုတွင် အကြမ်းဖက်မှုနှင့် ပတ်သက်ပြီး အနည်းငယ်သာ နားလည်နိုင်သည့်အခါမျိုးတွင် အသုံးဝင်နိုင်ပါသည်။ မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ အကြမ်းဖက်ခံရမှုအတွေ့အကြုံများသည် အမှန်ပင်ဖြစ်သည်။ လူတွေ့မေးမြန်းမှုတွင် အပိုင်း ၅ ပိုင်း ပါဝင်သည်။ ၎င်းတို့မှာ ငယ်စဉ်ဘဝ၊ လူငယ် လူရွယ်နှင့် လက်ရှိအရွယ်၊ လက်ရှိဆက်ဆံရေးများ၊ လိင်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် နောက်ဆုံးအပိုင်းဟူ၍ ဖြစ်ပါသည်။

လူတွေ့မေးမြန်းမှုများကို တစ်ဝက်သာလျှင် ပြင်ဆင်ဖွဲ့စည်းထားပါသည်။ ထိလွယ်ရှလွယ် အနည်းဆုံး မေးခွန်းများ (ကလေးဘဝ) ကို ထိလွယ်ရှလွယ်အဖြစ်ဆုံး မေးခွန်းများ (လိင်ပိုင်းဆိုင်ရာ ကျန်းမာရေး) အကြောင်းမတိုင်မီ ဆွေးနွေးခဲ့ပါသည်။ အသေးစိတ်တွေ့ဆုံမေးမြန်းမှုအားလုံးကို ဤသုတေသနအမျိုးအစား လုပ်ဆောင်ရာတွင် အတွေ့အကြုံရှိသော နယ်ခံအမျိုးသမီးသုတေသီများဖြင့် လုပ်ဆောင်ခဲ့ပါသည်။

ဒေတာကောက်ယူခြင်း မပြုလုပ်မီ မေးခွန်းများကို ဂရုတစိုက် စစ်ဆေးခဲ့ပါသည်။ လူတွေ့မေးမြန်းသူများကိုလည်း ထိလွယ်ရှလွယ် ကိစ္စရပ်များအား သုတေသနပြုစုခြင်းနှင့် ပတ်သက်ပြီး ၅ ရက်တာ သင်တန်းပို့ချပေးခဲ့ပါသည်။ သုတေသနကို နယ်ခံအမျိုးသမီး အဖွဲ့အစည်းများထံမှရရှိသော အကြံဉာဏ်များဖြင့် ဒီဇိုင်းရေးဆွဲခဲ့ပါသည်။

http://www.burmalibrary.org/docs20/GEN-2014-11-Behind_the_Silence-en-ocr-tpo.pdf

## ဆွေးနွေးချက်

၁။ ဆိုးရွားစွာ ရေးသားထားသော မေးခွန်းများသည် ထိလွယ်ရှလွယ် ခေါင်းစဉ်တစ်ခုအား သုတေသနပြုစုသည့် အခါတွင် မည်သည့်ပြဿနာများကို ဖြစ်ပွားစေနိုင်ပါသနည်း။

၂။ ထိလွယ်ရှလွယ် ခေါင်းစဉ်တစ်ခုအား သုတေသနပြုစုသည့်အခါတွင် လူတွေ့မေးမြန်းခြင်းတစ်ခုအား သုတေသီမှ မည်သို့ စတင်ပြီး မည်သို့ အဆုံးသတ်သင့်ပါသနည်း။

## လုပ်ငန်းစဉ် – လူတွေ့မေးမြန်းခြင်းတစ်ခုအား သရုပ်ဖော်တင်ဆက်ပါ

၁။ နှစ်ယောက်တစ်တွဲစီဖြင့် လူတွေ့မေးမြန်းခြင်းအား လေ့ကျင့်ပါ။ လုပ်ထုံးလုပ်နည်းများကို အစမှအဆုံးထိ လိုက်နာကျင့်သုံးပါ။ မှန်ကန်စွာကြားမိကြောင်း သေချာစေရန်အတွက် ခေတ္တရပ်ပါ၊ စိတ်ဝင်စားမှုပြပါ၊ ဖြေကြားသူပြောကြားသည့်အရာများကို လိုက်လံပြောကြားပါ။

၂။ ဇာတ်ကောင်နေရာပြောင်း၍ ပြန်လည်ဆောင်ရွက်ပါ။

၃။ ဖြေဆိုရလွယ်ကူသည့် မေးခွန်းများနှင့် ဖြေဆိုရန်ခက်ခဲသည့် မေးခွန်းများအကြောင်း ဆွေးနွေးပါ။ ၎င်းမေးခွန်းများကို ဖြေဆိုရန် အဘယ်ကြောင့် လွယ်ကူရသနည်း သို့မဟုတ် ခက်ခဲရသနည်း။

| | |
|---|---|
| **၁။ မိတ်ဆက်** | • မိမိကိုယ်ကိုယ် မိတ်ဆက်ပါ။<br>• ရည်ရွယ်ချက်များကို မိတ်ဆက်ပြောကြားပါ။<br>• သုတေသနအား အသုံးပြုသွားမည့်ပုံစံကို ပြောပြပါ။<br>• သဘောတူညီချက်အကြောင်း ရှင်းပြပါ။ |
| • ကျွန်ုပ်၏ အမည်မှာ ______________။<br>• အစားအစာအကြောင်း သုတေသနပြုစုနေခြင်း ဖြစ်ပါသည်။<br>• ကျွန်ုပ်သုတေသန၏ ရည်ရွယ်ချက်မှာ ______________________။<br>• ဤသုတေသနကို အသုံးပြုပြီး ရလာသော အချက်အလက်များကို အတန်းဖော်များဖြင့် ဖလှယ်မျှဝေသွားပါမည်။<br>• သင်၏ အချက်အလက်များကို အတန်းဖော်များနှင့် ဖလှယ်မျှဝေရန် ခွင့်ပြုပါသလား/အဆင်ပြေပါသလား။ | |
| **၂။ အလယ်** | |
| **ခေါင်းစဉ် ၁ – နောက်ခံအချက်အလက်များ** | အသက် –<br>ကျား/မ – |
| **ခေါင်းစဉ် ၂ – အစားအစာ ဘေးကင်းလုံခြုံရေး** | • အစားအစာ ဘေးကင်းလုံခြုံရေးနှင့် ပတ်သက်ပြီး မည်သည့်အရာများကို သိရှိထားပါသနည်း။<br>• သင်မဖျားနာစေရန်အတွက် လုပ်ဆောင်သင့်သည့် ကောင်းသောလုပ်ရပ်ရှားမှုအချို့မှာ အဘယ်နည်း။ |
| **ခေါင်းစဉ် ၃ – ဖျားနာမှုများကို ကုသခြင်း** | • အစားအစာမှတစ်ဆင့် ဖျားနာမှုဖြစ်လျှင် မည်သည့်အရာများကို လုပ်ဆောင်ပါသနည်း။<br>• အခြားလူများသည် အစားအစာမှတစ်ဆင့် ဖျားနာမှုဖြစ်လျှင် မည်သည့်အရာများကို လုပ်ဆောင်ကြကြောင်း ရှင်းလင်းဖော်ပြပါ။ |
| **၃။ အပိတ်** | • နောက်ဆက်တွဲ မေးခွန်းများ။<br>• ကျေးဇူးတင်ရှိပါသည်။<br>• သဘောတူညီချက်ဆိုင်ရာ ပြန်လည်အသိပေးခြင်း။ |

## သင်တို့၏ သုတေသနစီမံကိန်း – လူတွေ့မေးမြန်းခြင်းများ

သုတေသနမေးခွန်းတစ်ခုကို စဉ်းစားပါ။ အဆိုပါမေးခွန်းသည် ရှေ့သင်ခန်းစာတွင် အသုံးပြုခဲ့သော ခေါင်းစဉ်လည်း ဖြစ်နိုင်သကဲ့သို့ စိတ်ဝင်စားသည့် အခြားအကြောင်းအရာ ခေါင်းစဉ်တစ်ခုလည်းဖြစ်နိုင်သည်။

၁။ သင်တို့၏ သုတေသနမေးခွန်းများကို ဖြေဆိုရန်အတွက် လူတွေ့မေးမြန်းခြင်းများကို မည်သို့ အသုံးပြုနိုင်ပါသနည်း။ ၎င်းတို့သည် သင့်လျော်သော နည်းလမ်းများ ဟုတ်ပါသလား။

၂။ လူတွေ့မေးမြန်းခြင်းတွင် မည်သည့်အမျိုးအစားကို အသုံးပြုမည်နည်း – ပြင်ဆင်ဖွဲ့စည်းထားသော၊ တစ်ဝက်သာလျှင် ပြင်ဆင်ဖွဲ့စည်းထားသော (သို့) ပြင်ဆင်ဖွဲ့စည်းထားမှုမရှိသော လူတွေ့မေးမြန်းခြင်း။ အဘယ်ကြောင့်နည်း။

၃။ နှစ်ယောက်တစ်တွဲစီဖြင့် လူတွေ့မေးမြန်းခြင်းများသည် သင်တို့၏ စီမံကိန်းနှင့် မည်သို့ဆက်နွှယ်မှုရှိနိုင်ကြောင်း ဆွေးနွေးပါ။

## ဆွေးနွေးချက်

၁။ လူတွေ့မေးမြန်းခြင်းတွင် မည်သည့်အချက်သည် အခက်ခဲဆုံးဖြစ်သည်ဟု ထင်ပါသနည်း။

၂။ မျက်နှာချင်းဆိုင် လူတွေ့မေးမြန်းခြင်းကို ကောင်းစွာဆောင်ရွက်နိုင်မည်ဟု ကိုယ့်ကိုယ်ကိုယ် ထင်မြင်မိပါသလား။ အဘယ်ကြောင့်နည်း သို့မဟုတ် အဘယ်ကြောင့် မထင်ရသနည်း။

# အခန်း ၆ - ဦးတည်အုပ်စုများ




## သင်ယူလေ့လာရေး ရည်မှန်းချက်များ

### ဗဟုသုတ

ဤအခန်းတွင် အောက်ပါအချက်များနှင့် ပတ်သက်သော သင်တို့၏ ဗဟုသုတများ တိုးပွားလာပါလိမ့်မည်။

- ဦးတည်အုပ်စုများ။
- ဦးတည်အုပ်စု အချိန်ဇယား။
- ဦးတည်အုပ်စု လုပ်ငန်းများ။

### ကျွမ်းကျင်မှုများ

ဤအခန်းတွင် အောက်ပါအချက်များနှင့် ပတ်သက်သော သင်တို့၏ စွမ်းရည်များကို လေ့ကျင့်သွားရပါလိမ့်မည်။

- ဦးတည်အုပ်စုများကို ရှင်းပြရန်။
- ဦးတည်အုပ်စု မေးခွန်းများ ရေးသားရန်။
- ဦးတည်အုပ်စု ဆွေးနွေးဝိုင်းတစ်ခုအား ပံ့ပိုးကူညီရန်။

# ၆.၁ - ဦးတည်အုပ်စုများကို အဘယ်ကြောင့် အသုံးပြုရသနည်း

## အကြိုလေ့လာချက်

၁။ နှစ်ယောက်တစ်တွဲစီဖြင့် 'အသက် ၁၈ နှစ်အောက် လူငယ်များကို မဲထည့်ခွင့်ပြုခြင်း၏ သက်ရောက်မှုများမှာ အဘယ်နည်း' ဆိုသည့် မေးခွန်းကို ဆွေးနွေးပါ။

၂။ အခြားအတွဲတစ်တွဲဖြင့် ပေါင်းစည်း၍ အဖွဲ့ငယ်များအဖြစ် ဆွေးနွေးပါ။

၃။ တစ်တန်းလုံးအနေဖြင့် ဆွေးနွေးပါ။

၄။ အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။

(က) အကြောင်းအရာတစ်ခုကို အခြားတစ်ဦးနှင့်အတူ ဆွေးနွေးခြင်းနှင့် အဖွဲ့ငယ်တစ်စုအနေဖြင့် ဆွေးနွေးခြင်းတို့ အကြား အချို့သော ကွဲပြားခြားနားချက်များမှာ အဘယ်နည်း။

(ခ) အဖွဲ့ငယ်အဖြစ် ဆွေးနွေးရာတွင် လူတိုင်းက ပါဝင်ဆွေးနွေးခဲ့ပါသလား သို့မဟုတ် အချို့လူများက အခြား အဖွဲ့ဝင်များထက် ပိုမိုပြောဆိုဆွေးနွေးခဲ့ပါသလား။ မည်သည့်အတွက်ကြောင့် ထိုသို့ဖြစ်ရသည်ဟု ထင်ပါသနည်း။

(ဂ) အဖွဲ့တစ်ဖွဲ့အနေဖြင့် ဆွေးနွေးရာတွင် ပါဝင်ဆွေးနွေးသူဦးရေ မည်မျှပါဝင်လျှင် အကောင်းဆုံးဖြစ်မည်ဟု ထင်ပါသနည်း။ အဘယ်ကြောင့်နည်း။

## ဦးတည်အုပ်စုများ



လူတွေ့မေးမြန်းခြင်းများသည် တစ်ဦးချင်းစီထံမှ ဖြေကြားချက်များကို အဓိကထား ကောက်ယူခြင်း ဖြစ်သည်။ ဦးတည်အုပ်စုတစ်စု ဆိုသည်မှာ သုတေသီက ၄–၁၀ ဦးခန့် ပါဝင်သော အဖွဲ့တစ်ဖွဲ့အား မေးခွန်းများ မေးမြန်းခြင်းဖြစ်သည်။ ဦးတည်အုပ်စုများသည် အချင်းချင်း ဆွေးနွေးမှုမှ တစ်ဆင့် သုတေသီအတွက် သတင်း အချက်အလက်များ ပံ့ပိုးပေးပါသည်။ သုတေသီသည် ၎င်း၏ သုတေသန မေးခွန်းတစ်ခုအတွက် မတူကွဲပြား သော တစ်သီးပုဂ္ဂလ အဖြေများ ရရှိရန်အတွက် ဦးတည်အုပ်စုများကို အသုံးပြုသော်လည်း ခေါင်းစဉ်တစ်ခုအကြောင်း လူများအပြန်အလှန် ဆွေးနွေးသည့် ပုံစံတွင်လည်း စိတ်ဝင်စားကြပါသည်။

ဦးတည်အုပ်စုများသည် အဖွဲ့အတွင်းရှိ မတူကွဲပြားသော ရှုထောင့်အမြင်များနှင့် အဖွဲ့ဝင်များအကြား အပြန်အလှန် ဆက်ဆံမှုပုံစံများနှင့် ပတ်သက်သည့် အချက်အလက်များ ရရှိစေပါသည်။ ဤနည်းအားဖြင့် ပါဝင်ဖြေကြားသူများနှင့် ဆက်စပ်သည့် လူမှုအဖွဲ့အစည်းအကြောင်းကို သုတေသီမှ ပိုမိုနားလည်လာစေရန် အကူအညီဖြစ်စေပါသည်။

**လေ့ကျင့်ခန်း** – အောက်ပါအချက်များကို မှန်/မှား ဖြေဆိုပါ။ (မှားပါက အဘယ်ကြောင့်နည်း)

၁။ ဦးတည်အုပ်စုတစ်စုသည် ပိုပြီး ပုံစံတကျရှိသည့်အတွက် လူတွေ့မေးမြန်းမှုနှင့် မတူညီသော ဒေတာများကို ရရှိစေနိုင်ပါသည်။

၂။ ဦးတည်အုပ်စုတွင် ပါဝင်ဖြေကြားသူများသည် တစ်ဦးနှင့်တစ်ဦး ပြောဆိုဆွေးနွေးကြရပါသည်။

၃။ ဦးတည်အုပ်စုတစ်စုနှင့် လူတွေ့မေးမြန်းမှုနည်းလမ်း နှစ်ရပ်စလုံးတွင် သုတေသန ဖြေကြားသူတစ်ဦးစီ ပါဝင်ကြသည်။

၄။ ဦးတည်အုပ်စုတစ်စုသည် ပါဝင်ဖြေကြားသူများ၏ လူမှုအဖွဲ့အစည်းအပေါ် ထင်ဟပ်မှုရှိသည့် အချက်အလက်များကို ထွက်ပေါ်လာစေနိုင်ပါသည်။

## လုပ်ငန်းစဉ် – အားသာချက် သို့မဟုတ် အားနည်းချက်များ ဖြစ်ကြပါသလား

အောက်ပါရုပ်ပုံများသည် ဦးတည်အုပ်စုများ၏ အားသာချက်များနှင့် အားနည်းချက်များအကြောင်း ပြောဆိုနေကြပါသည်။

၁။ ရုပ်ပုံတစ်ပုံစီတိုင်းသည် အားသာချက်၊ အားနည်းချက် (သို့) နှစ်မျိုးစလုံးအကြောင်းကို ပြောဆိုနေပါသလား။

၂။ အချို့သော အားသာချက်နှင့် အားနည်းချက်များကို ထပ်မံစာရင်းပြုစုပါ။




### ဆွေးနွေးချက်

၁။ ဦးတည်အုပ်စုဆွေးနွေးဝိုင်းတစ်ခု ကျင်းပရန်အတွက် လူအရေအတွက် မည်မျှလိုအပ်မည်ဟု ထင်ပါသနည်း။

၂။ ဦးတည်အုပ်စုတစ်ခု ကျင်းပသည့် လူများ၏ မတူကွဲပြားသော အခန်းကဏ္ဍများမှာ အဘယ်နည်း။

# ၆.၂ - ဦးတည်အုပ်စုတစ်စု ဖွဲ့စည်းစီစဉ်ခြင်း

## အကြိုလေ့လာချက်

၁။ ဦးတည်အုပ်စုဆွေးနွေးဝိုင်းတစ်ခု ဖွဲ့စည်းစီစဉ်ရာတွင် မည်သည့်အချက်များ ပါဝင်သည်ဟု ထင်ပါသနည်း။

၂။ ဦးတည်အုပ်စုဆွေးနွေးဝိုင်းများအတွက် မည်သည့်မေးခွန်း အမျိုးအစားများသည် အကောင်းဆုံးဖြစ်သည်ဟု ထင်ပါသနည်း။ အဘယ်ကြောင့်နည်း။

သင်၏ ဦးတည်အုပ်စုဆွေးနွေးဝိုင်း(များ)ကို ဖွဲ့စည်းစီစဉ်ခြင်း မတိုင်မီ အကြောင်းအရာအချို့ကို ဆုံးဖြတ်ရန် လိုအပ်ပါသည်။

### ၁ ဦးတည်အုပ်စုဆွေးနွေးဝိုင်းမှနေ၍ မည်သည့်အရာများကို လိုချင်ပါသနည်း

ဦးတည်အုပ်စုများသည် အသေးစိတ်အချက်အလက်များနှင့် အမြင်များစွာကို ထုတ်ဖော်ပေးနိုင်ပါသည်။

ဥပမာ

ရခိုင်ပြည်နယ် သောက်သုံးရေ ကျန်းမာရေးအတွက် လုပ်ဆောင်နေသော သုတေသီတစ်ဦးသည် စီမံကိန်းအသစ်တစ်ခုကို ဖန်တီးရေးဆွဲနေပါသည်။ သူမအနေဖြင့် စစ်တွေမြို့ရှိ ဆင်းရဲနွမ်းပါးသော ရပ်ကွက်မှလူများသည် သောက်သုံးရေ၊ ရေဆိုးနုတ်စနစ်၊ ဆက်နွယ်သော ရောဂါများနှင့် ပတ်သက်ပြီး မည်သည့်အရာများ သိရှိထားကြောင်းကို သိရှိလိုသည်။




### ၂ ဦးတည်အုပ်စု (များ) တွင် မည်သူများ ပါဝင်ကြမည်နည်း

သင်၏ ဦးတည်အုပ်စုတွင် ဆင်တူညီသော သို့မဟုတ် ကွဲပြားခြားနားသည့်လူများ ပါဝင်နိုင်ပါသည်။ မတူကွဲပြားသည့် အမြင်များစွာအား ရရှိလိုပါက မတူကွဲပြားသည့် လူများကို ပါဝင်ဖြေကြားခိုင်းရန် လိုအပ်ပါသည်။ သို့သော် အကြောင်းအရာကိစ္စတစ်ခုခုကို အသေးစိတ် ဆွေးနွေးလိုပါက နောက်ခံအကြောင်းရင်း ဆင်တူညီသော လူများကို အတူတကွ ပါဝင်ဖြေကြားခိုင်းခြင်းသည် ပိုမိုအသုံးဝင်နိုင်ပါသည်။

ဥပမာ

သုတေသီသည် စစ်တွေမြို့ရှိ လူကြီးများကို အဓိကပစ်မှတ်ထားသည်။ သောက်သုံးရေနှင့် ရေဆိုးနုတ်စနစ် ကိစ္စရပ်များကို အသေးစိတ် စူးစမ်းလေ့လာရန်အတွက် အမျိုးသားနှင့် အမျိုးသမီးသီးသန့် ဦးတည်အုပ်စုများအဖြစ် ပိုင်းခြားသတ်မှတ်ထားသည်။ ၎င်းတို့သည် တစ်လလျှင် မိသားစုဝင်ငွေ စုစုပေါင်း ၃ သိန်းအောက်သာလျှင် ရရှိသော အိမ်ထောင်စုများဖြစ်သည်။





### ၃ ဦးတည်အုပ်စု ဆွေးနွေးဝိုင်း အရေအတွက် မည်မျှ လုပ်ဆောင်သင့်သနည်း

အသေးစား သုတေသနစီမံကိန်းများတွင် ဦးတည်အုပ်စု တစ်စုသာလျှင် ရှိနိုင်ပြီး အကြီးစားသုတေသန စီမံကိန်းများတွင် ဦးတည်အုပ်စု ၁၀ မှ ၂၀ အထိ ရှိနိုင်ပါသည်။ ၎င်းအရေအတွက်သည် သင်၏အချိန်၊ ရင်းမြစ်များနှင့် သုတေသန ရည်ရွယ်ချက်များပေါ်တွင် မူတည်ပါသည်။ အချိန်နှင့် ရင်းမြစ်များ ပိုမိုများပြားပါက ဦးတည်အုပ်စု အရေအတွက် ပိုမိုများပြားစွာ လုပ်ဆောင်နိုင်ပါသည်။ လူဦးရေကြီးတစ်ရပ်ထံမှ မတူကွဲပြားသည့် အမြင်ရှုထောင့်များစွာကို လိုချင်ပါက ဦးတည်အုပ်စုဆွေးနွေးဝိုင်းများစွာ လုပ်ဆောင်ရန် လိုအပ်ပါသည်။

ဥပမာ

သုတေသီတွင်ရှိသော ရင်းမြစ်များမှာ ဦးတည်အုပ်စု ဆွေးနွေးဝိုင်းနှစ်ခုအတွက်သာလျှင် လုံလောက်ပါသည်။ အသေးစိတ်အချက်အလက်များ ရရှိရန်အတွက် ဦးတည်အုပ်စု တစ်စုစီဖြင့် တစ်နေ့တာလုံး ဆွေးနွေးသွားရန် (အမျိုးသမီးအုပ်စု၊ ထို့နောက် အမျိုးသားအုပ်စု) ဆုံးဖြတ်ထားသည်။



## ၄ ဦးတည်အုပ်စုဆွေးနွေးဝိုင်းများကို မည်ကဲ့သို့ ပံ့ပိုးကူညီသွားမည်နည်း

ဦးတည်အုပ်စုဆွေးနွေးဝိုင်းတစ်ခုအား ပံ့ပိုးကူညီသွားရန် မတူညီသည့် နည်းလမ်းများစွာ ရှိပါသည်။ ပံ့ပိုးကူညီသူအတွက် အသုံးများဆုံးနည်းလမ်းတစ်ခုမှာ မေးခွန်းများမေးမြန်းပြီး ဆွေးနွေးကြရန် တိုက်တွန်းပေးခြင်းဖြစ်သည်။ သို့သော် ပံ့ပိုးကူညီသူတစ်ဦးအနေဖြင့် ပါဝင်ဖြေကြားသူများကို စည်းမျဉ်းများ ရေးဆွဲစာရင်းပြုစုခြင်း သို့မဟုတ် ရပ်ရွာအဖွဲ့အစည်းမြေပုံရေးဆွဲခြင်းစသည့် လုပ်ငန်းများကိုလည်း လုပ်ဆောင်ခိုင်းနိုင်ပါသည်။ ရင်းမြစ်များပေါ်မူတည်ပြီး သုတေသီက ပံ့ပိုးကူညီ၍ အခြားတစ်ဦးဦးမှ မှတ်စုရေးသားနိုင်ပါက အလွန်အသုံးဝင်နိုင်ပါသည်။

**ဥပမာ**

သုတေသီက ဦးတည်အုပ်စုများကို အမျိုးသားနှင့် အမျိုးသမီး သီးသန့်အုပ်စုနှစ်စုအဖြစ် ခွဲခြားသတ်မှတ်ပြီးသားဖြစ်သည်။ ထို့အတူ ဦးတည်အုပ်စုတွင် ပါဝင်ဖြေကြားသူများအနေဖြင့် စိတ်သက်သောင့်သက်သာရှိစေရန်နှင့် အသေးစိတ်မှတ်စုများ ရေးမှတ်နိုင်စေရန်အတွက် ပူးတွဲပံ့ပိုးကူညီသူတစ်ဦးကို အဆိုပါရပ်ရွာထဲမှ ငှားရမ်းခန့်အပ်ခဲ့သည်။ ဆွေးနွေးဝိုင်းများ လုပ်ဆောင်သကဲ့သို့ ရပ်ရွာအတွင်းရှိ မတူညီသော သောက်သုံးရေ ရင်းမြစ်များ၏ တည်နေရာကို ဖော်ပြသော ရပ်ရွာအဖွဲ့အစည်းမြေပုံတစ်ခုကိုလည်း ပါဝင်ဖြေကြားသူများအား ရေးဆွဲစေခဲ့ပါသည်။



### လေ့ကျင့်ခန်း – အကောင်းဆုံးအဖြေအား ရွေးချယ်ပါ

၁။ ခေါင်းစဉ်တစ်ခုအား အသေးစိတ် စူးစမ်းလေ့လာရန်အတွက် မည်သို့သောလူများကို ဦးတည်အုပ်စုထဲတွင် ထည့်သွင်းလျှင် အသုံးဝင်မည်နည်း။
- (က) ဆင်တူညီသော
- (ခ) ဆင်းရဲချို့တဲ့သော/ အခွင့်အရေးနည်းပါးသော
- (ဂ) အမျိုးသမီးများ
- (ဃ) မတူကွဲပြားသော

၂။ အောက်ပါအချက်များထဲမှ မည်သည့်အချက်သည် ဖွဲ့စည်းစီစဉ်သွားမည့် ဦးတည်အုပ်စုအရေအတွက်ကို ဆုံးဖြတ်ရာတွင် လွှမ်းမိုးမှု အနည်းဆုံးဖြစ်မည်နည်း။
- (က) အချိန်နှင့် ရင်းမြစ်များ
- (ခ) ပံ့ပိုးကူညီသူ၏ အသက်အရွယ်
- (ဂ) အချက်အလက်များ လိုအပ်ချက်
- (ဃ) အသေးစား သို့မဟုတ် အကြီးစားစီမံကိန်းတစ်ခုဖြစ်ခြင်း

၃။ အောက်ပါတို့မှ မည်သည့်အချက်သည် ဦးတည်အုပ်စုဆွေးနွေးဝိုင်းအား ပံ့ပိုးကူညီခြင်း၏ အနည်းဆုံးအစိတ်အပိုင်းတစ်ခုဖြစ်သနည်း။
- (က) မြေပုံတစ်ခု ရေးဆွဲခြင်းကဲ့သို့သော လုပ်ငန်းတစ်ခုခုအား ပါဝင်သူများကို လုပ်ဆောင်စေခြင်း။
- (ခ) ဦးတည်အုပ်စုဆွေးနွေးဝိုင်းတွင် မည်သူများ ပါဝင်မည်ဖြစ်ကြောင်း ဆုံးဖြတ်ခြင်း။
- (ဂ) ပါဝင်ဖြေကြားသူများကို ကိစ္စရပ်တစ်ခုခုအား တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဆွေးနွေးစေခြင်း။
- (ဃ) မေးခွန်းများ မေးမြန်းခြင်းနှင့် မှတ်စုရေးသားခြင်းစသည့် လုပ်ငန်းတာဝန်များကို ခွဲဝေလုပ်ဆောင်စေခြင်း။



## ဦးတည်အုပ်စု အချိန်ဇယား ဖန်တီးရေးဆွဲခြင်း

ဦးတည်အုပ်စု အချိန်ဇယားတစ်ခုတွင် ပံ့ပိုးကူညီသူတစ်ဦးက ပါဝင်ဖြေကြားသူများကို မေးမြန်းမည့် မေးခွန်းများနှင့် ညွှန်ကြားချက်များ ပါဝင်သည်။ ဦးတည်အုပ်စု ဆွေးနွေးဝိုင်း မေးခွန်းများသည် အများအားဖြင့် အဖွင့်မေးခွန်းများဖြစ်ကြပြီး အရည်အသွေးစံပြု သုတေသနလည်း ဖြစ်ပါသည်။ ဥပမာ – ရုံးဝန်ထမ်းများက ဆောင်ရွက်ခဲ့သော ရုပ်ပိုင်းဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်သည့် ဦးတည်အုပ်စုဆွေးနွေးဝိုင်းတစ်ခုတွင် သုတေသီက 'အချိန်ပြည့်ရုံးဝန်ထမ်းများအတွက် ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှားမှုများထဲမှ မည်သည့်အမျိုးအစားသည် အလွယ်ကူဆုံးဖြစ်ပါသနည်း' ဟူ၍ မေးမြန်းနိုင်ပါသည်။

သို့သော် ဦးတည်အုပ်စုများတွင် ပါဝင်ဖြေကြားသူများကို တာဝန်တစ်ခုပေးခြင်း သို့မဟုတ် ပြဿနာတစ်ခုအား ဖြေရှင်းစေခြင်းတို့ပါဝင်သော လုပ်ငန်းများကိုလည်း အသုံးပြုနိုင်ပါသည်။ လုပ်ငန်းများ ဆောင်ရွက်စေခြင်းသည် ပါဝင်ဖြေကြားသူများအနေဖြင့် တိုက်ရိုက်ဆွေးနွေးရန် စိတ်လွတ်လပ်ပေါ့ပါးမှုမရှိသည့် ခက်ခဲသော ခေါင်းစဉ်များအတွက် အသုံးဝင်နိုင်ပါသည်။ ဥပမာ – သုတေသီက စက်ရုံအလုပ်သမားများအတွက် ကျန်းမာရေးပြဿနာများအကြောင်း သိရှိလိုပါက ပွင့်ပွင့်လင်းလင်း တိုက်ရိုက်မေးမြန်းလျှင် ရိုးသားစွာဖြေကြားမှုများ သို့မဟုတ် အသုံးဝင်နိုင်သည့် ဖြေကြားချက်များကို ရရှိလိမ့်မည် မဟုတ်ပေ။ ၎င်းအစား ပံ့ပိုးကူညီသူက ပါဝင်ဖြေကြားသူများကို အဖွဲ့ငယ်များခွဲ၍ ပြဿနာများကို ရေးချစေပြီး စာရင်းပြုစုခိုင်းနိုင်သည် သို့မဟုတ် **အမည်မဖော်ဘဲ** စာရွက်ပိုင်းပေါ်တွင် ရေးချကာ ပံ့ပိုးကူညီသူထံသို့ ပေးအပ်နိုင်ပါသည်။

ထို့အတူ တိကျသော အချက်အလက်များ ရရှိရန်အတွက်လည်း လုပ်ငန်းများကို အသုံးပြုနိုင်ပါသည်။ ဥပမာ – သုတေသီက အလုပ်သမားများ အနားယူနိုင်သည့် နေရာများကို မြေပုံရေးဆွဲခိုင်းနိုင်ပါသည်။

## လေ့ကျင့်ခန်း – လုပ်ငန်းများကို ရှင်းပြချက်များနှင့် တွဲစပ်ပါ

ဘုံတူညီသော ဦးတည်အုပ်စုလုပ်ငန်းများ (၁–၆) ကို ရှင်းပြချက် (က–စ) များနှင့် တွဲစပ်ပါ။

၁။ လွတ်လပ်စွာ နားထောင်ခြင်း
၂။ နှုန်းထားဖြင့် တိုင်းတာခြင်း
၃။ အဆင့်ခွဲသတ်မှတ်ခြင်း
၄။ ဆင်တူနည်းလမ်းများထဲမှ ရွေးချယ်ခြင်း
၅။ လူမှုအဖွဲ့အစည်းမြေပုံရေးဆွဲခြင်း
၆။ သရုပ်ဖော်တင်ဆက်ခြင်း

(က) ပါဝင်ဖြေကြားသူများတွင် ပစ္စည်းစာရင်းတစ်ခုရှိပြီး ၎င်းစာရင်းမှ ပစ္စည်းများကို ကောင်းသည့်ပစ္စည်းမှနေ၍ မကောင်းသောပစ္စည်းများအဖြစ် သတ်မှတ်ရွေးချယ်ရသည် (Likert ဖြင့် တိုင်းတာခြင်းနှင့် ဆင်တူသည်)။

(ခ) ပါဝင်ဖြေကြားသူများက သောက်သုံးရေ ရင်းမြစ်များကို ဖော်ပြထားသည့် ၎င်းတို့၏ လူမှုအဖွဲ့အစည်း မြေပုံတစ်ပုံကို ရေးဆွဲကြသည်။

(ဂ) နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော ပါဝင်ဖြေကြားသူများက အခြေအနေပြ ဖြစ်ရပ်တစ်ခုအတွင်း ရှိနေသည့်ပုံစံ ဟန်ဆောင်ပြီး ၎င်းတို့၏ ပြုမူတုံ့ပြန်ပုံကို အခြားလူများက စောင့်ကြည့်လေ့လာကြသည်။

(ဃ) ပါဝင်ဖြေကြားသူများက စာရင်းတစ်ခုကို အစဉ်လိုက်သတ်မှတ်သည် (ဥပမာ – အရေးပါဆုံးမှနေ၍ အရေးပါမှု အနည်းဆုံးသို့)။

(င) ပါဝင်ဖြေကြားသူများက ကိစ္စရပ်တစ်ခုနှင့် ပတ်သက်ပြီး စာရင်းတစ်ခု ရေးသားကြသည် (ဥပမာ – သင်တို့၏ လူမှုအဖွဲ့အစည်းအတွင်းရှိ ခေါင်းဆောင်များအားလုံးကို စာရင်းပြုစုပါ)။

(စ) ပါဝင်ဖြေကြားသူများကို ရွေးချယ်စရာများစွာပေးထားပြီး ၎င်းတို့ထဲမှ အခြေအနေတစ်ခုအတွက် အကောင်းဆုံး သို့မဟုတ် သင့်လျော်မှုအရှိဆုံးတစ်ခု (သို့မဟုတ် အနည်းငယ်) ကို ရွေးချယ်စေသည်။

## လုပ်ငန်းစဉ် – ဦးတည်အုပ်စုဆွေးနွေးဝိုင်းကို ပိုမိုကောင်းမွန်အောင် ကြိုးစားပါ

မေးခွန်းများကို (အောက်တွင်) ဖတ်ရှုပြီး –

၁။ အပိတ်မေးခွန်းတစ်ခု ရှာဖွေပြီး အဖွင့်မေးခွန်းတစ်ခုအဖြစ် ပြောင်းပါ။

၂။ အလွန်တိကျလွန်းသည့် မေးခွန်းတစ်ခု ရှာဖွေပြီး ခြုံငုံမေးခွန်းတစ်ခုအဖြစ် ပြောင်းပါ။

၃။ ရှင်းလင်းမှုမရှိသည့် မေးခွန်းတစ်ခု ရှာဖွေပြီး ရှင်းလင်းမှုရှိအောင် ပြောင်းပါ။

၄။ ဤဦးတည်အုပ်စုအတွက် အသုံးပြုနိုင်မည့် လုပ်ငန်းတစ်ခုခုကို စဉ်းစားကြည့်ပါ။

၅။ ဦးတည်အုပ်စုဆွေးနွေးဝိုင်း၏ အောက်ပါကဏ္ဍများအတွင်း မည်သည့်အကြောင်းအရာများကို ပါဝင်ဖြေကြားသူများအား ပြောကြားသွားမည်နည်း။ အောက်ပါအချက် တစ်ချက်ချင်းစီအတွက် ဇာတ်ညွှန်း (သို့) မှတ်စုများရေးပါ။

(က) မိတ်ဆက်

(ခ) သဘောတူညီချက်

(ဂ) အပိတ်

၆။ ၅–၁၀ ဦးပါသော အဖွဲ့ငယ်များဖြင့် ဦးတည်အုပ်စု ဆွေးနွေးမှုများကို လေ့ကျင့်ပါ။ အဖွဲ့ဝင်များက အောက်ပါ ဇာတ်ကောင်များအဖြစ် သရုပ်ဆောင်ပါ။

- ပံ့ပိုးကူညီသူ
- မှတ်စုရေးသားသူ
- ပါဝင်ဖြေကြားသူများ

<u>ငြိမ်းချမ်းရေးဆိုင်ရာ ဦးတည်အုပ်စု ဆွေးနွေးမှုအတွက် မေးခွန်းများ</u>

နောက်ခံအကြောင်းအရာ မေးခွန်းများ

(က) သင်တို့၏ လူမှုအဖွဲ့အစည်းရှိ လူများအကြားတွင် ပဋိပက္ခရှိပါသလား။

(ခ) ပြဿနာတစ်ခုနှင့် ပဋိပက္ခတစ်ခုတို့အကြား ခြားနားချက်မှာ အဘယ်နည်း။

ပဋိပက္ခ

(ဂ) သင်နှင့် ဆက်ဆံရေးကောင်းမွန်သည့် လူ ၃ ဦးအကြောင်း စဉ်းစားကြည့်ပါ။ မည်သည့် လုပ်ဆောင်ချက်များက ၎င်းဆက်ဆံရေးများကို ထိခိုက်ပျက်စီးစေနိုင်ပါသနည်း။

(ဃ) ရန်ကုန်မြို့နှင့် မန္တလေးမြို့၏ ပဋိပက္ခများကို ဖြစ်ပွားစေရသည့် အကြောင်းရင်းများ၏ ခြားနားချက်များမှာ အဘယ်နည်း။

ငြိမ်းချမ်းရေး

(င) သင်နှင့် ဆက်ဆံရေးကောင်းမွန်မှုမရှိသည့် လူ ၃ ဦးအကြောင်း စဉ်းစားကြည့်ပါ။ မည်သည့် လုပ်ဆောင်ချက်များက ၎င်းဆက်ဆံရေးများကို တိုးတက်ကောင်းမွန်လာစေနိုင်ပါသနည်း။

(စ) ငြိမ်းချမ်းရေးတည်ဆောက်ခြင်း လုပ်ငန်းများတွင် မည်သည့်နည်းလမ်းများဖြင့် ကူညီဖူးပါသနည်း သို့မဟုတ် ပါဝင်ခဲ့ဖူးပါသနည်း။

(ဆ) သင်၏ လူမှုအဖွဲ့အစည်းတွင် ငြိမ်းချမ်းရေး ဖန်တီးရန်အတွက် စိန်ခေါ်မှုများ ရှိပါသလား။

(ဇ) သင်၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ဘဝရှင်သန်မှုအတွက် ငြိမ်းချမ်းရေးသည် မည်မျှအရေးပါသနည်း။

## ဖြစ်ရပ်လေ့လာချက် – ဖြစ်ရပ်လေ့လာချက်အား စိစစ်လေ့လာပါ

ဖြစ်ရပ်လေ့လာချက်အား ဖတ်ရှု၍ မေးခွန်းများကို ဖြေဆိုပါ။

၁။ သုတေသနခေါင်းစဉ်မှာ အဘယ်နည်း။

၂။ သုတေသနတွင် အသုံးပြုခဲ့သော လူဦးရေနှင့် နမူနာကောက်ယူခြင်း နည်းလမ်းကို ရှင်းပြပါ။

၃။ သုတေသီက ဦးတည်အုပ်စုဆွေးနွေးဝိုင်းအတွင်း မေးမြန်းခဲ့သော မေးခွန်းများကို တိုးတက်ကောင်းမွန်စေရန် မည်သို့ ဆောင်ရွက်ခဲ့သနည်း။

၄။ အောက်ပါနည်းလမ်းများသည် အဆိုပါ သုတေသနအတွက် အဘယ်ကြောင့် သင့်လျော်မှုမရှိကြောင်း ရှင်းပြပါ။

(က) အိမ်ထောင်စုအတွင်း နေထိုင်သော လူငယ်များနှင့် အဆိုပါအိမ်ထောင်စုအတွင်း လူတွေ့မေးမြန်းခြင်း။

(ခ) ပြင်ဆင်ဖွဲ့စည်းထားသည့် စစ်တမ်းမေးခွန်းလွှာများ။

### ရန်ကုန်မြို့ရှိ လူငယ်များ၏ အလုပ်အကိုင် - **Myanmar Association of Public Policy**

၂၀၁၄ ခုနှစ်တွင် the Myanmar Association of Public Policy (MAPP) အဖွဲ့သည် ရန်ကုန်မြို့ရှိ လူငယ်များနှင့် အလုပ်အကိုင် အကြောင်းကို သုတေသနပြုစုခဲ့ကြသည်။ ၎င်းအဖွဲ့က ရန်ကုန်မြို့ရှိ လူငယ်များ၏ အလုပ်အကိုင်ဈေးကွက်ဆိုင်ရာ အသိအမြင်နှင့် အလုပ်ရှာဖွေရာတွင် ကြုံတွေ့ရသည့် အကြီးမားဆုံး စိန်ခေါ်မှုများကို သိရှိချင်ခဲ့ကြသည်။

သုတေသီများက ရန်ကုန်မြို့တွင်း သို့မဟုတ် ရန်ကုန်မြို့အနီးအနားတွင် နေထိုင်သည့် လူငယ်များစွာနှင့် ဦးတည်အုပ်စုဆွေးနွေးဝိုင်း ၁၉ ခု ပြုလုပ်ခဲ့သည်။ ဦးတည်အုပ်စုတစ်စုစီတွင် ပါဝင်ဖြေကြားသူ ၃ ဦးမှ ၅ ဦးအကြား ပါဝင်ခဲ့ကြပြီး ဆွေးနွေးမှုသည် ပုံမှန်အားဖြင့် တစ်နာရီခန့် ကြာမြင့်ခဲ့ပါသည်။

သုတေသီများက အောက်ပါလိုအပ်ချက်များကြောင့် ဦးတည်အုပ်စု ဆွေးနွေးဝိုင်းများ လုပ်ဆောင်ရန် ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

- လူငယ်များကို သိသိပ်မှုရှိပြီး စိတ်လက်ပေါ့ပါးစွာ ပြောကြားခွင့်ပေးရန် လိုအပ်ခြင်း။
- အချက်အလက်များစွာကို လျင်မြန်စွာရရှိရန် လိုအပ်ခြင်း။
- ၎င်းတို့၏ ကိုယ်ပိုင်အမြင်နှင့် အတွေ့အကြုံများကို ဆွေးနွေးကြစေရန် လိုအပ်ခြင်း။
- ၎င်းတို့၏ လူမှုအဖွဲ့အစည်းတွင် လူငယ်များအတွက် ဘုံတူညီချက်များကို ရှာဖွေသိရှိရန် လိုအပ်ခြင်း။

သုတေသီများက သုတေသနလက်ထောက်များ ပါဝင်သော ဦးတည်အုပ်စုဖြင့် မေးခွန်းများကို စမ်းသပ်ခဲ့သည်။ ထို့နောက် အကြံပြုချက်များ ရရှိခဲ့ပြီး အချို့သော မေးခွန်းများကို ပြုပြင်ပြောင်းလဲခဲ့သည်။

သုတေသနလက်ထောက်များက ပစ်မှတ်ထားသည့်အုပ်စုတွင် ပါဝင်သူများဖြစ်ပြီး ခေါင်းစဉ်နှင့်လည်း ကျွမ်းဝင်မှုရှိသူများကို ရွေးချယ်ခဲ့သည်။ လက်ထောက်များက ၎င်းတို့နှင့် ဆုံတွေ့သည့် လူငယ်များကို အခြားလူငယ်များနှင့် မိတ်ဆက်ပေးရန် တောင်းဆိုခဲ့သည်။

သုတေသီများက အောက်ပါအချက်များကို ရှာဖွေသိရှိခဲ့သည်။

- လူမှုကွန်ရက်နှင့် အလုပ်အကိုင် မဂ္ဂဇင်းတို့သည် လူငယ်များနှင့် အလုပ်ရှင်တို့ နှစ်ဖက်စလုံးက အလုပ်ရှာဖွေရာတွင် ဘုံတူညီမှုအရှိဆုံး ဖြစ်ကြသည်။
- ပညာတတ်သော်လည်း အတွေ့အကြုံမရှိသေးသည့် လူငယ်များတွင် များစွာသော အလုပ်များအတွက် လိုအပ်သည့် ကျွမ်းကျင်မှုများ မရှိကြချေ။
- ကျွမ်းကျင်မှုမရှိသည့်အပြင် အလုပ်ရှာဖွေရာတွင် အဓိကကြုံတွေ့ရသည့် စိန်ခေါ်မှုများမှာ လုပ်ငန်းအတွေ့အကြုံမရှိခြင်း၊ လုပ်ခလစာ နည်းပါးခြင်းနှင့် သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များပြားခြင်းတို့ပဲ ဖြစ်ပါသည်။

http://sandhigovernanceinstitute.org/files/uploads/docx/Youth%20Employment%20in%20Yangon%2C%20Myanmar%20%28Final%20Report%29%20NYU%20.docx

## သင်တို့၏ သုတေသနစီမံကိန်း – ဦးတည်အုပ်စုများ

သုတေသနမေးခွန်းတစ်ခုကို စဉ်းစားပါ။ အဆိုပါမေးခွန်းသည် ရှေ့သင်ခန်းစာတွင် အသုံးပြုခဲ့သော ခေါင်းစဉ်လည်း ဖြစ်နိုင်သကဲ့သို့ စိတ်ဝင်စားသည့် အခြားအကြောင်းအရာ ခေါင်းစဉ်တစ်ခုလည်း ဖြစ်နိုင်သည်။

၁။ ဦးတည်အုပ်စုဆွေးနွေးဝိုင်းတစ်ခုသည် သင်တို့၏ သုတေသနမေးခွန်းအား ဖြေဆိုရန် သင့်လျော်သော နည်းလမ်းတစ်ခု ဖြစ်ပါသလား။

၂။ နှစ်ယောက်တစ်တွဲစီဖြင့် ဦးတည်အုပ်စုတစ်စုသည် သင်တို့၏ စီမံကိန်းနှင့် မည်သို့ ဆက်နွှယ်မှုရှိနိုင်ကြောင်း ဆွေးနွေးပါ။

## ဆွေးနွေးချက်

၁။ ဦးတည်အုပ်စု ဆွေးနွေးဝိုင်းများ၏ အလွယ်ကူဆုံး အစိတ်အပိုင်းမှာ အဘယ်နည်း။

၂။ ဦးတည်အုပ်စု ဆွေးနွေးဝိုင်းများ၏ အခက်ခဲဆုံး အစိတ်အပိုင်းမှာ အဘယ်နည်း။

# အခန်း ၇ -
# စောင့်ကြည့်လေ့လာခြင်း



## သင်ယူလေ့လာရေး ရည်မှန်းချက်များ

### ဗဟုသုတ

ဤအခန်းတွင် အောက်ပါအချက်များနှင့် ပတ်သက်သော သင်တို့၏ ဗဟုသုတများ တိုးပွားလာပါလိမ့်မည်။

- စောင့်ကြည့်လေ့လာခြင်းများ။
- ပါဝင်ဖြေကြားသူများကို စောင့်ကြည့်လေ့လာခြင်း။
- ကွင်းဆင်းမှတ်စုများ။

### ကျွမ်းကျင်မှုများ

ဤအခန်းတွင် အောက်ပါအချက်များနှင့် ပတ်သက်သော သင်တို့၏ စွမ်းရည်များကို လေ့ကျင့်သွားရပါလိမ့်မည်။

- စောင့်ကြည့်လေ့လာခြင်းကို ရှင်းပြရန်။
- ပြင်ဆင်ဖွဲ့စည်းထားသော၊ ပြင်ဆင်ဖွဲ့စည်းထားမှုမရှိသော စောင့်ကြည့်လေ့လာခြင်းနှင့် ကိုယ်တိုင်ပါဝင်ဆောင်ရွက်သော စောင့်ကြည့်လေ့လာခြင်းတို့ကို ခွဲခြားဖော်ထုတ်ရန်။
- စောင့်ကြည့်လေ့လာခြင်းမှတ်စုများ ရေးသားရန်။
- ဘေးပတ်ဝန်းကျင်ကို စောင့်ကြည့်လေ့လာရန်။

# ၇.၁ - စောင့်ကြည့်လေ့လာခြင်း

## အကြိုလေ့လာချက်

၁။ အောက်ပါဓာတ်ပုံအား တစ်မိနစ်ခန့်ကြည့်ပါ။ ၎င်းဓာတ်ပုံနှင့် ပတ်သက်ပြီး စဉ်းစားမိသမျှ ရေးချပါ။

၂။ တစ်မိနစ်ပြည့်သည့်အခါတွင် စာအုပ်အား ပိတ်၍ မိမိ၏ စောင့်ကြည့်လေ့လာမှုကို အဖော်တစ်ယောက်နှင့် နှိုင်းယှဉ်ပါ။ တူညီသည့်အချက်များမှာ အဘယ်နည်း။ ကွဲပြားခြားနားချက်များမှာ အဘယ်နည်း။

၃။ အဆိုပါ ဓာတ်ပုံပေါ်အခြေခံပြီး သုတေသနမေးခွန်းတစ်ခု ရေးချပါ။



သုတေသီများက လူများ၏ အပြုအမူဆိုင်ရာ ဒေတာများကို ကောက်ယူရန်အတွက် စောင့်ကြည့်လေ့လာခြင်းကို အသုံးပြုကြသည်။ လူများ၏ အပြုအမူသည် စစ်တမ်းလွှာ၊ လူတွေ့မေးမြန်းခြင်း သို့မဟုတ် ဦးတည်အုပ်စု ဆွေးနွေးမှုများထဲတွင် ဖော်ပြထားသည့်အတိုင်းမဟုတ်ဘဲ ကွဲပြားခြားနားနေသည်ကို မကြာခဏတွေ့ရှိရသည်။ ဥပမာ – တစ်စုံတစ်ယောက်က လက်ရှိဖြစ်ပွားနေသော အကြောင်းအရာများကို သတင်းစာထဲမှနေ၍ ဖတ်ရှုရမိသည်ဟု ပြောကြားနိုင်သော်လည်း စောင့်ကြည့်လေ့လာထားသည့် အပြုအမူအရ လူမှုမီဒီယာသတင်းများထဲမှ ပိုမိုဖတ်ရှုသိရှိရကြောင်း ဖော်ပြနေနိုင်သည်။ စောင့်ကြည့်လေ့လာခြင်းကို သုတေသီ၏ သုတေသနမေးခွန်းတစ်ခု လမ်းညွှန်ပေးပါသည်။

လူမှုသုတေသနတွင် စောင့်ကြည့်လေ့လာခြင်းကို လမ်းမပေါ်၊ အိမ်ထောင်စုတစ်စုအတွင်း သို့မဟုတ် စာကြည့်တိုက်တစ်ခုအတွင်း စသည့် နိစ္စဓူဝ သာမန်အခြေအနေများတွင် ပုံမှန်လုပ်ဆောင်လေ့ရှိကြပါသည်။ ဥပမာ – မတူညီသည့် မိသားစုများက ကြည့်ရှုလေ့ရှိသော TV ဇာတ်လမ်းတွဲများအကြောင်း သိရှိလိုပါက သုတေသီတစ်ဦးအနေဖြင့် မိသားစုအိမ်များတွင် စောင့်ကြည့်လေ့လာမှု ပြုလုပ်နိုင်ပါသည်။

သုတေသီများက စောင့်ကြည့်လေ့လာမှုကာလအတွင်း သို့မဟုတ် ပြီးဆုံးသွားပြီးနောက်တွင် ၎င်းတို့ မြင်တွေ့သည့်အရာများနှင့် ပတ်သက်ပြီး ဘက်လိုက်မှုကင်းပြီး မျှတသော မှတ်စုများကို ဂရုတစိုက် ရေးသားရသည်။

**လေ့ကျင့်ခန်း** – အောက်ပါတို့ကို မှန်/မှား ဖြေဆိုပါ။ (မှားလျှင် အဘယ်ကြောင့် မှားယွင်းကြောင်း ရှင်းပြပါ)

၁။ စောင့်ကြည့်လေ့လာခြင်းသည် လူသားတို့၏ အတွေးများထက် ၎င်းတို့၏ အပြုအမူ/လှုပ်ရှားမှုအပေါ် အဓိကထားသည်။

၂။ စောင့်ကြည့်လေ့လာခြင်းဆိုသည်မှာ မိသားစုအိမ်များထံသို့ သွားရောက်လည်ပတ်ခြင်းဖြစ်သည်။

၃။ စောင့်ကြည့်လေ့လာခြင်းများသည် ဒေတာကောက်ယူခြင်းနည်းလမ်းများနှင့် မတူခြားနားသော သတင်းအချက်အလက်များကို ရရှိစေနိုင်ပါသည်။

၄။ စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ မှတ်စုများကို သုတေသီက ၎င်းမြင်တွေ့ခဲ့သည့်အရာများအကြောင်းအား စဉ်းစားပြီးမှသာလျှင် ရေးချရမည်။

## လုပ်ငန်းစဉ် – စောင့်ကြည့်လေ့လာခြင်းများ

နှစ်ယောက်တစ်တွဲစီဖြင့် အခြေအနေပြဖြစ်ရပ်များကို ဖတ်ရှုပြီး ဖြစ်ရပ်တစ်ခုချင်းစီအတွက် အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ သုတေသီသည် မည်သည့်အရာကို စောင့်ကြည့်လေ့လာနေပါသနည်း။
၂။ မည်သည့် သုတေသနမေးခွန်းသည် စောင့်ကြည့်လေ့လာခြင်းကို လမ်းညွှန်ပေးနိုင်ပါသနည်း။
၃။ သုတေသီသည် စောင့်ကြည့်လေ့လာခြင်းကာလအတွင်း သို့မဟုတ် စောင့်ကြည့်လေ့လာခြင်း ပြီးဆုံးသွားသည့်အခါတွင် မှတ်စုရေးသားသင့်သည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။
၄။ စောင့်ကြည့်လေ့လာခြင်း ကာလအတွင်း မည်သို့သော ဖြစ်နိုင်ခြေရှိသည့် အခက်အခဲများ သို့မဟုတ် ပြဿနာများကို ရင်ဆိုင်ရနိုင်ပါသနည်း။ ၎င်းပြဿနာများကို သုတေသီများက မည်သို့ ဖြေရှင်းကျော်လွှားနိုင်မည်နည်း။

### အခြေအနေပြဖြစ်ရပ် ၁

သုတေသီတစ်ဦးက ရန်ကုန်မြို့ရှိ ရပ်ကွက်ဈေးများတွင် လူကြီးများ၏ ဈေးဝယ်ယူမှုပုံစံကိုသိရှိလိုသည်။ သုတေသီက ဈေးသို့သွားပြီး လူကြီးများဝယ်ယူသည့် ကုန်ပစ္စည်းများကို စောင့်ကြည့်လေ့လာသည်။

### အခြေအနေပြဖြစ်ရပ် ၂

သုတေသီတစ်ဦးသည် ရှမ်းပြည်နယ်ရှိ ပြည်တွင်းရွှေ့ပြောင်းနေထိုင်နေရသူများ စခန်းတစ်ခုအတွင်းရှိ သောက်သုံးရေကိစ္စများကို သိရှိလိုသည်။

သုတေသီက စခန်းတစ်ဝိုက် လမ်းလျှောက်ထွက်ပြီး စခန်းအတွင်းမှ လူများကို သောက်သုံးရေကိစ္စနှင့် ပတ်သက်ပြီး မေးမြန်းကြည့်သည်။ သုတေသီက သောက်သုံးရေ ရင်းမြစ်နေရာများကို စောင့်ကြည့် လေ့လာပြီး ၎င်းတို့အား လူများအသုံးပြုပုံကို စောင့်ကြည့်ပါသည်။

## လုပ်ငန်းစဉ် – လုပ်ငန်းတစ်ခုအား စောင့်ကြည့်လေ့လာခြင်း

၁။ အဖွဲ့နှစ်ဖွဲ့ခွဲ၍ အောက်ပါလေးထောင့်ကွက်အတွင်း ဖော်ပြထားသော လမ်းညွှန်ချက်များကို လိုက်နာ၍ ဆောင်ရွက်ရမည်။

**အဖွဲ့ ၁**

စကားပြောဆိုခြင်းမပြုဘဲ အောက်ပါအချက်များအတိုင်း တန်းစီရပ်ရမည်။

- အရပ်အရှည်ဆုံးမှနေ၍ အနိမ့်ဆုံး။
- အသက်အငယ်ဆုံးမှနေ၍ အကြီးဆုံး၊ ထို့နောက်
- အနှစ်သက်ဆုံး ဘာသာရပ်တူညီမှုအရ အဖွဲ့များ ဖွဲ့ရမည်။

**အဖွဲ့ ၂**

စောင့်ကြည့်လေ့လာပြီး အောက်ပါအချက်များနှင့် ပတ်သက်ပြီး မှတ်စုများ ရေးသားပါ။

- မည်သည့် **ကိုယ်အမူအရာများ**ကို အသုံးပြုကြသနည်း။
- လုပ်ဆောင်ရမည့်အရာကို လက်တွေ့ဆောင်ရွက်ရန် အတွက် အချိန်မည်မျှ ကြာမြင့်သနည်း။
- အဖွဲ့အား တစ်စုံတစ်ယောက်က ဦးဆောင်ခဲ့ပါသလား။

၂။ စောင့်ကြည့်လေ့လာခြင်း ကာလအတွင်း မည်သို့သော ဖြစ်နိုင်ခြေရှိသည့် အခက်အခဲများ သို့မဟုတ် ပြဿနာများကို ရင်ဆိုင်ရနိုင်ပါသနည်း။ ၎င်းပြဿနာများကို သုတေသီများက မည်သို့ ဖြေရှင်းကျော်လွှားနိုင်မည်နည်း။

# ကိုယ်တိုင်ပါဝင်လုပ်ဆောင်သည့် စောင့်ကြည့်လေ့လာခြင်း

ကိုယ်တိုင်ပါဝင်လုပ်ဆောင်သည့် စောင့်ကြည့်လေ့လာခြင်းဆိုသည်မှာ သုတေသီတစ်ဦးက ၎င်းစောင့်ကြည့်လေ့လာနေသည့် လုပ်ငန်းတစ်ခုတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်သည့် အခြေအနေဖြစ်သည်။ တစ်ခါတစ်ရံတွင် တိကျသော သတင်းအချက်အလက်များ ရရှိရန်အတွက် လုပ်ငန်းများတွင် သုတေသီက ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရသည်။ ဥပမာ – စားသောက်ဆိုင်တစ်ဆိုင်ရှိ ဝန်ထမ်းများအကြောင်း လေ့လာလိုပါက ၎င်းတို့၏ အတွေ့အကြုံများအကြောင်း ပိုမိုသိရှိလိုပါက အဆိုပါစားသောက်ဆိုင်တွင် ၎င်းတို့နှင့်အတူ ဝင်ရောက်လုပ်ကိုင်ရနိုင်ပါသည်။ ကိုယ်တိုင်ပါဝင်လုပ်ဆောင်သည့် စောင့်ကြည့်လေ့လာခြင်း၏ အခြားဥပမာတစ်ခုမှာ သုတေသီက ၎င်းစောင့်ကြည့်လေ့လာနေသည့် ဘောလုံးအသင်းပြိုင်ပွဲတွင် ဝင်ရောက်ကစားခြင်းဖြစ်နိုင်ပါသည်။

ထိလွယ်ရှလွယ် ခေါင်းစဉ်တစ်ခုခုအား သုတေသနပြုစုနေသည့်အခါမျိုးတွင် အခြေအနေတစ်ရပ်အား နားလည်သဘောပေါက်ရန်နှင့် ယုံကြည်မှုတည်ဆောက်ရန်အတွက် ကိုယ်တိုင်ပါဝင်လုပ်ဆောင်သည့် စောင့်ကြည့်လေ့လာခြင်းသည် ရက်သတ္တပတ်များ၊ တစ်လ သို့မဟုတ် နှစ်ကာလအတိုင်းအတာအထိ ကြာမြင့်နိုင်သည်။ ကိုယ်တိုင်ပါဝင်သူတစ်ဦးအနေဖြင့် သင့်အနီးအနားရှိ လူများနှင့် စကားပြောဆိုနိုင်ပြီး ယုံကြည်မှုတည်ဆောက်နိုင်သည်။ ရေရှည်ဆောင်ရွက်ရမည့် ကိုယ်တိုင်ပါဝင်လုပ်ဆောင်သည့် စောင့်ကြည့်လေ့လာခြင်း ဥပမာတစ်ခုမှာ သုတေသီတစ်ဦးသည် ကျေးလက်ဒေသရှိ ကိုယ်ဝန်ဆောင်မိခင်များ ရင်ဆိုင်ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို နားလည်ရန် အဆိုပါလူမှုအဖွဲ့အစည်းတွင် နေထိုင်နေသည်။ သုတေသီတစ်ဦးအနေဖြင့် ထူးခြားသည့် အကြောင်းအရာတစ်ခုခုကို စောင့်ကြည့်လေ့လာရန်နှင့် မိခင်များအနေဖြင့် ဤကိစ္စရပ်များကို ဖွင့်ဟပြောဆိုရာတွင် စိတ်လက်ပေါ့ပါးမှု ရှိလာစေရန်အတွက် အချိန်ကာလအတော်ကြာမြင့်နိုင်ပါသည်။

**လေ့ကျင့်ခန်း – ကိုယ်တိုင်ပါဝင်လုပ်ဆောင်သည့် စောင့်ကြည့်လေ့လာခြင်းများ**

အောက်ပါအခြေအနေပြဖြစ်ရပ်များသည် ကိုယ်တိုင်ပါဝင်လုပ်ဆောင်သည့် စောင့်ကြည့်လေ့လာခြင်းများ၏ ဥပမာများ ဟုတ်ပါသလား သို့မဟုတ် မဟုတ်ပါသလား။

၁။ သုတေသီတစ်ဦးသည် မြို့တော်အတွင်း လူမှုအဖွဲ့အစည်းများ ချိတ်ဆက်ဆောင်ရွက်မှုကို စောင့်ကြည့်သည့် စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့တစ်ဖွဲ့နှင့်အတူ လမ်းပေါ်ရှိ အမှိုက်များကို လိုက်လံကောက်ယူနေပါသည်။

၂။ သုတေသီ ၃ ဦးသည် မတူကွဲပြားသည့် ဘာသာစကား သင်ကြားရေးနည်းလမ်းများကို လေ့လာသည့် စီမံကိန်းတစ်ခု၏ အစိတ်အပိုင်းအဖြစ် ဂျပန်၊ တရုတ်နှင့် အင်္ဂလိပ် ဘာသာစကားသင်တန်းများကို တက်ရောက်နေသည်။

၃။ တေးဂီတအဖွဲ့တစ်ဖွဲ့သည် ဖျော်ဖြေပွဲကြီးတစ်ခုအတွက် လေ့ကျင့်နေသည်ကို သုတေသီတစ်ဦးက သွားရောက်စောင့်ကြည့်လေ့လာခဲ့သည်။ ၎င်းလေ့လာမှုသည် တေးဂီတလုပ်ငန်းအတွင်း ခေါင်းဆောင်မှုပုံစံဆိုင်ရာ စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

## ဆွေးနွေးချက်

၁။ ရေရှည်စောင့်ကြည့်လေ့လာခြင်း လိုအပ်သည့် သုတေသန အခြေအနေတစ်ရပ်ကိုဖော်ပြပါ။

၂။ စောင့်ကြည့်လေ့လာခြင်းအတွက် မည်သည့်ခေါင်းစဉ်တစ်ခုသည် အကောင်းဆုံးဖြစ်မည်ဟု ထင်ပါသနည်း။

၃။ စောင့်ကြည့်လေ့လာခြင်းအတွက် မည်သည့်ခေါင်းစဉ်တစ်ခုသည် အဆိုးရွားဆုံးဖြစ်မည်ဟု ထင်ပါသနည်း။

# ၇.၂ - ကွင်းဆင်းမှတ်စုတိုများ

## အကြိုလေ့လာချက်

၁။ အရေးပါသော ပြည်သူလူထုအခမ်းအနားပွဲတော်တစ်ခုကို ကြည့်ရှုဖူးပါသလား။ ၎င်းနှင့် ပတ်သက်ပြီး မည်သည့်အရာများကို မှတ်မိပါသနည်း။

၂။ လူမှုရေးဆိုင်ရာ အခြေအနေတစ်ရပ်မှ တစ်စုံတစ်ရာကို မှတ်မိလိုလျှင် (ဥပမာ – တစ်စုံတစ်ယောက်၏အမည်) ထိုသို့ မှတ်မိစေရန်အတွက် မည်သည့်နည်းလမ်းကို အသုံးပြုပါသနည်း။

## ကွင်းဆင်းမှတ်စုတိုများ




ကွင်းဆင်းမှတ်စုတိုများဆိုသည်မှာ သုတေသီတစ်ဦးက ၎င်း၏ သုတေသနအတွက် ရေးမှတ်ထားသော မှတ်စုတိုများဖြစ်သည်။ ၎င်းမှတ်စုတိုများကို စောင့်ကြည့်လေ့လာခြင်း ကာလအတွင်းနှင့် ပြီးဆုံးသွားသည့်နောက်တွင် ရေးမှတ်ရပါသည်။ ၎င်းတို့ကို မှတ်စုစာအုပ်တစ်အုပ်တွင် ရေးမှတ်နိုင်သည် သို့မဟုတ် အသံသွင်းစက်ဖြင့် ကူးယူထားပြီး မှတ်စုစာအုပ်ထဲသို့ ကူးရေးနိုင်သည် သို့မဟုတ် ကွန်ပျူတာထဲတွင် ရေးသားမှတ်တမ်းတင်နိုင်ပါသည်။

စောင့်ကြည့်လေ့လာသူများက ၎င်းတို့စောင့်ကြည့်နေသည့်အကြောင်းအရာနှင့် ပတ်သက်ပြီး လစ်ဟာမှုမရှိစေရန် သို့မဟုတ် မေ့ပျောက်မသွားစေရန်အတွက် မှတ်စုများကို မကြာခဏ ရေးသားကြပါသည်။ ထို့အတူ ကွင်းဆင်းမှတ်စုတိုများနှင့်အတူ ဓာတ်ပုံများကိုလည်း ထည့်သွင်းမှတ်တမ်းတင်နိုင်သည်။ စောင့်ကြည့်လေ့လာသူများက ၎င်းတို့၏ သုတေသန မေးခွန်းများနှင့် ဆက်စပ်မှုရှိသည့် ၎င်းတို့၏ စောင့်ကြည့်လေ့လာမှုဆိုင်ရာ အကြံဉာဏ်များ၊ မေးခွန်းများနှင့် အခြားအတွေးများကိုလည်း ရေးချနိုင်ပါသည်။ မှတ်စုများတွင် မတူညီသည့် အမျိုးအစားများ ပါဝင်နိုင်ပါသည်။

ကွင်းဆင်းမှတ်စုတို အမျိုးအစားများ

- စိတ်တွင်းမှတ်စုတို – မှတ်သားထားရန် ကိုယ့်ကိုယ်ကိုယ် ပြန်လည်သတိပေးသည့် အချက်အလက်များ။ ၎င်းမှတ်စုများသည် စာဖြင့် ရေးသားရန် သင့်လျော်မှုမရှိသည့်အခါမျိုးတွင် အသုံးဝင်နိုင်ပါသည်။
- လက်ရေးတို မှတ်စုများ – အကြောင်းအရာများကို နောက်ပိုင်းတွင် မှတ်သားမိစေရန်အတွက် ရေးသားထားသည့် အတိုချုပ်မှတ်စုများ။
- ပြည့်စုံသော ကွင်းဆင်းမှတ်စုတိုများ – စောင့်ကြည့်လေ့လာခြင်း ပြီးဆုံးသွားသည့်အခါတွင် ချက်ချင်းရေးသားထားသော အသေးစိတ်မှတ်စုများ။

ကွင်းဆင်းမှတ်စုတိုများ ရေးမှတ်ခြင်းအတွက် ယေဘုယျစည်းမျဉ်းအချို့မှာ –


- သုတေသနမေးခွန်းနှင့် ဆက်နွယ်သည့်အရာတစ်ခုခုကို မြင်တွေ့ပြီး သို့မဟုတ် ကြားသိပြီးနောက် အတိုချုပ်မှတ်စုအဖြစ် ချက်ချင်းရေးချပါ။
- တစ်နေ့တာအဆုံးတွင် နေ့စွဲ၊ နေရာ၊ ပါဝင်သူများ၊ တစ်စုံတစ်ရာကို မည်သည့်အရာများက ဖြစ်ပျက်စေခဲ့သနည်း အစရှိသဖြင့် ကွင်းဆင်းမှတ်စုများကို ပြည့်စုံစွာရေးချပါ။
- အချို့လူများအနေဖြင့် ကနဦး မှတ်စုတိုများကို မှတ်သားရန်အတွက် ဒီဂျစ်တယ်လ်အသံသွင်းစက်များကို အသုံးပြုရန် ပိုပြီးကြိုက်နှစ်သက်ကြသည်။ သို့သော် ပြောဆိုဆွေးနွေးချက်များစွာကို ပြန်လည်ကူးယူရေးချရန် လိုအပ်သည့်အခါတွင် ပြဿနာဖြစ်စေနိုင်ပါသည်။
- မှတ်စုများသည် ရှင်းလင်းမှုရှိပြီး နားလည်ရန် လွယ်ကူမှုရှိသင့်ပါသည်။ – နောက်ပိုင်းတွင် 'ဒါ ဘာကို ဆိုလိုခဲ့တာလဲ' စသဖြင့် ကိုယ့်ကိုယ်ကိုယ် ပြန်လည်မေးမြန်းမှု မရှိစေရန်။
- မှတ်စုများစွာ ရေးသားရန်လိုအပ်သည့်အတွက် တစ်ခုခုကို သံသယဝင်မိပါက ရေးချထားပါ။

## လုပ်ငန်းစဉ် – စောင့်ကြည့်လေ့လာခြင်းများအတွက် အကြံပြုချက်များ


စောင့်ကြည့်လေ့လာခြင်း ဆောင်ရွက်ရန်အတွက် အကြံပြုချက်အချို့ကို အောက်တွင်ဖော်ပြထားပါသည်။

၁။ အောက်တွင်ပေးထားသော အကြံပြုချက်များကို ဇယားထဲရှိ အမျိုးအစားအောက်တွင် ခွဲခြားရေးချပါ။ အချို့သော အကြံပြုချက်များသည် အမျိုးအစားတစ်ခုထက်ပိုပြီး ဆက်နွှယ်မှုရှိနိုင်ပါသည်။

၂။ အဖွဲ့များဖွဲ့၍ စာရင်းတစ်ခုစီထဲတွင် အခြားသော အကြံပြုချက်များကို ထပ်မံရေးထည့်ပါ။




(က) အခြေအနေနှင့် သင့်လျော်စွာ ဝတ်စားဆင်ယင်ပါ။




(ခ) စောစီးစွာ ရောက်နှင့်ပြီး နေရာဒေသနှင့် ဆက်စပ်အကြောင်းအရာများဖြင့် ရင်းနှီးမှုရှိအောင် ကြိုးစားပါ။




(ဂ) သင်၏ မှတ်စုများကို ပြန်လည်စိစစ်ပြီး မှတ်သားမိသည့် အခြားသော အသေးစိတ် အချက်အလက်များကို ထည့်သွင်းရေးထည့်ပါ။



(ဃ) သင့်လျော်ပါက စောင့်ကြည့်စဉ်အတွင်း သို့မဟုတ် စောင့်ကြည့်လေ့လာမှု ပြီးပြီးချင်းတွင် မှတ်စုများ ချမှတ်ရေးသားပါ။




(င) သင်၏ စောင့်ကြည့်လေ့လာမှုများအပေါ်တွင် ပြန်လည်သုံးသပ်ပါ။




(စ) အချိန်၊ နေ့စွဲနှင့် နေရာတို့ကို မှတ်သားပါ။




(ဆ) တစ်စုံတစ်ရာကို နားမလည်ပါက နောက်ပိုင်း လုပ်ဆောင်သည့် လူတွေ့မေးမြန်းမှုတွင် ၎င်းအကြောင်းအရာကို ထည့်သွင်းမေးမြန်းပါ။




(ဇ) မြေပုံတစ်ပုံရေးဆွဲပါ၊ ဓာတ်ပုံရိုက်ပါ၊ နှင့်/(သို့) ဘေးပတ်ဝန်းကျင် အနေအထားကို ရှင်းလင်းဖော်ပြပါ။



(ဈ) အသံသွင်းထားသည့် မှတ်စုများကို ကူးယူရေးချပါ။

| စောင့်ကြည့်လေ့လာခြင်း မပြုလုပ်မီ | စောင့်ကြည့်လေ့လာခြင်း ကာလအတွင်း | စောင့်ကြည့်လေ့လာခြင်း ပြီးဆုံးပြီးနောက် |
|---|---|---|
| (က) | | |

## လုပ်ငန်းစဉ် – ဘေးပတ်ဝန်းကျင်ကို စောင့်ကြည့်လေ့လာပါ

တစ်ဦးချင်းဖြစ်စေ သို့မဟုတ် နှစ်ယောက်တစ်တွဲစီဖြစ်စေ သို့မဟုတ် အဖွဲ့ငယ်များဖွဲ့၍ဖြစ်စေ သင်တို့၏ ဘေးပတ်ဝန်းကျင်ကို စောင့်ကြည့်လေ့လာပါ။

၁။ စောင့်ကြည့်လေ့လာမည့် ခေါင်းစဉ်နှင့် စောင့်ကြည့်လေ့လာသွားမည့် နည်းလမ်းများကို ရွေးချယ်ပါ။
- မည်သည့်အရာများကို စောင့်ကြည့်လေ့လာသွားမည်နည်း။
- ၎င်းစောင့်ကြည့်လေ့လာမှုသည် ကိုယ်တိုင်ပါဝင်လုပ်ဆောင်သည့် နည်းလမ်းဟုတ်ပါသလား သို့မဟုတ် မဟုတ်ပါသလား။

၂။ စောင့်ကြည့်လေ့လာပြီး မှတ်စုတိုများ ရေးမှတ်ပါ။

၃။ တစ်တန်းလုံးအနေဖြင့် သို့မဟုတ် အဖွဲ့ငယ်များအနေဖြင့် အောက်ပါအချက်များကို ဆွေးနွေးပါ။

(က) လူများက မည်သည့်အရာများကို စောင့်ကြည့်လေ့လာခဲ့ပါသနည်း။

(ခ) မည်သည့်နည်းလမ်းများကို အသုံးပြုခဲ့ကြသနည်း။

(ဂ) စောင့်ကြည့်လေ့လာမှုမှတစ်ဆင့် မည်သည့်အရာများကို ရှာဖွေတွေ့ရှိခဲ့ပါသနည်း။

(ဃ) လူများက မှတ်စုများကို မည်သို့ ရေးသားခဲ့ကြသနည်း။

## ဖြစ်ရပ်လေ့လာချက် – ဖြစ်ရပ်လေ့လာချက်ကို ခွဲခြမ်းစိတ်ဖြာပါ



ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရှုပြီး မေးခွန်းများကို ဖြေဆိုပါ။

၁။ မမိုးမိုးမြင့်ဇော်၏ သုတေသနခေါင်းစဉ်မှာ အဘယ်နည်း။

၂။ သူမက မည်သည့် အပြုအမူများကို စောင့်ကြည့်လေ့လာခဲ့ပါသနည်း။

၃။ သူမက ကိုယ်တိုင်ပါဝင်လုပ်ဆောင်သည့် စောင့်ကြည့်လေ့လာခြင်းကို ဆောင်ရွက်ခဲ့သလား။ မည်သို့ဆောင်ရွက်ခဲ့ပါသနည်း။

၄။ ဤသုတေသနတွင် စောင့်ကြည့်လေ့လာခြင်းနှင့် လူတွေ့မေးမြန်းခြင်းတို့အကြား ဆက်နွယ်မှုမှာ အဘယ်နည်း။

### ‘နိုင်ငံတကာကျောင်းသားများ ကြုံတွေ့ရသော စိန်ခေါ်မှုများ’ - သုတေသန စီမံကိန်းတစ်ခု

မိုးမိုးမြင့်ဇော်သည် ချင်းမိုင်တက္ကသိုလ်တွင် လူမှုရေးသိပ္ပံဘာသာရပ် သင်ယူနေစဉ် တတိယနှစ်တွင် နိုင်ငံတကာကျောင်းသားများ ရင်ဆိုင်ရသည့် စိန်ခေါ်မှုများအကြောင်းကို သုတေသနပြုစုခဲ့သည်။

သူမ၏ သုတေသနမေးခွန်းမှာ ‘နိုင်ငံတကာကျောင်းသားများသည် ချင်းမိုင်တက္ကသိုလ်တွင် တက်ရောက်သင်ယူစဉ်ကာလအတွင်း မည်သည့်စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့ရသနည်း’ နှင့် ‘၎င်းစိန်ခေါ်မှုများကို ဖြေရှင်းကျော်လွှားရန်အတွက် မည်သည့် နည်းလမ်းများကို အသုံးပြုကြသနည်း’ ဟူ၍ဖြစ်ပြီး သုတေသနအတွက် စောင့်ကြည့်လေ့လာခြင်းနှင့် လူတွေ့မေးမြန်းမှုများ အပါအဝင် ရောထွေးနည်းလမ်းကို အသုံးပြုခဲ့သည်။ စောင့်ကြည့်လေ့လာခြင်းကို တက္ကသိုလ်စားသောက်ဆိုင်တန်းနှင့် စာသင်ခန်းအတွင်း ဆောင်ရွက်ခဲ့သည်။

စားသောက်ဆိုင်တန်းတွင် နိုင်ငံတကာကျောင်းသားများက အတူယှဉ်တွဲထိုင်သူများနှင့် နိုင်ငံမတူသည့် ကျောင်းသားများအကြား အပြန်အလှန်ဆက်ဆံပုံများကို စောင့်ကြည့်လေ့လာခဲ့သည်။ တစ်ခါတစ်ရံ၌ သူမကိုယ်တိုင် ၎င်းတို့နှင့်အတူ နေ့လယ်စာ ယှဉ်တွဲစားသောက်ခဲ့သည်။ စားသောက်ဆိုင်တန်းတွင် ဘာသာစကားတူညီသူ ကျောင်းသားများက အားလုံးစုပေါင်းပြီး စားသုံးကြသည်ကို တွေ့ရှိခဲ့ရသည်။ သို့သော် စာသင်ခန်းအတွင်း၌ ကျောင်းသားများသည် သင်ခန်းစာများကို အဖွဲ့လိုက်ဆောင်ရွက်ရသည့်အတွက် သီးခြားစီ ပိုင်းခြားနေထိုင်မှုနည်းပါးကြောင်း တွေ့ရှိခဲ့ရသည်။ စောင့်ကြည့်လေ့လာခြင်း ပြီးဆုံးသွားသည့်အခါတွင် နိုင်ငံတကာ ကျောင်းသားများကို လူတွေ့မေးမြန်းခဲ့သည်။ လူတွေ့မေးမြန်းမှုများအတွင်း ၎င်းတို့၏ ကိုယ်ပိုင်အုပ်စုများနှင့်သာ အဘယ်ကြောင့် အများးစုယှဉ်တွဲသွားလာရကြောင်းနှင့် ထိုသို့ သွားလာနေထိုင်ခြင်းသည် ရင်ဆိုင်ရသည့် အခြားသော စိန်ခေါ်မှုများနှင့် မည်သို့ ဆက်နွယ်မှုရှိကြောင်း မေးမြန်းခဲ့သည်။

## သင်တို့၏ သုတေသနစီမံကိန်း – စောင့်ကြည့်လေ့လာခြင်းများ

သုတေသနမေးခွန်းတစ်ခုကို စဉ်းစားပါ။ အဆိုပါမေးခွန်းသည် ရှေ့မှသင်ခန်းစာတွင် အသုံးပြုခဲ့သော ခေါင်းစဉ်လည်း ဖြစ်နိုင်သကဲ့သို့ စိတ်ဝင်စားသည့် အခြားအကြောင်းအရာ ခေါင်းစဉ်တစ်ခုလည်း ဖြစ်နိုင်သည်။

၁။ စောင့်ကြည့်လေ့လာခြင်းသည် သင်တို့၏ သုတေသနမေးခွန်းကို ဖြေဆိုရန်အတွက် သင့်လျော်သော နည်းလမ်းတစ်ခု ဟုတ်ပါသလား။


၂။ နှစ်ယောက်တစ်တွဲစီဖြင့် စောင့်ကြည့်လေ့လာခြင်းကို သင်တို့၏ စီမံကိန်းများတွင် မည်သို့ အသုံးပြုသွားမည်ဖြစ်ကြောင်း ဆွေးနွေးပါ။

## ဆွေးနွေးချက်

၁။ စောင့်ကြည့်လေ့လာခြင်း ဆောင်ရွက်ရာတွင် အခက်ခဲဆုံးအရာများမှာ အဘယ်နည်း။

၂။ စောင့်ကြည့်လေ့လာခြင်းနှင့် ပတ်သက်ပြီး မည်သည့်အကြောင်းအရာများကို ပိုမိုသိရှိလိုပါသနည်း။

# အခန်း ၈ - အရေအတွက်စံပြု ဒေတာများကို ခွဲခြမ်းစိတ်ဖြာခြင်း



## သင်ယူခြင်းဆိုင်ရာ ရည်မှန်းချက်များ

### ဗဟုသုတ

ဤအခန်းတွင် အောက်ပါအချက်များနှင့် ပတ်သက်သော သင်တို့၏ ဗဟုသုတများ တိုးပွားလာပါလိမ့်မည်။

- အရေအတွက်စံပြု ဒေတာများအား ခွဲခြမ်းစိတ်ဖြာခြင်း။
- ကိန်းဂဏန်းနှင့် အမျိုးအစားကွဲပြားမှုဆိုင်ရာ ဒေတာများ။
- အရေအတွက်စံပြု ဒေတာများကို သင်္ကေတရေးသားခြင်း (coding)။
- ကိန်းဂဏန်းအချက်အလက်များကို ရှင်းလင်းဖော်ပြခြင်း။
- ဒေတာစုများနှင့် ဒေတာဇယားများ။
- ကားချပ်များနှင့် ဇယားများ။
- ကွန်ပျူတာအသုံးပြုထားသည့် ခွဲခြမ်းစိတ်ဖြာချက်။

### ကျွမ်းကျင်မှုများ

ဤအခန်းတွင် အောက်ပါအချက်များနှင့် ပတ်သက်သော သင်တို့၏ စွမ်းရည်များကို လေ့ကျင့်သွားရပါလိမ့်မည်။

- အရေအတွက်စံပြု ဒေတာများကို ခွဲခြမ်းစိတ်ဖြာခြင်းအဆင့်များကို ရှင်းလင်းဖော်ပြခြင်း။
- အရေအတွက်စံပြု ဒေတာများကို ခွဲခြမ်းစိတ်ဖြာချက်။
- အနှစ်ချုပ် ကိန်းဂဏန်းအချက်အလက်များ တွက်ချက်ခြင်း။
- ဒေတာဇယားများနှင့် ကားချပ်များကို ဖန်တီးခြင်း။

# ၈.၁ - အရေအတွက်စံပြု ဒေတာများ

## အကြိုလေ့လာချက်


၁။ အရေအတွက်စံပြု ဒေတာများ ခွဲခြမ်းစိတ်ဖြာချက်တွင် မည်သည့်အရာများ ပါဝင်ပါသနည်း။

၂။ သင်သည် မန္တလေးမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် သုတေသနပြုစုနေပါသည်။

(က) ကားချပ် (က) တွင် မည်သည့်အကြောင်းအရာများကို ဖော်ပြထားသည်ဟု ထင်ပါသနည်း။

(ခ) ကားချပ် (ခ) တွင် မည်သည့်ကြောင်းအရာများကို ဖော်ပြထားသည်ဟု ထင်ပါသနည်း။

(က)




(ခ)




## အရေအတွက်စံပြု ဒေတာများကို ခွဲခြမ်းစိတ်ဖြာချက်

အရေအတွက်စံပြု ဒေတာများနှင့် အရည်အသွေးစံပြု ဒေတာများကို မတူညီသည့် နည်းလမ်းများဖြင့် ခွဲခြမ်းစိတ်ဖြာကြပါသည်။

အရေအတွက်စံပြု ဒေတာများ ခွဲခြမ်းစိတ်ဖြာချက်တွင် ဒေတာများကို ခွဲခြမ်းစိတ်ဖြာရန်နှင့် ဒေတာများအကြား ဆက်နွှယ်မှုကို ဖော်ပြရန်အတွက် ကိန်းဂဏန်းအချက်အလက်များ၊ ဇယားများနှင့် **ကားချပ်များ**ကို အသုံးပြုခြင်းတို့ ပါဝင်သည်။ ဥပမာ – သင်သည် သေးငယ်သော လူမှုအဖွဲ့အစည်းတစ်ခု၌ ကွန်ပျူတာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ သုတေသနပြုစုနေသူဖြစ်ပြီး စစ်တမ်းထဲတွင် ကွန်ပျူတာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ထည့်သွင်းမေးမြန်းထားသည်။ ထို့နောက် ကွန်ပျူတာပိုင်ဆိုင်သူများ၏ ရာခိုင်နှုန်းကို တွက်ချက်နိုင်ပါသည်။ ရာခိုင်နှုန်းတွက်ချက်ရန်အတွက် ကွန်ပျူတာပိုင်ဆိုင်သူ အရေအတွက်ကို စုစုပေါင်းလူဦးရေဖြင့် စားပြီး ၁၀၀ ဖြင့် မြှောက်ရသည်။ ဥပမာ – ဒေတာထဲတွင် ကွန်ပျူတာပိုင်ဆိုင်သူဦးရေ ၂၀ ရှိပြီး စုစုပေါင်းလူဦးရေမှာ ၈၀ ဖြစ်သည့်အခါတွင် ၂၀/၈၀ = ၀.၂၅ x ၁၀၀ = ၂၅% သော အဖွဲ့ဝင်များသည် ကွန်ပျူတာ ပိုင်ဆိုင်သူများ ဖြစ်ကြပါသည်။

နမူနာကောက်ယူထားသည့် လူဦးရေအတွင်း ဒေတာများကို ဖော်ပြနှိုင်းယှဉ်လိုပါက ဇယားများ ဖန်တီးနိုင်ပါသည်။ ဥပမာ – ဝင်ငွေမတူညီသော လူများအကြား ကွန်ပျူတာပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ခြားနားချက်များကို နှိုင်းယှဉ်လိုပါက ၎င်းဒေတာများကို ဇယားတစ်ခုထဲတွင် ဖော်ပြနိုင်ပါသည်။

ထို့အတူ ဒေတာများအကြား ဆက်နွှယ်မှုကိုလည်း ကားချပ်များဖြင့် ဖော်ပြနိုင်ပါသည်။ ဥပမာ – နမူနာကောက်ယူထားသော လူဦးရေတစ်ရပ်အတွင်း ပညာရေးနှင့် ကွန်ပျူတာပိုင်ဆိုင်မှုအကြား ဆက်နွှယ်မှု ရှိ/မရှိ သိရှိလိုပါက မတူညီသော ပညာရေးဆိုင်ရာ အောင်မြင်မှုများနှင့် ကွန်ပျူတာပိုင်ဆိုင်မှုများကို ကားချပ်တစ်ခုထဲတွင် အတူတကွ ဖော်ပြနိုင်ပါသည်။

သို့သော် အရေအတွက်စံပြု သုတေသနတွင် အကြောင်းအရာနှစ်ခုအကြား ဆက်နွှယ်မှုကို သက်သေပြရန်အတွက် ဒေတာများစွာနှင့် ကိန်းဂဏန်းအချက်အလက်ဆိုင်ရာ ခွဲခြမ်းစိတ်ဖြာချက်များစွာလိုအပ်ပါသည်။ သင်၏ ဒေတာများထဲမှ အကြောင်းအရာနှစ်ခုအကြား ဆက်နွှယ်မှုအပေါ် လွှမ်းမိုးထားနိုင်သော ဖြစ်နိုင်ခြေရှိသည့် အစိတ်အပိုင်းများ

(ကိန်းရှင်များ) များစွာရှိကြောင်း မကြာခဏတွေ့မြင်ရပါသည်။ အသေးစား သုတေသနစီမံကိန်းများတွင် အကြောင်းအရာများအကြား ဖြစ်နိုင်ခြေရှိသော ဆက်နွှယ်မှုများကို အကြံပြုဖော်ပြနိုင်သော်လည်း ဒေတာကောက်ယူခြင်းများနှင့် ခွဲခြမ်းစိတ်ဖြာခြင်းအကြိမ်များစွာ ဆောင်ရွက်ခြင်း မပြုလုပ်လျှင် ပုံမှန်အားဖြင့် ၎င်းတို့ကို သက်သေပြသနိုင်ခြင်း မရှိကြချေ။

သင်၏ ဒေတာကောက်ယူခြင်း နည်းလမ်းများကို ဒီဇိုင်းရေးဆွဲသည့်အခါ ဒေတာများကို ကောက်ယူပြီးသည့်နောက်တွင် အသုံးပြုသွားမည့် ဒေတာခွဲခြမ်းစိတ်ဖြာခြင်း နည်းလမ်းများနှင့် ပတ်သက်ပြီး စဉ်းစားသင့်ပါသည်။

## အရေအတွက်စံပြု ဒေတာများကို ခွဲခြမ်းစိတ်ဖြာခြင်း အဆင့်များ

**အဆင့် ၁ – ဖွဲ့စည်းပါ**

- ခွဲခြမ်းစိတ်ဖြာရန်အတွက် သင့်လျော်သည့် ပုံစံအနေအထား ရှိစေရန်အတွက် ဒေတာများကို ခွဲခြားဖွဲ့စည်းပါ။
- ဒေတာများကို ဒေတာဇယားများနှင့် ဒေတာစုများအဖြစ် ခွဲခြား သတ်မှတ်ပါ။
- ဒေတာများကို **သင်္ကေတ**သတ်မှတ်ပါ (code) (ကိန်းဂဏန်းမဟုတ်သည့် ဒေတာ (စကားစု) များကို ကိန်းဂဏန်းတန်ဖိုး သတ်မှတ်ပါ)။

**အဆင့် ၂ – ခွဲခြမ်းစိတ်ဖြာပါ**

- ဒေတာများတွင် စံနမူနာများ၊ ဆက်နွှယ်မှုများ၊ ဆင်တူညီချက်များနှင့် ကွဲပြားချက်များကို ရှာဖွေရန်အတွက် ဒေတာများကို စူးစမ်းလေ့လာပါ။
- **ရှင်းလင်းဖော်ပြသည့်** ကိန်းဂဏန်းအချက်အလက်များကို အသုံးပြု၍ ဒေတာများကို ခွဲခြမ်းစိတ်ဖြာပါ။
- ဇယားများ၊ ကားချပ်များနှင့် **ဂရပ်များ** ဖန်တီးရန်အတွက် ဒေတာများကို အသုံးပြုပါ။

**အဆင့် ၃ – နိဂုံးချုပ်ပါ**

- ဒေတာခွဲခြမ်းစိတ်ဖြာချက်ပေါ် အခြေခံပြီး နိဂုံးချုပ်ကောက်ချက်များ ရေးသားပါ။
- နိဂုံးချုပ်ကောက်ချက်များသည် သင်၏ သုတေသနမေးခွန်း (များ) နှင့် ချိတ်ဆက်မှုရှိစေရန် ဂရုစိုက်ပါ။
- သုတေသန၏ ရလဒ်များကို ဖော်ထုတ်ရှင်းပြရန်အတွက် ဇယားများ၊ ကားချပ်များနှင့် ဂရပ်များကို အသုံးပြုပါ။

## လေ့ကျင့်ခန်း – အဆင့်များနှင့် လုပ်ငန်းများကို တွဲစပ်ပါ

အဆင့်များ (၁–၃) ကို လုပ်ငန်းများ (က–စ) တို့ဖြင့် တွဲစပ်ပါ။ အဆင့်တစ်ဆင့်စီအတွက် လုပ်ငန်းနှစ်ခုစီ ပေးထားပါသည်။

၁။ **အဆင့် ၁** – ဖွဲ့စည်းပါ

၂။ **အဆင့် ၂** – ခွဲခြမ်းစိတ်ဖြာပါ

၃။ **အဆင့် ၃** – နိဂုံးချုပ်ပါ

(က) ဒေတာများတွင် ဘုံတူညီနေသော ခေါင်းစဉ်များကို ခွဲခြားဖော်ထုတ်ခြင်း။

(ခ) ဆင်တူညီချက်များနှင့် ကွဲပြားခြားနားချက်များကို ရှာဖွေရန်အတွက် မတူညီသည့် အဖွဲ့များကို နှိုင်းယှဉ်ခြင်း။

(ဂ) ရှာဖွေတွေ့ရှိချက်များကို လက်တွေ့ဖော်ပြရန်အတွက် ကားချပ်များ (သို့) ဇယားများကို အသုံးပြုခြင်း။

(ဃ) ဒေတာများသည် ရှင်းလင်းမှုရှိပြီး တစ်သမတ်တည်းရှိစေရန်အတွက် အစီအစဉ်ချခြင်း။

(င) သင်၏ ခွဲခြမ်းစိတ်ဖြာချက်များကို အနှစ်ချုပ်ရေးသားခြင်း။

(စ) ခွဲခြမ်းစိတ်ဖြာရာတွင် အကူအညီဖြစ်စေရန်အတွက် ဒေတာအားလုံးကို ကိန်းဂဏန်းတန်ဖိုး ပြောင်းလဲသတ်မှတ်ခြင်း။

# ကိန်းဂဏန်းနှင့် အမျိုးအစားဆိုင်ရာ ဒေတာများ

အရေအတွက်စံပြု ခွဲခြမ်းစိတ်စစ်ခြင်းတွင် ဒေတာများသည် ကိန်းဂဏန်း သို့မဟုတ် အမျိုးအစားခွဲခြားခြင်းပုံစံမျိုး ရှိနိုင်ပါသည်။ ၎င်းတို့ကို မတူခြားနားသည့် နည်းလမ်းများဖြင့် ခွဲခြမ်းစိတ်စစ်ရသည်။

## ကိန်းဂဏန်းဒေတာများ

ကိန်းဂဏန်းဒေတာများဆိုသည်မှာ အလေးချိန်၊ စာမေးပွဲရလဒ်များ၊ ဝယ်ယူသည့် အချိုရည်ဗူး အရေအတွက် သို့မဟုတ် အိမ်စာလုပ်ဆောင်ရန်အတွက် ကြာချိန် အစရှိသည့် တစ်စုံတစ်ရာကို တိုင်းတာရာတွင် အသုံးပြုသည့် ဒေတာများ ဖြစ်ကြပါသည်။ ကိန်းဂဏန်းဒေတာများတွင် သင်္ချာသဘောတရားဆိုင်ရာ အဓိပ္ပာယ်များ ရှိကြပါသည်။ ဆိုလိုသည်မှာ သင့်အနေဖြင့် ကိန်းဂဏန်းများကို ပေါင်းခြင်း၊ နုတ်ခြင်း သို့မဟုတ် ပျမ်းမျှကိန်းတွက်ချက်ခြင်းတို့ကို လုပ်ဆောင်နိုင်ပါသည် (ကိန်းဂဏန်းဒေတာများထဲမှနေ၍ ပျမ်းမျှကိန်းတွက်ချက်ခြင်းကို အောက်တွင်ပေးထားသော ဥပမာတွင် အသုံးပြုထားပါသည်)။

ဥပမာ – *ဘတ်စ်ကားကုမ္ပဏီတစ်ခုက ပဲခူးတိုင်းဒေသကြီးတွင် နေထိုင်သူများသည် ရန်ကုန်မြို့သို့ တစ်နှစ်လျှင် အကြိမ်ပေါင်းမည်မျှ သွားရောက်လည်ပတ်ကြကြောင်းနှင့် ပတ်သက်ပြီး သုတေသနပြုစုနေသည်။ ၎င်းတို့က ပဲခူးတိုင်းမှ လူများကို လွန်ခဲ့သော ၁၂ လအတွင်း ရန်ကုန်သို့ အကြိမ်ပေါင်းမည်မျှ သွားရောက်လည်ပတ်ခဲ့ကြကြောင်း မေးမြန်းကြည့်သည်။ ၎င်းတို့က လူ ၁၀ ဦးအား မေးမြန်းခဲ့သည်။ အဆိုပါလူများသည် ရန်ကုန်မြို့သို့ တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် ၂.၃ ကြိမ်ခန့် သွားရောက်လည်ပတ်ကြကြောင်း တွေ့ရှိခဲ့ကြသည်။*

**မေးခွန်း ၆** - နှစ်စဉ်နှစ်တိုင်း၊ ရန်ကုန်မြို့သို့ အကြိမ်ပေါင်းမည်မျှ သွားရောက်လည်ပတ်ဖြစ်ပါသနည်း။

**အဖြေ** - ၀၊ ၁၊ ၃၊ ၅၊ ၁၀၊ ၂၊ ၀၊ ၀၊ ၀၊ ၂

= ၂၃ (စုစုပေါင်း)/ လူ ၁၀ ဦး (လူဦးရေနမူနာ အရွယ်အစား) = ၂.၃

(လည်ပတ်ခြင်း ပျမ်းမျှအရေအတွက်) = ၂.၃

## အမျိုးအစားဆိုင်ရာ ဒေတာများ

အမျိုးအစားဆိုင်ရာ ဒေတာများကို ကိန်းဂဏန်းသဘောအရ တိုင်းတာ၍မရနိုင်ဘဲ လူတစ်ဦး၏ ကျား/မ ဖြစ်တည်မှု၊ အလုပ်အကိုင်၊ ကြိုက်နှစ်သက်သည့် အစားအစာ သို့မဟုတ် ၎င်းတို့၏ ပတ်ဝန်းကျင်ရှိ ပြဿနာရပ်များ အစရှိသည့်အရာများ ပါဝင်သည်။ ၎င်းဒေတာများကို ပေါင်းခြင်း၊ နုတ်ခြင်း သို့မဟုတ် ပျမ်းမျှတွက်ချက်ယူခြင်း မလုပ်ဆောင်နိုင်သည့်အတွက် ကိန်းဂဏန်းဆိုင်ရာ အဓိပ္ပာယ်မရှိကြချေ။ ထို့ကြောင့် ၎င်းဒေတာများကို ဒေတာစုများတွင် ထည့်သွင်း၍မရပေ။

ဥပမာ – *ဘတ်စ်ကားကုမ္ပဏီက လူများကို ၎င်းတို့၏ ကျား/မ ဖြစ်တည်မှုနှင့် နေထိုင်ရာ လူမှုပတ်ဝန်းကျင် အမျိုးအစားဆိုင်ရာ အချက်အလက်များကို မေးမြန်းခဲ့သည်။*

**မေးခွန်း ၂ - သင်၏ လိင်စိတ်ခံယူချက်ကို ဖော်ပြပါ။**

ကျား | မ

**မေးခွန်း ၃ - မည်သည့်မြို့နယ် (ကျေးရွာ) တွင် နေထိုင်ပါသနည်း။**

လူဦးရေ ၀-၁၀၀ ခန့်ရှိသော လူမှုအဖွဲ့အစည်းတွင် နေထိုင်သည်။

လူဦးရေ ၁၀၀-၁၀၀၀ ခန့်ရှိသော လူမှုအဖွဲ့အစည်းတွင် နေထိုင်သည်။

လူဦးရေ ၁၀၀၀ နှင့် အထက်ရှိသော လူမှုအဖွဲ့အစည်းတွင် နေထိုင်သည်။

*ဤအချက်အလက်များမှနေ၍ အောက်ပါအချက်များကို တွေ့ရှိခဲ့သည်။*

- *အမျိုးသားနှင့် အမျိုးသမီးများသည် ခရီးသွားလာလည်ပတ်မှု အကြိမ်ရေတူညီကြသည်။*
- *လူဦးရေများသော လူမှုအဖွဲ့အစည်း (လူဦးရေ ၁၀၀၀ နှင့်အထက်) မှ လူများသည် လူဦးရေနည်းပါးသော သေးငယ်သည့် လူမှုအဖွဲ့အစည်းမှ လူများထက် ရန်ကုန်မြို့သို့ ပိုမိုသွားလာကြသည့်ပုံစံ တွေ့ရှိရသည်။*

## လေ့ကျင့်ခန်း – ကိန်းဂဏန်း သို့မဟုတ် အမျိုးအစားဆိုင်ရာ ဒေတာများ ဖြစ်ကြပါသလား

၁။ အောက်ပါမေးခွန်းများသည် ကိန်းဂဏန်း သို့မဟုတ် အမျိုးအစားဆိုင်ရာ မေးခွန်းများ ဖြစ်ကြပါသလား။

(က) ကျောင်းပညာရေးကို နှစ်ပေါင်းမည်မျှ တက်ရောက်သင်ယူခဲ့ဖူးပါသနည်း။

(ခ) တစ်နေ့လျှင် အကြိမ်အရေအတွက်မည်မျှခန့် လက်ဆေးပါသနည်း။

(ဂ) သင်၏ အကြိုက်နှစ်သက်ဆုံးသော အစားအစာမှာ အဘယ်နည်း။

(ဃ) မည်သည့် နိုင်ငံရေးပါတီကို မဲထည့်ဝင်ခဲ့ပါသနည်း။

၂။ အောက်ပါအဖြေများသည် ကိန်းဂဏန်း သို့မဟုတ် အမျိုးအစားဆိုင်ရာ အဖြေများ ဖြစ်ကြပါသလား။

(က) ၁၀ စက္ကန့်

(ခ) ၅

(ဂ) ရန်ကုန်

(ဃ) ဟုတ်ပါသည်

(င) ၅၀%

(စ) လူဦးရေ ၈၀၀

(ဆ) အမှတ် ၁၂၄၊ မဟာဗန္ဓုလလမ်း

(ဇ) ဖုန်း – ၀၉၇၉၆၄၆၃၃၄၂

## အရေအတွက်စံပြု ခွဲခြမ်းစိတ်ဖြာခြင်းတွင် သင်္ကေတသတ်မှတ်ခြင်း (Coding)

အရေအတွက်စံပြု ခွဲခြမ်းစိတ်ဖြာခြင်းတွင် သင်္ကေတရေးသားခြင်း (coding) ဆိုသည်မှာ အမျိုးအစားဆိုင်ရာ ဒေတာများကို ခွဲခြမ်းစိတ်ဖြာရာတွင် ပိုမိုလွယ်ကူစေရန်အတွက် ကိန်းဂဏန်းတစ်ခု သတ်မှတ်အစားထိုးသည့် ဖြစ်စဉ်တစ်ရပ်ဖြစ်သည်။ ကိန်းဂဏန်းမဟုတ်သည့်ဒေတာများကို ခွဲခြမ်းစိတ်ဖြာရန် ပိုမိုလွယ်ကူစေဖို့အလို့ငှာ သင်္ကေတရေးသားခြင်း (coding) ဖြင့် ကိန်းဂဏန်း အဓိပ္ပာယ် သတ်မှတ်ပေးခြင်းဖြစ်သည်။ (ဥပမာ – 'ဟုတ်ပါသည်' အတွက် ၁၊ 'မဟုတ်ပါ' အတွက် ၂နှင့် 'ဖြေကြားမှု မရှိခြင်း' သို့မဟုတ် နားမလည်နိုင်သည့် အဖြေများအတွက် ၀)။

*ဥပမာ – မြို့ပြနှင့် ကျေးလက်ဒေသမှ ဈေးများနှင့် ပတ်သက်သော အတွေ့အကြုံဆိုသည့် မေးခွန်းလွှာထဲ၌ ဖြစ်နိုင်ခြေရှိသော အဖြေများဘေးတွင် နံပါတ်တစ်ခု သတ်မှတ်ရေးသားထားသည်။ ဥပမာ – မေးခွန်း ၁ 'မည်သည့်နေရာတွင် နေထိုင်ပါသနည်း' ၏ အဖြေများထဲမှ 'မြို့ပြ' အတွက် ၁၊ 'ကျေးလက်ဒေသ' အတွက် ၂၊ 'မြို့ငယ်လေး' အတွက် ၃ အဖြစ် သင်္ကေတများကို အသုံးပြုပါ။*

| *မြို့ပြနှင့် ကျေးလက်ဒေသမှ ဈေးများနှင့် ပတ်သက်သော အတွေ့အကြုံဆိုင်ရာ မေးခွန်းလွှာ* | | | | |
|---|---|---|---|---|
| **မေးခွန်း ၁ – မည်သည့် နေရာဒေသတွင် နေထိုင်ပါသနည်း။** | မြို့ပြ (၁)<br>ကျေးလက်ဒေသ (၂)<br>မြို့ငယ်လေး (၃) | **မေးခွန်း ၃ – လွန်ခဲ့သော ရက်သတ္တပတ်အတွင်း ဈေးတစ်ကောင်၏ ရန်ပြုခြင်းကို ခံခဲ့ရပါသလား။** | ဟုတ်ပါသည် (၁) | မဟုတ်ပါ (၂) |
| **မေးခွန်း ၂ – သင်အသုံးပြုသော အဓိက သယ်ယူပို့ဆောင်ရေး အမျိုးအစားမှာ အဘယ်နည်း။** | အများပြည်သူ သယ်ယူပို့ဆောင်ရေး (၁)<br>လမ်းလျှောက်ခြင်း (၂)<br>ကား (၃)<br>ဆိုင်ကယ် (၄)<br>စက်ဘီး (၅)<br>တက္ကစီ (ကား (သို့) ဆိုင်ကယ်) (၆)<br>အခြား (၇) | **မေးခွန်း ၄ – သင့်ပတ်ဝန်းကျင်တွင် ဈေးနှင့် ပတ်သက်သော ပြဿနာ တစ်ခုခုရှိသည်ဟု ထင်ပါသလား။** | ဟုတ်ပါသည် (၁) | မဟုတ်ပါ (၂) |

## လေ့ကျင့်ခန်း – အဖြေများကို သင်္ကေတသတ်မှတ်ပါ (code)

မြို့ပြနှင့် ကျေးလက်ဒေသမှ ခွေးနှင့် ပတ်သက်သော အတွေ့အကြုံမေးခွန်းလွှာထဲရှိ မေးခွန်းများကို ဖြေကြားထားသော ပါဝင်သူ ၄ ဦး၏ အဖြေများကို အောက်တွင် ဖော်ပြထားပါသည်။

**ပါဝင်ဖြေကြားသူ ၁ -**
မြို့ပြ၊ ကား၊ ဟုတ်ပါသည်၊ ဟုတ်ပါသည်။

**ပါဝင်ဖြေကြားသူ ၂ -**
မြို့ငယ်လေး၊ ကား၊ မဟုတ်ပါ၊ မဟုတ်ပါ။

**ပါဝင်ဖြေကြားသူ ၃ -**
မြို့ငယ်လေး၊ ဆိုင်ကယ်တက္ကစီ၊ မဟုတ်ပါ၊ ဟုတ်ပါသည်။

**ပါဝင်ဖြေကြားသူ ၄ -**
ကျေးလက်ဒေသ၊ အခြား၊ ဟုတ်ပါသည်၊ ဟုတ်ပါသည်။

***မြို့ပြနှင့် ကျေးလက်ဒေသမှ ခွေးနှင့် ပတ်သက်သော အတွေ့အကြုံ မေးခွန်းလွှာ***

| | မေးခွန်း ၁ | မေးခွန်း ၂ | မေးခွန်း ၃ | မေးခွန်း ၄ |
|---|---|---|---|---|
| ပါဝင်ဖြေကြားသူ ၁ | ၁ | ၃ | ၁ | ၁ |
| ပါဝင်ဖြေကြားသူ ၂ | | | | |
| ပါဝင်ဖြေကြားသူ ၃ | | | | |
| ပါဝင်ဖြေကြားသူ ၄ | | | | |

အဖြေများကို သင်္ကေတသတ်မှတ်ပြီး မြို့ပြနှင့် ကျေးလက်ဒေသမှ ခွေးနှင့် ပတ်သက်သော အတွေ့အကြုံ ဇယားထဲတွင် ရေးချပါ။

## လုပ်ငန်းစဉ် – ဒေတာမှတ်တမ်းများဖြင့် ပြဿနာဖြေရှင်းခြင်း

၁။ လူများ၏ အသက်အရွယ်ကို မေးမြန်းခဲ့သည်။ အဖြေများမှာ –

*၁၆, ၁၈, ၁၈, ၂၂, ၂၅, ၂၉, ၂၉, ၃၄, ၃၅, ၃၇, ၄၄, ၄၅, ၅၀, ၅၂, ၆၇, ၇၁, ၇၁, ၇၈, ၈၉*

ဤဒေတာများအတွက် ဒေတာဇယားတစ်ခု ဒီဇိုင်းရေးဆွဲပါ။

၂။ လူများ၏ ကိုးကွယ်သည့် ဘာသာရေးကို မေးမြန်းခဲ့သည်။ အဖြေများကို အောက်ပါအတိုင်း မှတ်တမ်းတင် ရေးသားရန် စီစဉ်ခဲ့သည်။

ဗုဒ္ဓဘာသာ - ၁ | မူစလင် - ၂ | ခရစ်ယာန် - ၃ | ဟိန္ဒူ - ၄ |
တောတောင်ရေမြေ အစရှိသည်တို့ကို ကိုးကွယ်သူ - ၅ | ဘာသာမဲ့ - ၆

လူတွေ့အင်တာဗျူး လုပ်ဆောင်ပြီးသည့်အခါတွင် ဟိန္ဒူဘာသာနှင့် တောတောင်ရေမြေ အစရှိသည်တို့ကို ကိုးကွယ်သူတစ်ဦးစီရှိကြပြီး ဘာသာမဲ့သူ ၂ ဦးရှိကြောင်း တွေ့ရှိရသည်။ ဗုဒ္ဓဘာသာ ကိုးကွယ်သူ ၈ ဦးရှိသည်။ မူစလင်ကိုးကွယ်သူ ၂ ဦးနှင့် ခရစ်ယာန်ကိုးကွယ်သူ ၂ ဦးစီ ရှိကြသည်။ သို့သော် ပါဝင်သူ ၃ ဦးက မေးခွန်းကို မဖြေဆိုခဲ့ကြဘဲ တစ်ဦးသည် ဒေတာများထဲတွင် မဖော်ပြထားသည့် ဂျူးဘာသာကို ကိုးကွယ်သည်ဟု ဖော်ပြထားသည်။ ၎င်းဒေတာများကို သင်မည်သို့ မှတ်တမ်းတင်သွားနိုင်မည်နည်း။

## ဆွေးနွေးချက်

အမျိုးအစားဆိုင်ရာ ဒေတာခွဲခြမ်းစိတ်ဖြာခြင်းနှင့် ကိန်းဂဏန်းဒေတာများ ခွဲခြမ်းစိတ်ဖြာခြင်း နှစ်မျိုးတွင် မတူညီသည့် ကွဲပြားခြားနားချက်မှာ အဘယ်နည်း။

# ၈.၂ - ရှင်းလင်းဖော်ပြပေးသော ကိန်းဂဏန်းအချက်အလက်များ

## အကြိုလေ့လာချက်

ဇယားထဲတွင် အင်္ဂလိပ်စာကျောင်းသားများ၏ မွေးချင်းမောင်နှမ အရေအတွက်ဆိုင်ရာ အချက်အလက်များ ပါဝင်ပါသည်။

၁။ အဆိုပါ စာသင်ခန်းထဲရှိ မွေးချင်းမောင်နှမ အရေအတွက် တူညီမှု အများဆုံး နံပါတ်မှာ အဘယ်နည်း။

၂။ အဆိုပါ စာသင်ခန်းထဲရှိ မွေးချင်းမောင်နှမ အရေအတွက် တူညီမှု အနည်းဆုံး နံပါတ်မှာ အဘယ်နည်း။

၃။ ဤဇယားသည် ရှေ့စာမျက်နှာများတွင် တွေ့ရှိခဲ့ရသော ဇယားနှင့် မည်သို့ ခြားနားမှုရှိပါသနည်း။

| **အင်္ဂလိပ်စာ ကျောင်းသားများ၏ မွေးချင်းမောင်နှမဦးရေ** | |
|---|---|
| **မွေးချင်းမောင်နှမ အရေအတွက်** | **ကျောင်းသား အရေအတွက်** |
| ၀ | ၂ |
| ၁ | ၄ |
| ၂ | ၇ |
| ၃ | ၄ |
| ၄ | ၀ |
| ၅ | ၃ |
| *စုစုပေါင်း* | ၂၀ |

ရှင်းလင်းဖော်ပြပေးသော ကိန်းဂဏန်းအချက်အလက်များ ဆိုသည်မှာ သင်၏ဒေတာများကို ရှင်းပြရန်အတွက် အခြေခံ ကိန်းဂဏန်း တွက်ချက်မှုများဖြစ်သည်။ ၎င်းတွက်ချက်မှုတွင် သင်၏ ဒေတာများကို ရှင်းပြရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် ပျမ်းမျှကိန်း၊ အလယ်ကိန်းနှင့် ကြိမ်များကိန်း တွက်ချက်ခြင်းတို့ပါဝင်ပြီး အခြေခံရာခိုင်နှုန်း တွက်ချက်မှုလည်း (စာ–၁၀၈ တွင် ကြည့်ပါ) ပါဝင်နိုင်ပါသည်။

## ဒေတာစုများနှင့် ဗဟိုညွှတ်ချက် (central tendency) တိုင်းတာမှုများ

ဒေတာစုတစ်စုဆိုသည်မှာ တိကျသော သုတေသနခေါင်းစဉ်တစ်ခုနှင့် ပတ်သက်သည့် ဒေတာများကို ကောက်ယူခြင်း တစ်ခုဖြစ်သည်။ ရှင်းလင်းဖော်ပြပေးသော ကိန်းဂဏန်းအချက်အလက်များအတွက် အသုံးဝင်စေရန်အလို့ငှာ ဒေတာများကို အနိမ့်ဆုံးမှ အမြင့်ဆုံးအဖြစ် တွက်ချက်စီစဉ်ပြီး ဖွဲ့စည်းပေးရသည်။ ဥပမာ – လူ ၅ ဦးကို ၎င်းတို့၏ အသက်အရွယ်ကို မေးမြန်းသည့်အခါ ရရှိလာသော အဖြေများမှာ ၂၇, ၂၀, ၂၀, ၁၉, နှင့် ၂၂ ဆိုပါက ၎င်းဒေတာစုများကို အောက်ပါအတိုင်း ဖွဲ့စည်းနိုင်ပါသည်။

၁၉ ၂၀ ၂၀ ၂၂ ၂၇

ထို့နောက် ပျမ်းမျှကိန်း၊ အလယ်ကိန်းနှင့် ကြိမ်များကိန်းတို့ကို အလွယ်တကူ တွက်ချက်နိုင်ပါသည်။ ပျမ်းမျှကိန်း၊ အလယ်ကိန်းနှင့် ကြိမ်များကိန်းတစ်ခုချင်းစီသည် ဒေတာစုများ၏ တွက်ချက်မှုဆိုင်ရာ အနှစ်ချုပ်ကို ကိန်းဂဏန်းတန်ဖိုး တစ်ခုပုံစံဖြင့် ဖော်ပြပေးပါသည်။

### ပျမ်းမျှကိန်း တွက်ချက်ခြင်း

**ပျမ်းမျှကိန်း**ဆိုသည်မှာ ဒေတာစု၏ ပျမ်းမျှတန်ဖိုးဖြစ်သည် – ဒေတာစုအတွင်းရှိ တန်ဖိုးစုစုပေါင်းအရေအတွက်ကို ဒေတာကောက်ယူမှုနံပါတ်ဖြင့် စားခြင်းဖြစ်သည်။

၁။ ဒေတာစုတစ်စုအတွင်းရှိ နံပါတ်များအားလုံးကို ပေါင်းပါ။

၂၇ + ၂၀ + ၂၀ + ၁၉ + ၂၂ = ၁၀၈

၂။ ဒေတာစုအတွင်းရှိ စုစုပေါင်းကို ဒေတာကောက်ယူမှုအရေအတွက်ဖြင့် စားပါ။

၁၀၈/၅ = ၂၁.၆

‘၂၁.၆’ သည် ပျမ်းမျှကိန်းဖြစ်သည်။

### အလယ်ကိန်း တွက်ချက်ခြင်း

အလယ်ကိန်းဆိုသည်မှာ ဒေတာစု၏ အလယ်တွင်ရှိသော ကိန်းဂဏန်းဖြစ်သည်။

၁၉, ၂၀, ၂၀, ၂၂, ၂၇

'၂၀' သည် အလယ်ကိန်းဖြစ်သည်။

### ကြိမ်များကိန်း တွက်ချက်ခြင်း

**ကြိမ်းများကိန်း**ဆိုသည်မှာ တူညီမှုအများဆုံး – တွေ့ရမှုအများဆုံး ကိန်းဂဏန်းဖြစ်သည်။

၁၉, ၂၀, ၂၀, ၂၂, ၂၇

'၂၀' သည် ကြိမ်များကိန်းဖြစ်သည်။

## ဒေတာဇယားများ

ဒေတာဇယားတစ်ခုသည် အချက်အလက်များအားလုံးကို မြင်တွေ့ရနိုင်ရန်အတွက် ဒေတာများကို ဇယားတစ်ခုအတွင်းသို့ ထည့်သွင်းဖွဲ့စည်းပေးသည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် သုတေသီများက စံနမူနာများ ရှာဖွေရာတွင် အကူအညီဖြစ်စေပြီး နောက်တစ်ခန်းတွင် ရှင်းပြပေးသွားမည့် ရှင်းလင်းဖော်ပြသော ကိန်းဂဏန်းအချက်အလက်များကို အသုံးပြုရာတွင်လည်း အထောက်အကူ ဖြစ်စေပါသည်။

ပုံမှန်အားဖြင့် ဒေတာဇယားတစ်ခုတွင် ဖြေကြားသူများကို ရေပြင်ညီမျဉ်းအတိုင်းထားပြီး မေးခွန်းတစ်ခုချင်းစီကို ကော်လံတစ်ခုစီဖြင့် ဖွဲ့စည်းတတ်ကြသည်။ ၎င်းဇယားသည် သုတေသနစီမံကိန်းတစ်ခုအတွက် ကောက်ယူခဲ့သော ဒေတာများအားလုံး သို့မဟုတ် တချို့တစ်ဝက်ကို ဖော်ပြပေးပါသည်။

ဒေတာဇယားများကို စာရွက်ပေါ်တွင် ဖန်တီးရေးဆွဲနိုင်သည် သို့မဟုတ် ကွန်ပျူတာအသုံးပြု၍ excel ပရိုဂရမ်ဖြင့်လည်း ဖန်တီးရေးသားနိုင်ပါသည်။

### လေ့ကျင့်ခန်း – ပျမ်းမျှကိန်း၊ အလယ်ကိန်းနှင့် ကြိမ်များကိန်းတို့ကို တွက်ချက်ပါ

အင်္ဂလိပ်စာ ကျောင်းသားများ၏ မွေးချင်းမောင်နှမ အရေအတွက်နှင့် ပတ်သက်ပြီး ပျမ်းမျှကိန်း၊ အလယ်ကိန်းနှင့် ကြိမ်များကိန်းတို့ကို တွက်ချက်ပါ (ရှေ့စာမျက်နှာရှိ ဇယားမှ ဒေတာများ)။

### လုပ်ငန်းစဉ် – ဒေတာများကို ခွဲခြမ်းစိတ်ဖြာပြီး ဒေတာဇယားတစ်ခု ဖန်တီးရေးဆွဲပါ

၁။ ဒေတာဇယားကို ခွဲခြမ်းစိတ်စစ်ပြီး မေးခွန်းများကို ဖြေဆိုပါ။
   (က) ဖြေကြားသူများ၏ ပျမ်းမျှအသက်အရွယ်မှာ အဘယ်နည်း။
   (ခ) ဖြေကြားသူများ၏ ပျမ်းမျှအားလပ်ချိန်မှာ အဘယ်နည်း။
   (ဂ) အသက် ၃၅ နှစ်အောက်လူများသည် စာဖတ်ခြင်း သို့မဟုတ် အားကစားတို့ထဲမှ မည်သည့်တစ်ခုကို ပိုပြီးကြိုက်နှစ်သက်ကြသနည်း။ အသက် ၃၅ နှစ်အထက် လူများသည် မည်သည့်တစ်ခုကို ပိုပြီး ကြိုက်နှစ်သက်ကြသနည်း။

၂။ ဒေတာဇယားအခြားတစ်ခုကို ဖန်တီးပါ။ အားလပ်ချိန် လုပ်ငန်းမှ မေးခွန်း ၃ ခုကို အသုံးပြု၍ သင်၏ စာသင်ခန်း သို့မဟုတ် လူမှုအဖွဲ့အစည်းထဲမှ လူ ၈ ဦးအား မေးမြန်းပြီး ဒေတာများ ကောက်ယူပါ။

၃။ တစ်တန်းလုံးအနေဖြင့် သင်တို့၏ ရလဒ်များကို ဆွေးနွေးပါ။

(က) ပါဝင်ဖြေကြားသူများ၏ အသက်အရွယ်နှင့် ၎င်းတို့၏ အားလပ်ချိန်တို့နှင့် ပတ်သက်ပြီး ယေဘုယျကောက်ချက်များ ချမှတ်နိုင်ပါသလား။

(ခ) ပါဝင်ဖြေကြားသူများ၏ အသက်အရွယ်နှင့် ၎င်းတို့သည် စာဖတ်ခြင်းနှင့် အားကစားနှစ်ခုထဲမှ မည်သည့်တစ်ခုကို ပိုမိုကြိုက်နှစ်သက်ကြောင်းနှင့် ပတ်သက်ပြီး ယေဘုယျကောက်ချက်များ ချမှတ်နိုင်ပါသလား။

၄။ ဤအချက်အလက်များသည် မည်သူများအတွက်/မည်သည့်အရာများအတွက် အသုံးဝင်နိုင်ပါသနည်း။

| အားလပ်ချိန် လုပ်ငန်းများ | | | |
|---|---|---|---|
| | မေး ၁ – အသက် မည်မျှရှိပြီနည်း။ | မေး ၂ – နေ့စဉ်နေ့တိုင်း အားလပ်ချိန် မည်မျှရှိပါသနည်း။ | မေး ၃ – စာဖတ်ခြင်းနှင့် အားကစား လုပ်ခြင်းတို့ထဲမှ မည်သည့်တစ်ခုကို အားလပ်ချိန်တွင် ပိုမိုလုပ်ဆောင်ဖြစ်သနည်း။ |
| ဖြေကြားသူ ၁ | ၁၆ | ၃ နာရီ | အားကစား |
| ဖြေကြားသူ ၂ | ၁၈ | ၃၀ မိနစ် | စာဖတ်ခြင်း |
| ဖြေကြားသူ ၃ | ၂၂ | ၁ နာရီ | အားကစား |
| ဖြေကြားသူ ၄ | ၃၃ | ၂ နာရီ | အားကစား |
| ဖြေကြားသူ ၅ | ၃၆ | ၃၀ မိနစ် | စာဖတ်ခြင်း |
| ဖြေကြားသူ ၆ | ၄၃ | ၆ နာရီ | အားကစား |
| ဖြေကြားသူ ၇ | ၄၇ | ၁ နာရီ ၃၀ မိနစ် | စာဖတ်ခြင်း |
| ဖြေကြားသူ ၈ | ၅၈ | ၁ နာရီ ၃၀ မိနစ် | စာဖတ်ခြင်း |

## ကြိမ်နှုန်းပြ ဇယားများ

ကြိမ်နှုန်းပြ ဇယားတစ်ခုဆိုသည်မှာ ကိန်းဂဏန်းနှင့် အမျိုးအစားဆိုင်ရာ ဒေတာနှစ်မျိုးစလုံးကို အနှစ်ချုပ်ဖော်ပြသည့် ဇယားတစ်ခုဖြစ်သည်။ ကြိမ်နှုန်းဆိုသည်မှာ ဇယားထဲတွင် အကြိမ်များစွာ ဖော်ပြနေသည့် အကြောင်းအရာတစ်ခု၏ အရေအတွက်ဖြစ်သည်။

**ဒေတာဇယား**

| | မေး ၁ – မည်သည့် အစားအစာကို မကြာခဏ စားဖြစ်ပါသနည်း |
|---|---|
| ဖြေကြားသူ ၁ | ထမင်း |
| ဖြေကြားသူ ၂ | ခေါက်ဆွဲ |
| ဖြေကြားသူ ၃ | ထမင်း |
| ဖြေကြားသူ ၄ | ထမင်း |
| ဖြေကြားသူ ၅ | ပေါင်မုန့် |

**ကြိမ်နှုန်းပြဇယား**

| ပစ္စည်းအမျိုးအစား | ကြိမ်နှုန်း |
|---|---|
| ခေါက်ဆွဲ | ၁ |
| ထမင်း | ၃ |
| ပေါင်မုန့် | ၁ |
| စုစုပေါင်း | ၅ |

## လေ့ကျင့်ခန်း – မှားနေသော ဒေတာများကို မှန်ကန်အောင် ပြင်ဆင်ပါ

အောက်တွင် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲနှင့် ပတ်သက်သည့် စစ်တမ်းတစ်ခုမှ ဒေတာစုများနှင့် ကြိမ်နှုန်းပြဇယားများကို ဖော်ပြထားပါသည်။ ကြိမ်နှုန်းပြဇယားထဲတွင် မှားနေသော ဒေတာနှစ်ခုကို ရှာဖွေပြီး မှန်ကန်အောင် ပြင်ဆင်ပါ။

### ဒေတာစု

**မေး ၁ –** မည်သည့်အရွယ်တွင် တက္ကသိုလ်ဝင်ခွင့် ဖြေဆိုခဲ့ပါသနည်း။

**အဖြေများ –** ၁၆, ၁၈, ၁၇, ၁၆, ၁၅, ၂၀, ၁၇, ၁၉, ၁၆, ၁၆

**မေး ၂ –** သင်၏ စာမေးပွဲရမှတ် စုစုပေါင်းမှာ အဘယ်နည်း။

**အဖြေများ –** ၄၆၄, ၄၂၁, ၅၂၂, ၃၁၀, ၄၉၉, ၃၈၄, ၂၂၀, ၅၁၀, ၄၇၈, ၃၄၅

**မေး ၃ –** ကျောင်းတွင် သင်အကြိုက်နှစ်သက်ဆုံး ဘာသာရပ်မှာ အဘယ်နည်း။

**အဖြေများ –** အင်္ဂလိပ်စာ၊ မြန်မာစာ၊ ဓာတုဗေဒ၊ သင်္ချာ၊ ဇီဝဗေဒ၊ မြန်မာစာ၊ စီးပွားရေး၊ သင်္ချာ၊ ဓာတုဗေဒ၊ ဓာတုဗေဒ

### ကြိမ်နှုန်းပြဇယား

| မေး ၁ – မည်သည့်အရွယ်တွင် တက္ကသိုလ်ဝင်ခွင့် ဖြေဆိုခဲ့ပါသနည်း။ | | မေး ၂ – သင်၏ စာမေးပွဲရမှတ် စုစုပေါင်းမှာ အဘယ်နည်း။ | | မေး ၃ – ကျောင်းတွင် သင်အကြိုက်နှစ်သက်ဆုံး ဘာသာရပ်မှာ အဘယ်နည်း။ | |
|---|---|---|---|---|---|
| **စံတန်ဖိုး** | **ကြိမ်နှုန်း** | **စံတန်ဖိုး** | **ကြိမ်နှုန်း** | **စံတန်ဖိုး** | **ကြိမ်နှုန်း** |
| **၁၅** | ~~၂~~ ၁ | **– ၁၀၀** | ၀ | အင်္ဂလိပ်စာ | ၁ |
| **၁၆** | ၄ | **၁၀၁–၂၀၀** | ၀ | မြန်မာစာ | ၂ |
| **၁၇** | ၂ | **၂၀၁–၃၀၀** | ၁ | ဓာတုဗေဒ | ၂ |
| **၁၈** | ၁ | **၃၀၁–၄၀၀** | ၃ | သင်္ချာဘာသာ | ၂ |
| **၁၉** | ၁ | **၄၀၁–၅၀၀** | ၆ | ဇီဝဗေဒ | ၁ |
| **၂၀** | ၁ | **၅၀၁+** | ၂ | စီးပွားရေး | ၁ |
| **စုစုပေါင်း** | **၁၀** | **စုစုပေါင်း** | ၁၀ | စုစုပေါင်း | **၁၀** |

## လုပ်ငန်းစဉ် – ကြိမ်နှုန်းပြဇယား

၁။ ဘယ်ဘက်ခြမ်းရှိ ကြိမ်နှုန်းပြဇယားကိုကြည့်၍ သင်၏ စာသင်ခန်းနှင့် ပတ်သက်သော ညာဘက်ခြမ်းဇယားထဲမှ ကွက်လပ်များကို ဖြည့်စွက်ပါ။

၂။ သင်၏ ဇယားသည် ဥပမာဇယားနှင့် မည်သို့ ကွဲပြားခြားနားနေပါသနည်း။

*ဥပမာ – ကျွန်ုပ်၏ စာသင်ခန်းတွင်းရှိ ပျမ်းမျှအသက်အရွယ်သည် ဥပမာပေးထားသော စာသင်ခန်း၏ ပျမ်းမျှ အသက်အရွယ်ထက် ပိုငယ်ပါသည်။*

| ဥပမာ စာသင်ခန်း | |
|---|---|
| **အသက်** | **ကြိမ်နှုန်း** |
| ၁၆ နှစ်အောက် | ၀ |
| ၁၆–၂၀ | ၁ |
| ၂၁–၂၅ | ၅ |
| ၂၆–၃၀ | ၆ |
| ၃၁–၄၀ | ၆ |
| ၄၁–၅၀ | ၃ |
| ၅၁–၆၀ | ၁ |
| ၆၀+ | ၀ |
| စုစုပေါင်း | ၂၂ |

| သင်၏ စာသင်ခန်း | |
|---|---|
| **အသက်** | **ကြိမ်နှုန်း** |
| ၁၆ နှစ်အောက် | |
| ၁၆–၂၀ | |
| ၂၁–၂၅ | |
| ၂၆–၃၀ | |
| ၃၁–၄၀ | |
| ၄၁–၅၀ | |
| ၅၁–၆၀ | |
| ၆၀+ | |
| စုစုပေါင်း | |

## ဆွေးနွေးချက်


အမျိုးအစားဆိုင်ရာ ဒေတာများ သို့မဟုတ် ကိန်းဂဏန်းဆိုင်ရာ ဒေတာများတွင် မည်သည့်ဒေတာများကို ခွဲခြမ်းစိစစ်ရန် ပိုမိုလွယ်ကူသည်ဟု ထင်ပါသနည်း။ အဘယ်ကြောင့်နည်း။


# ၈.၃ - အရေအတွက်စံပြု ဒေတာများကို မြင်နိုင်အောင်ပုံဖော်ခြင်း

## အကြိုလေ့လာချက်

၁။ ရုပ်ပုံထဲတွင် ဖော်ပြထားသည့် ကားချပ်အမျိုးအစားနှစ်ခုမှာ အဘယ်နည်း။

၂။ သုတေသနတွင် ကားချပ်များကို အဘယ်ကြောင့် အသုံးပြုကြသနည်း။




## ကားချပ်များ

ကားချပ်တစ်ချပ်ဆိုသည်မှာ ဂရပ်၊ ပုံကြမ်း သို့မဟုတ် မြေပုံအစရှိသည့် **မြင်တွေ့နိုင်သည့်** ပုံစံဖြင့် ဖော်ပြထားသော အချက်အလက်များဖြစ်သည်။ ဤအခန်းငယ်တွင် အချက်အလက်များကို ဖော်ပြသည့် နည်းလမ်းနှစ်ခုဖြစ်သော တိုင်မြင့် တိုင်နိမ့်ဖြင့် ဖော်ပြသောဇယား (ဘားချပ်) နှင့် စက်ဝိုင်းဇယား (ဖိုင်ချပ်) တို့ကို လေ့လာသွားပါမည်။

ဘားချပ်များကို ဒေတာစုများအား ဖော်ပြရာတွင် အသုံးပြုပါသည်။ ၎င်းတို့သည် တစ်စုံတစ်ရာ၏ အချိန်ကာလအလိုက် ပြောင်းလဲမှုများကို နှိုင်းယှဉ်သည့်အခါတွင် အသုံးဝင်နိုင်ပါသည်။ ဥပမာ – သုတေသီတစ်ဦးက ၁၉၉၀ နှောင်းပိုင်းကာလမှစ၍ မြန်မာနိုင်ငံတွင် ကလေးများ ကျောင်းထွက်သည့် ပျမ်းမျှအသက်အရွယ် ပြောင်းလဲမှုကို ဖော်ပြရန်အတွက် ဘားချပ်ကို အသုံးပြုနိုင်ပါသည်။

စက်ဝိုင်းဇယား (ဖိုင်ချပ်) များကို ရာခိုင်နှုန်း သို့မဟုတ် အချိုးဒေတာများ ဖော်ပြရာတွင် အသုံးပြုပါသည်။ ၎င်းစက်ဝိုင်းဇယားသည် အကြောင်းအရာတစ်ခု၏ အစိတ်အပိုင်းများကို နှိုင်းယှဉ်ရာတွင် အသုံးဝင်နိုင်ပါသည်။ ဥပမာ – စက်ဝိုင်းဇယားတစ်ခုသည် မြန်မာနိုင်ငံရှိ လူဦးရေတစ်ရပ်လုံး၏ ပညာရေးအဆင့်များကို ဖော်ပြနိုင်ပါသည်။


### လေ့ကျင့်ခန်း – ကိန်းဂဏန်း သို့မဟုတ် အမျိုးအစားဆိုင်ရာ ဒေတာများ ဖြစ်ကြပါသလား

Caffiends Café ဆိုင်၏ တစ်နှစ်တာအတွင်း ဝယ်ယူစားသုံးသူ အရေအတွက်ကို ဖော်ပြထားသည့် ဘားချပ်ကိုကြည့်ပါ။ အောက်ပါမေးခွန်းများကို မှန်/မှား ဖြေဆိုပါ။ မှားနေပါက အဘယ်ကြောင့်ဖြစ်ကြောင်း ရှင်းပြပါ။

၁။ Caffiends Café ဆိုင်သည် နိုဝင်ဘာလတွင် လူကြိုက်အများဆုံးဖြစ်သည်။

၂။ Caffiends ဆိုင်သို့ ပထမနှစ်ဝက်တွင် လာရောက်လည်ပတ်သူပိုများသည်။

၃။ Caffiends ဆိုင်သို့ လာရောက်ဝယ်ယူသူ အရေအတွက်သည် လစဉ်လတိုင်း တိုးမြင့်လာသည်။



## လုပ်ငန်းစဉ် – ဘားချပ်တစ်ခု ဖန်တီးပါ

၁။ ညာဘက်တွင်ရှိသော အိမ်ရှိလျှပ်စစ်ပစ္စည်းများ ကြိမ်နှုန်းပြဇယားကိုကြည့်ပါ။ မေးခွန်း ၁ မှ ဒေတာများကို ဖော်ပြသည့် ဘားချပ်တစ်ခု ရေးဆွဲပါ။ ၎င်းဘားချပ်တွင် ခေါင်းစဉ်၊ တန်ဖိုးများ၊ X ဝင်ရိုး၊ Y ဝင်ရိုးနှင့် ဒေတာများကို မှန်ကန်မှုရှိရန် ဂရုပြုပါ။ (ရှေ့စာမျက်နှာမှ ဥပမာဘားချပ်ကို နမူနာ အဖြစ် ကြည့်ရှုပါ)။

၂။ မေးခွန်းတစ်ခုထက်ပိုသော ဒေတာများကို မည်သို့ တင်ပြနိုင်မည်နည်း။ မေးခွန်း ၂ မှ ဒေတာများကို ကြည့်ရှုပြီး မေးခွန်း ၁ နှင့် မေးခွန်း ၂ မှ ဒေတာများကို ဖော်ပြနိုင်သည့် ဘားချပ်တစ်ခု ဖန်တီးပါ။

၃။ နှစ်ယောက်တစ်တွဲစီဖြင့် တွဲဖက်၏ ဘားချပ်များကို အပြန်အလှန် စစ်ဆေးပါ။

| အိမ်ရှိ လျှပ်စစ်ပစ္စည်းများ | | |
|---|---|---|
| လျှပ်စစ်ပစ္စည်း အရေအတွက် | မေးခွန်း ၁ – သင်၏ အိမ်တွင် အိတ်ဆောင် ကွန်ပျူတာ အရေအတွက် မည်မျှ ရှိသနည်း။ | မေးခွန်း ၂ – သင်၏ အိမ်တွင် လက်ကိုင်ဖုန်း အရေအတွက် မည်မျှ ရှိသနည်း။ |
| | ဖြေကြားသူများ၏ ကြိမ်နှုန်း | ဖြေကြားသူများ၏ ကြိမ်နှုန်း |
| ၀ | ၃ | ၀ |
| ၁ | ၃ | ၁ |
| ၂ | ၁ | ၂ |
| ၃ | ၂ | ၂ |
| ၄ | ၁ | ၄ |
| ၅ | ၀ | ၁ |
| စုစုပေါင်း | **၁၀** | **၁၀** |


## လေ့ကျင့်ခန်း – မှန်ကန်သော ထုတ်ပြန်ချက်များကို ခွဲခြားဖော်ထုတ်ပါ

စက်ဝိုင်းဇယားပေါ်တွင် အခြေခံ၍ –

၁။ လူဦးရေ၏ ၆၀% သည် အသက် ၁၆ နှစ်ကျော်မှသာလျှင် တက္ကသိုလ်ဝင် စာမေးပွဲကို ဖြေဆိုခဲ့ကြသည်။

၂။ လူဦးရေ၏ ၉၀% သည် အသက် ၂၀ အောက်တွင် တက္ကသိုလ်ဝင် စာမေးပွဲကို ဖြေဆိုခဲ့ကြသည်။

၃။ လူဦးရေ၏ ၂၀% သည် အသက် ၁၈ နှစ်အရွယ်တွင် တက္ကသိုလ်ဝင် စာမေးပွဲကို ဖြေဆိုခဲ့ကြသည်။




## လေ့ကျင့်ခန်း – စက်ဝိုင်းဇယားတစ်ခု ဖန်တီးရေးဆွဲပါ

၁။ အိမ်ရှိလျှပ်စစ်ပစ္စည်းများ ကြိမ်နှုန်းပြဇယားမှ ဒေတာများကို ဖတ်ရှုပြီး မေးခွန်း ၂ မှ ဒေတာများပေါ် အခြေခံ၍ ရာခိုင်နှုန်းပြ စက်ဝိုင်းဇယားတစ်ခု ရေးဆွဲပါ။ ၎င်းဇယားတွင် ခေါင်းစဉ်တစ်ခု၊ တန်ဖိုးများနှင့် ဒေတာများကို မှန်ကန်စွာ ထည့်သွင်းမိစေရန် ဂရုပြုပါ။

၂။ နှစ်ယောက်တစ်တွဲစီဖြင့် တွဲဖက်၏ ဇယားများကို အပြန်အလှန် စစ်ဆေးပါ။

## လုပ်ငန်းစဉ် – အရေအတွက်စံပြု ဒေတာများဖြင့် အတူလုပ်ကိုင်ခြင်း

သောက်သုံးရေပြဿနာများဆိုင်ရာ ရပ်ရွာစစ်တမ်း (၁) နှင့် ဖြေကြားသူများ၏ အဖြေများကို မှတ်တမ်းတင်ထားသည့် ဒေတာဇယား (၂) တို့ကို ကြည့်ရှုပါ။

၁

| သောက်သုံးရေပြဿနာများဆိုင်ရာ ရပ်ရွာစစ်တမ်း | | |
|---|---|---|
| **မေးခွန်းများ** | **အဖြေများ** | **သင်္ကေတ** |
| မေး ၁ – အသက်အရွယ်ကို ဖော်ပြပါ။ | ၁၈ နှစ်အောက် | ၁ |
| | ၁၈–၂၉ | ၂ |
| | ၃၀–၃၉ | ၃ |
| | ၃၉–၅၀ | ၄ |
| | ၅၀ နှစ်အထက် | ၅ |
| မေး ၂ – မည်သည့်နေရာဒေသတွင် နေထိုင်ပါသနည်း။ | မြို့ပြ | ၁ |
| | ကျေးလက်ဒေသ | ၂ |
| | မြို့ငယ်လေး | ၃ |
| မေး ၃ – သင်၏ အိမ်ရာ အဆောက်အအုံ၏ အခြေအနေကို ဖော်ပြပါ။ | ပိုင်ဆိုင်သည် | ၁ |
| | ငှားရမ်းသည် | ၂ |
| | မိသားစုနှင့်အတူ | ၃ |
| | နေထိုင်သည် | ၄ |
| | အခြား | ၅ |
| မေး ၄ – သင်၏ အိမ်တွင် လူဦးရေမည်မျှ နေထိုင်သနည်း။ | | |
| မေး ၅ – သန့်ရှင်းသော သောက်သုံးရေကို နေ့စဉ်အလွယ်တကူ ရရှိသုံးစွဲနိုင်ပါသလား။ | ဟုတ်ပါသည် | ၁ |
| | မဟုတ်ပါ | ၂ |
| မေး ၆ – သောက်သုံးရေကို မည်သည့်နေရာမှ ရရှိပါသနည်း။ | ရေပိုက်ခေါင်း | ၁ |
| | ရေဗူး | ၂ |
| | ရေတွင်း | ၃ |
| | မြစ် | ၄ |
| | အခြား | ၅ |

၁။ မေးခွန်းများကို ဖြေဆိုပါ။
- (က) မည်သည့်မေးခွန်းများသည် ကိန်းဂဏန်း ဒေတာများဖြစ်ကြပြီး မည်သည့်မေးခွန်းများသည် အမျိုးအစားဆိုင်ရာ မေးခွန်းများ ဖြစ်ပါသနည်း။
- (ခ) ပါဝင်ဖြေကြားသူများထဲမှ သန့်ရှင်းသော သောက်သုံးရေကို နေ့စဉ်အလွယ်တကူ ရရှိသူဦးရေ မည်မျှရှိပါသနည်း။
- (ဂ) ပါဝင်ဖြေကြားသူများထဲမှ သန့်ရှင်းသော သောက်သုံးရေကို နေ့စဉ်အလွယ်တကူ ရရှိသူ ရာခိုင်နှုန်း မည်မျှရှိသနည်း။
- (ဃ) လူသုံးများသော သောက်သုံးရေ ရင်းမြစ်မှာ အဘယ်နည်း။

၂။ အစီရင်ခံစာ (၃) ကို ဖတ်ရှုပြီး ကွက်လပ်များကို မှန်ကန်သော စကားလုံးနှင့် နံပါတ်များဖြင့် ဖြည့်စွက်ပါ။

၃။ တစ်ဖက်ပါ စာမျက်နှာရှိ ကားချပ်နှစ်ခု (၄) တွင် မည်သည့်အရာများကို ဖော်ပြထားသနည်း။

၄။ ကားချပ် (ခ) ထဲရှိ ကွက်လပ်ထဲတွင် မည်သည့် စကားလုံးများကို ဖြည့်စွက်သင့်သနည်း။

၂

**ဒေတာဇယား**

| ဖြေကြားသူ | မေး ၁ | မေး ၂ | မေး ၃ | မေး ၄ | မေး ၅ | မေး ၆ |
|---|---|---|---|---|---|---|
| ၁ | ၂ | ၁ | ၃ | ၃ | ၂ | ၂ |
| ၂ | ၁ | ၁ | ၃ | ၆ | ၁ | ၂ |
| ၃ | ၃ | ၁ | ၂ | ၁ | ၁ | ၁ |
| ၄ | ၄ | ၂ | ၄ | ၆ | ၂ | ၂ |
| ၅ | ၃ | ၂ | ၂ | ၂ | ၂ | ၁ |
| ၆ | ၄ | ၂ | ၁ | ၅ | ၂ | ၄ |
| ၇ | ၅ | ၃ | ၁ | ၉ | ၂ | ၃ |
| ၈ | ၃ | ၃ | ၂ | ၁ | ၂ | ၃ |

## နိဒါန်း

မြန်မာနိုင်ငံရှိ သောက်သုံးရေပြဿနာမှာ လူအများကြုံတွေ့နေရသော ပြဿနာဖြစ်သော်လည်း သောက်သုံးရေ လိုအပ်မှုသည် တိုးမြင့်လျက်ရှိသည်။ ဤသုတေသနသည် မြန်မာနိုင်ငံမှ သောက်သုံးရေပြဿနာ၏ အတိမ်အနက်ကို လေ့လာပြီး မတူခြားနားသည့် နေရာဒေသမှ လူများ၏ သောက်သုံးရေရရှိမှု အခြေအနေများကို နှိုင်းယှဉ်ပါသည်။

## နည်းလမ်းများ


သုတေသနတွင် စစ်တမ်းများကို အသုံးပြုပြီး ဒေတာများကို (က) ________________ လူ *(၆ ဦး/၈ ဦး)* ထံမှ ကောက်ယူခဲ့ခြင်းဖြစ်သည်။ အဖြေများကို မြို့ပြနှင့် ကျေးလက်ဒေသနှစ်ခုစလုံးမှ သိရှိလိုသည့်အတွက် (ခ) ________________ *(ကျပန်း/စိစစ်ရွေးချယ်)* နမူနာကောက်ယူခြင်းနည်းလမ်းကို အသုံးပြုခဲ့ပါသည်။ ပိုမိုပြီး (ဂ) ________________ *(ယုံကြည်လက်ခံနိုင်သော/ကိုးစားနိုင်သော)* နှိုင်းယှဉ်ချက်များ ရရှိရန်အတွက် အပိတ်မေးခွန်းကိုသာ အသုံးပြုသော စစ်တမ်းမေးခွန်းလွှာကို အသုံးပြုခဲ့ပါသည်။ မေးခွန်းလွှာတွင် မေးခွန်း ၆ ခု ပါပါသည်။ မေးခွန်းလွှာများကို ရန်ကုန်မြို့ရှိ ကမာရွတ်မြို့နယ်နှင့် ပဲခူးမြို့ရှိ ကဝမြို့နယ်တို့တွင် ကောက်ယူခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်တမ်းကောက်ယူခြင်း ပြီးဆုံးခဲ့ပါသည်။


## ရလဒ်များ

ခန့်မှန်းခြေ (ဃ) ________________ *(၂၅/၇၅)* % သော လူဦးရေက သောက်သုံးရေ ရရှိရန်အတွက် အခက်အခဲ ကြုံတွေ့ရသည်ဟု ဖြေကြားထားခြင်းကို တွေ့ရှိခဲ့ရပါသည်။ မြို့ပြနှင့် ကျေးလက်ဒေသနှစ်ခုကို နှိုင်းယှဉ်ကြည့်သည့်အခါတွင် (င) ________________ *(မြို့ပြ/ကျေးလက်)* ဒေသများရှိ လူများက သန့်ရှင်းသော သောက်သုံးရေ ရရှိရေးသည် ပြဿနာတစ်ခုဖြစ်သည်ဟု ဖြေဆိုမှု ပိုမိုများပြားကြောင်းကို တွေ့ရှိခဲ့ရပါသည်။

၃

၄



## လုပ်ငန်းစဉ် – အရေအတွက်စံပြု ဒေတာများကို ကောက်ယူပြီး ခွဲခြမ်းစိတ်စစ်ပါ

၁။ သောက်သုံးရေပြဿနာများဆိုင်ရာ ရပ်ရွာစစ်တမ်းများကို လူ ၄ ဦးအား မေးမြန်းပါ။ ၎င်းတို့၏ ဖြေကြားချက်များကို ဒေတာဇယားထဲတွင် ရေးသွင်းပါ။

၂။ နှစ်ယောက်တစ်တွဲစီ (သို့) အဖွဲ့ငယ်များဖြင့် ဒေတာများကို ပေါင်းစည်းပြီး ဒေတာဇယားထဲတွင် ရေးချပါ။

၃။ အဆိုပါ ဒေတာများပေါ် အခြေခံပြီး ဘားချပ်နှင့် စက်ဝိုင်းဇယားတစ်ခုစီ ရေးဆွဲပါ။ ၎င်းတို့တွင် ခေါင်းစဉ်၊ အရေအတွက်နှင့် ဒေတာများကို မှန်ကန်စွာ ဖြည့်သွင်းပါ။ ဘားချပ်တွင် X ဝင်ရိုးအမည်နှင့် Y ဝင်ရိုးအမည် မကျန်ခဲ့စေရန် ဂရုပြုပါ။

**ဒေတာဇယား**

| ဖြေကြားသူ | မေး ၁ | မေး ၂ | မေး ၃ | မေး ၄ | မေး ၅ | မေး ၆ |
|---|---|---|---|---|---|---|
| ၁ | | | | | | |
| ၂ | | | | | | |
| ၃ | | | | | | |
| ၄ | | | | | | |



## ဖြစ်ရပ်လေ့လာချက် – ဖြစ်ရပ်လေ့လာချက်ကို ခွဲခြမ်းစိတ်ဖြာပါ

ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရှုပြီး မေးခွန်းများကို ဖြေဆိုပါ။

၁။ SPSS ဆိုသည်မှာ အဘယ်နည်း။

၂။ ဒေတာများမှနေ၍ အစီရင်ခံစာတစ်စောင်အတွက် အသုံးဝင်မည့် မည်သည့်အရာများကို SPSS ပရိုဂရမ်က ဖန်တီးပေးနိုင်သနည်း။

၃။ SPSS ပရိုဂရမ်သည် မည်သည့် သုတေသနစီမံကိန်း အမျိုးအစားအတွက် အသုံးဝင်နိုင်ပါသနည်း။ အဘယ်ကြောင့်နည်း။

### Statistical Package for the Social Sciences (SPSS)

Statistical Package for the Social Sciences (SPSS) ကို အရေအတွက်စံပြု ဒေတာစီမံခန့်ခွဲမှုနှင့် ခွဲခြမ်းစိတ်ဖြာချက်တို့အတွက် အသုံးပြုပါသည်။ ၎င်းသည် ဒေတာများကို ကိန်းဂဏန်းအချက်အလက်ဆိုင်ရာ ခွဲခြမ်းစိတ်ဖြာရာတွင် တိကျလျင်မြန်စွာ တွက်ချက်နိုင်ရန် အသုံးပြုသည့် ကွန်ပျူတာ ပရိုဂရမ်တစ်ခုဖြစ်သည်။ SPSS ပရိုဂရမ်ကို ဇယားများတွင် ထည့်သွင်းရသည့် ကိန်းဂဏန်းနှင့် အမျိုးအစားဆိုင်ရာ ဒေတာများအတွက် အသုံးပြုပါသည်။

SPSS ပရိုဂရမ်ကို **excel ပရိုဂရမ်**၊ စာသားသီးသန့်ပါသည့် အီလက်ထရောနစ်စာရွက်များ သို့မဟုတ် အခြားသော **အချက်အလက်များ** အစရှိသည့် ပရိုဂရမ်များမှ ဒေတာများနှင့်အတူ ပုံမှန်အားဖြင့် အသုံးပြုပါသည်။ ဒေတာများကို SPSS ပရိုဂရမ်အတွင်းသို့ ကူးပြောင်းပေးရသည်။ ဒေတာများ သွင်းပြီးသည့်အခါတွင် အခြေခံရှင်းလင်းဖော်ပြသည့် ကိန်းဂဏန်းများကို တွက်ချက်ရန် (ဥပမာ – ပျမ်းမျှကိန်း) နှင့် ပိုမိုခက်ခဲသည့် ကိန်းဂဏန်းတွက်ချက်ရန် (ဥပမာ – t-tests, ဆုတ်ယုတ်မှုများနှင့် အုပ်စုများကို ခွဲခြမ်းစိတ်ဖြာခြင်း) အတွက် ၎င်းဒေတာများကို အသုံးပြုနိုင်ပါသည်။ အဆိုပါ ခက်ခဲရှုပ်ထွေးသည့် ကိန်းဂဏန်းတွက်ချက်မှုများသည် ကွန်ပျူတာအသုံးမပြုလျှင် တွက်ချက်ရန် အလွန်ရှုပ်ထွေးလွန်းသည့် ဒေတာများအကြား ဆက်နွယ်မှုများကို ဖော်ပြရာတွင် အကူအညီပေးပါသည်။ ထို့အတူ SPSS သည် စာအုပ်ထုတ်သည့်အခါတွင် ထည့်သွင်းအသုံးပြုနိုင်မည့် ကားချပ်များနှင့် ဇယားများကိုလည်း ဖန်တီးပေးနိုင်ပါသည်။

ဥပမာ – သုတေသီတစ်ဦးသည် စျေးဆိုင်များတွင် ပလပ်စတစ်အသုံးပြုမှုအကြောင်း သုတေသနပြုစုနေသည်ဆိုပါစို့။ သူမက လူအများအနေဖြင့် စျေးဝယ်ကြသည့်အခါတွင် ပလပ်စတစ်အိတ် မည်မျှအသုံးပြုကြကြောင်း မေးမြန်းကြည့်သည်။ ထို့နောက် လူများက အစားအစာ၊ သန့်ရှင်းရေးပစ္စည်းများ၊ စာရေးကိရိယာများ ဝယ်ယူသည့်အခါတွင် အသုံးပြုသည့် ပျမ်းမျှ ပလပ်စတစ်အိတ် အရေအတွက်နှင့် အသုံးပြုပြီးသား ပလပ်စတစ်အိတ်များကို မည်သည့်နေရာသို့ ရောက်ရှိသွားကြောင်းကို တွက်ချက်ရန် SPSS ပရိုဂရမ်ကို အသုံးပြုသည်။ စုစုပေါင်းအနေဖြင့် လူပေါင်း ၃၀၀၀ ဦးကို စစ်တမ်းကောက်ယူခဲ့သည်။ သူမသည် SPSS ပရိုဂရမ်ကို အသုံးပြုခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းပရိုဂရမ်သည် များစွာသော ဒေတာများကို ခွဲခြမ်းစိတ်ဖြာရန်အတွက် လွယ်ကူလျင်မြန်စေသည့်အတွက်ကြောင့်ဖြစ်သည်။ ၎င်းကို အသုံးပြုခြင်းဖြင့် အောက်ပါအတိုင်း နိဂုံးချုပ်ကောက်ချက်များ ချမှတ်နိုင်စေပါသည်။

- လူဦးရေ၏ ၇၆.၂% သည် စျေးဝယ်စင်တာသို့ သွားသည့်အခါတွင် ပလပ်စတစ်အိတ် ၃–၄ အိတ်ခန့် အသုံးပြုကြသည်။
- အသားငါး ထုတ်ပိုးသယ်ဆောင်သည့် ပလပ်စတစ်အိတ် ၉၇.၈% သည် အမှိုက်ပုံးထဲသို့ တိုက်ရိုက်စွန့်ပစ်ခြင်းခံရသည်။
- စာရေးကိရိယာ သယ်ယူရန် အသုံးပြုသည့် ပလပ်စတစ်အိတ်၏ ၁၂% ကိုသာလျှင် ပြန်လည်အသုံးပြုကြသည်။
- လူတစ်ယောက်၏ ဝင်ငွေမြင့်မားလာသည်နှင့်အမျှ စျေးဝယ်ထွက်သည့်အခါတွင် ပလပ်စတစ်အိတ်များကို ပိုပြီး ပြန်လည်အသုံးချသည့်ပုံစံ တွေ့ရှိရသည်။

SPSS ပရိုဂရမ်သည် အရေအတွက်စံပြု ဒေတာများကို ခွဲခြမ်းစိတ်ဖြာသည့် ပရိုဂရမ်များစွာထဲမှ တစ်ခုဖြစ်သည်။ အခြားပရိုဂရမ်များတွင် R, Python, State နှင့် Tableau အစရှိသည်တို့ ပါဝင်သည်။

## သင်တို့၏ သုတေသနစီမံကိန်း – ကားချပ်များနှင့် ဇယားများ

သုတေသနမေးခွန်းတစ်ခုကို စဉ်းစားပါ။ အဆိုပါမေးခွန်းသည် ရှေ့မှ သင်ခန်းစာတွင် အသုံးပြုခဲ့သော ခေါင်းစဉ်လည်း ဖြစ်နိုင်သကဲ့သို့ စိတ်ဝင်စားသည့် အခြားအကြောင်းအရာ ခေါင်းစဉ်တစ်ခုလည်း ဖြစ်နိုင်သည်။

၁။ ကားချပ်များနှင့် ဇယားများသည် သင်တို့၏ သုတေသနမေးခွန်းအတွက် သင့်လျော်မှုရှိပါသလား။ သင်တို့၏ သုတေသန ရှာဖွေတွေ့ရှိချက်များကို တင်ဆက်ဖော်ပြရန်အတွက် ကားချပ်များနှင့် ဇယားများကို မည်သို့ အသုံးပြုနိုင်ပါသနည်း။

၂။ နှစ်ယောက်တစ်တွဲစီဖြင့် မေးခွန်းနံပါတ် ၁ ကို ဆွေးနွေးကြပါ။

## ဆွေးနွေးချက်

၁။ ရှင်းလင်းဖော်ပြပေးသော ကိန်းဂဏန်းအချက်အလက် တွက်ချက်မှုများကို မည်သည့်အချိန်တွင် အကောင်းဆုံး အသုံးပြုနိုင်သနည်း။

၂။ ကားချပ်များနှင့် ဇယားများကို မည်သည့်အချိန်တွင် အကောင်းဆုံး အသုံးပြုနိုင်ပါသနည်း။

# အခန်း ၉ -
# အရည်အသွေးစံပြု ဒေတာများကို ခွဲခြမ်းစိတ်ဖြာခြင်း




## သင်ယူလေ့လာရေး ရည်မှန်းချက်များ

### ဗဟုသုတ

ဤအခန်းတွင် အောက်ပါအချက်များနှင့် ပတ်သက်သော သင်တို့၏ ဗဟုသုတများ တိုးပွားလာပါလိမ့်မည်။

- အရည်အသွေးစံပြု ဒေတာများ ခွဲခြမ်းစိတ်ဖြာချက်။
- အရည်အသွေးစံပြု ဒေတာများကို သင်္ကေတရေးသားခြင်း။
- ခေါင်းစဉ်အကြောင်းအရာ ခွဲခြမ်းစိတ်ဖြာချက်။
- ကွန်ပျူတာအသုံးပြု၍ ခွဲခြမ်းစိတ်ဖြာချက်။

### ကျွမ်းကျင်မှုများ

ဤအခန်းတွင် အောက်ပါအချက်များနှင့် ပတ်သက်သော သင်တို့၏ စွမ်းရည်များကို လေ့ကျင့်သွားရပါလိမ့်မည်။


- အရည်အသွေးစံပြု ဒေတာများ ခွဲခြမ်းစိတ်ဖြာချက်အတွက် အဆင့်များကို ရှင်းပြရန်။
- အရေအတွက်စံပြုနှင့် အရည်အသွေးစံပြု ဒေတာများကို သင်္ကေတရေးသားခြင်းတို့အကြား ခွဲခြားဖော်ထုတ်ရန်။
- ခေါင်းစဉ်အကြောင်းအရာ ခွဲခြမ်းစိတ်ဖြာချက်များကို အရည်အသွေးစံပြု ဒေတာများတွင် ထည့်သွင်းအသုံးပြုရန်။

# ၉.၁ - အရည်အသွေးစံပြု ဒေတာများကို ခွဲခြမ်းစိတ်စစ်ခြင်း

## အကြိုလေ့လာချက်

သုတေသီတစ်ဦးက အစားအစာ အန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်သည့် အသိအမြင်ဆိုင်ရာ စီမံကိန်းတစ်ခု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် စားသောက်ဆိုင် စားပွဲထိုးများကို လူတွေ့မေးမြန်းခဲ့သည်။ သုတေသီက လူတွေ့မေးမြန်းခြင်း ၃ ကြိမ် ပြုလုပ်ခဲ့သည်။ သူမက လူတွေ့မေးမြန်းမှုများကို ဖုန်းဖြင့် မှတ်တမ်းတင် အသံသွင်းခဲ့ပြီး လူတွေ့မေးမြန်းမှုတစ်ခု ပြီးသွားသည့်အခါတွင် မှတ်စုများကို ထပ်ပေါင်းရေးသွင်းခဲ့သည်။

လူတွေ့မေးမြန်းမှုများ ပြီးဆုံးသွားသည့်အခါတွင် မည်သည့်အဆင့်ကို သူမအနေဖြင့် ဆောင်ရွက်သင့်ပါသနည်း။




## အရည်အသွေးစံပြု ဒေတာများကို ခွဲခြမ်းစိတ်စစ်ခြင်း အဆင့်များ

အရည်အသွေးစံပြု ဒေတာများကို ခွဲခြမ်းစိတ်စစ်ရာတွင်လည်း အဆင့် ၃ ဆင့် ရှိပါသည်။ ၎င်းတို့မှာ –

**အဆင့် ၁ – ဖွဲ့စည်းပါ**

- ခွဲခြမ်းစိတ်စစ်ရန်အတွက် သင့်လျော်သည့် ပုံစံအနေအထား ရှိစေရန်အတွက် ဒေတာများကို ခွဲခြားဖွဲ့စည်းပါ။
- လိုအပ်ပါက ဒေတာများကို ကူးပြောင်းရေးချပါ။
- ဒေတာများကို အမည်ပေးပြီး ဖြေကြားချက်များကို အနှစ်ချုပ်ရေးသားပါ (သင်္ကေတ သတ်မှတ်ပါ။ coding)

**အဆင့် ၂ – ခွဲခြမ်းစိတ်စစ်ပါ**


- ဒေတာများထဲမှ မတူခြားနားသည့် အစိတ်အပိုင်းများအကြား ဆက်နွှယ်မှုများကို စူးစမ်းရှာဖွေပါ။
- ဒေတာများအတွင်းရှိ အုပ်စုများအကြား ဆင်တူညီချက်များနှင့် ကွဲပြားခြားနားချက်များကို ရှာဖွေပါ။
- ဒေတာများအတွင်း ထပ်ခါထပ်ခါ မြင်တွေ့ရသော ခေါင်းစဉ် အကြောင်းအရာများကို ခွဲခြားဖော်ထုတ်ပါ။

**အဆင့် ၃ – နိဂုံးချုပ်ပါ**

- နိဂုံးချုပ် ကောက်ချက်များ ချမှတ်ပါ။
- သင်၏ နိဂုံးချုပ်ကောက်ချက်များသည် သုတေသန မေးခွန်းများနှင့် ချိတ်ဆက်မှုရှိအောင် ဆောင်ရွက်ပါ။
- ဒေတာများအတွင်းရှိ ခေါင်းစဉ်အကြောင်းအရာများနှင့် ပတ်သက်ပြီး ပါဝင်ဖြေကြားသူများ၏ မတူခြားနားသည့် အမြင်ရှုထောင့်များကို ရှင်းပြပါ (လိုအပ်ပါက)။

**လုပ်ငန်းစဉ် – နှိုင်းယှဉ်ခွဲခြား ဖော်ထုတ်ပါ**

အရည်အသွေးစံပြု ခွဲခြမ်းစိတ်စစ်ချက် လုပ်ငန်းစဉ်နှင့် အရေအတွက်စံပြု ခွဲခြမ်းစိတ်စစ်ချက်လုပ်ငန်းစဉ် (စာ ၁၀၉ တွင် ကြည့်ပါ) တို့ကို နှိုင်းယှဉ်ပါ။ ဆင်တူညီချက်များနှင့် ကွဲပြားခြားနားချက်များမှာ အဘယ်နည်း။




## အရည်အသွေးစံပြု ခွဲခြမ်းစိတ်စစ်ခြင်းတွင် သင်္ကေတသတ်မှတ်ရေးသားခြင်း (Coding)

အရည်အသွေးစံပြု ခွဲခြမ်းစိတ်စစ်ခြင်းတွင် သင်္ကေတသတ်မှတ်ရေးသားခြင်း (coding) ဆိုသည်မှာ အရေးပါသော အမြင်များကို ခွဲခြားဖော်ထုတ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် ဒေတာအစိတ်အပိုင်းများကို အမည်ပေးခြင်း ဖြစ်သည်။ သင်္ကေတသတ်မှတ်ရေးသားခြင်း (coding) တွင် စကားလုံးတစ်လုံး (သို့မဟုတ် စကားလုံးများ) ကို စာသားတစ်ပိုဒ်ဘေးတွင် ရေးသားခြင်းဖြစ်သည်။ အဆိုပါ စကားလုံးသည် စာပိုဒ်ကြီးတစ်ခုခုကို ရှင်းပြနိုင်သည် သို့မဟုတ် အနှစ်ချုပ်ဖော်ပြနိုင်သည်။ ဥပမာ – စီးပွားရေးလုပ်ငန်း၏ စိန်ခေါ်မှုများအကြောင်း သုတေသန ပြုစုနေသည်ဆိုပါက သုတေသနတွင် ပါဝင်ဖြေကြားသူများက ငွေးရမ်းခြင်း စိန်ခေါ်မှုများအကြောင်း ပြောလာနိုင်သည်။ သုတေသီက မှတ်စုတိုများဘေးတွင် ငွေးရမ်းခြင်းဆိုသည့် စကားလုံးကို နောက်တစ်ကြိမ်ပြန်လည်ရှာဖွေရာတွင် အလွယ်တကူ မြင်တွေ့နိုင်ရန်အတွက် ရေးသားနိုင်သည်။ ငွေးရမ်းမှုအကြောင်း ဖော်ပြထားသည့် အခြားစာပိုဒ်များဘေးတွင်လည်း အဆိုပါ သင်္ကေတကို ရေးသားရမည်။ သင်တို့ ရေးသားသည့် သင်္ကေတများ (code) ကို စာရင်းပြုစုထားခြင်းကလည်း အထောက်အကူပေးနိုင်ပါသည်။

သင်္ကေတများ (codes) အမျိုးအစားနှစ်မျိုးမှာ **ကြိုတင်သတ်မှတ်ထားသည့် သင်္ကေတများနှင့် သုတေသနအတွင်း ထွက်ပေါ်လာသော သင်္ကေတများ** (codes) ဖြစ်ပါသည်။

ကြိုတင်သတ်မှတ်ထားသည့် သင်္ကေတများကို ဒေတာများအား ခွဲခြမ်းစိတ်ဖြာခြင်းမပြုလုပ်မီ သတ်မှတ်စီစဥ်ထားသည်။ ဥပမာ – သုတေသီများက ဈေးကွက်စီးပွားရေးလုပ်ငန်း၏ စိန်ခေါ်မှုများအကြောင်း လေ့လာနေသည်ဆိုပါက ၎င်းတို့တွင် ကြိုတင်သတ်မှတ်ထားသည့် ငွေရမ်းခြင်းဆိုသည့် သင်္ကေတစကားလုံး ရှိနေနိုင်ပါသည်။ ငွေရမ်းခြင်းဆိုသည့် စကားလုံးကို သင်္ကေတအဖြစ် သင်က ခွဲခြားဖော်ထုတ်ထားသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းစကားလုံးသည် စီးပွားရေးလုပ်ငန်းများ၏ စိန်ခေါ်မှုတစ်ခုဖြစ်ကြောင်း သင်သိထားသည့်အတွက်ကြောင့်ဖြစ်သည်။

ထွက်ပေါ်လာသော သင်္ကေတဆိုသည်မှာ သုတေသီတစ်ဦးက ဒေတာများကို ခွဲခြမ်းစိတ်ဖြာနေသည့်အခါတွင် ခွဲခြားဖော်ထုတ်တွေ့ရှိလာသော သင်္ကေတတစ်ခုဖြစ်သည်။ ဥပမာ – ဈေးကွက်စီးပွားရေးလုပ်ငန်းများ၏ စိန်ခေါ်မှုများအကြောင်း သုတေသနပြုစုနေပါက သုတေသီတစ်ဦးအနေဖြင့် ပါဝင်ဖြေကြားသူအများစုက ဘာသာစကား ကိစ္စရပ်များအကြောင်း ဆွေးနွေးကြသည်ကို သတိထားမိနိုင်သည်။ သုတေသီက လူတွေ့မေးမြန်းမှုများအတွင်း ဘာသာစကား ကိစ္စရပ်များအကြောင်း ဖြေကြားလာမည်ဟု မမျှော်လင့်ထားသည့်တိုင် ပါဝင်ဖြေကြားသူများက မကြာခဏ ထည့်သွင်း ဆွေးနွေးလာသည့်အခါတွင် သုတေသီများက ဘေးဖယ်ထား၍ မရတော့ပေ။ ထို့နောက် သုတေသီက ၎င်းအကြောင်းအရာ (စကားလုံး) ကို သင်္ကေတတစ်ခုအဖြစ် ခွဲခြားဖော်ထုတ်သတ်မှတ်ရပါလိမ့်မည်။

သုတေသီများက ၎င်းတို့၏ ဒေတာခွဲခြမ်းစိတ်ဖြာချက်များတွင် ကြိုတင်သတ်မှတ်ထားသည့် သင်္ကေတများနှင့် ထွက်ပေါ်လာသော သင်္ကေတများ နှစ်မျိုးစလုံးကို မကြာခဏ ထည့်သွင်းအသုံးပြုရပါသည်။

## လုပ်ငန်းစဉ် – စာပိုဒ်များနှင့် သင်္ကေတများကို တွဲစပ်ပါ

သုတေသန မေးခွန်းမှာ 'မြန်မာအမျိုးသမီးငယ်များသည် အလုပ်အကိုင်အတွက် နိုင်ငံရပ်ခြားသို့ အဘယ်ကြောင့် ရွှေ့ပြောင်းကြသနည်း' ဟူ၍ဖြစ်သည်။

၁။ သင်္ကေတများ (က–စ) တို့ကို ဖြေကြားချက်များ (i-vii) တို့ဖြင့် တွဲစပ်ပါ။ (သင်္ကေတတစ်ခုကို တစ်ခုထက်ပိုသော ဖြေကြားချက်များဖြင့် တွဲစပ်နိုင်သည်)

၂။ မည်သည့် သင်္ကေတ (က–စ ထဲမှ) သည် ဖြေကြားချက်များနှင့် တွဲစပ်ရာတွင် ပါဝင်မှုမရှိသနည်း။

၃။ ဖြေကြားချက်များထဲမှ တွေ့ရှိရသော အသစ်ပေါ်ထွက်လာသည့် ဖြစ်နိုင်ခြေရှိသော သင်္ကေတများကို ခွဲခြားဖော်ထုတ်ပါ။

၄။ အကယ်၍ သုတေသန မေးခွန်းသည် 'လူငယ်များအနေဖြင့် ၎င်းတို့၏ အလုပ်တွင် မည်သည့်အရာများကို လိုချင်ကြသနည်း' ဟူ၍ ဖြစ်နေပါက အောက်တွင်ပေးထားသော သင်္ကေတများထဲမှ မည်သည့် သင်္ကေတများသည် ဆက်နွှယ်မှု ရှိနိုင်ပါသနည်း။ မည်သည့် သင်္ကေတများကို ပြောင်းလဲသွားမည်နည်း သို့မဟုတ် ထပ်မံပေါင်းထည့်ဖြစ်မည်နည်း။



**သင်္ကေတများ (Codes)**

(က) ငွေကြေး
(ခ) အလုပ်အတွေ့အကြုံ
(ဂ) မိမိနေထိုင်ရာဒေသတွင် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်း
(ဃ) ခရီးသွားလိုစိတ်ရှိခြင်း
(င) ကျွမ်းကျင်တတ်မြောက်မှု မရှိခြင်း
(စ) နိုင်ငံရေး

**ဖြေကြားချက်များ**

i. 'ကျွန်ုပ်တို့ရွာတွင် လူငယ်များအတွက် အလုပ်အကိုင် ရှာဖွေရတာ မလွယ်ကူပါဘူး။ NGO အလုပ်အကိုင်တွေ ရှိနေသော်လည်း တတ်ကျွမ်းမှုရှိဖို့လည်းလိုပါတယ်။ NGO ဝန်ထမ်းတွေဟာ ခရီးသွားလာခွင့် ရရှိကြသည့်အတွက် NGO အဖွဲ့အစည်းတွေမှာ ကျွန်တော်/ ကျွန်မ အလုပ်လုပ်ချင်ပါတယ်။'

ii. 'ကျွန်မရည်းစားက မိုင်းတွင်းမှာ အလုပ်လုပ်ပါတယ်။ ဒီအလုပ်ဟာ အန္တရာယ်များပြီး ကျန်းမာရေးထိခိုက်စေတဲ့အပြင် လစာနည်းပါးတဲ့အတွက် မိုင်းတွင်းမှာ အလုပ်လုပ်ရတာ သူမကြိုက်ပါဘူး။ ဒါပေမဲ့ သူ့အမေမှာ ကင်ဆာရောဂါရှိတာကြောင့် ဆေးဖိုးဝါးခအတွက် ပိုက်ဆံရှာဖို့ မဖြစ်မနေ လုပ်ကိုင်နေရပါတယ်။ တက္ကသိုလ်တက်ဖို့လည်း အချိန်မပေးနိုင်ဘူး ဖြစ်နေပါတယ်။'

iii. 'ကျွန်တော်ကတော့ ဈေးမှာ သစ်သီးဝလံတွေရောင်းပါတယ်။ နေ့စဥ်နေ့တိုင်း မနက် ၄ နာရီမှာ အိပ်ယာကထရတဲ့အတွက် ပင်ပန်းပြီး မကြာခဏဖျားပါတယ်။ ကျွန်တော့်လိုမျိုး လူငယ်တွေအတွက် အခြားအလုပ်တွေလည်း မရှိပါဘူး။

iv. 'ကျွန်တော် ဘန်ကောက်ကို အလုပ်သွားလုပ်ပါမယ်။ ထိုင်းအစားအစာ ချက်ပြုတ်နည်းကို သင်ယူနိုင်ပြီး အဲ့ဒီမှာရှိတဲ့ ဦးလေးနဲ့ အတူနေပြီးတော့ ပိုက်ဆံစုနိုင်ပါတယ်။ ပြီးရင် ဒီကိုပြန်လာပြီး ထိုင်းအစားအစာ စားသောက်ဆိုင်ဖွင့်မယ်။ ကျွန်တော်က ထိုင်းယဥ်ကျေးမှု၊ အထူးသဖြင့် ထိုင်းအစားအစာကို အလွန်စိတ်ဝင်စားပါတယ်။'

v. 'ရာသီဥတုပြောင်းလဲခြင်းက သီးနှံအထွက်နှုန်းအပေါ် သက်ရောက်မှုရှိလာတဲ့အတွက် မိသားစုပိုင်လယ်ယာမြေက ကျွန်တော်တို့ တစ်မိသားစုလုံးအတွက် လုံလောက်အောင် မထောက်ပံ့ပေးနိုင်ပါဘူး။ ဒါကြောင့် တစ်ဦးဦးက အပြင်ထွက် အလုပ်လုပ်ပြီး ပိုက်ဆံရှာမှသာလျှင် ကျွန်တော်တို့ မိဘတွေ ကောင်းမွန်စွာ နေထိုင်နိုင်မှာပါ။'

vi. 'ကျွန်မအရင်က မြန်မာနိုင်ငံပြင်ပကို တစ်ခါမှ မထွက်ခွာဖူးတဲ့အတွက် နည်းနည်းတော့ ကြောက်စိတ်ဝင်မိပါတယ်။ ကျွန်မရဲ့မောင်လေး ညီမလေးတွေကို ထိန်းတာကလွဲရင် ကလေးထိန်းတစ်ဦးအနေဖြင့်လည်း အရင်ကတစ်ခါမှ မလုပ်ကိုင်ခဲ့ဖူးပါဘူး။'

vii. 'ကျွန်မရဲ့အဒေါ်က စင်ကာပူမှာ နေထိုင်ပြီး အိမ်အကူတွေကို သင်ကြားပေးကာ အလုပ်ခန့်အပ်ပေးတဲ့လူတစ်ဦးနဲ့ မိတ်ဆက်ပေးပါတယ်။ သူတို့က ကျွန်မကို ဗီဇာရအောင်၊ စင်ကာပူမှာ အလုပ်ရအောင် ကူညီပေးမယ်လို့ ပြောတယ်။ စင်ကာပူမှာ အလုပ်လုပ်သည့်အခါ စွမ်းရည်အသစ်တွေ တတ်မြောက်လာပြီး အတွေ့အကြုံများ ရရှိလာမည်ဆိုလျှင် ရန်ကုန်မှာ အလုပ်ပြန်လုပ်တဲ့အခါ အလုပ်ကောင်းကောင်းရရှိနိုင်ပါတယ်။'

## လုပ်ငန်းစဉ် – လူတွေ့မေးမြန်းခြင်း ဖြေကြားချက်များကို သင်္ကေတရေးသားခြင်း

အဓိကသုတေသနမေးခွန်းမှာ 'မြန်မာနိုင်ငံရှိ အမည်ကျော်ကြားသော ရုပ်ရှင်ဇာတ်ကားများထဲမှ မည်သို့သော လူမှုသတင်းစကားများကို ကြားမြင်သိရှိရပါသနည်း။' လူတွေ့မေးမြန်းမှု မေးခွန်းများတွင် ဖြေကြားသူများ၏ အကြိုက်နှစ်သက်ဆုံး ရုပ်ရှင်ဇာတ်ကား အမျိုးအစားများနှင့် ၎င်းဇာတ်ကားများထဲမှ လူမှုသတင်းစကားများအကြောင်း ထည့်သွင်းမေးမြန်းခဲ့သည်။

၁။ လူတွေ့မေးမြန်းခြင်းတစ်ခုချင်းစီတွင် ကြိုတင်သတ်မှတ်ထားသည့် သင်္ကေတ (code) (က) နှင့် (ခ) တို့ဖြင့် တွဲစပ်နိုင်သော အစိတ်အပိုင်းများကို ခွဲခြားဖော်ထုတ်ပါ။

(က) ရုပ်ရှင်ဇာတ်ကား အမျိုးအစားများ။

(ခ) ရုပ်ရှင်ဇာတ်ကားများထဲမှ လူမှုသတင်းစကားများ။

၂။ လူတွေ့မေးမြန်းမှုများကို နောက်တစ်ကြိမ် ဂရုတစိုက် ပြန်လည်ဖတ်ရှုပါ။ နောက်ထပ် ပေါ်ထွက်လာနိုင်ခြေရှိသော သင်္ကေတများ (codes) မှာ အဘယ်နည်း။ အောက်တွင်ပေးထားသော ကွက်လပ်နှစ်ခုတွင် ထွက်ပေါ်လာနိုင်ခြေရှိသော သင်္ကေတများကို ဖြည့်စွက်ပါ။

(ဂ) ________________________________

(ဃ) ________________________________

၃။ လူတွေ့မေးမြန်းခြင်းတစ်ခုချင်းစီ၏ မည်သည့်အစိတ်အပိုင်းများသည် ပေါ်ထွက်လာနိုင်ခြေရှိသော သင်္ကေတ (ဂ) နှင့် (ဃ) တို့ဖြင့် တွဲစပ်နိုင်ပါသနည်း။

**ပါဝင်ဖြေကြားသူ ၁**

**မေး ၁ – သင်၏ အကြိုက်နှစ်သက်ဆုံး ရုပ်ရှင်ဇာတ်ကားမှာ အဘယ်နည်း။**

ရယ်မောရတာ ကြိုက်သည့်အတွက် ဟာသဇာတ်ကားများကို ကြိုက်နှစ်သက်ပါသည်။ ၎င်းတို့က ပျော်ရွှင်မှုလည်း ဖြစ်စေပါသည်။ မြန်မာနိုင်ငံတွင် ဟာသဇာတ်ကားများစွာရှိပြီး အကြိုက်နှစ်သက်ဆုံး ဇာတ်ကားမှာ 'ဝ ဝလုံးနေ' ပဲ ဖြစ်သည်။

**မေး ၂ – ၎င်းရုပ်ရှင်ဇာတ်ကားများတွင် မည်သို့သော လူမှုသတင်းစကားများ ပါဝင်သနည်း။**

၎င်းရုပ်ရှင်ဇာတ်ကားများတွင် ပုံမှန်အားဖြင့် အချစ်ဇာတ်လမ်းနှင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် မေတ္တာထားရမည့် အကြောင်းများပါဝင်သည်။ ပုံမှန်အားဖြင့် ဇာတ်ကြောင်းမှာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ကြင်နာမှုကို ဖော်ပြပြီး စစ်မှန်မှုနှင့် သစ္စာတရားတို့ကို ဖော်ညွှန်းထားပါသည်။



**ပါဝင်ဖြေကြားသူ ၂**

**မေး ၁ – သင်၏ အကြိုက်နှစ်သက်ဆုံး ရုပ်ရှင်ဇာတ်ကားမှာ အဘယ်နည်း။**

စိတ်လှုပ်ရှားဖွယ်ကောင်းသည့် ဇာတ်ကြမ်း ရုပ်ရှင်ကားများကို ကြိုက်နှစ်သက်ပါသည်။ ပုံမှန်အားဖြင့် အပေါင်းအဖော်များဖြင့် ဇာတ်ကြမ်းကားများကို ကြည့်ရှုဖြစ်ပြီး၊ ကြည့်ပြီးသွားသည့်အခါတွင် သတ္တိရှိလာပြီ ៖ သန်မာလာသ ကဲ့သို့ ခံစားကြရပါသည်။

**မေး ၂ – ၎င်းရုပ်ရှင်ဇာတ်ကားများတွင် မည်သို့သော လူမှုသတင်းစကားများ ပါဝင်သနည်း။**

ဇာတ်ကြမ်းရုပ်ရှင်များတွင် လူမှုသတင်းစကားများ သိပ်ပြီး ပါဝင်မှုမရှိကြပါ။ မင်းသားက ရဲစွမ်းသတ္တိရှိပြီး သန်မာ၍ လူဆိုးဖြစ်သူက လူဆင်းရဲများအပေါ် အနိုင်ကျင့်ခြင်းစသည့် မကောင်းမှုများကို ဆောင်ရွက်ကြသည်။ တစ်ခါတစ်ရံတွင် လူဆိုးများက သာမန်လူများကို သတ်ဖြတ်ကြသည်။

**ပါဝင်ဖြေကြားသူ ၃**

**မေး ၁ – သင်၏ အကြိုက်နှစ်သက်ဆုံး ရုပ်ရှင်ဇာတ်ကားမှာ အဘယ်နည်း။**

တေးဂီတနှင့် အကပါဝင်သည့် အိန္ဒိယဇာတ်ကားများကို ကြိုက်နှစ်သက်ပါသည်။

**မေး ၂ – ၎င်းရုပ်ရှင်ဇာတ်ကားများတွင် မည်သို့သော လူမှုသတင်းစကားများ ပါဝင်သနည်း။**

အိန္ဒိယဇာတ်ကားအများစုသည် ဆင်းရဲသောမိသားစုမှ လူနှင့် ချမ်းသာသော မိသားစုမှ လူတစ်ဦးတို့အကြား ချစ်ခြင်းတရားအကြောင်းပဲဖြစ်သည်။ ၎င်းဇာတ်ကားများသည် ထုံးတမ်းစဉ်လာ အချစ်ဇာတ်လမ်းများဖြစ်ပြီး မိသားစုနှင့် ချစ်ခြင်းမေတ္တာအကြောင်းကို ဖော်ကျူးပြသပါသည်။

**ပါဝင်ဖြေကြားသူ ၄**

**မေး ၁ – သင်၏ အကြိုက်နှစ်သက်ဆုံး ရုပ်ရှင်ဇာတ်ကားမှာ အဘယ်နည်း။**

လျှို့ဝှက်စုံထောက် သို့မဟုတ် မှုခင်းဇာတ်လမ်းများ ပါဝင်သည့် လျှို့ဝှက်ဆန်းကြယ် ဇာတ်ကားများကို ကြိုက်နှစ်သက်ပါသည်။ တစ်ယောက်ယောက်က ရာဇဝတ်မှု ကျူးလွန်သူတစ်ဦးဦးကို ရှာဖွေရသည့်အခါတွင် စိတ်လှုပ်ရှားဖွယ်ကောင်းလှပါသည်။

**မေး ၂ – ၎င်းရုပ်ရှင်ဇာတ်ကားများတွင် မည်သို့သော လူမှုသတင်းစကားများ ပါဝင်သနည်း။**

၎င်းဇာတ်ကားများထဲမှ ဖော်ပြချင်သော လူမှုသတင်းစကား များမှာ ဝေဖန်စဉ်းစားရန် လိုအပ်ကြောင်း ဖော်ပြခြင်းဟု ထင်မိပါသည်။ ထို့အတူ အခြားလူများ၏ စဉ်းစားပုံကိုလည်း နားလည်ရန် အရေးကြီးပါသည်။

## ဖြစ်ရပ်လေ့လာချက် – ဖြစ်ရပ်လေ့လာချက်ကို ခွဲခြမ်းစိတ်စစ်ပါ

ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရှုပြီး မေးခွန်းများကို ဖြေဆိုပါ။

၁။ သုတေသနပြုစုခဲ့သည့် အကြောင်းအရာမှာ အဘယ်နည်း။

၂။ ဖြစ်ရပ်လေ့လာချက်တွင် မည်သည့် ပေါ်ထွက်လာနိုင်ခြေရှိသော သင်္ကေတများကို ဖော်ညွှန်းထားပါသနည်း။

၃။ သုတေသနပြုစုနေစဉ်အတွင်း တွေ့ရှိရနိုင်သည့် ထွက်ပေါ်လာနိုင်ခြေရှိသော သင်္ကေတများမှာ အဘယ်နည်း။

၄။ စာရေးသူနှစ်ဦးသည် သင်္ကေတသတ်မှတ်ရေးသားခြင်းနှင့် ခွဲခြမ်းစိတ်စစ်ခြင်းတို့ကို အဘယ်ကြောင့် သီးခြားစီ ဆောင်ရွက်ခဲ့သည်ဟု ထင်ပါသနည်း။

၅။ ဖြစ်ရပ်လေ့လာချက်တွင် စာမျက်နှာ ၁၂၆ မှ အရည်အသွေးစံပြု ခွဲခြမ်းစိတ်စစ်ခြင်း၏ မည်သည့်လုပ်ငန်း တာဝန်များကို မြင်တွေ့ရသနည်း။

### ထိုင်း-မြန်မာနယ်စပ်ရှိ ကိုယ်ဝန်ဆောင် ရွှေ့ပြောင်းလုပ်သားများနှင့် ဒုက္ခသည်များ၏ စိတ်ကျန်းမာရေးအပေါ် အမြင်ရှုထောင့်များ



ဤသုတေသနသည် ထိုင်း–မြန်မာနယ်စပ်တစ်လျှောက်တွင် နေထိုင်လုပ်ကိုင်နေကြသည့် ကိုယ်ဝန်ဆောင် ရွှေ့ပြောင်းလုပ်သားများနှင့် ဒုက္ခသည်အမျိုးသမီးများ၏ စိတ်ကျန်းမာရေးဆိုင်ရာ သိနားလည်မှုကို စူးစမ်းလေ့လာထားပါသည်။

သုတေသီများက ထိုင်း–မြန်မာနယ်စပ်မှ ကိုယ်ဝန်ဆောင်ရွှေ့ပြောင်းလုပ်သားများ၊ ဒုက္ခသည်အမျိုးသမီးများနှင့် ကျန်းမာရေးဆေးခန်း ဝန်ထမ်းများပါဝင်သည့် ဦးတည်အုပ်စု ဆွေးနွေးဝိုင်း ၁၃ ခုကို ပြုလုပ်ခဲ့သည်။ ဦးတည်အုပ်စု ဆွေးနွေးဝိုင်းတွင် အဓိကခေါင်းစဉ် ၅ မျိုးကို ဆွေးနွေးခဲ့ကြသည်။ ၎င်းခေါင်းစဉ်များမှာ စိတ်ရောဂါလက္ခဏာများ၊ စိတ်ရောဂါဖြစ်ပွားစေသည့် အကြောင်းအရာများ၊ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစီမှုများ၊ ကိုယ်ဝန်ဆောင်ကာလ စိတ်ရောဂါနှင့် စိတ်ရောဂါ စီမံထိန်းချုပ်ခြင်းတို့ ဖြစ်ကြသည်။

ဦးတည်အုပ်စုဆွေးနွေးချက်များကို ကူးယူရေးချပြီးသည့်အခါတွင် သုတေသီများက ဒေတာများကို ၎င်းတို့၏ အဓိကခေါင်းစဉ်များအရ သင်္ကေတရေးသားသတ်မှတ်ရပါသည်။ ၎င်းတို့၏ ခွဲခြမ်းစိတ်စစ်ချက်တွင် ပါဝင်ဖြေကြားသူများက အဓိကခေါင်းစဉ်များနှင့် ပတ်သက်ပြီး ပြောကြားခဲ့သည့်အကြောင်းအရာများကို ရှာဖွေရန်အတွက် ဒေတာများကို သင်္ကေတသတ်မှတ်ရေးသားသည့်ပုံစံကို ကြည့်ရှုကြသည်။ သုတေသီများက ၎င်းလုပ်ဆောင်ချက်များကို တစ်နေ့တာ၏အဆုံးတွင် ဆောင်ရွက်ကြသည်။ ထို့အတူ မေးမြန်းဖြေကြားမှုမှ ထွက်ပေါ်လာသော အခြားအရေးကြီးသည့် ခေါင်းစဉ်များကိုလည်း ရှာဖွေရပါသည်။ လူတွေ့မေးမြန်းမှုများမှတစ်ဆင့် ရှာဖွေသိရှိလာသည့် အကြောင်းအရာတစ်ခုမှာ အမျိုးသမီးအများစုသည် ကိုယ်ဝန်ဆောင်နေစဉ်ကာလအတွင်း ၎င်းတို့၏ မိသားစု သို့မဟုတ် ၎င်းတို့၏ လင်ယောကျ်ားများထံမှ ပံ့ပိုးကူညီမှုများ မရရှိကြခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ကိုယ်ဝန်ဆောင်စဉ်ကာလတွင် အမျိုးသမီးများသည် အထီးကျန်မှုနှင့် သီးခြားထားမှုတို့ကို ခံစားကြရသည်။

သုတေသီများထဲမှ နှစ်ဦးက ခွဲခြားဖော်ထုတ်လာနိုင်သည့် ခေါင်းစဉ်များအကြောင်း မဆွေးနွေးခင် ဒေတာများကို ခွဲခြမ်းစိတ်စစ်ခြင်းနှင့် သင်္ကေတများ ရေးသားသတ်မှတ်ခြင်းကို တစ်ဦးချင်းစီ သီးခြားဆောင်ရွက်ခဲ့ကြသည်။

https://www.researchgate.net/publication/275048385_Pregnant_migrant_and_refugee_women's_perceptions_of_mental_illness_on_the_Thai-Myanmar_border_A_qualitative_study

## ဖြစ်ရပ်လေ့လာချက် – ဖြစ်ရပ်လေ့လာချက်ကို ခွဲခြမ်းစိတ်စစ်ပါ


ဖြစ်ရပ်လေ့လာချက်ကို ဖတ်ရှုပြီး မေးခွန်းများကို ဖြေဆိုပါ။

၁။ NVivo ဆိုသည်မှာ အဘယ်နည်း။

၂။ အရည်အသွေးစံပြု ဒေတာများ ကိုင်တွယ်ရာတွင် Nvivo ကို မည်သည့်အတွက် အသုံးပြုနိုင်ပါသနည်း။

၃။ Nvivo သည် မည်သည့် သုတေသနစီမံကိန်း အမျိုးအစားအတွက် အသုံးဝင်နိုင်ပါသနည်း။

### NVivo



NVivo ဆိုသည်မှာ အရည်အသွေးစံပြုဒေတာ ခွဲခြမ်းစိတ်စစ်ခြင်းအတွက် အသုံးပြုသည့် ကွန်ပျူတာ ပရိုဂရမ်တစ်ခုဖြစ်သည်။ ၎င်းပရိုဂရမ်သည် များးစွာသော စာသားများကို တိကျလျင်မြန်စွာ ခွဲခြမ်းစိတ်စစ်ရန်အတွက် အသုံးဝင်ပါသည်။

NVivo ပရိုဂရမ်ကို မည်သည့် ဘာသာစကားနှင့် ရေးသားထားသည့် စာသားများ သို့မဟုတ် အသံဖိုင်များနှင့် ရုပ်ပုံများကိုမဆို ခွဲခြမ်းစိတ်စစ်ရန်အတွက် အသုံးပြုနိုင်ပါသည်။

အကြောင်းအရာများကို ထည့်သွင်းလိုက်သည့်အခါတွင် ထိန်းညှိခြင်း၊ အမျိုးအစား ခွဲခြားခြင်းနှင့် ဒေတာများကို သင်္ကေတသတ်မှတ်ရေးသားခြင်းတို့ကို လျင်မြန်စွာ လုပ်ဆောင်နိုင်ပါသည်။ ဥပမာ - ဘာသာရေးနှင့် ပတ်သက်ပြီး လူဦးရေ ၂၀၀ ကို လူတွေ့မေးမြန်းနေသည့် သုတေသီတစ်ဦးသည် သတင်းအချက်အလက် အစိတ်အပိုင်းများစွာကို သင်္ကေတသတ်မှတ်ရေးသားရန်အတွက် ဤပရိုဂရမ်ကို အသုံးပြုနိုင်ပါသည်။ ဤခေါင်းစဉ်အတွက် သင်္ကေတတစ်ခုမှာ 'ဆုတောင်းခြင်း' ဖြစ်နိုင်ပါသည်။ ကူးယူရေးသားချက်များနှင့် မှတ်စုတိုများကို ထည့်သွင်းပြီး အမျိုးအစားခွဲခြားပြီးသည့်အခါတွင် သုတေသီက ' ဆုတောင်းခြင်း' ဟု ရည်ညွှန်းဖော်ပြထားသည့် ဖြစ်ရပ်များအားလုံးကို လျင်မြန်လွယ်ကူစွာ ရှာဖွေနိုင်ပါသည်။

NVivo ပရိုဂရမ်ကို အသုံးပြုရန် ခက်ခဲပါသည်။ ပုံမှန်အားဖြင့် ဤပရိုဂရမ်ကို အသုံးပြုမည့်သူများသည် သင်တန်းတက်ရောက်ရန် လိုအပ်ပါသည်။

### ဆွေးနွေးချက်

လူတွေ့မေးမြန်းခြင်း အသံဖိုင်များကို သင်္ကေတသတ်မှတ်ခြင်းအား မည်သို့ ဆောင်ရွက်နိုင်ပါသနည်း။

# ၉.၂ - ခေါင်းစဉ်အကြောင်းအရာ ခွဲခြမ်းစိတ်စစ်ခြင်း

## အကြိုလေ့လာချက်

၁။ ခေါင်းစဉ်အကြောင်းအရာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ 'စာသားထဲတွင် မကြာခဏတွေ့မြင်ရသည့် အကြံဉာဏ်/အမြင်တစ်ခု' ဖြစ်သည်။ ခေါင်းစဉ်အကြောင်းအရာများကို အရည်အသွေးစံပြု ခွဲခြမ်းစိတ်စစ်ချက်တွင် မည်သို့ အသုံးချသည်ဟု ထင်ပါသနည်း။

၂။ ခေါင်းစဉ်အကြောင်းအရာများသည် သင်္ကေတများ (codes) နှင့် မည်သို့ ကွဲပြားခြားနားကြပါသနည်း။

ဆင်တူညီသော သို့မဟုတ် ဆက်နွယ်မှုရှိသော သင်္ကေတများ ရှိနေသည့်အခါတွင် ၎င်းတို့ကို အတူတကွ စုပေါင်းခြင်းဖြင့် ခေါင်းစဉ်အကြောင်းအရာတစ်ခုဖြစ်ပေါ်လာပါသည်။ ခေါင်းစဉ်အကြောင်းအရာတစ်ခုသည် သေးငယ်သော (သို့) ဆက်နွယ်နေသော သင်္ကေတများကို စုပေါင်းထားသည့် သင်္ကေတအကြီးစားတစ်ခုနှင့် တူပါသည်။ ဥပမာ – သုတေသီတစ်ဦးက 'မြန်မာနိုင်ငံရှိ အိမ်ထောင်စုများတွင် အသက်အရွယ်ကြီးရင့်သူများ၏ အခန်းကဏ္ဍမှာ အဘယ်နည်း' ဟူ၍ သိရှိလိုသည်။ သုတေသီအဖွဲ့မှ လူ ၁၀ ဦးကို လူတွေ့မေးမြန်းခဲ့သည်။ ပါဝင်ဖြေကြားသူအချို့က အဘိုးအဘွားများသည် သားသမီးများ အလုပ်လုပ်နေသည့်အချိန်တွင် မြေးမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ကူညီပေးပါသည် (သင်္ကေတ 'ကလေးထိန်း') ဟု ဖြေကြားကြသည်။ အခြားသော ဖြေကြားသူအချို့က ကလေးများကို ကျောင်းသို့ အသွားအပြန် ကြိုပို့လုပ်ဆောင်ပေးသည် (သင်္ကေတ 'သယ်ယူပို့ဆောင်ရေး') ဟု ဖြေကြားကြသည်။ အဘယ်ကြောင့်ဆိုသော် 'ကလေးထိန်း' နှင့် 'သယ်ယူပို့ဆောင်ရေး' သင်္ကေတနှစ်ခုစလုံးသည် ဤသုတေသနတွင် ကလေးပြုစုပျိုးထောင်ခြင်းနှင့် ဆက်နွယ်မှုရှိနေသည့်အတွက် သုတေသီက ၎င်းသင်္ကေတများကို 'ကလေးပြုစုပျိုးထောင်ခြင်း' ဟုခေါ်သည့် ခေါင်းစဉ်အကြောင်းအရာတစ်ခုအောက်တွင် စုပေါင်းထည့်သွင်းပါသည်။



## လေ့ကျင့်ခန်း – ကိန်းဂဏန်း သို့မဟုတ် အမျိုးအစားဆိုင်ရာ ဒေတာများ ဖြစ်ကြပါသလား

အောက်တွင်ပေးထားသော က–ဃ တို့ကို 'မြန်မာနိုင်ငံရှိ အိမ်ထောင်စုများတွင် အသက်အရွယ်ကြီးရင့်သူများ၏ အခန်းကဏ္ဍမှာ အဘယ်နည်း' ဟူသည့် သုတေသနမေးခွန်းအတွက် သင်္ကေတများနှင့် ခေါင်းစဉ်အကြောင်းအရာ ဇယားထဲရှိ ကွက်လပ် ၄ ခုတွင် ဖြည့်စွက်ပါ။

(က) ဈေးရောင်းခြင်း
(ခ) ကလေးပြုစုပျိုးထောင်ခြင်း
(ဂ) အတွေ့အကြုံ
(ဃ) ကလေးထိန်းကျောင်းခြင်း

**သုတေသနမေးခွန်း** 'မြန်မာနိုင်ငံရှိ အိမ်ထောင်စုများတွင် အသက်အရွယ်ကြီးရင့်သူများ၏ အခန်းကဏ္ဍမှာ အဘယ်နည်း။'

**ခေါင်းစဉ်အကြောင်းအရာ**
- ၂ ________ ← သင်္ကေတ: ၁ ________ ; သယ်ယူပို့ဆောင်ရေး ; ပညာရေး
- ဝင်ငွေလည်ပတ်ခြင်း ← သင်္ကေတ: မိသားစုစီးပွားရေး ; ၃ ________
- အကြံဉာဏ် ← သင်္ကေတ: ၄ ________ ; ဗဟုသုတလက်ဆင့်ကမ်းခြင်း

## လေ့ကျင့်ခန်း – စာသားများနှင့် ခေါင်းစဉ်အကြောင်းအရာများကို တွဲစပ်ပါ

'မြန်မာနိုင်ငံရှိ အိမ်ထောင်စုများတွင် အသက်အရွယ်ကြီးရင့်သူများ၏ အခန်းကဏ္ဍမှာ အဘယ်နည်း' ဟူသည့် သုတေသနမှ ဥပမာ စာသား ၈ မျိုးကို အောက်တွင်ဖော်ပြထားပါသည်။ ၎င်းစာသားများကို မိခင်တစ်ဦးနှင့် သူမ၏ အဘွားတို့ကို လူတွေ့မေးမြန်းခြင်းမှ ထုတ်နှုတ်ထားပါသည်။ စာသားတစ်ခုချင်းစီ (၁–၈) ကို ဇယားထဲရှိ ခေါင်းစဉ် ၃ မျိုးအဖြစ် သင်္ကေတသတ်မှတ်ပါ။

| ကလေးပြုစုပျိုးထောင်ခြင်း | ဝင်ငွေလည်ပတ်မှု | အကြံဉာဏ် |
|---|---|---|
| ၁။ | | |

၁။ ကျွန်မ၏ မြေးမ လင်မယားနှစ်ယောက်စလုံးက အလုပ်လုပ်ရတဲ့အတွက် ကလေးတွေကို နေ့ဘက်မှာ ထိန်းပေးရပါတယ်။

၂။ ကျွန်မ၏ အစ်မက စက်ချုပ်သမတစ်ဦးဖြစ်ပြီး အဝတ်အထည်တွေချုပ်တဲ့အတွက် အဘွားက တစ်ခါတစ်ရံ ကူညီလုပ်ကိုင်ပေးပါတယ်။

၃။ အဘွားက အင်္ကျီကြယ်သီးတပ်ပေးတယ်။ ပြီးတော့ အင်္ကျီလက်နားတွေကိုလည်း ဝိုင်းချုပ်ပေးပါတယ်။

၄။ အိမ်ပြန်လာတဲ့အခါမှာ အဘွားက သူမရဲ့ ငယ်ဘဝနှင့် ကြီးပြင်းလာရတဲ့ ပုံစံတွေ အကြောင်းတွေ ပြောပြပါတယ်။

၅။ သူမက ကျွန်မရဲ့ အကြီးဆုံးသားကို ကျောင်းကိစ္စနှင့် ပတ်သက်ပြီး အမြဲတမ်းမေးမြန်း၍ သူ၏ ပညာရေး အကြောင်း ကျွန်မကို အမြဲတမ်း ပြောပြပါတယ်။

၆။ ကျွန်မက ညီမ၊ အဘွား၊ အဒေါ်၊ လင်ယောကျ်ားနှင့် သားတွေနဲ့အတူနေပါတယ်။ ယောကျ်ားကတော့ အလုပ်ကိစ္စနဲ့ ခရီးအတော်ထွက်ရပါတယ်။

၇။ အဘွားက ကလေးတွေအတွက် အဝတ်ချုပ်နည်းတွေ သင်ပြပေးပါတယ်။

၈။ သူမက အခမဲ့ကူညီပေးတဲ့အတွက် အလုပ်သမား ငှားရမ်းခပေးစရာ မလိုအပ်ပါဘူး။

## လုပ်ငန်း – ခေါင်းစဉ်အကြောင်းအရာ ခွဲခြမ်းစိတ်ဖြာချက်

အောက်ပါသုတေသန မေးခွန်းနှင့် ပတ်သက်ပြီး လူတွေ့မေးမြန်းမှုများမှ ဖြေကြားချက်များကို ဖတ်ရှုပြီး ညွှန်ကြားချက်များကို လိုက်နာပါ။

*'ဒလမြို့နေပြည်သူများက ၎င်းတို့၏ ပတ်ဝန်းကျင်ရှိ မည်သည့်ကိစ္စကို အကြီးမားဆုံး သဘာဝပတ်ဝန်းကျင် ပြဿနာဟု ထင်မြင်ယူဆထားကြသနည်း။'*

နှစ်ယောက်တစ်တွဲစီ သို့မဟုတ် အုပ်စုငယ်များဖြင့်ဖြစ်စေ –

၁။ ဇယားထဲတွင် ရှိပြီးသားဖြစ်သည့်သင်္ကေတ (ပိုးမွှားများ၊ မိုးရွာသွန်းမှုများပြားခြင်း၊ ရောဂါ) တစ်ခုချင်းစီနှင့် ဆက်နွှယ်မှုရှိသည့် ဖြေကြားချက်များထဲမှ ခွဲခြားဖော်ထုတ်နိုင်သော အခြားသင်္ကေတများကို (က–ဂ) ထပ်ပေါင်းထည့်ပါ။

၂။ သင်္ကေတများကို ခြုံငုံထည့်သွင်းနိုင်မည့် ခေါင်းစဉ်အကြောင်းအရာများ (ဃ–င) ကို ရေးထည့်ပါ။ (နမူနာကြည့်ရှုနိုင်ရန်အတွက် ပိုးမွှားများနှင့် အခြားဆက်နွှယ်မှုရှိသော သင်္ကေတများကို ခြုံငုံထည့်သွင်းဖော်ပြနိုင်သည့် 'တိရစ္ဆာန်များ' ဟူသည့် ခေါင်းစဉ်ကို ရေးသားဖော်ပြထားပါသည်)။

၃။ ခေါင်းစဉ်အကြောင်းအရာများထဲရှိ အဓိကအချက်များ (သို့) အကြံဉာဏ်များ (စ–ဆ) အကြောင်း အနှစ်ချုပ်အကျဉ်း ရေးသားပါ (ဥပမာအတွက် တိရစ္ဆာန်များဟူသည့် ခေါင်းစဉ်ကိုကြည့်ပါ)။

၄။ အခြားအတွဲ သို့မဟုတ် အဖွဲ့ငယ်တစ်စုဖြင့် ပူးပေါင်း၍ သင်တို့၏ သင်္ကေတသတ်မှတ်ချက်များ၊ ခေါင်းစဉ်များနှင့် အနှစ်ချုပ်များကို နှိုင်းယှဉ်ပါ။

**မှတ်ချက်** – ဖြေကြားချက်များထဲမှ ထွက်ပေါ်လာနိုင်ခြေရှိသော အချို့သင်္ကေတများကို ဆန့်ကျင်ဘက် စာမျက်နှာရှိ ဇယားထဲတွင် ရေးသားဖော်ပြထားပြီးသားဖြစ်သည်။ ခေါင်းစဉ်အကြောင်းအရာတစ်ခုကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ ဖြေကြားချက်များထဲမှ အချို့သော အစိတ်အပိုင်းများကို ပထမဆုံးသင်္ကေတ (ပိုးမွှားများ) နှင့် မည်သို့ဆက်နွှယ်မှုရှိကြောင်း ဖော်ပြရန်အတွက် အစိမ်းရောင်ခြယ်သ ဖော်ပြပေးထားပါသည်။'

| | |
|---|---|
| **ပါဝင်ဖြေကြားသူ (က) (မ ၂၂နှစ်)**<br> | ပလတ်စတစ်ဖူးနှင့် ပလတ်စတစ်အိတ်များ ရေမြောင်းထဲတွင် ပိတ်ဆို့ခြင်းက ဆိုးရွားသည့် ပြဿနာတစ်ခုဖြစ်ပါသည်။ ပထမဆုံးအနေဖြင့် မိုးရာသီအတွင်း မိုးရွာသွန်းမှု များပြားလျှင် ရေမြောင်းများပိတ်ဆို့၍ ရေလွှမ်းမိုးမှုဖြစ်ပွားစေပါသည်။ ဒုတိယအချက်အနေဖြင့် ဥပမာ – ကြက်များကို သတ်ဖြတ်ပြီး မကောင်းသည့် အစိတ်အပိုင်းများ အပါအဝင် အစားအစာ စွန့်ပစ်ပစ္စည်းများကို မြောင်းထဲသို့ စွန့်ပစ်ကြသည်။ ညစ်ပတ်ပေရေနေသော အမှိုက်များပုံနေသည့် မြောင်းများထံမှ အနံ့ဆိုးများကလည်း ပြဿနာတစ်ခုဖြစ်ပါသည်။ အနံ့မနံစေရန်အတွက် ကျွန်မ၏ အခန်းတံခါးနှင့် ပြတင်းတံခါးများကို အချိန်ပြည့်ပိတ်ထားရသည်။ ညစ်ညမ်းပေရေနေသော မြောင်းထဲတွင် ခြင်များကလည်း မျိုးပွားပြီး ခြင်ကိုက်ဒဏ်ကိုလည်း ညတိုင်းနီးပါး ခံစားရပါသည်။ ရောဂါဖြစ်ပွားပြီး ဖျားနာမှာကို အလွန်ပဲစိတ်ပူမိပါသည်။ |
| **ပါဝင်ဖြေကြားသူ (ခ) (မ ၅၀နှစ်)**<br> | ကျွန်မ၏ အိမ်ရှေ့လမ်းအဆုံးတွင် ကြက်သားရောင်းဝယ်ရေး လုပ်ငန်းတစ်ခုရှိပါသည်။ မနက်ခင်းတိုင်း ကြက်များစွာကို ဈေးသို့တင်ပို့ရန်တွက် သတ်ဖြတ်ပြီး ပြုတ်ကြပါသည်။ ကျွန်မတို့ရပ်ကွက်သည် လူထူထပ်ပြီး အိမ်များကလည်း တစ်အိမ်နှင့်တစ်အိမ် အလွန်နီးကပ်စွာ တည်ဆောက်ထားကြပါသည်။ မနက်ခင်းတွင် ကြက်များကို သတ်ဖြတ်ပြီး သန့်ရှင်းပြီးသွားသည့်တိုင် အနံ့အသက်များက တစ်နေ့လုံး ဆက်လက်နံစော်နေပါသည်။ အလုပ်သွားရန်အတွက် ထိုနေရာကို နေ့စဉ်နေ့တိုင်း ကျွန်မဖြတ်သွားရသည့်အတွက် အနံ့များကို နေ့စဉ်ရှူရှိုက်ရပါသည်။ အခြားပြဿနာတစ်ခုမှာ ထိုနေရာပတ်ဝန်းကျင်တွင် ညအခါ၌ အစားအစာများ ရောင်းချသည့် ဈေးသည်များပဲဖြစ်ပါသည်။ အစားအစာများမှာ စားချင်စဖွယ်ရှိသော်လည်း ကြက်သားအနံ့များကြောင့် ရောက်ရှိနေကြသော ယင်ကောင်များဖြင့် ဖုံးလွှမ်းနေသည့်အတွက် အလွန်အန္တရာယ်ရှိပါသည်။ ထို့ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ဖျားနာပြီး အခြားပြင်းထန်သည့် ရောဂါများ ဖြစ်ပွားမည်ကို အလွန်စိုးရိမ်မိပါသည်။ |

**ပါဝင်ဖြေကြားသူ (ဂ) (ကျား ၃၅နှစ်)**



ယခုအခါသည် မိုးတွင်းကာလဖြစ်ပါသည်။ ဤရပ်ကွက်၏ ရေနုတ်မြောင်းစနစ်သည် ပျက်စီးနေပြီး ရပ်ကွက်တွင် နေထိုင်သူများကလည်း နောက်ဆက်တွဲ ပြဿနာများကို မစဉ်းစားဘဲ အမှိုက်များကို မြောင်းထဲသို့ လွှင့်ပစ်ကြပါသည်။ ဤကဲ့သို့ မိုးရာသီကာလတွင် ရေမြောင်းများပိတ်ဆို့၍ ရေကြီးလာစေပါသည်။ ရေကြီးမှု ဖြစ်လာသည့်အခါတွင် ရေထွက်ပေါက်များအားလုံးသည် ပိတ်ဆို့နေပြီး ကလေးများအတွက် အလွန်အန္တရာယ်ကြီးပါသည်။ ရေများက ညစ်ညမ်းမှုဖြစ်နေပြီး ယင်ကောင်နှင့် ခြင်များကို များပြားလာစေပါသည်။ ရေဆိုးရေညစ်များက အိမ်နှင့်အလုပ် နေ့စဉ်နေ့တိုင်း သွားလာနေရသူများကို အရေပြားရောဂါများ ဖြစ်ပွားစေပါသည်။ ဤကာလမျိုးတွင် အိမ်ရှိ ကလေးများအတွက်လည်း ရေမှတစ်ဆင့်ကူးစက်ရောဂါများ အလွယ်တကူ ဖြစ်ပွားစေနိုင်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်စေပါသည်။

**'ဒလမြို့နေပြည်သူများက ၎င်းတို့၏ ပတ်ဝန်းကျင်ရှိ မည်သည့်ကိစ္စကို အကြီးမားဆုံးသဘာဝပတ်ဝန်းကျင် ပြဿနာဟု ထင်မြင်ယူဆထားကြသနည်း။'**

| သင်္ကေတများ | ခေါင်းစဉ်များ | အနှစ်ချုပ် |
|---|---|---|
| ပိုးမွှားများ | တိရစ္ဆာန်များ | *ဥပမာ - ဤခေါင်းစဉ်သည် ယင်ကောင်များ၊ ခြင်များနှင့် စွန့်ပစ်ကြက်သားကြောင့် ထွက်ပေါ်လာသော အနံ့ဆိုးများကြောင့် ဖြစ်ပွားစေသည့် ဖျားနာမှုရောဂါများစသည့် ရပ်ကွက်တွင်း ပြဿနာများကို ဖြစ်စေသည့် တိရစ္ဆာန်များအကြောင်းဖြစ်သည်။* |
| (က) ______________ | | |
| မိုးသည်းထန်စွာ ရွာသွန်းခြင်း | (ဃ) ______________ | (စ) |
| (ခ) ______________ | | |
| ရောဂါများ | (င) ______________ | (ဆ) |
| (ဂ) ______________ | | |

## သင်တို့၏ သုတေသနစီမံကိန်း – ခေါင်းစဉ်အကြောင်းအရာများ

သုတေသနမေးခွန်းတစ်ခုကို စဉ်းစားပါ။ အဆိုပါမေးခွန်းသည် ရှေ့မှသင်ခန်းစာတွင် အသုံးပြုခဲ့သော ခေါင်းစဉ်လည်း ဖြစ်နိုင်သကဲ့သို့ စိတ်ဝင်စားသည့် အခြားအကြောင်းအရာ ခေါင်းစဉ်တစ်ခုလည်း ဖြစ်နိုင်သည်။

၁။ ခေါင်းစဉ်အကြောင်းအရာ ခွဲခြမ်းစိတ်စစ်ချက်သည် သင်တို့၏ သုတေသနမေးခွန်းအတွက် သင့်လျော်မှုရှိသော ခွဲခြမ်းစိတ်စစ်ခြင်း အမျိုးအစား ဖြစ်ပါသလား။

၂။ သင်တို့၏ သုတေသနမေးခွန်းကို ဖြေဆိုရာတွင် မည်သည့် ခေါင်းစဉ်အကြောင်းအရာများကို အသုံးပြုနိုင်ပါသနည်း။

၃။ နှစ်ယောက်တစ်တွဲစီဖြင့် ခေါင်းစဉ်အကြောင်းအရာ ခွဲခြမ်းစိတ်စစ်ချက်သည် သင်တို့၏ သုတေသနစီမံကိန်းနှင့် မည်သို့ ဆက်နွှယ်မှု ရှိနိုင်ကြောင်းကို ဆွေးနွေးကြပါ။

## ဆွေးနွေးချက်

သုတေသနစီမံကိန်းတစ်ခုတွင် ခေါင်းစဉ်အကြောင်းအရာ ခွဲခြမ်းစိတ်စစ်ခြင်းဆောင်ရွက်ရာတွင် အခက်ခဲဆုံး အပိုင်းမှာ အဘယ်နည်း။

# အခန်း ၁၀ -
# သုတေသန တွေ့ရှိချက်များကို ဆက်သွယ်မျှဝေခြင်း



## သင်ယူခြင်းဆိုင်ရာ ရည်မှန်းချက်များ

### ဗဟုသုတ

ဤအခန်းတွင် အောက်ပါအချက်များနှင့် ပတ်သက်သော သင်တို့၏ ဗဟုသုတများ တိုးပွားလာပါလိမ့်မည်။

- သုတေသန အစီရင်ခံစာများ။
- အထောက်အထား။
- နှုတ်ဖြင့် တင်ဆက်ပြောကြားခြင်း။

### ကျွမ်းကျင်မှုများ

ဤအခန်းတွင် အောက်ပါအချက်များနှင့် ပတ်သက်သော သင်တို့၏ စွမ်းရည်များကို လေ့ကျင့်သွားရပါလိမ့်မည်။

- သုတေသန အစီရင်ခံစာတစ်စောင်၏ အစိတ်အပိုင်းများကို ခွဲခြားဖော်ထုတ်ခြင်း။
- အဆိုကြမ်းများကိုပံ့ပိုးရန် အထောက်အထားများကို အသုံးပြုခြင်း။
- သုတေသန အစီရင်ခံစာ ရေးသားရန်နှင့် ပြန်လည်စိစစ်ရန် အတွက် စစ်ဆေးရန်စာရင်းများကို အသုံးပြုခြင်း။
- သုတေသနတင်ဆက် ပြောကြားခြင်းများကို မတူခြားနားသော နေရာအခင်းအကျင်းနှင့် ပရိသတ်များပေါ် မူတည်၍ လိုက်လျော ညီထွေမှုရှိအောင် ပြုပြင်ပြောင်းလဲခြင်း။
- သုတေသန တွေ့ရှိချက်များအတွက် မတူခြားနားသည့် ပရိသတ်များကို လိုအပ်ခြင်းအပေါ် ပြန်လည်သုံးသပ်ခြင်း။

# ၁၀.၁ - သုတေသန ပုံကြမ်းဖော်ပြချက်များ

## အကြိုလေ့လာချက်

သုတေသန အစီရင်ခံစာတစ်စောင် ရေးသားသည့်အခါတွင် မည်သည့်အချက်များကို ထည့်သွင်းရေးသားရန် လိုအပ်ပါသနည်း။



## သုတေသန ပုံကြမ်းဖော်ပြချက်များ

သုတေသန ပုံကြမ်းဖော်ပြချက်တစ်ခု ရေးသားခြင်းကို သုတေသနအစီရင်ခံစာ မရေးသားမီ ပထမဆုံး လုပ်ဆောင်ရမည့်အရာဖြစ်သည်။ ၎င်းသည် သတင်းအချက်အလက်များကို ဖွဲ့စည်းရာတွင် အထောက်အကူပေးသော ခေါင်းစီးနှင့် ခေါင်းစီးငယ်များ စာရင်းတစ်ခုဖြစ်သည်။ သုတေသန အစီရင်ခံစာအများစုတွင် အောက်ပါတို့ပါဝင်သည်။

- အကြိုမိတ်ဆက်
- နောက်ခံအကြောင်းအရာ
- နည်းလမ်းများ
- ရလဒ်များ
- ဆွေးနွေးချက်

### အကြိုမိတ်ဆက်

အကြိုမိတ်ဆက်အခန်းသည် သင်တို့၏ သုတေသနမေးခွန်းများကို အကြမ်းဖျင်းဖော်ပြပြီး သုတေသန၏ နောက်ခံအကြောင်းအရာများကို ရှင်းပြ၍ အခြားသောအခန်းများကို အတိုချုံး အနှစ်ချုပ်ဖော်ပြပေးပါသည်။ ယေဘုယျအားဖြင့် အကြိုမိတ်ဆက်အခန်းတွင် ဖော်ပြသွားမည့် အရေးပါသောအချက်များကို အနှစ်ချုပ်ဖော်ပြသည်။ ၎င်းတို့မှာ ပုံမှန်အားဖြင့် အောက်ပါအချက်များဖြစ်သည်။

- သုတေသနခေါင်းစဉ်
- သုတေသနမေးခွန်းများ
- နည်းလမ်းများ
- အရေးကြီးဆုံး ရှာဖွေတွေ့ရှိချက်များ

## နောက်ခံအကြောင်းအရာ

နောက်ခံအကြောင်းအရာအခန်း၌ အောက်တွင်ဖော်ပြထားသောအချက်များကဲ့သို့ ပိုမိုကျယ်ပြန့်သည့် အခြေအနေကို စာဖတ်သူများ နားလည်လာစေရန် အထောက်အကူပြုစေသည့် သတင်းအချက်အလက်များ ပါဝင်သည်။

- အခြေအနေ သို့မဟုတ် ကိစ္စရပ်များနှင့် ပတ်သက်၍ သင်တို့သိထားသည့် အကြောင်းအရာများ။
- ဤအခြေအနေ သို့မဟုတ် ဆင်တူညီသောကိစ္စရပ်နှင့် ပတ်သက်ပြီး အခြားလူများက ပြုစုခဲ့သော သုတေသနများ ပညာရေးသုတေသနအတွက် သက်ဆိုင်ရာ စာပေဆန်းစစ်ချက်များကိုလည်း ထည့်သွင်း ဖော်ပြရန် လိုအပ်ပါသည်။ စာပေဆန်းစစ်ချက်ဆိုသည်မှာ သင်၏ သုတေသနခေါင်းစဉ်နှင့် ပတ်သက်၍ ပြုစုပြီးသားဖြစ်သော ဆင်တူညီသည့် သုတေသနစာတမ်းများ၏ အနှစ်ချုပ်ဖြစ်သည်။

## နည်းလမ်းများ

နည်းလမ်းများအခန်းတွင် ဒေတာများကို ကောက်ယူစုဆောင်းသည့် နည်းလမ်းများနှင့် ခွဲခြမ်းစိတ်စစ်သည့် နည်းလမ်းများကို ဖော်ပြပါသည်။ အသေးစိတ်အချက်အလက်များကို တတ်နိုင်သမျှ (မည်သူ၊ မည်သည့်အရာ၊ မည်သည့်နေရာ၊ မည်သည့် အချိန်၊ အဘယ်ကြောင့်နည်း) ဖော်ပြပြီး တိကျမှုရှိပါစေ။ ဥပမာ – လူတွေ့မေးမြန်းခဲ့သော သို့မဟုတ် စစ်တမ်း ကောက်ယူခဲ့သော လူအရေအတွက် အတိအကျဖော်ပြပါ။ သုတေသီတစ်ဦးအနေဖြင့် သင်တို့က အောက်ပါအချက်များကို ဖော်ပြသင့်သည်။

- သုတေသနပြုစုနေသည့် လူဦးရေအကြောင်းအရာကို ရှင်းပြပါ။
- လူဦးရေ နမူနာကောက်ယူခြင်း၊ ဒေတာစုဆောင်းခြင်းနှင့် ခွဲခြမ်းစိတ်စစ်ခြင်းအတွက် အသုံးပြုသည့် နည်းလမ်းများကို ရှင်းပြပါ (ထိုသို့ရှင်းပြခြင်းဖြင့် သင်၏ သုတေသနသည် ယုံကြည်လက်ခံနိုင်စွမ်း ရှိကြောင်း၊ ကိုးစားနိုင်စွမ်းရှိကြောင်းနှင့် ခိုင်မာမှုရှိကြောင်း စာဖတ်သူများ မြင်တွေ့နိုင်ရန် အကူအညီ ဖြစ်စေပါသည်။)
- မေးမြန်းခဲ့သော မေးခွန်းအမျိုးအစားဆိုင်ရာ သတင်းအချက်အလက်များကို ထည့်သွင်းဖော်ပြပါ။
- ပါဝင်ဖြေကြားသူများအပေါ် ထိခိုက်နစ်နာစေမည့်အရာများကို လျှော့ချရန် ကြိုးစားမှုများ စသည့် ကျင့်ဝတ်ပိုင်းဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များကို ထည့်သွင်းဖော်ပြပါ။
- သုတေသန နည်းစနစ်များ သို့မဟုတ် သုတေသနလုပ်ငန်းစဉ်တွင် ကြုံတွေ့ရသည့် မည်သည့် ကန့်သတ်ချက်များကိုမဆို ရှင်းလင်းဖော်ပြပါ။

## ရလဒ်များ

ဤအခန်းတွင် သင်၏သုတေသနမှ အရေးကြီးဆုံးသော ရှာဖွေတွေ့ရှိချက်များကို ဖော်ပြရသည်။ ရှာဖွေတွေ့ရှိချက်များ ဖော်ပြရာတွင် အောက်ပါအချက်များကိုပါ ထည့်သွင်းဖော်ပြပါ။

- နံပါတ်များ၊ ကိန်းဂဏန်းအချက်အလက် တွက်ချက်မှုများနှင့်/(သို့) နမူနာပုံစံများနှင့် ဖြေကြားချက်များထဲမှ ဘုံတူညီနေသော ခေါင်းစဉ်များ။
- ရှာဖွေတွေ့ရှိလာသည့် စိတ်ဝင်စားဖွယ်ရာအချက်များ သို့မဟုတ် ပုံမှန်မဟုတ်သည့်အကြောင်းအရာများ။

## ဆွေးနွေးချက်

ဆွေးနွေးချက်အခန်းတွင် ရလဒ်များ၏ အဓိပ္ပာယ်နှင့် အရေးပါမှုကို ရှင်းလင်းဖော်ပြပြီး အောက်ပါအချက်များကို ဆွေးနွေးပါ။

- ကိစ္စရပ်တစ်ခုခုနှင့် ပတ်သက်သည့် ဗဟုသုတများ မည်သို့ တိုးပွားလာကြောင်း။
- အဆိုပါကိစ္စရပ်ကို ပိုမိုနားလည်ရန်အတွက် အခြား မည်သည့်သုတေသနများကို ဆောင်ရွက်နိုင်ကြောင်း။
- အဆိုပါ အခြေအနေကို ပိုမိုကောင်းမွန်လာစေရန်အတွက် အခြားလုပ်ဆောင်နိုင်သည့်အချက်များကို မှတ်ချက်များပေးခြင်း။ ၎င်းမှတ်ချက်များတွင် လူမှုအဖွဲ့အစည်းများ၊ အစိုးရများ၊ NGO အဖွဲ့အစည်းများ အစရှိသဖြင့် တိကျသော အစုအဖွဲ့များကို ပစ်မှတ်ထားဖော်ပြနိုင်ပါသည်။

## လေ့ကျင့်ခန်း – အကောင်းဆုံးအဖြေကို ရွေးချယ်ပါ

၁။ သုတေသန ပုံကြမ်းဖော်ပြချက်တစ်ခုကို အကောင်းဆုံး မည်သို့ ရှင်းပြနိုင်သနည်း။

(က) နည်းလမ်းများနှင့် ရှာဖွေတွေ့ရှိချက်များ ရှင်းပြချက်တစ်ရပ်။

(ခ) သုတေသန စာတမ်းရေးသားရန် စီစဉ်ရာတွင် အကူအညီပေးနိုင်သော နည်းစနစ်တစ်ရပ်။

(ဂ) အခြားလူများ ပြုစုခဲ့သော ဆင်တူညီသည့် သုတေသနစာတမ်းများစာရင်း။

(ဃ) အခြားလူတစ်ဦးဦး၏ သုတေသနအစီရင်ခံစာ မိတ္တူတစ်စောင်။

၂။ နည်းစနစ်များအခန်းတွင် အောက်ပါအချက်များထဲမှ မည်သည့်အချက်ကို မထည့်သွင်းသင့်သနည်း။

(က) ရှာဖွေတွေ့ရှိချက်များ အနှစ်ချုပ်။

(ခ) မေးမြန်းခဲ့သည့် မေးခွန်းအမျိုးအစားများ။

(ဂ) စစ်တမ်းကောက်ယူခြင်း နည်းလမ်းများ။

(ဃ) ကျင့်ဝတ်ဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များ။

၃။ အောက်ပါအချက်များထဲမှ မည်သည့်အချက်သည် မှန်ပါသနည်း။

(က) ရလဒ်များအခန်းသည် လုပ်ဆောင်နိုင်သော အကြောင်းအရာများကို မှတ်ချက်ပေးဖော်ပြသည်။

(ခ) ဆွေးနွေးချက်အခန်းတွင် သုတေသနပြုစုသည့် လူဦးရေကို ရှင်းပြသည်။

(ဂ) ဆွေးနွေးချက်အခန်းတွင် သုတေသန၏ အရေးပါမှုကို ရှင်းပြသည်။

(ဃ) ရလဒ်များအခန်းတွင် သုတေသနကို မည်သို့ ပြုစုခဲ့ကြောင်း ရှင်းပြသည်။

## လေ့ကျင့်ခန်း – သုတေသန အစီရင်ခံစာတစ်စောင် စုဆောင်းဖွဲ့စည်းပါ

အောက်ပါဝါကျများကို သုတေသန ပုံကြမ်းဖော်ပြချက်များ (အကြိုမိတ်ဆက်၊ နောက်ခံအကြောင်းအရာ၊ နည်းလမ်းများ၊ ရလဒ်များ သို့မဟုတ် ဆွေးနွေးချက်) ထဲမှ သင့်လျော်ရာကဏ္ဍတွင် အစဉ်လိုက် ရွေးချယ်ထည့်သွင်းပါ။

(က) ရန်ကုန်မြို့၊ ဘားအံမြို့နှင့် စစ်ကိုင်းမြို့တို့ရှိ ပြည်သူ့ဆေးရုံ ၁၅ ရုံမှ ကျန်းမာရေးဝန်ထမ်းများကို စစ်တမ်းကောက်ယူခဲ့သည်။

(ခ) ဆေးရုံ ၃ ရုံက သူနာပြုများအတွက် ပညာရေးတစ်ခုသာလျှင် ပံ့ပိုးမှုပေးသည်ဟု ပြောကြားခဲ့သည်။

(ဂ) မြန်မာနိုင်ငံ၏ အခြားမြို့များရှိ ဆေးရုံများတွင် ကျန်းမာရေးဝန်ထမ်းပညာရေးအတွက် ရန်ပုံငွေနှင့် ပတ်သက်သည့် သုတေသနများ ထပ်မံလုပ်ဆောင်ရန် လိုအပ်ပါသည်။

(ဃ) ဆေးရုံမန်နေဂျာ ၃ ဦးကိုလည်း အသေးစိတ်တွေ့ဆုံမေးမြန်းမှုများ ဆောင်ရွက်ခဲ့ပါသည်။

(င) ဆေးရုံလျာထားငွေအသုံးစရိတ် (ဘတ်ဂျက်) များသည် ပိုမိုများပြားလာသော်လည်း တိုးများလာမှုနှုန်းသည် အလွန်နှေးနေပါသေးသည်။

(စ) ကျွန်ုပ်တို့၏ သုတေသနတွင် ကျန်းမာရေးဝန်ထမ်းများအတွက် သင်ကြားရေးရင်းမြစ်များ ပိုမိုပံ့ပိုးပေးရန် လိုအပ်ကြောင်း ရှာဖွေတွေ့ရှိခဲ့ပါသည်။

(ဆ) ကျန်းမာရေးဝန်ထမ်းများ၏ စစ်တမ်းများမှ ဖြေကြားချက်များကို ခွဲခြမ်းစိတ်စစ်ရန်အတွက် SPSS ကွန်ပျူတာပရိုဂရမ်ကို အသုံးပြုခဲ့ပါသည်။

(ဇ) ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သော သုတေသနအစီရင်ခံစာအရ မြန်မာနိုင်ငံတွင် ကျန်းမာရေး စောင့်ရှောက်မှုရရှိခြင်းသည် တိုးတက်မှုရှိလာပါသည်။

(ဈ) ကျန်းမာရေးဝန်ထမ်းများအတွက် ပညာရေးသည် နိုင်ငံတစ်နိုင်ငံရှိ ပြည်သူများ၏ ကျန်းမာရေးတိုးတက်မှုအတွက် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။

(ည) ဆေးရုံဝန်ထမ်းများအားလုံးက ကျန်းမာရေးစောင့်ရှောက်မှုအကြောင်း ပိုမိုသိရှိအောင် သင်ယူရာတွင် ငွေကြေးနှင့် သင်ယူနိုင်ခွင့်ရရှိခြင်းသည် ပြဿနာတစ်ရပ်ဖြစ်သည်ဟု ဖြေကြားခဲ့ကြသည်။

(ဋ) ဤသုတေသနက 'ကျန်းမာရေးစောင့်ရှောက်မှုအကြောင်း ပိုမိုသင်ယူလေ့လာရန် မြန်မာနိုင်ငံရှိ ကျန်းမာရေးဝန်ထမ်းများအတွက် မည်သည့်ပညာရေး သင်ကြားမှုများ ရှိပါသနည်း' ဟု မေးမြန်းခဲ့သည်။

(ဌ) အစိုးရမှတ်တမ်းများက မြန်မာနိုင်ငံတွင် ပြည်သူ့ဆေးရုံ စုစုပေါင်း ၁၁၀၀ ကျော်ရှိသည်ဟု ဖော်ပြထားပါသည်။

(ဍ) ကျန်းမာရေးဝန်ထမ်းများ၏ ဗဟုသုတနှင့် ကျွမ်းကျင်မှုများတွင် ကွာဟချက်များကို ခွဲခြားဖော်ထုတ်ရန်အတွက် ၎င်းတို့နှင့်အတူ စီမံကိန်းတစ်ခုကို ရေးဆွဲချမှတ်သင့်ပါသည်။

(ဎ) ၈၀ ရာခိုင်နှုန်းသော ဆရာဝန်များက သင်တန်းများ ပိုမိုတက်ရောက်လိုကြောင်း ဖြေကြားခဲ့သည်။

<table>
<tr><td colspan="2"><u>အကြိုမိတ်ဆက်</u><br>၁။ (ဈ) ဥပမာ – ကျန်းမာရေးဝန်ထမ်းများအတွက် ပညာရေးသည် နိုင်ငံတစ်နိုင်ငံရှိ ပြည်သူများ၏ ကျန်းမာရေးတိုးတက်မှုအတွက် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။<br>၂။</td></tr>
<tr><td><u>နောက်ခံအကြောင်းအရာ</u><br>၃။<br>၄။<br>၅။</td><td><u>ရလဒ်များ</u><br>၉။<br>၁၀။<br>၁၁။</td></tr>
<tr><td><u>နည်းလမ်းများ</u><br>၆။<br>၇။<br>၈။</td><td><u>ဆွေးနွေးချက်</u><br>၁၂။<br>၁၃။<br>၁၄။</td></tr>
</table>

## သင်တို့၏ သုတေသနစီမံကိန်း – ပုံကြမ်းဖော်ပြချက်

သုတေသနမေးခွန်းတစ်ခုကို စဉ်းစားပါ။ အဆိုပါမေးခွန်းသည် ရှေ့မှသင်ခန်းစာတွင် အသုံးပြုခဲ့သော ခေါင်းစဉ်လည်း ဖြစ်နိုင်သကဲ့သို့ စိတ်ဝင်စားသည့် အခြားအကြောင်းအရာ ခေါင်းစဉ်တစ်ခုလည်း ဖြစ်နိုင်သည်။

၁။ သင်တို့၏ သုတေသနစီမံကိန်း၏ အစီရင်ခံစာအတွက် သုတေသန ပုံကြမ်းဖော်ပြချက်များတစ်ခုရေးချပါ။ (အသုံးဝင်ပါက ဤစာမျက်နှာအပေါ်မှ ဇယားကို အသုံးပြုပါ။)

၂။ နှစ်ယောက်တစ်တွဲစီဖြင့် သင်တို့၏ သုတေသန ပုံကြမ်းဖော်ပြချက်များကို ဆွေးနွေးပါ။

## ဆွေးနွေးချက်

သုတေသန ပုံကြမ်းဖော်ပြချက်များတွင် အခြားသော မည်သည့်အချက်အလက်များကို ထည့်သွင်းဖော်ပြနိုင်ပါသနည်း။ ၎င်းတို့ကို မည်သည့်အခန်းငယ်အောက်တွင် ထည့်သွင်းရမည်နည်း။

# ၁၀.၂ - သုတေသနစာတမ်း ရေးသားခြင်းနှင့် ပြန်လည်စိစစ်ခြင်း

## အကြံပြုလေ့လာချက်

အစီရင်ခံစာ သို့မဟုတ် စာစီစာကုံးရေးသားရာတွင် ဘုံတူညီမှုအများဆုံးဖြစ်သော သင်၏ ပြဿနာအခက်အခဲများမှာ အဘယ်နည်း။

## ရေးသားခြင်းနှင့် တည်းဖြတ်ခြင်း

ရေးသားခြင်းနှင့် တည်းဖြတ်ခြင်းတို့သည် သုတေသီတစ်ဦးအတွက် အရေးကြီးသော ကျွမ်းကျင်မှုတစ်ခုဖြစ်သည်။ သင်၏ ကိုယ်ပိုင်အရေးအသားတွင် အမှားများကို ရှာဖွေနိုင်ရန်နှင့် ၎င်းတို့ကို အမှန်ပြင်ဆင်နိုင်ရန် လိုအပ်ပါသည်။ သင်၏ ကိုယ်ပိုင်အရေးအသားကို ပြန်လည်စိစစ်သည့်အခါတွင် ရှာဖွေကြည့်ရှုရမည့်အရာများကို စာရင်းပြုစုထားခြင်းက အထောက်အကူပေးနိုင်ပါသည်။

မေးမြန်းချင်သည့် အခြားမေးခွန်းများတွင် အောက်ပါအချက်များ ပါဝင်နိုင်သည်။

- ဤသုတေသန အစီရင်ခံစာတွင် ရှင်းလင်းမှုရှိသော **စာတမ်း** (အဓိကအကြောင်းအရာ (သို့) ငြင်းဆိုတင်ပြချက်) နှင့် သုတေသနမေးခွန်းတို့ရှိပါသလား။
- ဒေတာကောက်ယူခြင်း၊ ခွဲခြမ်းစိစစ်ခြင်းတို့အပါအဝင် အသုံးပြုခဲ့သော နည်းစနစ်များကို ရှင်းလင်းစွာ ရှင်းပြထားပါသလား။
- အချက်အလက်များ၊ ကားချပ်များ၊ ရုပ်ပုံများနှင့် ကိုးကားချက်များသည် တိကျမှုရှိပါသလား။
- သက်သေအထောက်အထားများကို ရှင်းရှင်းလင်းလင်းနှင့် တစ်သမတ်တည်းကျစွာ ရှင်းပြထားပါသလား။
- စာလုံးပေါင်းသတ်ပုံ၊ သဒ္ဒါနှင့် ပုဒ်ဖြတ်ပုဒ်ရပ် (ဝါကျပုံစံမှန်ရန်) များကို မှန်ကန်စွာ ရေးသားထားပါသလား။

### လုပ်ငန်းစဉ် – စစ်ဆေးရန် စာရင်းတစ်ခု ရေးဆွဲပါ

၁။ ပေးထားသော စစ်ဆေးရန်စာရင်း စာရွက်ကိုကြည့်ပါ။ ထပ်မံရေးသွင်းနိုင်သည့် အခြားသော အကြောင်းအရာနှစ်ခုကို စဉ်းစားပါ။

၂။ အဖွဲ့ငယ်များဖြင့် သင်တို့၏ စာရင်းများကို စစ်ဆေးပါ။

၃။ အဖွဲ့လိုက် စစ်ဆေးရန် စာရင်း တစ်ခု ရေးဆွဲပါ။

| | **အစီရင်ခံစာရေးသားရာတွင် စစ်ဆေးရန်စာရင်း** |
|---|---|
| | အကြိုမိတ်ဆက်နှင့် နိဂုံးချုပ်ပါဝင်သည်။ |
| | အကြိုမိတ်ဆက်တွင် သုတေသနမေးခွန်း (များ) ပါဝင်သည်။ |
| | ဒေတာကောက်ယူခြင်း နည်းစနစ်များကို ရှင်းပြထားသည့် အခန်းတစ်ခန်း ပါဝင်သည်။ |
| | အထောက်အထားများကို ရှင်းလင်းစွာ ဖော်ပြရေးသားထားသည်။ |
| | အထောက်အထားများကို သုတေသနမေးခွန်းများနှင့် ချိတ်ဆက်ဖော်ပြထားသည်။ |
| | သဒ္ဒါ၊ ပုဒ်ဖြတ်ပုဒ်ရပ်နှင့် စာလုံးပေါင်းသတ်ပုံများ မှန်ကန်မှုရှိသည်။ |
| | ခေါင်းစဉ်စာမျက်နှာ၊ ခေါင်းစီးများနှင့် စာမျက်နှာနံပါတ်များ ပါဝင်သည်။ |
| | |
| | |
| | |
| | |

### ဆွေးနွေးချက်

၁။ အစီရင်ခံစာများ ရေးသားခြင်းနှင့် ပြန်လည်စိစစ်ခြင်းအတွက် အသုံးပြုနိုင်သော အခြားမဟာဗျူဟာများမှာ အဘယ်နည်း။

၂။ သင်၏ အစီရင်ခံစာကို ရေးသားရာနှင့် ပြန်လည်စိစစ်ရာတွင် အကူအညီရရှိရန်အတွက် မည်သူ့အား ရွေးချယ်သွားမည်နည်း။

## အထောက်အထားဆိုသည်မှာ အဘယ်နည်း

သုတေသန အစီရင်ခံစာတစ်စောင် (သို့မဟုတ် စာတမ်း) သည် အဓိကရှာဖွေတွေ့ရှိချက်များကို ပံ့ပိုးရန်အတွက် အထောက်အထားအဖြစ် ဒေတာများကို အသုံးပြုပါသည်။ အထောက်အထားများသည် သုတေသနစီမံကိန်း၏ အစိတ်အပိုင်းအဖြစ် ကောက်ယူခဲ့သော ဒေတာများထံမှ တိုက်ရိုက်ထွက်ပေါ်လာသင့်ပေသည်။ ဥပမာ – အကြိုက်နှစ်သက်ဆုံး အစားအစာနှင့် ပတ်သက်သည့် သုတေသန၏ ရှာဖွေတွေ့ရှိချက်များကို ရှင်းလင်းဖော်ပြနေသည့် အခါတွင် အိန္ဒိယအစားအစာသည် အကျော်ကြားဆုံး အစားအစာဖြစ်သည်ဆိုပါက ကိန်းဂဏန်းအချက်အလက်များ (၅၅ % ဖြေကြားသူများက အိန္ဒိယအစားအစာသည် ၎င်းတို့၏ အကြိုက်နှစ်သက်ဆုံးဟု ဖြေကြားကြသည်) သို့မဟုတ် မတူညီသည့် အစားအစာများကို နှိုင်းယှဉ်ပြထားသည့် ကားချပ်များကို ထည့်သွင်းဖော်ပြနိုင်သည်။

အထောက်အထားဆိုသည်မှာ သင်၏ **အဆိုပြုချက်များ**နှင့် ထောက်ခံချက်များကိုပံ့ပိုးရန် အသုံးပြုသည့် အချက်အလက်များ သို့မဟုတ် ကိုးကားချက်များဖြစ်သည်။

သင်၏ အစီရင်ခံစာကို စိတ်ဝင်စားဖွယ် ဖြစ်စေလိုပါက အထောက်အထားများကို ထိရောက်မှုရှိစွာ အသုံးပြုနိုင်ရန် လိုအပ်ပါသည်။

ထိရောက်မှုရှိသော အထောက်အထားများသည် –

- သင်၏ အဆိုပြုချက်များကို ပံ့ပိုးမှုရှိရမည်။
- ရှင်းလင်းမှုရှိရမည်။ ကိုးကားချက်တစ်ခုသည် **ရှင်းလင်းမှုမရှိ**ပါက သို့မဟုတ် ရှုပ်ထွေးသည့် ဘာသာစကားကို အသုံးပြုထားပါက စကားလုံးများကို အတိုချုံးပြီး အဓိပ္ပာယ်တူအောင် ရေးသားပါ (သင့်လျော်သကဲ့သို့ ပြန်ဆိုပါ)။
- စာအုပ်များ၊ ဆောင်းပါးများ သို့မဟုတ် အစီရင်ခံစာထဲတွင် ဖော်ပြထားသော ဝက်ဘ်ဆိုဒ်များကို ရင်းမြစ်ပြုစုရန် မှန်ကန်သော **ကိုးကားချက်များ** (ကျမ်းကိုးကားချက်) ကို အသုံးပြုပါ။
- ရှင်းလင်းစွာ အမည်ပေး၍ ခေါင်းစဉ်တပ်ရမည်။

> **ရလဒ်များ**
>
> ကျေးလက်ဒေသရှိ လူမှုပြဿနာများဆိုင်ရာ ကျွန်ုပ်တို့၏ လေ့လာမှုကို လူကြီးအယောက် ၂၀ ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ဒေသခံလူများသည် ဆင်းရဲမွဲတေမှုကို စိုးရိမ်ကြောင့်ကြကြောင်း တွေ့ရှိခဲ့ရသည်။
>
> ပါဝင်ဖြေကြားသူ ၇၀ ရာခိုင်နှုန်းက ၎င်းတို့၏ လူမှုအဖွဲ့အစည်း အတွင်းရှိ အကြီးမားဆုံးပြဿနာများမှာ စီးပွားရေးပြဿနာများ ဖြစ်သည်ဟု လက်ခံယူဆထားကြသည်။

## လေ့ကျင့်ခန်း – အထောက်အထားနှင့် နိဂုံးချုပ်ကောက်ချက်များကို တွဲစပ်ပါ

လူများ အဝတ်အစားဝယ်ယူသည့်အချိန် ထည့်သွင်းစဉ်းစားချက်များကို သုတေသနပြုသည့်အခါတွင် အောက်ပါ အထောက်အထားများကို (ကိန်းဂဏန်းများနှင့် ကိုးကားချက် ၁–၆) ရရှိခဲ့ပါသည်။ ၎င်းတို့ကို နိဂုံးချုပ်ကောက်ချက်များ (က–ဃ) နှင့် တွဲစပ်ပါ။ ကိန်းဂဏန်းအချက်အလက်များ သို့မဟုတ် ကိုးကားချက်များသည် တစ်ခုထက်ပိုသော နိဂုံးချုပ်ကောက်ချက်များနှင့် တွဲစပ်နိုင်ပါသည်။

**ကိန်းဂဏန်းအချက်အလက်များ/ ကိုးကားချက်များ**

၁။ ၈၀ % သော ပါဝင်သူများက အဝတ်အစားစက်ရုံများ၏ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများအကြောင်း ပိုမိုသိရှိလိုကြကြောင်း ဖြေကြားကြသည်။

၂။ ‘ဝန်ထမ်းများကို ကောင်းစွာဆက်ဆံပံ့ပိုးမှုပေးသော ကုမ္ပဏီများထံမှသာလျှင် အဝတ်အစားများ ဝယ်ယူ သုံးစွဲလိုသည်။’

၃။ ၆၀ % သော ပါဝင်သူများက ကျင့်ဝတ်ညီထုတ်လုပ်သည့် အဝတ်အစားများအတွက် ငွေကြေးပိုမိုသုံးစွဲလိုကြောင်း ဖြေကြားကြသည်။

၄။ ၂၀ % သော ပါဝင်သူများက ကျင့်ဝတ်ညီထုတ်လုပ်သည့် အဝတ်အစားကုမ္ပဏီများအကြောင်း သိရှိထားသည်ဟု ဖြေကြားကြသည်။

၅။ ‘ကျင့်ဝတ်ညီထုတ်လုပ်သည့် အဝတ်အစားများအတွက် ၅ % ပိုမိုပေးဆောင်နိုင်ပါသည်။’

၆။ ၁၀ % သော ပါဝင်သူများက မတူညီသော ကုမ္ပဏီများ ဆိုင်ရာ အချက်အလက်များကို ရှာဖွေနိုင်သည့် နည်းလမ်းများကို သိရှိထားကြပါသည်။

**နိဂုံးချုပ်ကောက်ချက်များ**

(က) လူများက ကုမ္ပဏီများနှင့် ပတ်သက်သည့် အချက်အလက်များကို မည်သို့ ရှာဖွေရမည် ဖြစ်ကြောင်း မသိရှိကြချေ။

(ခ) လူများသည် ကျင့်ဝတ်ညီထုတ်လုပ်သည့် အဝတ်အစားများကို စိတ်ဝင်စားကြသည်။

(ဂ) လူများက မည်သည့်ကုမ္ပဏီများသည် ကျင့်ဝတ်စောင့်ထိန်းသည့် ကုမ္ပဏီများဖြစ်ကြောင်း မသိရှိကြချေ။

(ဃ) လူများက ကျင့်ဝတ်ညီထုတ်လုပ်သည့် အဝတ်အစားများအတွက် ငွေကြေးပိုမို သုံးစွဲလိုကြသည်။

## ဆွေးနွေးချက်

၁။ ကိုးကားချက်တစ်ချက်သည် မည်သည့်အချိန်တွင် ကိန်းဂဏန်းအချက်အလက်များထက် ပိုမိုပြီး စွဲဆောင်မှု ရှိနိုင်ပါသနည်း။

၂။ ကိန်းဂဏန်းအချက်အလက်တစ်ချက်သည် မည်သည့်အချိန်တွင် ကိုးကားချက်များထက် ပိုမိုပြီး စွဲဆောင်မှု ရှိနိုင်ပါသနည်း။

# ၁၀.၃ - နှုတ်တိုက်တင်ဆက်ပြသခြင်းများ

## အကြိုလေ့လာချက်

၁။ နှုတ်တိုက်တင်ဆက်ပြသနေသည့်အခါတွင် အရေးကြီးဆုံးအချက်မှာ အဘယ်နည်း။

၂။ သင်တို့၏ သုတေသနကိုနှုတ်ဖြင့် တိုက်ရိုက်တင်ဆက်ပြသခြင်း၏ အချို့သော အကျိုးကျေးဇူးများမှာ အဘယ်နည်း။



## နှုတ်တိုက်တင်ဆက်ပြသခြင်းတစ်ခု ဆိုသည်မှာ အဘယ်နည်း

နှုတ်တိုက်တင်ဆက်ပြသခြင်းတစ်ခု ဆိုသည်မှာ သင်၏ သုတေသနကို လူတစ်ဦး သို့မဟုတ် လူအစုအဖွဲ့တစ်ဖွဲ့ထံသို့ တင်ပြခြင်း သို့မဟုတ် ရှင်းပြခြင်းကို ဆိုလိုခြင်းဖြစ်သည်။ အချို့သော တင်ဆက်ပြသခြင်းများတွင် စာရွက်ချပ်ကြီးများ၊ slideshow (ဓာတ်ပုံကားချပ်များဖြင့် ပြသခြင်း) များနှင့် ဗွီဒီယိုများ အသုံးပြုကြသည်။

နှုတ်တိုက်တင်ဆက်ပြသခြင်းတစ်ခုကို သုတေသန အစီရင်ခံစာတစ်စောင်အတိုင်း အကြိုမိတ်ဆက်နှင့် နောက်ခံအကြောင်းအရာ၊ နည်းလမ်းများ၊ ရလဒ်များကို ရှင်းပြခြင်းနှင့် ရလဒ်များ၏ အရေးကြီးမှုများကို ဆွေးနွေးခြင်း အစရှိသဖြင့် ဖွဲ့စည်းနိုင်ပါသည်။

အဓိကကွဲပြားခြားနားချက်မှာ သုတေသန အစီရင်ခံစာတွင် အသေးစိတ်ဖော်ပြကြသော်လည်း နှုတ်တိုက်တင်ဆက်ပြသခြင်းသည် ပုံမှန်အားဖြင့်တိုတောင်းပါသည်။ ထို့ကြောင့် အရေးကြီးဆုံး အထောက်အထားများနှင့် သုတေသနမှ နိဂုံးချုပ်ကောက်ချက်များကို အဓိကထား၍ ကြိုတင်ပြင်ဆင်ထားသင့်ပါသည်။

ထို့အတူ မတူခြားနားသည့် အစုအဖွဲ့များအတွက် တင်ဆက်ပြသသင့်သော သတင်းအချက်အလက် အမျိုးအစားများကိုလည်း ထည့်သွင်းစဉ်းစားရပါမည်။

### နှုတ်တိုက် တင်ဆက်ပြသခြင်းအတွက် အကြံပြုချက်များ

၁။ ရှင်းလင်းမှုရှိပြီး လိုတိုရှင်းရှိပါစေ။

၂။ သုတေသနမှ အရေးကြီးအချက်အလက်များ၊ ရုပ်ပုံများ/ ကားချပ်များနှင့် နိဂုံးချုပ်ကောက်ချက်များကိုသာ အဓိကထားပါ။ သုတေသန၏ ရလဒ်များအားလုံးကို စာရင်းမပြုစုပါနှင့်။

၃။ သင်ပြောမည့်အကြောင်းအရာများကို ကြိုတင်ပြင်ဆင်ပါ။

၄။ သင်၏ **ပရိသတ်များ**အတွက် အသုံးဝင်ပြီး စိတ်ဝင်စားမှုရှိနိုင်သည့် အကြောင်းအရာများကို စဉ်းစားပါ။

၅။ သင်၏ တင်ဆက်ပြသခြင်းကို အတန်းဖော်များနှင့် လေ့ကျင့်ပြီး ပြန်လည်သုံးသပ်ချက်များ ချမှတ်ခိုင်းပါ။

## လုပ်ငန်းစဉ် – သုတေသန တင်ဆက်ပြသမှုများကို ခွဲခြမ်းစိတ်စစ်ပါ




သုတေသနအား နှုတ်တိုက် တင်ဆက်ပြသခြင်း ၃ မျိုးကိုကြည့်ပါ။

(က) တည်နေရာမှာ အဘယ်နည်း။

(ခ) ပရိသတ်များမှာ အဘယ်နည်း။

(ဂ) ပရိသတ်များက သုတေသန အကြောင်း မည်မျှသိရှိထားသည်ဟု ထင်ပါသနည်း။

(ဃ) အဆိုပါ အစုအဖွဲ့ထံသို့ နှုတ်တိုက် တင်ဆက်ပြသရာတွင် ထိရောက်မှု အရှိဆုံး နည်းလမ်းမှာ အဘယ်နည်း။

(င) အဆိုပါ ပရိသတ်များအတွက် မည်သည့် အထောက်အထား အမျိုးအစားများကို အကောင်းဆုံးအသုံးပြုနိုင်မည်နည်း။ အဘယ်ကြောင့်နည်း။






## သင်တို့၏ သုတေသနစီမံကိန်း – တင်ဆက်ပြသခြင်း

သုတေသနမေးခွန်းတစ်ခုကို စဉ်းစားပါ။ အဆိုပါမေးခွန်းသည် ရှေ့သင်ခန်းစာတွင် အသုံးပြုခဲ့သော ခေါင်းစဉ်လည်း ဖြစ်နိုင်သကဲ့သို့ စိတ်ဝင်စားသည့် အခြားအကြောင်းအရာ ခေါင်းစဉ်တစ်ခုလည်း ဖြစ်နိုင်သည်။

၁။ မေးခွန်းများကို ဖြေဆိုပါ။
   (က) သင်တို့၏ သုတေသနနှင့် ၎င်း၏ရလဒ်များကို တင်ဆက်ပြသသွားနိုင်ပါမည်လား။
   (ခ) မည်သည့်နေရာတွင် တင်ဆက်သွားမည်နည်း။ မည်သို့ တင်ဆက်ပြသသွားမည်နည်း။
   (ဂ) ပရိသတ်များမှာ မည်သူများ ဖြစ်မည်နည်း။


၂။ နှစ်ယောက်တစ်တွဲစီဖြင့် သင်တို့၏ သုတေသန တင်ဆက်ပြသခြင်းများကို ဆွေးနွေးပါ။

## ဆွေးနွေးချက်

၁။ သုတေသီများက ၎င်းတို့၏ လူမှုအဖွဲ့အစည်းအတွင်း သုတေသနတွင် စိတ်ဝင်စားမှုရှိလာစေရန် တိုက်တွန်းပေးနိုင်ပါသလား။

၂။ သုတေသနသည် သင်တို့၏ လူမှုအဖွဲ့အစည်းအတွင်းရှိ လူများ၏ ဆုံးဖြတ်ချက်များအပေါ် မည်သို့ လွှမ်းမိုးနိုင်ပါသနည်း။

# နောက်ဆုံး သုတေသန စီမံကိန်း



အဆင့်များကို လိုက်နာပြီး နှစ်ယောက်တစ်တွဲ သို့မဟုတ် အဖွဲ့ငယ်များဖြင့် ဤစာအုပ်ထဲမှ သင်ယူလေ့လာခဲ့သည့် သုတေသနလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ပါ။




**အဆင့် ၁ = သုတေသန မေးခွန်းများ စဉ်းစားရေးသားပါ**

(က) သင်၏လူမှုအဖွဲ့အစည်းအတွင်း အရေးကြီးသည့် ကိစ္စရပ်များနှင့် ဆက်နွယ်သည့် သုတေသနခေါင်းစဉ်များကို စဉ်းစားပါ။

(ခ) စိတ်ဝင်စားဖွယ်ရှိပြီး အသုံးဝင်၍ လက်တွေ့ကျသော ခေါင်းစဉ်တစ်ခုကို ဆုံးဖြတ်သတ်မှတ်ပါ (ဥပမာ – ပါဝင်ဖြေကြားသူများ အလွယ်တကူရရှိနိုင်ပြီး အချိန်တိုအတွင်း ပြီးဆုံးနိုင်သည်)။

(ဂ) ရှင်းလင်းပြီး ဦးတည်ချက်ရှိ၍ သုတေသန လုပ်ဆောင်နိုင်သော မေးခွန်းများကိုရေးချပါ။

(ဃ) ခေါင်းစဉ်နှင့် ပတ်သက်ပြီး နောက်ခံအကြောင်းအရာများကို သုတေသနပြုစုလေ့လာပါ။ သတင်းအချက်အလက် မည်မျှရှိနှင့်ထားပြီးဖြစ်ကြောင်း မှတ်စုရေးသားပါ။ ၎င်းအချက်အလက်များကို သင်၏ သုတေသနတွင် မည်သို့ အသုံးပြုနိုင်သနည်း။

(င) သင်၏ သုတေသနမေးခွန်းများကို ဖြေဆိုနိုင်မည့် သုတေသနလုပ်ငန်းစဉ်တစ်ခုကို ရွေးချယ်ဆုံးဖြတ်ပါ။

- မည်သည့် မူရင်းသုတေသနနှင့် တစ်ဆင့်ခံသုတေသနကို အသုံးပြုမည်နည်း။
- အရေအတွက်စံပြုသုတေသန၊ အရည်အသွေးစံပြုသုတေသန သို့မဟုတ် နှစ်ခုစလုံးကို ရောထွေးအသုံးပြုခြင်းတို့ထဲမှ မည်သည့် နည်းလမ်းကို အသုံးပြုသွားမည်နည်း။

(စ) ကျင့်ဝတ်ဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့်အချက်များကို ဆွေးနွေးပါ။

## အဆင့် ၂ = တိကျသော သတင်းအချက်အလက်များကို ရှာဖွေပါ




(က) သင်၏ ဒေတာကောက်ယူခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းအတွက် အစီအစဉ်တစ်ခုရေးဆွဲပါ။


- သုတေသန လူဦးရေနှင့် နမူနာကောက်ယူခြင်း နည်းလမ်းတို့ကို ခွဲခြားသတ်မှတ်ပါ။
- ကြိုတင်ပြင်ဆင်ခြင်း (ဥပမာ – လူတွေ့မေးမြန်းခြင်း မေးခွန်းများ၊ စစ်တမ်းလွှာ မေးခွန်းများ)။
- ပါဝင်ဖြေကြားမည့်သူများကို ဆက်သွယ်ခြင်း (ဥပမာ – ဖုန်းခေါ်ဆိုခြင်း၊ လည်ပတ်တွေ့ဆုံခြင်း)။
- လူဦးရေနမူနာ အရွယ်အစား (ဥပမာ – လူတွေ့မေးမြန်းခြင်း ၅ ခု ဆောင်ရွက်ပြီး စစ်တမ်းမေးခွန်းလွှာ ၃၀ ဖြေဆိုစေခြင်း)။
- ဒေတာများကို မှတ်တမ်းတင်ခြင်း (ဥပမာ – မှတ်စုရေးသားခြင်း (သို့) လူတွေ့မေးမြန်းမှုများကို အသံသွင်းထားခြင်း၊ ပုံနှိပ်ထုတ်ထားသည့် စစ်တမ်းမေးခွန်းလွှာများကို အသုံးပြုခြင်း)။
- ကျင့်ဝတ်ဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များ (ဥပမာ – လူတွေ့မေးမြန်းခံရသူများကို သုတေသနအကြောင်း ရှင်းပြခြင်း၊ ၎င်းတို့၏ ဖြေကြားချက်များကို လျှို့ဝှက်ပေးခြင်း)။

(ခ) ဒေတာစုဆောင်းခြင်း နည်းလမ်းများကို စမ်းသပ်ပြီး ပြဿနာများတွေ့ရှိပါက ပြင်ဆင်ခြင်း။

(ဂ) အစီအစဉ်အတိုင်း လိုက်နာပြီး ဒေတာများကို ကောက်ယူစုဆောင်းခြင်း လိုအပ်သကဲ့သို့ ပြင်ဆင်ပြောင်းလဲခြင်း။

(ဃ) ဒေတာများကို လုံခြုံစွာနှင့် အစဉ်အတိုင်း ဖွဲ့စည်းနိုင်ရန်အတွက် သိမ်းဆည်းပါ။

## အဆင့်၃ =သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာပြီး နိဂုံးချုပ်ကောက်ချက်ဆွဲပါ





(က) ဒေတာအားလုံးကို စုပေါင်းပြီး ခွဲခြမ်းစိတ်ဖြာရန်အတွက် သင့်လျော်သော ပုံစံကွက်တစ်ခုအတွင်း ထည့်သွင်းပါ။

- အရေအတွက်စံပြု သုတေသနဖြစ်ပါက ဒေတာများကို ဒေတာဇယားတွင်ရေးသွင်းပြီး ခွဲခြမ်းစိတ်ဖြာရန်အတွက် သင့်လျော်ရာ နည်းလမ်းများကို အသုံးပြုပါ။ (ဥပမာ – ရာခိုင်နှုန်း၊ ပျမ်းမျှကိန်း၊ အလယ်ကိန်း၊ ကြိမ်များကိန်း)။
- အရည်အသွေးစံပြု သုတေသနဖြစ်ပါက လူတွေ့မေးမြန်းခြင်း မှတ်တမ်းများကို ကူးပြောင်းရေးချပါ သို့မဟုတ် မှတ်စုများကို ပြန်လည်ဖတ်ရှုပါ။ ၎င်းတို့ကို နားလည်နိုင်ရန်အတွက် သင်္ကေတသတ်မှတ်ရေးသားပြီး အရေးကြီးဆုံး ခေါင်းစဉ်အကြောင်းအရာများကို နားလည်အောင်ကြိုးစားပါ။

(ခ) ဒေတာများကို ခွဲခြမ်းစိတ်ဖြာပြီး နိဂုံးချုပ်ကောက်ချက်များချမှတ်ပါ။

(ဂ) သင်၏ ဒေတာများကို နားလည်ရန်နှင့် သရုပ်ဖော်ပြရန်အတွက် ကားချပ်များ၊ ဇယားများနှင့် ကိုးကားချက်များကို အသုံးပြုပါ။

## အဆင့် ၄ = ရှာဖွေတွေ့ရှိချက်များကို ဖလှယ်မျှဝေပါ




(က) သုတေသန အစီရင်ခံစာတစ်စောင် ရေးသားပါ သို့မဟုတ် နှုတ်တိုက်တင်ဆက်ပြသမှုတစ်ခု တင်ဆက်ပါ။

- တင်ဆက်ပြသခြင်း – တင်ဆက်ပြသခြင်းတစ်ခုသည် အနည်းဆုံး ၅ မိနစ်ခန့် ကြာမြင့်သင့်ပါသည်။
- သုတေသန အစီရင်ခံစာ – သုတေသနအစီရင်ခံစာသည် အနည်းဆုံးစာလုံးရေ ၂၀၀ ခန့် ရှိသင့်ပါသည်။

(ခ) သင်၏ သုတေသန အစီရင်ခံစာ သို့မဟုတ် တင်ဆက်ပြသခြင်းတွင် အောက်ပါအစိတ်အပိုင်းများ ပါဝင်သင့်သည်။

- အကြိုမိတ်ဆက် – သင်၏ သုတေသနမေးခွန်းနှင့် ဤသုတေသနကို အဘယ်ကြောင့် လုပ်ဆောင်ရကြောင်းရှင်းပြပါ။
- နောက်ခံအကြောင်းအရာ အချက်အလက် – သုတေသနပြုစုသွားမည့် လူမှုအဖွဲ့အစည်းအကြောင်း ရှင်းလင်းဖော်ပြပါ။
- သုတေသန နည်းလမ်းများ – ဒေတာများကို ကောက်ယူစုဆောင်းသည့် နည်းလမ်းနှင့် ခွဲခြမ်းစိတ်ဖြာသည့် နည်းလမ်းများကို ရှင်းပြပါ။
- နိဂုံးချုပ် – သုတေသနမှ မည်သည့်အရာများကို သင်ယူလေ့လာခဲ့ရကြောင်းကို လိုအပ်ပါက ကားချပ်များ၊ ဇယားများနှင့် ကိုးကားချက်များ အသုံးပြု၍ ရှင်းပြပါ။
- စိန်ခေါ်မှုများနှင့် ထောက်ခံချက်များ – တွေ့ကြုံခဲ့ရသော အခက်အခဲများနှင့် လူမှုအဖွဲ့အစည်း တိုးတက်လာစေရန်အတွက် ဤသုတေသနကို မည်သို့အသုံးပြုနိုင်ကြောင်း ရှင်းပြပါ။

(ဂ) အခြားလူများ၏ သုတေသန အစီရင်ခံစာများကို နားထောင်နေချိန် သို့မဟုတ် ဖတ်ရှုနေချိန်တွင် အောက်ပါမေးခွန်းများကို မေးမြန်းကြည့်ပါ။

- ဤသုတေသန၏ နိဂုံးချုပ်ကောက်ချက်များကို ယုံကြည်ပါသလား။ အဘယ်ကြောင့်နည်း (သို့) အဘယ်ကြောင့် မယုံကြည်ရသနည်း။
- ဤသုတေသနကို ကိုယ်တိုင်လုပ်ဆောင်ရခဲ့မည်ဆိုပါက ဒေတာများကို မတူညီသည့် နည်းလမ်းများဖြင့် ကောက်ယူမိနိုင်ပါသလား။
- ဤသုတေသနကို ကိုယ်တိုင်လုပ်ဆောင်ရခဲ့မည်ဆိုပါက ဒေတာများကို မတူညီသည့် နည်းလမ်းများဖြင့် တင်ဆက်ပြသမိနိုင်ပါသလား။

> **'မြန်မာနိုင်ငံ လုပ်သားအင်အားစု စစ်တမ်း'**
> **ဤစာရွက်ကို စာမျက်နှာ ၅၈ မှ လုပ်ငန်းအား ဆောင်ရွက်ရာတွင် ပူးတွဲအသုံးပြုပါ။**

| **အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန<br>အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်<br>မြန်မာနိုင်ငံအလုပ်သမား အင်အားစုစစ်တမ်း** | | | | | |
|---|---|---|---|---|---|
| အမည် | | | | | |
| လိပ်စာ | | | | | |
| မေး (၁) – လွန်ခဲ့သော ၇ ရက်အတွင်း သင်၏ အဓိက အလုပ်အကိုင်မှာ အဘယ်နည်း။ | အလုပ်ရှင် | | မေး (၂) – ဤအလုပ်တွင် လုပ်ကိုင်နေစဉ် မည်သည့် အချိန်တွင် ပုံမှန် လုပ်ကိုင်ပါသနည်း။ | မနက်စောစော (၃ နာရီမှ စ၍) | |
| | အလုပ်သမား | | | နေ့ပိုင်းနှင့် ညနေခင်း | |
| | လစာရ အလုပ်သင် ဝန်ထမ်း | | | နေ့ပိုင်း (မနက် ၆ – ည ၆ နာရီ) | |
| | အိမ်ထောင်စု/မိသားစု စီးပွားရေး လုပ်ငန်းပိုင်ရှင် | | | ညနေခင်း (ညနေ ၆ နာရီ နောက်ပိုင်း) | |
| | အိမ်ထောင်စု/မိသားစု စီးပွားရေး လုပ်ငန်းတွင် အခမဲ့ကူညီပေးသူ | | | ရုံးပိတ်ရက်အတွင်း | |
| | လစာမရရှိသည့် အခြားအလုပ် | | | တစ်ခါတစ်ရံ နေ့ဘက်၊ တစ်ခါတစ်ရံ ညနေခင်း | |
| | ကျောင်းသား | | | | |
| | အခြား | | | | |
| မေး (၃) – ဤအလုပ်တွင် အချိန်မည်မျှ လုပ်ကိုင်ခဲ့ပါသနည်း။ | ၃ လအောက် | | မေး (၄) – သင်၏ အလုပ်တွင် လူပေါင်း မည်မျှ အလုပ်လုပ်ပါသနည်း။ | တစ်ဦးတည်း လုပ်ကိုင်သည် | |
| | ၃–၆ လ | | | ၂–၄ | |
| | ၆ လ – ၁ နှစ် | | | ၅–၉ | |
| | ၁–၂ နှစ် | | | ၁၀–၁၉ | |
| | ၂–၅ နှစ် | | | ၂၀–၄၉ | |
| | ၅ – ၁၀ နှစ် | | | ၅၀–၉၉ | |
| | ၁၀ နှစ်အထက် | | | ၁၀၀ (သို့) အထက် | |
| | မသိပါ | | | မသိပါ | |

## ဤစာအုပ်အား ရေးသားပြုစုနေစဉ်အတွင်း ကိုးကားအသုံးပြုခဲ့သော ရင်းမြစ်များ


Bhattacherjee, A. (2012). *Social science research: Principles, methods and practices.* Miami, FA: University of Southern Florida, Textbooks Collection. Retrieved from https://scholarcommons.usf.edu/cgi/viewcontent.cgi?article=1002&context=oa_textbooks

Boutry, M., Tun Myint, & Tainturier, F. (2015). *Introduction to social research methods (bilingual manual).* Yangon, Myanmar: Inya Institute. Retrieved from https://www.lift-fund.org/introduction-social-research-methods-english-and-myanmar

Bryman, A. (2012). *Social research methods* (4th ed.). Oxford, England: Oxford University Press. Retrieved from https://www.pdfdrive.com/social-research-methods-4th-edition-d166137742.html

Creswell, J. (2014). *Research design: Qualitative, quantitative, and mixed methods approaches.* Thousand Oaks, CA: Sage. Retrieved from https://www.researchgate.net/file.PostFileLoader.html?id=5901dad84048541d6c2b1fc3&assetKey=AS%3A487723636137986%401493293784496

Grix, J. (2010). *The foundations of research* (2nd ed.). New York, NY: Palgrave MacmIlllan.

Kumar, R. (2011). *Research methodology: A step-by step guide for beginners* (3rd ed.). London, England: Sage. Retrieved from http://www.sociology.kpi.ua/wp-content/uploads/2014/06/Ranjit_Kumar-Research_Methodology_A_Step-by-Step_G.pdf

Silverman, D. (2017). *Doing qualitative research.* Los Angeles, CA: Sage.

Trochim, W. M. (2006, October 20). *The research methods knowledge base* (2nd ed.). Retrieved from https://socialresearchmethods.net/kb/

# ရုပ်ပုံများအတွက် အသိအမှတ်ပြုခြင်း

မုခ်ဦး ပညာရေးသည် စာအုပ်အစအဆုံးတွင် Creative Commons မှ သို့မဟုတ် အများပိုင်ရင်းမြစ်များမှ ရုပ်ပုံများကိုသာ အသုံးပြုပြီး အခြားပုံများမှာ မုခ်ဦးပညာရေးပိုင်ပုံများ ဖြစ်ကြပါသည်။

မူပိုင်ခွင့်မှတ်ပုံတင်ထားသည်ကို အသုံးပြုမှုများအတွက် အတတ်နိုင်ဆုံး မှန်ကန်အောင် အသေးစိတ် အချက်အလက်များ ဖော်ပြ အသိအမှတ်ပြုထားပါသည်။ အောက်ပါစာရင်းတွင်ကြည့်ပါ။ သို့သော် ဤစာအုပ်ကို ခုနှစ်အတော်ကြာ ရေးသားခဲ့ပြီး များစွာသော ရင်းမြစ်များကို အသုံးပြုထားရခြင်းကြောင့် မစုံလင်ခြင်းလည်း ဖြစ်နိုင်ပါသည်။ အကယ်၍ အသုံးပြုမှုတစ်ခုခုအတွက် မှားယွင်းစွာ သို့မဟုတ် မပြည့်မစုံ ဖော်ပြထားခြင်း၊ မှားယွင်းစွာ အသုံးပြုထားခြင်း စသည်တို့ကို တွေ့ရှိပါက မုခ်ဦးပညာရေးသို့ အကြောင်းကြား အသိပေးနိုင်ပါသည်။ ၎င်းတို့ကို အသစ်ထွက်မည့် တည်းဖြတ်မှုများတွင် ထည့်သွင်းပြင်ဆင်မည် ဖြစ်ပါသည်။ မူပိုင်ခွင့် အသုံးပြုမှုများတွင်ပါသည့် အမြင်များ၊ အယူအဆများမှာ မုခ်ဦးပညာရေးကို ကိုယ်စားပြုခြင်း မရှိပါ။

အောက်ပါတို့မှာ ဤစာအုပ်အတွင်း အသုံးပြုခဲ့သည့် ရုပ်ပုံများ ဖြစ်ပါသည်။

| Page | Author(s) | Title/Description | Source | License Type |
|---|---|---|---|---|
| 5 | Mediterranean Center of Medical Sciences | Research :Mediterranean Center of Medical Sciences | https://www.flickr.com/photos/mcmscience/17664002728 | CC-BY 2.0 |
| 6 | Mark Knobil | Rural School2 | https://www.flickr.com/photos/knobil/66832687/ | CC-BY 2.0 |
| 10 | khaipi | Voklak Village, Chin State, Myanmar | https://www.flickr.com/photos/khaipi/27914930905/ | CC-BY 2.0 |
| 12 | J.P. Esperança | reading in East Timor_8 | https://www.flickr.com/photos/jp-esperanca/3114888721 | CC-BY-ND 2.0 |
| 39 | Paul Mannix | Farmers threshing grain from chaff with fans, Shan State, Myanmar; Farmers' wives, Shan State, Myanmar; CIMG0865 | https://www.flickr.com/photos/paulmannix/ | CC-BY 2.0 |
| 43 | Thomas Schoch | Men playing Chinlone in Ywama, Inle Lake, Burma) | https://commons.wikimedia.org/wiki/File:Chinlone_Burma.jpg | CC-BY-SA 3.0 |
| 53 | Doron | Village, northern Shan State, Burma. | https://commons.wikimedia.org/wiki/File:ShanStateVillage.jpg | CC-BY-SA 3.0 |
| 60 | Dan Kernler | A visual representation of selecting a random sample using the systematic sampling technique | https://en.wikipedia.org/wiki/File:Systematic_sampling.PNG | CC-BY-SA 4.0 |
| 68 | Erik Oo | at Putao | https://ca.wikipedia.org/wiki/Putao#/media/Fitxer:Putao_Sign.jpg | CC-BY-SA 3.0 |
| 103 | Kari Shea | Heritage Hill, Grand Rapids, United States | https://commons.wikimedia.org/wiki/File:Field_Notes_(Unsplash).jpg | CC-BY 1.0 |
| 125 | Ludovic Péron | Herbarium - piles | https://commons.wikimedia.org/wiki/File:Herbarium_-_piles.jpg | CC-BY-SA 3.0 |
| 127 | Ditte Hvas Mortensen and Interaction Design Foundation | Unknown | https://www.interaction-design.org/literature/article/how-to-do-a-thematic-analysis-of-user-interviews | CC BY-NC-SA 3.0 |
| 128 | Tomer Gabel | Fish! Market, Chiang-Mai, Thailand | https://www.flickr.com/photos/tomergabel/8421347408 | CC-BY-SA 2.0 |
| 133 | QSR International | Screenshot of NVivo 9. | https://commons.wikimedia.org/wiki/File:NVivo-9-screenshot.jpg | CC-BY-SA 3.0 |


## Credit where it's due:

This work was carried out with the aid of a grant from the International Development Research Centre, Ottawa, Canada. The views expressed herein do not necessarily represent those of IDRC or its Board of Governors.

Mote Oo Education would like to thank everyone involved in this project. Without you all, it would never have been possible. Below is a list of those who have worked on this project (in alphabetical order).

**Writing, Editing and Proofreading:** Aung Zaw Myo, Katie Julian, Matthew Simpson, Morgan Macdonald, Shona Loong, Stan Jagger, Aung Myat Soe,

**Cover:** Dau Dai (ZZ Design Studio & Printing Serve), Myo Min Thant

**Illustrations:** Myo Min Thant

**Layout:** Matthew Simpson, Nila Win

**Additional Help and Support:** Thank you to:

- The teachers and students at the MCAP academies for providing valuable feedback on the piloting of the resource;
- Lukas Nagel and the team at Naushawng Development Institute;

If we have missed anyone out, we apologise. Please contact us and we will add your name on future editions.